www.burmeseclassic.com

# လမင်းစိုစို




မုန်းမှာစိုး

www.burmeseclassic.com

# ယမင်းမိုမို

## ဆုန်းမှာစိုး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၁၀၆၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၁၀၆၀၃

၂၀၀၆ ခုနှစ်၊ ဇွန်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

### နိုင်ငံတော်ဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို




စီစဉ်သူ
မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







## ၁

သာလွန်းနေသည် သူ့တိုက်ခန်းအတွင်းသို့ ပြန်ရောက်လျှင် လက်ထဲက လက်ဆွဲအိတ်ကို ဆိုဖာတစ်ခုဆီ ပစ်တင်ကာ ထမင်းစားခန်း အကန့်ကျဉ်းကလေးဘက်သို့ လျှောက်လာ၍ ရေခဲသေတ္တာထဲမှ ရေပုလင်း ထုတ်ယူကာ ဖောက်၍ ပုလင်းလိုက် မော့သောက်လိုက်ပါသည်။

အပေါ်က ဝတ်ထားတဲ့ လယ်သာဂျာကင် အင်္ကျီကိုလည်း ချွတ်ကာ ဆိုဖာတစ်ခုပေါ်ပဲ ပစ်ပေါက်တင်လိုက်ပြန်သည်။ ခရီးစဉ်မှာ လူပင်ပန်းလှတယ် မဟုတ်ပေမဲ့ ကိုယ့်ဘော့စ်နှင့် တစ်ခါမှ ခရီးမထွက်စဖူး အတူသွားလာခဲ့ရတာဖြစ်၍ ကိုယ့်ဘက်က အမှားအယွင်း လိုအပ်ချက်ဆိုတာမျိုး မရှိအောင် အချိန်ပြည့် ဂရုစိုက်ပြီး သတိနဲ့ နေခဲ့ရ၍ စိတ်တော့ ပင်ပန်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘော့စ် ကိုရီးယားကြီးဟာ သူ့ကုမ္ပဏီက မြန်မာလူမျိုးတွေထဲမှာ သာလွန်းနေ့ကို မျက်စိကျ သဘောတွေ့တယ်ဆိုတာကပဲ သာလွန်းနေ့အတွက် ကံကောင်းခြင်းတစ်ရပ် ဖြစ်နေပြီလေ။ ဒီကံကောင်းခြင်းလေး ပျက်မသွားရအောင် သူ့ဘက်ကလည်း ကြိုးကြိုးစားစား လူကြီးသဘောကျအောင် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရသည်။

ခရီးစဉ်တစ်လျှောက်လုံး သူ့ဘော့စ် သူ့ကို ကျေနပ်တယ်ဆိုတာကိုလည်း သူ သိရ၍ စိတ်ပင်ပန်းရကျိုးတော့ နပ်ပါသည်။ ခရီးက သူ့လုပ်ငန်းတွေရှိရာ တခြားမြို့ငယ်တွေဆီပါ ဟိုဝင်ဒီဝင် ပတ်ပြီး သွားနေခဲ့ရတာမို့ မသွားခင်က တစ်ပတ်လို့ ဘော့စ်က မှန်းတဲ့ ခရီးစဉ်က တကယ်တမ်း ဆယ်ရက်ကျော်ကြာခဲ့သည်။

လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းတွေ ထုတ်လုပ်တဲ့ ဒီကုမ္ပဏီကို သာလွန်းနေ ဝင်ရောက်အလုပ်လုပ်ခဲ့တာ သုံးနှစ်ရှိပြီ။ ကိုရီးယားကို ရောက်ရောက်ချင်းပဲ ဆိုပါစို့။ ဒီကုမ္ပဏီရဲ့ အလုပ်ခန့်စာနှင့် ပစ္စည်းတပ်ဆင်တဲ့ ဌာနဘက်မှာ စတင်အလုပ်ဝင်ခဲ့တာဖြစ်သည်။





အမြဲ အချိန်မှန်ပြီး အလုပ်ကြိုးစားသူ အဖြစ် ကြီးကြပ်သူရဲ့ မှတ်တမ်းထဲ သူအမြဲနာမည်ကောင်းရခဲ့သည်။ ဒါပေမဲ့ သူတို့အဆင့်ဝန်ထမ်းနှင့် ဘော့စ်နှင့် သိကျွမ်းရင်းနှီးသွားဖို့ဆိုတာက တကယ်တော့ အလွယ်တကူ မဖြစ်နိုင်တဲ့ကိစ္စမျိုးပင်။

သို့သော် သူ ကံကောင်းချင်တော့ သူတို့ ကုမ္ပဏီရဲ့ နှစ်ပတ်လည် ပျော်ပွဲရွှင်ပွဲနှင့် ပြပွဲတစ်ခုမှာ သူတို့ ဌာနစိတ်အတွက် သူ ခင်းကျင်း ပြင်ဆင်ပေးထားတဲ့ အခမ်းအနားကို လူကြီးတွေ အဆင့်ဆင့် သဘောကျခဲ့ကြသည်။ သာလွန်းနေကလည်း တတ်ကျွမ်းလို့တော့ မဟုတ်။ ကိုယ့်မှာ နဂိုရှိတဲ့ အိုင်ဒီယာနှင့် အမြင်ဆန်းဆန်းလေး တီထွင်ခင်းကျင်းပြသခဲ့တာမှာ သူတို့ ဌာနစိတ်ပြခန်းက ဆုရပြီး သူ့ကိုလည်း ကုမ္ပဏီလူကြီးပိုင်းတွေ သတိပြုမိသွားခဲ့တာပင်။

အဲဒီကတည်းက ရာထူး လစာ တစ်ဆင့်တိုးသွားခဲ့ကာ နောင် သူတို့ ကိုရီးယားနိုင်ငံရဲ့ ထရိတ်ပွဲတစ်ခုမှာ ပြခန်းတစ်ခန်း ဖွင့်ခွင့်ရတော့ အဲဒီပြခန်းလေးတစ်ကွက်တည်းမှာ သူတို့ကုမ္ပဏီရဲ့ အမျိုးအမည်စုံစုံ ထုတ်လုပ်ပစ္စည်းတွေကို စိတ်ဝင်စားရော ခင်းကျင်းပြသနိုင်ဖို့အတွက် သာလွန်းနေကို အစည်းအဝေးတက်ခွင့် အကြံပြုခွင့် ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေ ဇာတာစန်းလာဘ်တွေ ပွင့်လန်းနေပုံက သူ ပေးတဲ့ အကြံဉာဏ် အိုက်ဒီယာကို လူကြီးတွေ အတော်သဘောကျကာ အဲဒီပြခန်းအတွက်ပါ သူ့ကို အထက်အုပ်ချုပ်သူအောက်မှ တာဝန်ပေးလိုက်ပြန်တာပင်။

အုပ်ချုပ်သူက သူ့ကို အုပ်ချုပ်ခန့်ခွဲကာ လိုတာဆုံးဖြတ်ရုံသာ။ တကယ်တမ်း ပြခန်းကို စီစဉ်ခင်းကျင်းခဲ့တာ သာလွန်းနေနှင့် အလုပ်သမားဝန်ထမ်းများသာဖြစ်သည်။ အဲဒီပြခန်းကိုလည်း သူတို့ အားလုံး နှစ်ခြိုက်ရာက သူတို့ရဲ့ ဘော့စ်ကြီးဟာ မြန်မာလူမျိုး သာလွန်းနေကို ခေါင်းထဲ မှတ်မှတ်ရရရှိသွားခဲ့တော့တာပါပဲ။

BURMESE CLASSIC .com

သာလွန်းနေလည်း ဌာန ရွှေ့ပြောင်းကာ ကာယပိုင်းနဲ့ မဟုတ်ဘဲ ဉာဏပိုင်းနဲ့ အလုပ်လုပ်ရတဲ့ နေရာတစ်ခုကိုတိုးမြှင့်ခံရသည်။ သုံးနှစ်အတွင်း သူ့အရည်အချင်းကို အမျိုးမျိုးပြနိုင်တဲ့အချိန်မှာ သာလွန်းနေရဲ့ ကံဇာတာက တစ်မျိုးတစ်ဖုံပြောင်းလဲပြန်သည်မှာ သူတို့ ဘော့စ်က မြန်မာပြည်မှာ ဗားသည်ထားတဲ့ တခြား ကိုရီးယားသူဌေးတစ်ယောက်ပိုင် အထည်ချုပ် စက်ရုံကို ဝယ်ယူလိုက်တာဖြစ်သည်။





သူ့ထံ လက်လွှဲပြီး သူကတော့ အလုပ်မစနိုင်သေး၍ မြန်မာပြည်က စက်ရုံကိုတော့ ခုထိ ပိတ်ထားရဆဲပင်။ အဲဒီကို သာလွန်းနေကို လွှတ်ကာ ကွပ်ကဲကြီးကြပ်ခိုင်းဖို့ ဘော့စ်က အကြံရလာတာပင်။ မြန်မာလူမျိုးကို တာဝန်ပေးခန့်ထားခြင်းအားဖြင့် ကုန်ကြမ်းသွင်းတာ၊ ကုန်ချောပြန်ထုတ်တာ၊ အလုပ်သမားခန့်ထားတာမျိုးတွေကအစ မြန်မာပြည်ဘက်က အစစအဆင်ချောအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဤစက်ရုံနှင့် ပတ်သက်၍ သာလွန်းနေ အထက်၌ ကိုရီးယားတစ်ယောက်သာ ရှိမှာဖြစ်၍ သူကလည်း မြန်မာပြည်မှာ နေမှာ မဟုတ်။ သာလွန်းနေ အစစ ဆုံးဖြတ်စီမံခန့်ခွဲရမှာဖြစ်သည်။ လစာကလည်း အင်မတန် ကောင်းပါသည်။ သာလွန်းနေ အတွက်တော့ အင်မတန်ကြီးမားတဲ့ အခွင့်အရေးထူးဆုလာဘ် မျိုးပင်။

အဲဒီကိစ္စအတွက်လည်း သက်ဆိုင်ကာ သူတို့ ဘော့စ်ရဲ့ အထည်အလိပ်ထုတ်တဲ့ စက်ရုံတွေ၊ တခြား လူသုံးကုန်ပစ္စည်းထုတ်တဲ့ စက်ရုံတွေကို သာလွန်းနေပါ အတူလိုက်လေ့လာခဲ့ရတာဖြစ်သည်။ သူတို့ စက်ရုံတွေရဲ့ လည်ပတ်နေပုံ၊ စီမံခန့်ခွဲပုံတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေရဲ့ ရသင့်တဲ့ အခွင့်အရေး၊ လိုက်နာရမဲ့ စည်းကမ်းပိုင်း။ ဘောစ်က သူ့အလုပ်ကိစ္စတစ်ခုနှင့် ရောဂဟ သာလွန်းနေပါ လေ့လာဖို့ အတူဆွဲခေါ်သွား၍ ထရစ်ပ် အဖွဲ့ထဲ တောက်လျှောက် ပါဝင်သွားခဲ့ရတာပင်။

ဒီနေ့ပါ ထည့်တွက်ရင် ဆယ့်သုံးရက်တိတိ ကြာခဲ့သည်။

"ဟူး ..."

သာလွန်းနေက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ခရီးဖို့အတွက် အဝတ်ချွတ်၊ ခါးမှာ မျက်နှာသုတ်ပဝါပါ ပတ်ပြီးမှ တယ်လီဖုန်းရှိရာ လျှောက်လာခဲ့ပါသည်။ ဘယ်သူတွေများ သူ့တိုက်ခန်းဆီ ဖုန်းဆက်ထားတာ ရှိမလဲ။

သူ တိုက်ခန်းမှာ မရှိတဲ့ ရက်ပေါင်းဆယ်ရက်ကျော်အတွင်း ဘာဖုန်းတွေ ဝင်ထားမလဲလို့ သူ့ဖုန်းက အသံသွင်းခွေကို ခလုတ်ဖွင့်လိုက်ပါသည်။ ပထမဆုံး ကိုရီးယား ရောက်နေတဲ့ သူ့ရဲ့ မြန်မာမိတ်ဆွေတစ်ယောက်ထံက ဖုန်း။ သူ ခရီးသွားတာ မသိတဲ့ သူမို့ အပြင်ထွက်ဖို့ စားသောက်ဖို့ ချိန်းထားတာ။ အဲဒီရက်က ကျော်သွားခဲ့ပြီ။





ဒုတိယဖုန်းက ...

"ကိုသာလွန်းနေ ... ကျေးဇူးပြု၍ ရန်ကုန်အိမ်ကို ဖုန်းပြန်ဆက်ပေးပါ၊ အရေးကြီးလို့ပါ၊ အန်ကယ်ဦးနေစိုး အခြေအနေ မကောင်းပါဘူး၊ ဆရာဝန်က လက်လျှော့တယ်ဆိုတာ အကြောင်းကြားတာပါ"

မိန်းကလေးတစ်ယောက်ရဲ့ အသံ။ ရန်ကုန်အိမ်ဆိုတော့ ဖေဖေ့ဆီပေါ့၊ ဖေဖေ အခြေအနေ မကောင်းဘူးဆိုပါလား။ ဆက်တဲ့သူက ဘယ်သူပါလိမ့် စသဖြင့် သူ စဉ်းစားမရ ဖြစ်နေဆဲ။ နောက် ဖုန်းသတင်း တစ်ခုက ဆက်တိုက် ထွက်ပေါ်လာပြန်သည်။

"ကိုသာ ... ပပပါ၊ ပပဆီ ဖုန်းပြန်ဆက်ပါဦး၊ အန်ကယ်ဦးနေစိုး လုံးဝ အခြေအနေ မကောင်းဘူး၊ ဦးနှောက်သွေးကြော ပြတ်တယ် သတင်းရလို့ ပပ သတင်းမေးသွားတယ်၊ အန်ကယ် လုံးဝ သတိမလည်ဘူး၊ မရတော့ဘူးလည်း ပြောသံ ကြားတယ်၊ ကိုသာ ချက်ချင်း ပြန်လာမှ ဖြစ်မယ်၊ အန်ကယ် မရှိတော့ရင် အန်ကယ့် အိမ်ပေါ်မှာ ကိုသာ့ မိထွေးနဲ့ ဘယ်သူမှန်းမသိတဲ့ ကောင်မလေးတစ်ယောက်ပဲ ကျန်ခဲ့မှာနော်၊ တော်ကြာ ကိုသာ ခြေလွတ်



www.burmeseclassic.com

www.burmeseclassic.com



လက်လွှတ် ဖြစ်သွားဦးမယ်၊ အမြန်ဆုံး ပြန်ခဲ့ဖို့ ကြိုးစားပါ၊ ဖုန်း ပြန်ဆက်ဦး”

ပပ …။

ပပကတော့ သူနဲ့ အချိန်အတော်ကြာကတည်းက ခင်မင်ကျွမ်းဝင်တဲ့ မိန်းကလေး။ သူ့ကို သံယောဇဉ်တွယ်တဲ့ မိန်းကလေးတစ်ယောက်ပင်။ သူ ကိုရီးယား ရောက်ပြီးခဲ့တဲ့ သုံးနှစ်အတွင်း ပပ တစ်ယောက်ထံကပဲ စာတွေ မကြာ မကြာ လာ၍ ရန်ကုန်က သူနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို သိခွင့် ကြားခွင့် ရနေခဲ့ပါသည်။ ရံဖန်ရံခါတော့ သူ ပပဆီ ဖုန်းဆက် တတ်ပါသည်။

သာလွန်းနေ သက်ပြင်းတစ်ချက် ချမိဆဲ ပပ အသံရပ်၍ တုခနဲ သံတိုတစ်ချက်မြည်ပြီးနောက် ခုနက မိန်းက လေးရဲ့ အသံ ထပ်မံပေါ်လာပြန်ပါသည်။

“ကိုသာလွန်းနေ … အန်ကယ် ဦးနေစိုး ဒီနေ့ သုံးဆယ်ရက် နေ့ တနင်္လာနေ့ မြန်မာစံတော်ချိန် မနက် ခုနစ်နာရီ အချိန်မှာ ကွယ်လွန်သွားပါတယ်၊ အန်တီသက်ထားနွယ် လည်း နေမကောင်းလို့ ကျွန်မပဲ သတင်းအကြောင်းကြား တာပါ၊ ပြန်လာနိုင် မလာနိုင် ဘယ်နှရက်ထားမယ်၊





ဘယ်လို သဂြိုဟ်မယ်ဆိုတာ ဆန္ဒရှိတာကို အကြောင်းကြား ဖုန်းဆက်ပေးပါ”

“ဟာ …”

သာလွန်းနေသည် ပါးစပ်က အသံထွက်ကာ အလန့် တကြား အော်ဟစ်လိုက်မိပြီး ဘယ်လိုကြီးမှန်းမသိ ဖြစ်သွားပါ သည်။ ဖေဖေ သေပြီ။ သုံးဆယ်ရက်နေ့ဆိုတော့ ဒီနေ့ဆိုရင် ရှစ် ရက်တောင် ရှိသွားပြီ။ မနေ့ကပဲ ရက်လည်သွားခဲ့ပြီ။

“ဟာ … မြန်လိုက်တာကွာ၊ ဖေဖေကွာ”

သာလွန်းနေသည် မျက်ရည်တွေ လည်လာကာ ပါးစပ်မှ ဘာတွေမှန်းမသိ ပေါက်ပေါက်ကွဲကွဲ အော်ဟစ်နေမိပါ သည်။ ဆိုဖာကြီးပေါ် ခေါင်းတင်မှီချလိုက်ကာ ပါးစပ်အဟောင်း သားကြီး ဟ၍ ငြိမ်သက်ကျသွားပြန်ပြီး ‘ဟာကွာ’လို့ အကျယ် ကြီး ထပ်အော်လိုက်မိပြန်ပါသည်။

ဖေဖေ …။ သူ့မှာ ဖေဖေပဲ ဒီတစ်ယောက်တည်း ရှိတော့တာဥစ္စာ၊ ဖေဖေနှင့် သူက သိပ်မတည့်ပေမဲ့ သူ ဆယ်နှစ် နှစ်သားကတည်းက မေမေက ဆုံးသွားခဲ့၍ ဖေဖေနှင့် သူကပဲ သံယောဇဉ် တွယ်စရာ ရှိသည်။ တကျက်ကျက်နှင့် မတည့်အတူ နေခဲ့ကြရပေမဲ့ ဖေဖေ့ကို ချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင်တော့ ဆိုဖာရှည်ပေါ် အောက်ပိုင်းမျက်နှာသုဘ်ပဝါ ပတ်လျက်သားကြီး လဲပြီ မျက်ရည်ယိုနေတဲ့ သာလွန်းနေက ဆိုဖာပေါ်မှ လူးလဲထ,လိုက်သည်။ ဖေဖေ ...၊ ဖေဖေရာ ...။ သူ ပြန်လာရတော့မဲ့ဥစ္စာ။ ပြန်ရောက်လာတဲ့အထိ တောင် မစောင့်လိုက်နိုင်ပါကလား။

သာလွန်းနေရဲ့ လက်ချောင်းများသည် နံပါတ်ခလုတ်လေးတွေပေါ် တတောက်တောက် နှိပ်ကာ နှိပ်ကာ မြန်မာပြည်ကို ဖုန်းခေါ်မိပါသည်။

"ဟယ်လို ..."

ဖုန်းထဲက ထူးသံကြားလိုက်သည်နှင့် ခုနက မက်ဆေ့ချ်တွေ ထားရစ်သည့် မိန်းကလေးရဲ့ အသံဆိုတာ သူ မှတ်မိနေသည်။

"ဟယ်လို ... ဘယ်သူနဲ့ တွေ့ချင်ပါသလဲ"

"ခုပြောနေတာ ဘယ်သူလဲ"

သာလွန်းနေ အသံက ခပ်မြင့်မြင့် ခပ်ဆတ်ဆတ် လွှတ်ခနဲ ထွက်သွားပါသည်။ တစ်ဖက်က မဏလေး တုံ့သွားပြီးမှ သူကလည်း တပြန် ခပ်တင်းတင်း အသံနှင့်ပင် ...





"ဘယ်သူနဲ့ ပြောချင်တာလဲ၊ ရှင် မေးတိုင်း မဖြေနိုင်ပါဘူး၊ ရှင်ကသာ ပြောရမှာ"

"ငါ ... သာလွန်းနေ"

အသံကလေးဟာ သူ့ထက် ငယ်ကိုယ်မည့် အသံမျိုးမို့သာ သာလွန်းနေက ခပ်ရင့်ရင့်ပဲ ဖြေလိုက်ပါသည်။

"ဪ ..."

တစ်ဖက်က မိန်းကလေးသည် အလန့်တကြားအာမေဋိတ်သံ ပြုလိုက်ပြီးမှ ...

"ရှင် ... ကိုသာလွန်းနေလား ဟုတ်လား၊ စောစောကပြောရောပေါ့၊ ရှင် အန်တီထားနဲ့ စကားပြောမလို့လားဟင်၊ ဟိုလေ ... အန်တီထားက သိပ်တော့ နေမကောင်းလှဘူးရှင့်"

သူမ အသံက ပြောင်းလဲဖော်ရွေလာပါသည်။

"ဘယ်သူနဲ့ ပြောရ ပြောရ အရေးမကြီးပါဘူး၊ အရေးကြီးတာက ငါ မေးချင်တာတွေကို ဖြေနိုင်ဖို့ပဲ"

သာလွန်းနေရဲ့ စကားသံဟာ မောက်မာရင့်သီးတယ်စွပ်စွဲလို့ ရနိုင်လောက်ပါသည်။ သူ့မှာ ရုတ်တရက် ဆုံးရှုံးမှုကြီးကို မမျှော်လင့်ဘဲ လက်ခံရင်ဆိုင်လိုက်ရတာကြောင့်ရော၊ ဒါ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေရဲ့ အိမ်မှာ လောလောဆယ် ရှိနေမည့်သူတွေဟာ သူ့မိထွေးနှင့် မိတွေးရဲ့ အဆက်အနွယ်တွေသာပဲ ဆိုတဲ့ အသိက မခင်မင် မလေးစားနိုင်ခြင်းကိုသာ ရင်ထဲ ပေါက်ဖွားဖြစ်ထွန်းစေတာကြောင့်ရော။

တစ်ဖက်က မိန်းမသံသည် သူ့ရဲ့ ခပ်ရိုင်းရိုင်းစကားတို့ကို စိတ်အနှောင့်အယှက် ဖြစ်သွားတာ သိသာသော်လည်း အတတ်နိုင်ဆုံး တာဝန်ကျေချင်တဲ့ ပြေလည်ချင်တဲ့ သဘောထားရှိနေသော ဟန်ပန်မျိုးနှင့် ...

"ကျွန်မ ... ရှင် သိချင်တာတွေ ဖြေနိုင်မှာပါ"

"မင်းက ဘယ်သူလဲ"

"ကျွန်မက ဟိုဒင်းပေါ့၊ အန်တီထားရဲ့ တူမ ဆိုပါတော့"

"ဆိုပါတော့ ဆိုတာက ဘာသဘောလဲ"

"ဆိုပါတော့ဆိုတာက အန်တီထားရဲ့ ညီမရင်း ဒေါ်မြလေးနွယ်ရဲ့ ယောက်ျား ဦးအောင်မင်းရဲ့ တူမပါ"

"ရှုပ်နေတာပဲ"

"ဘာမှ မရှုပ်ပါဘူးရှင်၊ ရှင်ရှင်းလေးပါ၊ အန်တီထားရဲ့မတ်ရဲ့ တူမ၊ ဒီတော့ အန်တီလေးရဲ့ တူမ၊ အန်တီထားရဲ့ တူမ၊ တူတူပဲပေါ့"





"ကဲ တော်ပါပြီ၊ အဲဒီဆွေမျိုးစပ်နေတာတွေ"

သူ မေးလို့ ဖြေနေရတာကို သူက စကားဖြတ်တားလိုက်၍ မကျေမနပ် ဖြစ်သွားတာကို အသံတိတ်သိသာလောက်အောင်ပင် သူမထံက အသက်ရှူသံက ခပ်ပြင်းပြင်း မြန်ဆန်လာသည်။

"ဖေဖေ ဘာဖြစ်လို့ ဆုံးတာလဲ"

"ဦးနှောက်သွေးကြော ပြတ်တာပါ၊ စ,ဖြစ်ပြီး နှစ်ရက်ပဲခံပါတယ်"

"ဆေးရုံ မပို့ဘူးလား မကုဘူးလား"

"ဆေးရုံ မပို့ဘဲ မကုဘဲ နေပါ့မလားရှင်၊ ချက်ချင်းပို့တာပေါ့၊ ကုတာပေါ့၊ အကောင်းဆုံး အတော်ဆုံး သမားတော်တွေနဲ့ အပ်ပြီး အကောင်းဆုံးနဲ့ ဈေးအကြီးဆုံး ဆေးဝါးတွေ သုံးစွဲပြီး အသက်ကို ရအောင်လုတာပါပဲ"

သာလွန်းနေက ပြောပုံကို မဲ့ပြုံးမိရင်း ...

"ဒါဖြင့် ဘာဖြစ်လို့ သေသွားသလဲ"

"ဒါတော့ ကံကုန်နေ့စေ့လို့ပေါ့၊ အန်ကယ့် ကုသိုလ်ကံကိုက ဒီအချိန်မှာ သေဖို့ ဖြစ်နေပြီးသားမို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်၊ မင်း စကားပြောတာက စိတ်မရှည်သလိုလို၊ ဝေါက်ဆတ်ဆတ်နဲ့၊ မင်း အခု ပြောပြနေရတဲ့သူဟာ ကွယ်လွန်သူရဲ့ တစ်ဦးတည်းသော ဆွေမျိုးရင်းချာ သားအရင်းတစ်ယောက် ဖြစ်တယ်ဆိုတာကို အာရုံထဲမှာ ရှိရဲ့လား၊ ဒီအချိန်မှာ ငါ ဘယ်လို ခံစားနေရမလဲဆိုတာ မင်း တွေးကြည့်တတ်သလား"

တစ်ဖက်က ခဏတိတ်သွားပြီးမှ ...

"တွေးမိပါတယ်၊ ရှင့်လေသံက အပြစ်တင်သံလို ပါနေလို့ ကျွန်မက ဖြေရှင်းတာပါ၊ ကျွန်မနဲ့ အန်တီထား အနံကယ် စ,ဖြစ်တဲ့အချိန်ကနေ ဆုံးတဲ့အထိ နှစ်ရက်လုံးလုံး တစ်ရေးမှ မအိပ်ဘဲ အားက စောင့်ကြည့်ပြီး အပြည့်အဝ ဂရုစိုက်ခဲ့ကြပါတယ်၊ ဦးနှောက်သွေးကြော ပြတ်တယ်လို့ သိရကတည်းက ရှင့်ဆီ ဖုန်းနဲ့ အကြောင်းကြားပါတယ်၊ ရှင် မရှိလို့ ဖုန်းထဲ Message ထားခဲ့ပါတယ်၊ ရှင် ပြန်မဆက်သွယ်ခဲ့ပါဘူး၊ ဆုံးပြီးပြီးချင်း နှစ်နာရီအတွင်း ရှင့်ဆီ ဖုန်းဆက်ပါတယ်၊ ရှင် မရှိပြန်လို့ Message ပဲ ထားခဲ့ရပြန်ပါတယ် ...



ရှင် လာမလား၊ စောင့်ရမလား၊ ဘယ်နှရက်လားစေချင်သလဲတွေ သိချင်လို့ Messageထဲမှာ မေးထားခဲ့ပါသေးတယ်၊ ရှင့်ဆီက ဖုန်းပြန်မလာတာနဲ့၊ သုံးရက်နဲ့ သင်္ဂြိုဟ်လိုက်ပါတယ်"

"မီးသင်္ဂြိုဟ်တာလား၊ ဂူသွင်းတာလား"

ဘာမှ ရည်ရွယ်ချက် မရှိဘဲ မေးလိုက်မိတာဖြစ်ကာ ဘယ်လို လုပ်စေချင်တယ်ဆိုတဲ့ ဆန္ဒမျိုး သူ့မှာ အထူးတလည် ရှိနေလို့တော့ မဟုတ်။ သို့သော် သူ့မေးခွန်းကြောင့် သူမတို့ လုပ်မိတာ မှားများသွားမလားလို့ ဇဝေဇဝါ ဖြစ်သွားဟန်နှင့် ...

"ကျွန်မတို့ မီးဝဲသင်္ဂြိုဟ်လိုက်ပါတယ်"

"ဘာဖြစ်လို့ ဂူမသွင်းတာလဲ"

သူ တမင် ရစ်လိုက်ခြင်းပင်။ ဂူသွင်းစေချင်တာကြောင့် မဟုတ်ပါ။

"ဟို ... ကျွန်မတို့လည်း အထူးအထွေ မစဉ်းစားမိဘဲ ပုံမှန် မီးသင်္ဂြိုဟ်ကြတာပဲ များတော့ မီးပဲ ..."

"ကွယ်လွန်သူရဲ့ သားဟာ အဝေးရောက်နေတယ်ဆိုတာ ခေါင်းထဲမှာ မတွေးမိကြဘူးလား၊ ပြန်လာရင် အစအန ကလေးတောင် ဘာမှ မြင်စရာမရှိတာထက်စာရင် ဂူသွင်း

www.burmeseclassic.com



ထားရင် အုတ်ဂူလေးတော့ ကြည့်ရှုဖြေဖျောက်နှစ်သိမ့်စရာ ဖြစ်ဦးမယ်လို့ မတွေးတတ်ဘူးလား”

သူမက ခဏတိတ်နေပြီးမှ ...

“ဆောရီးပါရှင်၊ ကျွန်မတို့ မတွေးလိုက်မိပါဘူး”

သာလွန်းနေက ‘ဟင်း’လိုလို ‘ဟွန့်’လိုလို မနှစ်မြို့တဲ့ အသံကို ခပ်ကျယ်ကျယ် ထုတ်လိုက်ပါသည်။ သည်မိန်းကလေးဟာ လေသံကိုက ...။ သူ့ကိုယ်သူ အရေးပါပါနဲ့ ဘာများမှတ်နေတယ် မသိဘူးလို့ မမြင်ရဘဲ အခြောက်တိုက် ရန်လိုအမြင်ကတ်နေပါသည်။

“ကိုသာလွန်းနေ ဘယ်တော့ ပြန်လာမလဲ”

သူမရဲ့ လေသံက မိတ်ဆွေဖွဲ့တဲ့ အသံမျိုး ပေါက်သည်။

သာလွန်းနေကတော့ တမင်တကာပင် ဘုကျစွာ...

“ငါ ဘယ်တော့ ပြန်လာမယ် မလာဘူး ဆိုတာ မင်းတို့ ...၁ မပယ်တ်ပါဘူး”

တစ်ဖက်က မိန်းကလေးက ဆက်ပြီး သည်းညည်းမခံနိုင်တော့ပုံပေါက်ကာ အသက်ရှူသံ ပြင်းပြင်း၊ လေသံတုန်တုန်ယင်ယင်နှင့် ...





“ဒီမှာ ... ရှင် ဘာဖြစ်လို့ ဖုန်းလှမ်းဆက်ပြီး ရန်လိုနေရတာလဲ၊ ကိုယ့်အဖေအကြောင်း စုံစမ်းတာ ကောင်းကောင်းစုံစမ်းလည်း ရပါတယ်၊ ကျွန်မကိုပဲ ရန်သူတစ်ယောက်လို ရှင်က ဆက်ဆံနေရအောင် ကျွန်မက ရှင့်ကို ဘယ်တုန်းက ဘာအပြစ်များ ကျူးလွန်ထားမိဖူးလို့လဲ၊ ပတ်သက်ရာ ပတ်သက်ကြောင်း ရှိတယ်ဆိုပြီး အတတ်နိုင်ဆုံး ကိုယ့်ဘက်က ဖော်ရွေတဲ့သဘောနဲ့ မေးတာပါ၊ ရှင် ပြန်လာမလာ စိတ်ဝင်စားလို့လည်း မဟုတ်ဘူး၊ ရှင့်ဟာရှင် ပြန်လာရင်လာ မလာရင်နေ၊ ကိုရီးယားမှာပဲ ခေါင်းချရင်လည်း ချ၊ ကျွန်မနဲ့ ဘာမှ မဆိုင်ဘူး”

“ဘာလဲ ... ငါ ကိုရီးယားက ပြန်မလာတော့ဘူးဆိုရင် ငါ့အဖေ အိမ်ပေါ်က မင်းတို့ တူဝရီး ဆင်းစရာ မလိုတော့ဘူးဆိုပြီး အပိုင်ပဲလို့ သဘောကျနေလို့လား”

“ဘာ ...”

တစ်ဖက်က အတော်ဒေါသတကြီး ဖြစ်သွားဟန် ...အော်လိုက်ပြီးလျှင် ...

“ရှင် ဘာစကားပြောတာလဲ”

“မင်း ကြားတဲ့ စကားပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတစ်ယောက်ဖြစ်ပြီး အဖေ သေတာ သိသိချင်း နေ့မှာ ပထမဆုံး ခေါင်းထဲ ရောက်တာက ရှင့်အိမ် လက် လွှတ်ဆုံးရှုံးရတော့မှာပဲဆိုတဲ့ တိုထွာတဲ့ လောဘစိတ်မျိုး လား"

သူမက တမင် မခံချင်အောင် မေးသော်လည်း ...

"ဟုတ်တယ်"

သာလွန်းနေက တမင် ပွတ်တိုက်ပြန်ဖြေလိုက်ပါသည်။

"ဪ ... ဒါဆိုရင်လည်း ကျွန်မကပဲ ပြောရဦးမယ်၊ ရှင့်ဟာရှင် လာလာ မလာလာ ကျွန်မကလည်း ကျွန်မ အဒေါ်အိမ်က ဆင်းစရာ မလိုပါဘူး"

"ဘာ မင်းအဒေါ် အိမ်လဲ၊ အဲဒါ ငါ့အဖေ အိမ်"

အော်ပစ်ပြီးမှ သာလွန်းနေက အနည်းငယ် ရှက်သွားရပါသည်။

"ဒီမှာ ကိုသာလွန်းနေ၊ အခုလို သိမ်ဖျင်းတဲ့ စကားတွေ ဖုန်းထဲက ပြောနေဖို့ ကျွန်မမှာ အချိန်မရှိဘူး၊ ရှင် ဒါတွေ ဆွေးနွေးချင်သပဆိုရင်တော့ လူကိုယ်တိုင် ပြန်လာဆွေးနွေး ပေါ့၊ ကဲ ... ဒါပဲ မဟုတ်လား"





"နေဦး"

"ဘာလဲ ပြော"

"ငါ ပြန်လာမှာ၊ ရက်အတိအကျ မပြောနိုင်သေးဘူး၊ ပြန် လာမှ ဒီကိစ္စတွေ မျက်နှာစုံညီ ရှင်းမယ်"

"ကောင်းတယ်၊ ကျွန်မလည်း ရှင့်ကို အဲဒီအတိုင်း အကြံ ပေးနေတာပဲ"

"မင်းပေးတဲ့အကြံ မဟုတ်ပါဘူး၊ ငါ့ဟာငါ အဲဒီအတိုင်း နဂိုကတည်းက စိစဉ်ပြီးသား၊ မင်းအဒေါ်ကိုလည်း ပြော ပြထားလိုက်၊ မင်းတို့လည်း ရှေ့ဆက်အစီအစဉ်ကို ကြိုစဉ်း စားထား၊ ငါ့အဖေ အသုဘကို ငါ မမီလိုက်ရတာ၊ ဖေဖေ သေတာကို ငါ မျက်မြင်ကိုယ်တွေ့ မကြုံလိုက်ရတာ အတွက်လည်း လုံးလုံး မကျေနပ်ဘူးဆိုတာ သိထား"

"ဒါတော့ ရှင် မမီတာ ရှင့်အပြစ်ပဲလေ၊ သေပါပြီအကြောင်း ကြားတာတောင် ဖုန်းမှ ပြန်မဆက်တာ၊ ကိုယ့်အဖေ သေ တာ မျက်မြင်ကြုံချင်တယ်၊ ကိုယ့်လက်ပေါ်ပဲ သေစေချင် တယ်ဆိုတဲ့ စိတ်ကူးမျိုးရှိရင် အစကတည်းက ဘာဖြစ်လို့ နိုင်ငံခြား သွားနေသေးသလဲ၊ ကိုယ့်အဖေ နံဘေးမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နေနေပေါ့၊ ရှင့်ဟာရှင် နိုင်ငံခြား ရောက်နေတဲ့အပြင် ဘယ်ကို ခရီးလွန်နေမှန်းမသိလို့ ဖုန်းကွန်တက်က် မရတာ ကျွန်မတို့ ချို့ယွင်းချက် မဟုတ်ဘူး"

"သုံးရက်နဲ့ သင်္ဂြိုဟ်လိုက်တာ သိပ်မြန်တာပေါ့"

"ဒီနေ့အထိ ရှစ်ရက်ထားရင်တောင် ရှင် မိမှာမို့လို့လား ထုံးစံအတိုင်းပဲ လုပ်ရတာပေါ့၊ ချို့ယွင်းချက်ရှိတာ၊ ပျက်ကွက်တာက ရှင်"

"အေးပေါ့လေ၊ ခုတော့ မင်းတို့က ဦးနှောက်သွေးကြော ပြတ်ပါတယ် ပြောတာကို ဘာမှ မမြင်ရဘဲ မျက်စိမှိတ် လက်ခံရတော့မှာပေါ့"

"ဘာပြောတယ်ရှင့်၊ ရှင် ပြောပုံက အန်ကယ် သေဆုံးရတာ မသမာမှုပဲပါနေသလိုလို၊ စုံထောက်ဝတ္ထုဆန်ဆန် ရှင့် စိတ်ကူးယဉ်မနေနဲ့၊ ရှင့်အဖေကို ဘယ်သူမှလဲ အခြောက် တိုက် အဆိပ်ခတ်မသတ်ဘူး၊ ရှင့်အဖေကို သတ်ဖြတ်ပြီး အမွေတွေ အပိုင်စီးရအောင်လည်း ရှင့်အဖေက သူဌေးမင်း ကြီး မဟုတ်ဘူးဆိုတာ ရှင် အသိဆုံးပဲ"

"ဘာကွ"





ဟိုးအနောက်ဘက်ဆီက 'သူသူ ... ဘာတွေ ပြောနေတာလဲ'ဆိုတဲ့ မိန်းမသံတစ်ခု စိုးရိမ်တကြီး အော်လိုက်သံ ကြားလိုက်ရတာနှင့် တစ်ပြိုင်နက် သာလွန်းနေကလည်း တောက် တစ်ချက်ခေါက်ကာ ဖုန်းကို ဗွမ်းခနဲ ဆောင့်ချလိုက်မိချိန် တစ်ပြိုင်နက်ပင် ဖြစ်ပါသည်။

ဖုန်းချလိုက်ပြီးလျှင် သာလွန်းနေသည် အသက်ရှူသံ ပြင်းပြင်းနှင့် ဒေါသတွေ အကြီးအကျယ် ပွနေမိပါသည်။ အတော်ရင့် တဲ့ အမျိုးသမီး။ တစ်ခွန်းမခံ စွာတေးလန်ကာ ဆတ်ဆတ်ကြဲ နေလိုက်တာ။ တွေ့ကြသေးတာပေါ့။ ခုတော့ သူနဲ့ ဖေဖေနေခဲ့ တဲ့ အိမ်ပေါ်မှာ သူ နိုင်ငံခြား ရောက်ပြီးမှ ဖေဖေ ကောက်ယူလိုက် တဲ့ မိထွေးတော်နှင့် ထိုမိထွေးရဲ့ အဆွယ်အပွား တွေမဆိုတဲ့ သူက ခပ်တည်တည် မင်းမူနေပြီပေါ့။

ပိုင်ဆိုင်မှုတွေ ဘာတွေ ညာတွေကို စိတ်မဝင်စား သော်လည်း ဖေဖေ မိန်းမ ယူလိုက်တယ် ကြားကတည်းက အတော်မကျေနပ်ခဲ့တဲ့ သာလွန်းနေဟာ ခုလို သူ့ကိုပါ ချိုသာ အောက်ကျို့ဆက်ဆံမှု မရှိတဲ့အခါ ပိုပြီး ဒေါသကြီးလာခဲ့ရတာပင်။ သူ ထွက်လာခဲ့ပြီး ဘာမှ မကြာ ခြောက်လလောက်အကြာမှာ ဒီဒေါ်သက်ထားနွယ်ဆိုတဲ့ မိန်းမကို ဖေဖေ ယူပစ်လိုက်တာ။ သူ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာခင်က ဘာအဆက်အစပ် ဘာသတင်းမှ မရှိခဲ့သေးဘဲ ခြောက်လအတွင်း ခုတွေ့ ခုယူ ဖြစ်သွားတာကို သူ့ဘက်က ဘယ်လိုလုပ် ဘဝင်ကျနိုင်ပါ့မလဲ။

ခုတော့ သူ့တို့ဘက်ကပဲ မာရေကျောရေ။ သာလွန်းနေသည် ထိုင်ချည် ထချည်နှင့် သူ့တိုက်ခန်းကျဉ်းလေးထဲ လှည့်ပတ်လျှောက်ကာ တောက်တခေါက်ခေါက် ဖြစ်နေပါသည်။ သူ့ကို မြန်မာပြည် ပြန်လွှတ်ဖို့ အစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ဖို့ သူ ကြိုးပမ်းရမည်။ ရောက်ရင်တော့ တစ်ပွဲတစ်လမ်း တွေ့ကြရသေးတာပေါ့ရယ်လို့ ရင်ထဲအာဃာတတွေ တေးမှတ်နေမိလေသည်။

* * *





၂

"ကိုသာ"

အသံစူးစူးကလေးနှင့် အော်ခေါ်လိုက်သံကို ကြားလျှင် သာလွန်းနေက လှုအုပ်ကြားထဲ မျက်စိအကြည့်ကို ဝေ့ဝဲလိုက်ပါသည်။ တွေ့ပြီ။ ပပဟာ အရပ်ရှည်မ,ကလေးမို့ ထင်းခနဲ တွေ့ဖို့မခက်။ ပပ နံဘေးမှာ စိုးစိုးအေးလည်းပါသည်။ မိန်းကလေးနှစ်ယောက်တည်း။

သာလွန်းနေက ပပတို့အနား လျှောက်ခဲ့ရင်း ...

"နင်တို့ နှစ်ယောက်တည်းလား"...

"အေး"...

"ဖုန်းအောင် မပါဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းအောင်က သူတို့ ကုမ္ပဏီက မားကက်တင်းကိစ္စနဲ့ အထက်မြန်မာပြည်ခရီး သွားရတယ်တဲ့၊ တစ်ပတ်လောက် ပဲပြောတော့ သန်ဘက်ခါလောက် ပြန်ရောက်မယ် ထင် တယ်"

"ကားပါလား ပပ"

"ပါတယ်လေ ကိုသာ"

"နင် မောင်းလာလား"

"ဟင့်အင်း၊ အိမ်က ဒရိုင်ဘာနဲ့၊ ပပ ဟိုတလောကပဲ ကားတိုက်ထားသေးလို့ ကားပြန်မမောင်းသေးဘူး"

"လူလား၊ ကားချင်းလား၊ ဘယ်လို တိုက်တာလဲ"

စိုးစိုးအေးက သူ့အကျင့်အတိုင်း တဟိဟိ ရယ်မဆုံး ကာ ...

"နင့်ပပက အုတ်ခုံကို တိုက်တာပါဟယ်၊ ပါ့ကင်ထိုးရင် ဘေးမှာ ချောင်ချောင်ချိချိ လွတ်လွတ်ကင်းကင်း ရှိပါမှလေ၊ ကျပ်တီးကျပ်သပ်ဆိုရင် ဘေးမှာ ရှိတဲ့ဟာကို ဝင်တိုက်ပြီ၊ နင် သိတဲ့အတိုင်းပဲ ဟာ"

ကားကို ရွှေ့လျားနေအောင်သာ မောင်းတတ်ပြီး ပါ့ကင်မထိုးတတ်တဲ့ ပပအကြောင်း သာလွှန်းနေလည်း သိပါသည်။





"ဒရိုင်ဘာက ဦးအောင်သိန်းကြီးပဲလား"

"ဟင့်အင်း၊ အသစ် ...!"

"ဘာဖြစ်လို့လဲ"

"ဦးအောင်သိန်းက ဆိုင်းတာ လွန်လွန်းလာလို့ပေါ့၊ အခု ဆိုဗျေးတွေက ကောင်းတော့ ခိုးသလား မမေးနဲ့"

ပပ မျက်နှာ ရှုံ့မဲ့မဲ့ကို ကြည့်ကာ သာလွှန်းနေက ပြုံးမိသည်။ လေဆိပ်အဆောက်အအုံ အပြင်မှာ လာစောင့်နေတဲ့ ဒရိုင်ဘာအသစ်ကို ပပက ပါ့ကင်မှာ ကားသွားယူခိုင်းဖို့ ပြောလိုက် ပါသည်။ သာလွှန်းနေ မျက်နှာကို ပပက အရိပ်တကြည့်ကြည့် ရှိသည်။

တကယ်တော့ သူတို့တတွေဟာ ရှစ်တန်းကိုးတန်း လောက်ကတည်းက ခင်မင်လာခဲ့တဲ့ သူငယ်ချင်းတွေဖြစ်သည်။ မိန်းကလေးနှစ်ယောက်က အရင်ဆယ်တန်းအောင်သွားကာ သာလွှန်းနေ၊ ဖုန်းအောင်၊ ကျော်လင်းထွန်းတို့တတွေ ဆယ်တန်းကျ ကျန်ရစ်ခဲ့ပါသေးသည်။ ကျော်လင်းထွန်းကတော့ ထပ်ဖြေလည်း မအောင်။ ခုတော့ သူက သင်္ဘောလိုက်သွားခဲ့ပြီ။

တစ္ဆသိုလ် ရောက်ပြန်တော့လည်း သာလွှန်းနေက ဖတ်စ်ယီးယားမှာ တစ်ကြိမ်ကျပြန်သည်။ တကယ်တော့ သာလွှန်း



www.burmeseclassic.com

www.burmeseclassic.com



နေဟာ ဖေဖေနဲ့ သိပ်မတည့်ဘဲ ဂျစ်ကန်ကန် အပိုးမကျိုးပုံစံနှင့် လူဆိုးလေးတစ်ယောက် ဖြစ်ခဲ့သည်။ မကောင်းမှုတွေ မစွဲလမ်းခဲ့တာတစ်ခုတော့ ကံကောင်းသည် ဆိုရပါမည်။ သူ့ ဆိုးပုံက ဆေးတို့ အရက်တို့ စသဖြင့် မပါဝင်ဘဲ ပေါ့ပေါ့ဆဆ ပေါ်လာဝါးလား စိတ်လေနေတာမျိုးပင်။

နောက်တစ်နှစ်မှာ ပထမနှစ် အောင်။ နောက်တစ်နှစ်မှာ ဒုတိယနှစ်ကို တက်နေရင်းတန်းလန်း စာကို စိတ်မဝင်စားတော့ဘဲ နိုင်ငံခြားတစ်နိုင်ငံကို ထွက်ဖို့ စိတ်ပါလာကာ အဲဒီအတွက် စိတ်ဝင်တစား လုံးပမ်းကြိုးစားရင်း ဒုတိယနှစ် စာမေးပွဲကို မဖြေဖြစ်ပြန်။

နောက်ဆုံးတော့ နိုင်ငံခြား သွားအလုပ်လုပ်ချင်နေတဲ့ သူ့ဆန္ဒကို ဖေဖေက သဘောတူပေးလိုက်ကာ ကိုရီးယားကို ထွက်ခွင့်ရဖို့ရှိသမျှ ငွေနှင့် ကြိုးစားပို့ပေးလိုက်ပါသည်။ သူတို့သားအဖဟာ အရင်ကတည်းက ရှိနေတဲ့ ခြံနဲ့ တိုက်နဲ့တော့ နေနိုင်ကာ ကားလေးတစ်စင်းလောက်တော့ ပိုင်ဆိုင်ထားပေမဲ့ ချမ်းချမ်းသာသာ သုံးနိုင်စွဲနိုင်ထဲကတော့ မဟုတ်။

ဖေဖေက တက္ကသိုလ်က အင်္ဂလိပ်စာ ဆရာတစ်ယောက်ဖြစ်၍ ကျူရှင်တချို့မှာလည်း စာပြခြင်းဖြင့် သားအဖနှစ်





ယောက် စားဝတ်နေရေးကို ဖူဖူလုံလုံ ဖြေရှင်းနိုင်ပေမဲ့ ငွေပိုသိပ်မရှိ၍ လူပျိုကာလသား သာလွန်နေအတွက် ပေါပေါများများ မသုံးစွဲနိုင်စေခဲ့ပါ။

ဒါကြောင့်လည်း သူက ပညာရေးထက် စီးပွားရှာဖို့ပဲ ပိုစိတ်ဝင်စားလာတာ။

ခုတော့လည်း သူ့မှာ သုံးနှစ်စာ စုဆောင်းလာတဲ့ ထိုက်သင့်သော ငွေကြေးပမာဏ ကိုင်ထားနိုင်ပြီ။ ရှေ့အတွက် သူ့အလုပ်အကိုင်ကလည်း အဆင်ပြေနေပြီ။ ဒီမှာ သူ့ရဲ့ ဘော့စ် ထူထောင်ချင်တဲ့ အထည်ချုပ်လုပ်ငန်းကို သူ အုပ်ချုပ်စီမံခန့်ခွဲရမှာ ဖြစ်တဲ့အပြင် သူ့ဘော့စ်က စားသောက်ဆိုင်နှင့် မုန့်ဆိုင်တချို့ ဖွင့်ဖို့လည်း စီစဉ်ကြိုးစားခိုင်းထားသည်။

ယပသည် မရွှင်ပျလှတဲ့ သာလွန်နေ မျက်နှာကို အကဲခတ်နေရင်း ...

"ကိုသာ ဒီမှာ ဘယ်လောက်ကြာကြာ နေမလဲ"

"နေမှာပါ"

"ဘယ်လောက်လဲ"

"တော်တော်နဲ့ ပြန်မသွားပါဘူး"

"ဒီမှာပဲ တစ်ခုခုလုပ်တော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီမှာပဲ လုပ်ဖို့ စီစဉ်လာတာတွေ ရှိတယ်၊ နောက်မှပဲ သေချာပြောပြမယ် ပပရယ်၊ အခုတော့ ခေါင်းထဲမှာ အလုပ်ကိစ္စထက် တခြားကိစ္စတွေအတွက် စဉ်းစားနေရတယ်"

"ဘာတွေလဲ"

သာလွန်းနေသည် စပ်စုအမေးမြန်းထူနေတဲ့ ပပကြောင့် စိတ်သိပ်မရှည်တော့။ သူဟာ စိတ်ရှည်သည်းခံတတ်တဲ့သူ မဟုတ်။ ပပဟာလည်း သူ့အတွက် ထူးပြီး သည်းခံစိတ်ရှည်ပေးရမဲ့သူလို့ သူ ဘယ်တုန်းကမှ သတ်မှတ်မထား။ ပပက သူ့ကို သံယောဇဉ်ပိုတာ သူ သိသည်။ မျှော်လင့်တာ သူ သိသည်။ သူငယ်ချင်းအားလုံး အကြားမှာ သူ့ကိုယ်သူ သာလွန်းနေနှင့် ပိုပြီး သက်ဆိုင်ရင်းချာသူလို နေရာမျိုး သူ့ဟာသူ ယူထားတတ်သည်။ သူ နေရာယူပုံကြောင့် သူငယ်ချင်းတွေကလည်း ဒီလိုပဲ သတ်မှတ်ထားလိုက်သလိုပုံစံ ဖြစ်နေသည်။

တကယ်တော့ သာလွန်းနေနှင့် ပပဟာ ဘာမှ ထူးခြားသက်ဆိုင်ပတ်သက်မှု မရှိကာ သာမန်သူငယ်ချင်းသက်သက်ပင်။ သို့သော် သူ နိုင်ငံခြား ရောက်နေဆဲ လာဟဲ့ ပပစာတွေထဲမှာ သံယောဇဉ်စကားလုံးတွေ မိုးမွှန်နေသည်။ သူနဲ့ သက်ဆိုင်





သလို ချည်ကာတုပ်ကာလည်း ရေးတတ်သည်။ ဘာပဲဖြစ်ဖြစ် ပပ ရှိနေလို့ ရန်ကုန်က အခြေအနေတွေ သိခွင့်ရနေကာ ပပဟာ သူ့အတွက် ဝင်ပြီး မဆီမဆိုင် ခံစားပူပန်ပေးတတ်တာကိုတော့ သူ အသိအမှတ်ပြုရသည်။

"ဘာတွေလဲလို့ ကိုသာရဲ့"

"အများကြီးပေါ့ဟာ၊ ဥပမာ အိမ်ပေါ်က မိထွေးတို့ ဘာတို့ပေါ့"

"သူတို့ကို ကိုသာ ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

"မသိသေးဘူး၊ နေပါဦး၊ မိထွေး မဟုတ်တဲ့ နောက်ထပ် ငယ်ငယ်အသံတစ်ခုက ဘယ်သူလဲ၊ နင် သိလား ပပ"

"သူတို့ချင်း ဘာတော်လဲတော့ ပပလည်း ဘယ်သိမလဲ၊ ဒါပေမဲ့ သိပ်မငယ်ပါဘူး၊ ပပတို့ အရွယ်လောက်ပါပဲ၊ သူနဲ့ကိုသာ စကားပြောဖူးတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"သူ့ပုံစံက ခပ်တည်တည်ပဲ၊ ကိုသာ အလျှော့တော့ သွားမပေးနဲ့"

"မပေးပါဘူး၊ ဘာလို့ အလျှော့ပေးရမှာလဲ"

"သူက တော်တော်တော့ ချောတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ချောတော့ ဘာလုပ်ရမှာလဲ"

သာလွှန်းနေက မျက်မှောင်ကုတ်ကာ ခပ်ဆတ်ဆတ် ပြောလိုက်၍ လေသံမာမာနှင့် အပြောခံရသော်ငြား ပပက ကျေနပ်သွားပါသည်။

ရှေ့ခန်းဒရိုင်ဘာအောက သာလွှန်းနေကို နောက်ခန်း တစောင်းကျကျနေရာမှ မျက်တောင်မခတ် ကြည့်လွှန်းတဲ့ ပပကို စိုးစိုးအေးကပင် တံတောင်နှင့် တွက်ပြီး မျက်စောင်း ရှယ်ရသည်။

"အသုဘတုန်းက နင်တို့လာလား"

"လာတာပေါ့ ကိုသာရဲ့၊ ဖုန်းအောင်ရော စိုးစိုးရော တို့အားလုံး လိုက်ပို့ကြပါတယ်"

စိုးစိုးအေးက ဝင်ကာ ...

"နင့်မိထွေးက ကောင်းကောင်းမွန်မွန် သိုက်သိုက်ဝန်းဝန်း လေး ချပါတယ် ကိုသာရဲ့၊ ဖြစ်ကတတ်ဆန်း မလုပ်ပါဘူး"

စိုးစိုးအေးက အကောင်းပြောနေတာကို ပပက နှစ်သက်လှပုံမရဘဲ ချီးမွမ်းစရာမဟုတ်သလို ...

"ဒါတော့ ဒီလောက်တော့ လုပ်ရမှာပေါ့ဟဲ့"





"ရက်လည်ကျတော့လည်း ထမင်းဟင်းကျွေးတာဟဲ့၊ အသုဘချတဲ့နေ့ကလည်း လာသမျှလူကို အအေးဘူးတွေ ကမ်းတာ"

"သူက ပိုက်ဆံရှိလို့လား"

"သူက ရှိတာလား၊ နင့်အဖေမှာ ရှိတာလား၊ ငါတို့ အတွင်းရေးတော့ ဘယ်သိပါမလဲ၊ ဒါပေမဲ့ ငါ ပြောတာက နင့်အဖေကိစ္စကို ကောင်းကောင်းမွန်မွန်လေး လုပ်တယ် ဆိုတာပါ၊ နင် မရှိရတော့ နင်လည်း ကျေနပ်နိုင်အောင် ပြောပြတာပါ"

စိုးစိုးအေးဟာ အစကတည်းက ပပထက် သဘော ကောင်းသူကလေးဖြစ်သည်။ အကောင်းမြင်တတ်သည်။ မျှတ သည်။ စိုးစိုးအေး ပြောစကားကို သာလွှန်းနေက အလေးအနက် ထားပါသည်။ ပပကတော့ သာလွှန်းနေအပေါ် စေတနာထားတာ ခဲ့သော်လည်း မိထွေးကို သာလွှန်းနေ သဘောကျမှာ မဟုတ် ဘူးဆိုသော အသိနှင့် သာလွှန်းနေ အကြိုက်လိုက်ကာ ခပ်ဖိဖိ လေး မကောင်းပြောတတ်သည်။

ဘာပဲဖြစ်ဖြစ် အားလုံးပြောတဲ့ စကားတွေကို သာလွှန်းနေက ခေါင်းထဲထည့်ထားကာ အခြေအနေ မီးစင်ကြည့်က



www.burmeseclassic.com

www.burmeseclassic.com



ရမည်။ မိထွေးဟာ ဘယ်အရွယ်လဲပင် သူ သေချာမသိ။ သူ့အဖေကို ခြောက်လအတွင်း အရယူလိုက်တာ တစ်ချက်နှင့်ပင် သူဟာ မိထွေးအပေါ် အကောင်းမမြင်နိုင်ဘဲ ရှိနေသည်။

"ပြီးခဲ့တဲ့ တစ်လပြည့်နေ့တုန်းကလည်း အိမ်မှာ လလည်ဆွမ်းသွပ်သေးတယ်၊ ဘုန်းကြီးဆယ်ပါး၊ လူတွေလည်း ဖိတ်တယ်လေ၊ ငါတို့ကိုလည်း နင့်သူငယ်ချင်းတွေမှန်းသိပြီး ဖိတ်တယ်ဟဲ့"

"ဟုတ်လား နင်တို့ လာကြသေးတာပေါ့"

"အေး ... လာတယ်၊ ငါ့အမြင်ပေါ့နော်၊ နင့်မိထွေးက သိပ်မဆိုးပါဘူးဟဲ့"

ပပက မခံချင်သလို ...

"မိထွေးပဲဟယ်၊ မဆိုးပဲ နေပါ့မလား၊ စောင့်ပဲ ကြည့်ပါဦး"

"အေးပေါ့လေ၊ ရင်းရင်းနှီးနှီးတော့ ဆက်ဆံခင်မင်ဖူးတာမှ မဟုတ်တာ၊ ငါ ပြောတာက အပေါ်ယံအမြင်ပေါ့၊ ဆက်ဆံရကာ ကောင်းပါတယ်"

"ဘယ်အရွယ်လဲ စိုးစိုး"

"အန်ကယ့်နီးပါးပဲပေါ့ဟဲ့၊ နင်နဲ့ အမေအရွယ် အဒေါ်အရွယ်ပါပဲ"





"တော်သေးတာပေါ့ဟာ၊ ငါက ငယ်ငယ်ရွယ်ရွယ်များ ဖြစ်နေမလားလို့"

"နင်ကလည်းဟယ်၊ နင့်အဖေကို နှင် အထင်မသေးသင့်ပါဘူး၊ အန်ကယ်က ဒီလောက် အေးဆေးတာ၊ ငယ်ငယ်ကလေးတော့ ထ,ယူပါ့မလား"

"အေးဆေးတယ် အေးဆေးတယ်နဲ့ ငါ သွားပြီး ခြောက်လပဲ ခြားတယ်၊ ငါ့လည်း မတိုင်ပင် ဘာမှ မပြော မိန်းမယူသွားတယ်ဆိုတာတော့ ထိတယ်ဟာ၊ ငါ ပပ လှမ်းပြောမှ သိတယ်၊ သိတော့ ဖေဖေ့ကို လှမ်းမေးတော့လည်း ဖေဖေ ထုံးစံအတိုင်းပဲလေ၊ ခပ်အေးအေး မပွင့်တပွင့်နဲ့ ဟုတ်တယ် သားတဲ့၊ ဘာဖြစ်လို့ ဒီလောက် မြန်မြန်ဆန်ဆန် မိန်းမ တစ်ယောက် ကောက်ယူလိုက်ရတာလဲ မေးတော့လဲ ဘာမှ မပြောဘူး၊ အဟင်းဟင်းပဲ လုပ်နေတာ"

"အန်ကယ့်ဘက်က သိပ်မပါဘဲ ဟိုဘက်က ပိုလုပ်လို့ ယူဖြစ်ရတာ ဖြစ်မှာပေါ့"

ပပက သာလွန်းနေ သဘောကျအောင် ဝင်ပြောပြန်သည်။ သာလွန်းနေသည် ဒီကိစ္စကို မကျေနပ်တာ မှန်သော်လည်း

www.burmeseclassic.com



သူ့တွင် တစ်ဖက်ဘောင်းနင်း မကောင်းမြင်မှုတော့ မရှိပေ။ အိမ်ထောင်ပြုတယ်ဆိုတာ နှစ်ဖက်စလုံး ဆန္ဒပါမှသာ အထမြောက်အောင်မြင်တာပါ။ တစ်ဖက်ကပဲ ဖွတ်လှုပ်ရှားပြီး ယူလို့တော့ ရပါ့မလား။

ဖေဖေက 'သား ပြန်လာတဲ့အခါ နားလည်အောင် ဖေဖေ ရှင်းပြပါ့မယ်'လို့ ဆိုခဲ့သည်။ ခုတော့ ရှင်းမပြရခင် သူ ပြန်မရောက်လာခင် ဖေဖေ ကွယ်လွန်သွားခဲ့ပြီ။

"ပြီးခဲ့တာ ပြီးပြီပေါ့ ကိုသာရယ်၊ နင့်ကို ကြည့်ရတာ စိတ်တွေ တင်းကျပ်နေသလိုပဲ၊ ခေါင်းအေးအေးထားပါ၊ ဘာပဲဖြစ်ဖြစ် ပြဿနာ မကြီးသွားတာ ကောင်းတာပေါ့ဟာ"

စိုးစိုးအေး စကားကို ပပက နှစ်မြို့ပုံမရ။

"ဟဲ့ ... ဒါပေမဲ့ ပြဿနာမဖြစ်အောင် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဆိုတာမျိုးတော့ နေလို့ ဘယ်ရမလဲ၊ အန်ကယ်လည်း ရှိတော့တာ မဟုတ်ဘူး၊ ရှင်းရှင်းလင်းလင်း ဖြစ်တာ အကောင်းဆုံးပေါ့၊ တစ်ခါမှ မမြင်ဖူးသေးတဲ့ မိထွေးနဲ့ ရေရှည်ဆက်နေသွားလို့ ဘယ်ဖြစ်မလဲ"





"သူတို့ဇာတိဇာစ်မြစ်တွေ နင်တို့ သိလား"

"ဘယ်သိမလဲ ကိုသာရဲ့၊ ကိုသာလည်း မရှိတော့ အန်ကယ့်ဆီလည်း ပပတို့ဆို နှစ်လ သုံးလနေ တစ်ခါလောက်ရောက်တာ၊ ရောက်လည်း ရောက်ပြန်ပဲ၊ ခဏလေးပဲ၊ တစ်ခါတလေ ကိုသာ့ဆီက သတင်းတွေ သွားပြောပြတာမျိုး၊ အန်ကယ် နေကောင်းလား ဝင်မေးတာမျိုးလောက်ပဲ၊ အန်ကယ်ကလည်း ရှိန်နေလား မသိပါဘူး၊ သူ့မိန်းမနဲ့ မိတ်မဆက်ပေးပါဘူး"

"ပပတို့ လာရင် သူကလည်း ထွက်မလာဘူးပေါ့"

"ထွက်လာတတ်ပါတယ်၊ ပြုံးပြရုံလောက်ပဲပေါ့"

ဖေဖေ မိန်းမယူလိုက်ပြီ ဆိုတာကို ပပ စာရေးလို့ သိရတာဖြစ်သည်။ တစ်ရက်မှာ အိမ်မှာ ဘုန်းကြီးဆွမ်းကျွေး၊ မိတ်ဆွေတချို့ ဖိတ်ပြီး ကျွေးမွေးညှော်ခံတာမျိုး လုပ်ခဲ့သည်ဆိုသည်။ လူကြီးပိုင်း ခင်မင်ရင်းနှီးသူ ရပ်ကွက်ထဲက မိတ်ဆွေတချို့ကို 'ကျွန်တော့်ဇနီး ဒေါ်သက်ထားနွယ်'လို့ မိတ်ဆက်ပေးခဲ့သည်လို့ ဆိုသည်။

မင်္ဂလာဆွမ်းကျွေးရယ်လို့ ဖိတ်စာတွေ ဘာတွေ မကမ်းဘဲ ရိုးရိုးအလှူအတန်း ဆွမ်းကျွေးအမှတ်နှင့် သွားစားခဲ့

www.burmeseclassic.com



ကြသူတွေမှာ အဲသလို မိတ်ဆက်ပေးလိုက်မှ အံ့အားသင့်သွားခဲ့ကြရသည်ဟု ဆိုပါသည်။

သူတို့ လမ်းထဲ ကားဝင်လာကာ ခြံရှေ့ရောက်သည်နှင့် သာလွန်းနေက ...

"ပပတို့ စိုးစိုးတို့ အထဲမဝင်နဲ့တော့၊ နောက်မှ တွေ့မယ်"

"ဟင် ... ကားတော့ ဝင်လိုက်ဦးမယ်လေ"

"မဝင်နဲ့တော့၊ ရောက်ရောက်ချင်း ရင်ဆိုင်ရတဲ့ အနေအထားက ဘယ်လိုဖြစ်မလဲ မပြောတတ်သေးဘူးလေ၊ အေးမှာ လူပိုမရှိစေချင်လို့ ပပရဲ့၊ ဒီကပဲ ဆင်းမယ်၊ နောက်မှ တွေ့တာပေါ့၊ ကျေးဇူးပဲ"

ပပက မဝင်ရတဲ့အတွက် မကျေနပ်လှသော်လည်း ခေါင်းပဲ ညိတ်ကာ ...

"ညကျ ဖုန်းဆက်လိုက်မယ်"

❋ ✳ ❋





## ၃

သာလွန်းနေက တစ်ယောက်တည်း မနိုင်မနင်း သယ်ဝင်လာသည့် အိတ်တွေ သေတ္တာတွေကို ပေါ်တီကိုအောက် ပစ်ချလိုက်ကာ သံတံခါးအပြင်ဘက်မှ ဘဲလ်ကို ခပ်ကြာကြာ ဖိနှိပ်၍ ခေါ်လိုက်ပါသည်။

နှစ်ကြိမ် နှိပ်အပြီးမှာ မိန်းကလေးတစ်ယောက် တံခါးဝသို့ ထွက်လာသည်။ ငါးပေနှစ်လက်မရှိလောက်အရပ် ပြတ်ပြတ်ကလေးနှင့် ဖြူဝင်းထွေးနှစ်နေတဲ့ ပုံစံကလေးရှိသော မိန်းမပျိုသည် အပြင်မှာ ခါးထောက်ရပ်နေတဲ့ သာလွန်းနေကို စေ့စေ့စပ်စပ်နှင့် အံ့အားတသင့် အကဲခတ်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောတစ်ဝက်လောက် ဆံပင်ဖြောင့်စင်းစင်းလေးက နားရွက်ဘေးမှ ပျော့ခေါက် ရှေ့ကျလာ၍ နားရွက်နောက်သို့ လက်ချောင်းလေးနှင့် ညှပ်ကာပို့ရင်း ...

"ကိုသာလွန်းနေလား"

"ဟုတ်တယ်"

သာလွန်းနေရဲ့ ဖြေသံ ပြတ်ပြတ်ကြောင့် ဖော်ရွေရကောင်းနိုး မတင်မကျပုံစံရှိတဲ့ ကောင်မလေး မျက်နှာက ပိုတည်သွားပြီး လက်ထဲက သော့နှင့် သော့ခလောက်ကို ဖွင့်ကာ သံတံခါးကို ဘေးသို့ တွန်းလိုက်သည်။ ရှေ့မှာ သံပန်းကွက်တွေ ခြားမနေတော့ဘဲ ရှင်းရှင်းမြင်ရတဲ့အခါ တီရှပ်ဖြူဖြူ ထဘီနက်ပြာပေါ် အဖြူလုံးလေးတွေနှင့် သနပ်ခါးရေကျဲ ပါးကွက်ကျားထားတဲ့ မိန်း လေးသဏ္ဌာန်က ထင်းသွားလေသည်။

ပပလို မိန်းကလေးကိုယ်တိုင်က တော်တော်ချောတယ်လို့ ဝန်ခံလက်ခံယူရတဲ့သူပီပီ တကယ်ပဲ သူမ မျက်နှာလေးက ချောမောပြေပြစ်လှပါသည်။ အသားဖြူဖြူက ပန်းသွေးပြေးတဲ့ ဖြူဖြူမဟုတ်ဘဲ အဝါနှစ်သွေးပြေးတဲ့ ဖြူဖြူဖြစ်ရာ သူမ အသားအရေဟာ ဝင်းလက်နေသည်။

"ဝင်လေ"





သာလွန်းနေက တမင်တကာပင် သူ့အိတ်တွေ သေတ္တာတွေကို ကောက်မယူဘဲ လူချည်းသာ အိမ်ထဲ လှမ်းဝင်လိုက်သည်။ သံတံခါးကို ကိုင်ထားဆဲဖြစ်တဲ့ သူမ ဘေးက အဖြတ် သာလွန်းနေရဲ့ ခြောက်ပေမြင့်တဲ့ အရပ်က သူမ ဦးခေါင်းအထက်မှာ လွှင့်၍ မိုးနေပါသည်။

သာလွန်းနေက ဝပ်ကင်းရှူးကို ဖနောင့်ပွတ်၍ ခပ်လွယ်လွယ် ချွတ်လိုက်ပြီး ဖိနပ်ချွတ်နေရာမှာ ဖြစ်သလို တုံးလုံးပက်လက် ထားလိုက်ကာ ဧည့်ခန်းထဲ ဝင်လာလိုက်ရင်း ...

"မင်းက ဘယ်သူလဲ၊ ဟိုက ငါ့အိတ်တွေ သယ်ဖို့ လုပ်ဦးလေ"

သူ့ယောင့် မျက်နှာကလေးက ရှုပ်ရှုံ့မဲ့သွားပါသည်။ ဒီ သာလွန်းနေဟာ အတော်စီးပိုးလူပါးဝတဲ့သူ။ စိတ်ကောင်းရှိမဲ့ပုံ တစ်စက်မှ မရဘူးဟု ဒေါသတကြီး တွေးလိုက်ရင်းက ...

"ဂျမ်းဘုံ ... ဂျမ်းဘုံ"

ကုန်းအော်လိုက်သံကြောင့် နောက်ဖေးဘက်မှ ဆယ့်သုံးလေးနှစ်အရွယ်လောက် အလုပ်သမားကောင်မလေး ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... မမသူ"

"ဟိုဟာတွေ သွားသယ်ပေးလိုက်"

သာလွန်းနေ မိန်းကလေးဘက် ကျောပေးကာ နှုတ်ခမ်းတွန့်မဲ့ပြီး ပြုံးမိသည်။ သူတော့ လုံးဝ သယ်မပေးနိုင်ဘူး ဆိုတဲ့သဘောပေါ့။ တမင်တကာ နိုင့်ထက်စီးနင်းဆန်တဲ့ သာလွန်းနေရဲ့ အပြုအမူကို သူကလည်း ဂရုမစိုက်တဲ့သဘော။

သာလွန်းနေက ဧည့်ခန်းထဲမှာ မတ်တတ်ရပ်လျက်ပဲ အိမ်ကို ဝေ့ပတ်ကာ လိုက်ကြည့်နေသည်။ ဘာတွေများ ပြုပြင်ပြောင်းလဲမှုတွေ ရှိမလဲလို့။ တခြား ဘာမှ ကြီးကြီးမားမား မပြောင်းလဲသော်လဲ ဧည့်ခန်းထောင့်က ကျွန်းစားပွဲရှည် လှလှကလေးပေါ်မှာ ဓာတ်ပုံစတဲန်းလေးတွေ အမြောက်အမြား ရှိနေသည်။

ထူးခြားချက်မှာ ပုံအားလုံးဟာ သာလွန်းနေ ငယ်စဉ်ကပုံတွေ ဖြစ်နေတာပင်။ မွေးကာစ၊ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်အရွယ်တွေ။ ကျောင်းတက်ကာစအရွယ်တွေ။ ကွန်ပျူတာနှင့် ပြန်လည်ဆေးလို့ ကူးလို့ရနေတဲ့ခေတ်မို့ ဓာတ်ပုံတွေ အားလုံးကို ပြန်သန့်ထားကာ ခပ်လတ်လတ်အရွယ်လေးတွေ ချဲ့ကူးထားတာတွေ့ရသည်။





မေမေ ရှိတုန်းကရော ဖေဖေနဲ့ သူပဲ ရှိစဉ်ကရော ဘယ်တုန်းကမှ ထုတ်ပြီး မခင်းကျင်းထားဖူးခဲ့တဲ့ ဒီပုံတွေကို မိထွေးလက်ထက်ကျမှ ဒီလိုနေရာပေး ခင်းကျင်းထားတာဟာ မိထွေးရဲ့ လိမ္မာပါးနပ်မှုပဲ ဖြစ်လိမ့်မည်။ မိသားစုပုံ၊ ဖေဖေနဲ့ တွဲရက်၊ မေမေနဲ့ တွဲရက်ပုံတွေ မပါ။ သာလွန်းနေ တစ်ယောက်တည်းရဲ့ ပုံတွေသာဖြစ်သည်။

သာလွန်းနေက မဲ့မဲ့လေး ပြုံးကာနေမိသည်။ တချို့ ပုံအတော်များများကို သူ မမြင်ဖူးပါ။ မမြင်ဖူးဆို ဖေဖေတို့ မေမေတို့က ထုတ်မပြခဲ့ဖူးလို့ပေါ့။ သူ ဒီနေ့ ရောက်လာမှာကို မသိကြသော်လည်း မကြာခင် တစ်နေ့နေ့ ရောက်လာတော့မှာကိုတော့ သိထားကြတာမို့ အရေးပေါ် ပြေးကူးပြီး တမင်တကာ ဆင်ပြင်ခင်းကျင်းထားသလားမသိ။

သူယောင်သည် သူတို့ဘက် ကျောခိုင်းကာ ရပ်နေတဲ့ သာလွန်းနေကိုတစ်လှည့်၊ ပစ္စည်းတွေ မနိုင်မနင်း သယ်ယူသွင်းနေသည့် ဂျမ်းဘုံကိုတစ်လှည့် ကြည့်နေသည်။ ဂျမ်းဘုံကိုယ်လေး ပိန်းသေးသေးနှင့် ဒီလောက်တလေးတပင် တစ်ခါမှ မခိုင်းဖူးပါ။ အခုကတော့ သာလွန်းနေ လုပ်ပုံကို အမြင်ကတ်လို့ ငါလည်း သယ်ပေးစရာ မလိုဘူးလို့ ဆုံးဖြတ်ပြီး တမင် ရပ်ကြည့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



အိတ်နှစ်လုံးက တော်သေးသည်။ သေတ္တာက ကြည့်ရတာ ဖိုင်ဘာသား။ ဂျမ်းဘုံ သယ်လာနေပုံနှင့် ဘိုင်းခနဲ လဲကာ ကွဲနိုင်သည်။ အို ... ပိုင်ရှင်တောင် ဥစ္စာရင်လို ဥစ္စာရင်ခဲ မရှိတာ ကိုယ်က ကြားထဲက ပူပန်မနေနိုင်ပါဘူး။ ကွဲရင် ပိုတောင် ဝမ်းသာသည်။ သို့သော် ဂျမ်းဘုံကို မကြည့်ဘဲ အသည်းမယားဘဲ လည်းမနေနိုင်။ ဂျမ်းဘုံခမျာ ကိုယ်ကို ကော့ကာ သူ့ဝမ်းဗိုက်နှင့် သေတ္တာကို ခံထားသည်။

သေတ္တာမှာ ဘီးပါသော်လည်း ခုဟာက အုတ်လှေကား ပြားပြားကလေးနှစ်ထစ်ကို တက်နေတာမို့ တွန်းမရ။ သေတ္တာလက်ကိုင်ကိုင်းကို သူ့လက်မောင်းပိန်နှစ်ဖက်အားနှင့် ကော့နေအောင် မ,သော်လည်း သေတ္တာက ကောင်းကောင်းမကြွ။ သူ့အရပ်က ပုသေး၍ မြေမှမလွတ် ဖြစ်နေရာမှ ...

"ဝှမ်း"

"အမယ်လေး"

ဘယ်လို ဖြစ်သွားတယ်မသိဘဲ သေတ္တာက ရှေ့ကို ပြွတ်ကျ၊ ဂျမ်းဘုံက သေတ္တာပေါ် အားလျားမှောက်။ သာလွန်းနေက လှည့်ကြည့်ကာ ...





"ဟာ ... ငါ့သေတ္တာ ကွဲတော့မှာပဲ ... ကျွတ် ..."

"သူမှ မနိုင်တာရှင့်"

"ဟ ... သူ မနိုင်ရင် နိုင်တဲ့လူကြီးက သယ်ပေါ့"

"အဲဒါ ရှင်လေ၊ နိုင်တဲ့ လူကြီးဆိုတာ ရှင်ပဲပေါ့၊ ရှင်မှ မသယ်ဘဲ၊ ဘယ်တတ်နိုင်မလဲ"

"မင်းတစ်ယောက်လုံး ရှိနေတာပဲ၊ လက်မပါလို့လား"

"ကျွန်မလည်း မနိုင်ဘူး"

"သယ်ကြည့်သေးလို့လား"

"သယ်ကြည့်စရာမလိုပါဘူး၊ ကျွန်မ တစ်သက်နဲ့တစ်ကိုယ် လေးလေးပင်ပင် ဘယ်တုန်းကမှ မ,ဖူးသယ်ဖူးတာ မဟုတ်ဘူး"

"မင်းက ဘယ်လိုလဲ၊ အိမ်ကို လာတဲ့လူတစ်ယောက်ကို ဧည့်ဝတ်မကျေပွန်ပါလား"

"ဧည့်ဝတ်ကျေပွန်ရအောင် ရှင်က ဧည့်သည်မှ မဟုတ်ဘဲ၊ ကိုယ့်အိမ်ကိုယ် ပြန်လာတာ၊ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ကိုယ့်အခန်း ထဲဝင်သွားရုံပဲ၊ အခုလောလောဆယ် အိမ်မှာ မိန်းကလေးနှစ်ယောက်၊ ယောက်ျားလေးတစ်ယောက် ရှိနေတာ၊ ဒီလောက်လေးတဲ့ သေတ္တာတွေ အိတ်တွေ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



သယ်သင့်တယ်ဆိုတော ဘယ်သူ့ကို မေးမေး အဖြေတစ်ခုပဲထွက်မှာ၊ ရှင် ဒါတောင် မသိဘူးလား"

သာလွန်းနေမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရင်းက ...

"ဟ ... ငါက ခရီးဝေးက ပြန်လာရတဲ့ သူကွ"

"လေယာဉ်နဲ့ပါ၊ ခြေလျင် မဟုတ်ပါဘူး၊ ထားပါတော့၊ ရှင်က ဂျမ်းဘုံကို သယ်ခိုင်းရမှဆိုရင်တော့ သေတ္တာကို ဖွင့်ပြီး နည်းနည်းချင်း ထုတ်ပြီး တစ်ခေါက်ချင်း အလီလီ အလာလာ သယ်ခိုင်းပေတော့"

သာလွန်းနေသည် ပမာမခန့်နိုင်တဲ့ ထိုမိန်းကလေးကို ကျွဲမြီးတွေတိုလာကာ တရှူးရှူး တရှဲရှဲနှင့် ...

"ရတယ်၊ ပြီးရင် ငါ့ဘာသာ ငါသယ်မယ်၊ ဒီမှာ မင်း စကားပြောတာ နည်းနည်း ဆင်ဆင်ခြင်ခြင် ယဉ်ယဉ် ကျေးကျေး ပြောစမ်း၊ အခု ဒီအိမ်ရဲ့အိမ်ရှင် အိမ်ပြန်လာ နေတာ၊ နားလည်လား"

"ရှင့်ဆီကကော ယဉ်ယဉ်ကျေးကျေး စကားတစ်လုံး လောက်များ ကြားရသေးလို့လား"

"တော် ... တော် ... မင်းနဲ့ စကားပြောရတာ သိပ်လက်ဝင် တယ်၊ ဘယ်မှာလဲ မင်းအဒေါ်၊ ငါ့မိတွေး ခေါ်လိုက်ပါ"





"အန်တီ မရှိဘူး"

"ဘယ်သွားလဲ"

"ဆိုင်ကို သွားရတယ်"

"ဘာဆိုင်လဲ"

သာလွန်းနေက တကယ်မသိ။

"ရွှေဆိုင်ရှင့် ... ရွှေဆိုင်"

"ဩ ... ဘယ်မှာလဲ"

"ဗိုလ်ချုပ်ဈေးမှာ၊ ခုပဲ လေးနာရီခွဲတော့မယ်ဆိုတော့ နောက်တစ်နာရီခွဲလောက်ဆိုရင် အန်တီထား ပြန်ရောက် လာမယ်၊ ရှင်က ချက်ချင်းပဲ တွေ့ချင်သပဆိုရင်တော့ အခုပဲ သူ့ဆိုင်ကို ဖုန်းလှမ်းဆက်လိုက်ပြီး ပြန်ခေါ်လို့ရ တယ်"

"ချက်ချင်းတွေ့စရာလည်း အကြောင်းမရှိပါဘူး၊ တစ်ခု သိချင်တာရှိတယ်"

သူမက 'ဘာလဲ' ဆိုတဲ့ အကြည့်နှင့် သာလွန်းနေကို တည်တည်ကလေးပဲ စိုက်ကြည့်နေပါသည်။

"မင်းက သူ့သူ ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ရင်းက သူသူပဲလား"

သူမက သာလွန်းနေကို မသိမသာ မျက်စောင်းကလေး လှမ်းချိတ်လိုက်တဲ့ အမူအရာနှင့် ...

"နာမည်ရင်းက သူယောင်မယ်"

"ခင်ဗျာ ... အဟွတ် ... အဟွတ်"

သာလွန်းနေက တအံ့တဩ ဖြစ်သွားလွန်းလို့ တံတွေးတောင် သီးသွားရတဲ့ အမူအရာနှင့် တမင်ဆိုးသော လုပ်ချောင်းနှစ်ချက် ဆင့်ဆိုးလိုက်ပါသည်။ သူယောင်မယ်ရဲ့ မျက်နှာကလေးက နီမြန်းမြန်းကလေးနှင့် ခုမှ ပေါ်လွင်သိသာတဲ့ မျက်စောင်းပင့်ထိုးလိုက်ကာ ...

"ရှင် သူများနာမည်ကို ပြက်ရယ်ပြုသလိုလို လုပ်စရာမလိုပါဘူး"

"ပြက်ရယ်မပြုရပါလား၊ ဗွီး ... နာမည်က အတော်ကို အဆန်းတကျယ်မှည့်ထားလို့ အလန့်တကြား ဖြစ်သွားတာပါ"

"ရှင့်နာမည်တောင် သာလွန်းနေလို့ မှည့်ထားသေးတာပဲ"



"သာလွန်းနေဆိုတာက ဘာဖြစ်လို့လဲ"

"သူတစ်ပါးထက်ပဲ ပိုပြီး သာလွန်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်လေ၊ ဘယ်လောက် စီးစီးပိုးပိုး ရှိထားလဲ"

"ဒါဆိုရင်တော့ အဓိ မှားသွားပြီ၊ သူတစ်ပါးထက် ပိုသာလွန်းနေတယ် ဆိုတဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး၊ ထူးထူးခြားခြား သာနေတဲ့ နေမင်းဆိုတဲ့ အဓိပ္ပာယ်မျိုးပါ"

"ကဲပါ ... ဒါတွေ အရေးမကြီးပါဘူး၊ ရှင် သိချင်တယ်ဆိုတာက ဒီနာမည်တွေကိစ္စလား"

"မဟုတ်ပါဘူး၊ မင်းက ဒီအိမ်ပေါ်မှာ ဘယ်လိုသဘောမျိုးနဲ့ နေထိုင် အခြေချနေတယ်ဆိုတာကို သိချင်တာ"

"ကျွန်မ နေထိုင်နေတာ မှန်တယ်၊ အခြေချနေတာတော့ မဟုတ်ဘူး၊ ဒီမှာ နေနေတာကလည်း ကိုယ့်အဒေါ်အိမ်မှာ ကိုယ့်အဒေါ် အဖော်ရအောင် လိုက်နေပေးတဲ့သဘောပဲ"

"ကိုယ့်အဒေါ်အိမ် ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဩော် ... ဩော်"

www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေရဲ့ ရိသဲ့သဲ့ အမူအရာကြောင့် သူယောင်မယ်က အမြင်ကတ်လှစွာ ...

"ရှင်က ရှင့်အဖေအိမ်လို့ ဆိုချင်တာလား၊ ဒေါ်သက်ထားနွယ်ဟာ ရှင့်အဖေရဲ့ မိန်းမဆိုတာ ရှင် သဘောပေါက်လိုက်ဦးလေ"

"ဒီတော့ ဒီအိမ်က မင်းအဒေါ် ဒေါ်သက်ထားနွယ်ရဲ့အိမ်ဖြစ်သွားတယ်ပေါ့၊ ဩော် ... ဩော် ... ဟုတ်ပါပြီ ဒါတွေက မင်းနဲ့ ပြောရမဲ့ ကိစ္စတွေ မဟုတ်ပါဘူး နောက်မှ ဒေါ်သက်ထားနွယ်နဲ့ ပြောရမဲ့ကိစ္စတွေပါ၊ မင်းက မင်းမိဘနဲ့ မင်းမနေဘဲ အဒေါ်အိမ် လိုက်နေတာကကော ဘာသဘောလဲ"

"ကျွန်မမှာ မိဘ မရှိတော့ဘူး"

"ဟင် ..."

သာလွန်းနေက ဒီစကား တစ်ခွန်းကြောင့်တော့ ဖြင့် ကောင်မလေးကို ကရုဏာပဲ သက်ရမလိုလို ဖြစ်သွားမိသည်။ သူမ မျက်နှာထားကတော့ ဂရုဏာသက်ဖို့ မလိုအာ အမှန်ပင်။





"ကျွန်မ ငယ်ငယ်ကတည်းက မိဘတွေ မရှိတော့တာ၊ ကျွန်မ သုံးနှစ်သမီးကတည်းက ဖေဖေက သင်္ဘောမှောက်တဲ့အထဲ ပါသွားတယ်၊ အလောင်းတောင် ပြန်ရှာမတွေ့ခဲ့ဘူး၊ မေမေက အဲဒီစိတ်နဲ့ ပုံလဲသွားတာက မကြာခင် ဆုံးတာပဲ၊ ကျွန်မကို သုံးနှစ်သမီးကတည်းက မေမေ့အစ်ကိုရင်း ဘဘဦးအောင်မင်းတို့ လင်မယားက ကောက်ယူမွေးစားထားတာ၊ ဘဘနဲ့ အန်တီလေးမှာ ကလေးမရှိတော့ ကျွန်မပဲ သားသမီးပေါ့၊ အန်တီထားကလည်း ကျွန်မကို သမီးလိုပဲ သဘောထားတယ် ...

အခု ဒီအိမ်ပေါ် အန်တီထား ပြောင်းမလာခင်ကတည်းက ကျွန်မက ရန်ကုန်မှာ ကျောင်းလာတက်တော့ အန်တီထား အိမ်မှာပဲ နေတာပဲ၊ ဒီကြားထဲတော့ မော်လမြိုင် ပြန်သေးတယ်၊ အခု ကျွန်မလည်း မာစတာ ဆက်တက်နေတော့ အရင်လိုပဲ အန်တီထားနဲ့ ရန်ကုန်မှာ လာပြန်နေတဲ့ သဘောပဲ"

"ဩော် ... သဘောကတော့ မင်းက အချိန်တန် အိမ်ပြန်ရမဲ့ သူပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူယောင်က ဘာမှ မပြော။ သာလွန်းနေကို ခပ်တည်တည်ပဲ စိုက်ကြည့်နေပါသည်။ ဂျဲလ်လိမ်းထားတဲ့ ဆံပင် ခပ်တိုတိုထောင်ထောင်ကလေးတွေဟာ နဖူးရှေ့မှာ တချောင်းစ နှစ်ချောင်းစ ငိုက်ကျနေပြီး ခေါင်းလှုပ်လိုက်တိုင်း ဆံပင်တို အချောင်းလိုက်တွေက တဆတ်ဆတ်လှုပ်နေတဲ့ သူ့ဟန်ပန်က ကြည့်လို့တော့ ကောင်းပါရဲ့လို့ ခပ်ချဉ်ချဉ်နဲ့ပင် အမှတ်ပေးရပါသည်။

မျက်ခုံး မျက်လုံးတွေက မည်းနက်နေကာ နှာတံက ထင်ထင်ပေါ်ပေါ် ပုံကျလှပသည်။ နှုတ်ခမ်းက အပြောကောင်းမဲ့ နှုတ်ခမ်း။ သူ့မျက်နှာက သဘောကောင်းချင်လည်း နှစ်ယောက်မရှိ၊ ပမာမခန့်ချင်လည်း နှစ်ယောက်မရှိတဲ့ မျက်နှာမျိုးဖြစ်သည်။ အရပ်အမြင့်ကြီးနဲ့ လိုက်ဖက်ရုံ သွယ်လျကျစ်လျစ်တဲ့ ကိုယ်ဟန်။

သူ့ဓာတ်ပုံကို ဒီအိမ်မှာ တွေ့ထားဖူးပြီးသား သူယောင်က သူ့ကို မြင်မြင်ချင်းပဲ တော်တော်ကြည့်ကောင်းတဲ့ သူလို့ သတ်မှတ်ထားတာပါ။ ဓာတ်ပုံထဲမှာမို့ ကြည့်ကောင်းတာကို သာ မြင်နိုင်ခဲ့ပြီး မောက်မာရင့်သီးတတ်မှာကိုတော့ ကြိုမခန့်မှန်း နိုင်ခဲ့။ အန်တီထား မျက်နှာထောက်ရလို့သာ။ နို့မို့ ဒီလူကို စကားတောင် အဖက်လုပ် ပြောမနေချင်တော့။





ဟိုးတစ်နေ့က မုန်းပြောလိုက်ရပြီးကတည်းက သူယောင် ဆွေ့ဆွေ့ခုန် ဒေါသပုန်ထ,ကာ မခံချိမခံသာ ဖြစ်နေတာ။ သင်းတော့ တွေ့ရင် အသိပဲလို့ ကြုံးဝါးတော့ အန်တီထားက တောင်းပန်ရှာသည်။ အန်တီထားရဲ့ စကားလုံးတွေ သူယောင့် ရင်ထဲ ဦးနှောက်ထဲမှာ စွဲစွဲနစ်နစ် ရှိနေတာမို့သာ အန်တီထား ဆန္ဒကိုပဲ ငဲ့ညှာလိုက်လျောသောအားဖြင့် သူ့ကို မတတ်မသာ မျက်နှာချင်းဆိုင်နေရမှာ။

သူယောင့် သဘောအတိုင်းကတော့ မုန်းပြောပြီး ကတည်းက ဒီလူကို အမြင်ကတ်ကာ မခင်ချင်၊ မမင်ချင်၊ မပတ်သက်ချင်၊ မရင်းနှီးချင်။ ဒီမှာ မနေတော့ဘဲ အဆောင်တစ်ခုခု သာ သွားနေလိုက်ချင်တော့တာ။ အန်တီထား တားလွန်းလို့။ အန်တီထားကို သနားလို့ မျက်နှာချင်း မဆိုင်ချင်တဲ့ သူ့ကို ဆိုင် နေရမှာ။

"ဟုတ်ပြီလေ၊ မင်း ရပ်တည်နေမှုကို ငါ သဘောပေါက်ပြီ၊ ကဲ ... ငါ့အခန်းထဲ သွားနားတော့မယ်၊ အရင်ကတည်းက ငါ တစ်သက်လုံး နေခဲ့တဲ့ အခန်းပဲ ငါ နေမှာနော်၊ ဘယ်သူ ယူထားသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်က သာလွန်းနေ အခန်းလို့ သိရတဲ့ အခန်းကို သူယောင် နေနေခဲ့တာပါ။ အပေါ်ထပ်မှာလည်း အန်ကယ်ဦးနေစိုး အခန်းရယ်၊ သာလွန်းနေ အခန်းရယ် ဘုရားခန်းရယ် ဒါလောက်ပဲ ရှိတာပဲ။ ဒီတော့ သူယောင်က သာလွန်းနေ အခန်းမှာ နေလိုက်သည်။ သူ့အခန်းက ကျယ်လည်းကျယ်၊ အလင်းရောင်လည်းရ၊ လေကောင်းလေသန့်လည်းရ၊ ဝရန်တာလေးလည်းပါ၊ ရေချိုးခန်း အိမ်သာလည်း တွဲရက်လေ။

အောက်ထပ်မှာ အိပ်ခန်းလုပ်လို့ရတဲ့ အခန်းနှစ်ခန်း ရှိပေမဲ့ တိုလီမိုလီတွေ ထည့်ထားကာ အခန်းတွေက သိပ်မကျယ်တဲ့အပြင် အိမ်သာ ရေချိုးခန်း တွဲရက်မရှိတာမို့ အန်ကယ်ဦးနေစိုးက သူယောင့်ကို ထိုအခန်းတွေ ရှင်းပြီး မနေစေခဲ့။ သာလွန်းနေနှင့် ဖုန်းပြောပြီးတဲ့နောက်တော့ သူ ပြန်လာမှာကိုလည်း သိရတဲ့အခါ ကြိုကြိုတင်တင်ပင် သူယောင်က အခန်းပြောင်းရွှေ့နေလိုက်ပါသည်။

အောက်ထပ် အခန်းတစ်ခန်းကို ရှင်း၊ ဆေးပါပြန်သုတ်ကာ တတ်နိုင်သလောက် သပ်သပ်ရပ်ရပ် ပြင်ဆင်ပြီး သူယောင် ရွှေ့နေပါသည်။ ရေချိုးခန်းက သီးခြားမှာမို့ ခုလို သူ ပြန်လာတဲ့အခါ ရေချိုးခန်း အဝင်အထွက်တွေမှာ အဝတ်အစား





အပြည့်အစုံနှင့်သာ သွားလာရတော့မှာ။ ရှုပ်ကိုရှုပ်တယ်။ မလွှတ်လပ်တော့မဲ့ သဘောပင်။ သူ့ဟာသူ ကိုရီးယားမှာပဲ နေသွားလိုက်ရင် အေးရော။

အင်းလေ ... တကယ်တော့ ဒီအတွေးက သူ့ယောင့်အတွက် ကွက်ကွက်လေး ကြည့်ပြီး တစ်ကိုယ်ကောင်းတွေးတွေးတာပါ။

သူဟာ သူ့အိမ်သူ့ အချိန်တန် ပြန်လာမှာပေါ့။ သူယောင်က သက်ပြင်းတစ်ချက် စိတ်မရှည်သလို ချကာ ...

"ရှင့်အခန်း အဆင်သင့် ခင်းကျင်းပေးထားတယ်၊ ကျွန်မ ခင်းကျင်းပေးထားတာ မဟုတ်ဘူးနော်၊ အန်တီထားနဲ့ ဂျမ်းဘို့ ပြင်ပေးထားတာ၊ ရှင် မကြိုက်တာ လိုတာရှိရင် ကျွန်မကို လာမပြောနဲ့၊ အန်တီထားကိုပဲပြော"

သာလွန်းနေက ပခုံးကို တစ်ချက်တွန့်လိုက်ကာ သူ့အိတ်တွေ သေတ္တာတွေကို တစ်ကြိမ်တည်း အကုန်ပါအောင် ဆွဲလျက် အပေါ်ထပ်က သူ့အိပ်ခန်းရှိရာဆီ တက်လာခဲ့ပါသည်။ သန့်ပြန့် သပ်ရပ်စွာ ပြုပြင်ထားသော သူ့အိပ်ခန်းကို ကျေနပ်စွာ တစ်ချက်ကြည့်ပြီး နံရံပေါ်က အဲကွန်းခလုတ်ကို သာလွန်းနေက ဦးစွာ လှမ်းဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် အိတ်တွေချ၊ အဝတ်လဲလှယ်ကာ ရေချိုးခန်းထဲ ဝင်လာခဲ့ပြီး ရေတဝကြီး အရင်ချိုးလိုက်သည်။ ထို့နောက် တီရှပ်ဖြူတစ်ထည်၊ ကာကီရောင် ဘောင်းဘီတိုပွပွ တစ်ထည်ကို လဲဝတ်လိုက်ကာ သန့်နေတဲ့ အိပ်ရာထက် ပစ်လှဲချလိုက်ပြီး ခေါင်းထဲက အားလုံးထုတ်ကာ အားရပါးရ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ပါတော့သည်။

* * *





၄

အိပ်ရေးတွေဝကာ ခေါင်းတောင် နည်းနည်းအုံနေသလို ခံစားရလျက် သာလွန်းနေ အိပ်ရာမှ နိုးလာသည်။ ခေါင်းအုံး နံဘေး ချထားတဲ့ လက်ပတ်နာရီက ညခုနစ်နာရီခွဲကိုတောင် ပြနေပြီမို့ သာလွန်းနေ အိပ်ရာမှ ထသည်။ အခန်းမီးကို ဖွင့်၍ သူ့အခန်းထဲက နံရံမှာ ချိတ်ထားသည့် ကိုယ်တစ်ဝက်ပေါ်သော မှန်ရှေ့ သွားရပ်ကြည့်လိုက်လျှင် သူ့မျက်လုံးများပင် အစ်မို့နေတာ တွေ့ရသည်။

သာလွန်းနေက ဆံပင်တွေကို လက်နှင့် သပ်ကာ အခန်းတံခါးကို ဖွင့်၍ ထွက်လာသည်။ အပေါ်ထပ်မှာ တိတ်ဆိတ်နေသောကြောင့် အောက်ထပ်ကို လှေကားအတိုင်း ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဗိုက်တောင် ဆာပြီ။ သာလွန်းနေသည် ရတ်တရက် ဖေဖေ့ကို သတိတရ ဖြစ်လာမိသည်။

ဟိုးအရင်က ဒီအချိန်ဆိုရင် ဖေဖေက ညှော်ခန်းရဲ့ ထောင့်က ဖေဖေ ထိုင်နေကျ တစ်ယောက်ထိုင်ဆိုဖာပေါ် ထိုင်ကာ ရှေ့မှာ ရေရောထားသော ရမ်လေးတစ်ဖန်ခွက်နှင့် တန်ဖိုးမကြီးလှတဲ့ အာလူးကြော်၊ ဒါမှမဟုတ် ပဲခြမ်းသုပ်၊ ဘာမှမရှိရင် ထမင်းနဲ့ စားဖို့ထဲက ဟင်းနည်းနည်း စသဖြင့်တို့ကို အမြည်းအဖြစ် ရှေ့ချပြီး အေးအေးလူလူ အရက်သောက်နေတတ်သည်။

သာလွန်းနေ မှတ်မိတဲ့အရွယ်ကစပြီး ဖေဖေ နေ့စဉ်နေ့တိုင်း အရက်သောက်တာ တွေ့ရသည်။ နေမကောင်းတဲ့ရက်တို့လောက်သာ ရှောင်သည်။ သောက်ရင်လည်း များများစားစား မဟုတ်။ တစ်နေ့ကို နှစ်ပက်လောက်။ ဖေဖေ မူးတာကိုလည်း မတွေ့ဖူးပါ။ သူ့ဟာသူ တိတ်ဆိတ်စွာ ထိုင်ပြီး ငေးချင်ရာငေး တွေးချင်ရာတွေးရင်း သို့မဟုတ် တီဗီကို ဖွင့်ထားပြီး မကြည့်တစ်ချက် ကြည့်တစ်ချက်နှင့် နေရင်း ပျင်းပျင်းရိရိ အရက်သောက်နေတတ်တဲ့ ဖေဖေ့ ပုံသဏ္ဌာန်ဟာ မျက်ဝန်းထဲက မထွက်နိုင်ပါ။





သာလွန်းနေတို့ ဆိုရင်တော့ ရံဖန်ရံခါ သူငယ်ချင်းတွေနှင့် ဆုံကာ ဘီယာ သောက်ဖြစ်တဲ့အခါ သို့မဟုတ် အရက်လေး နည်းနည်း သောက်ဖြစ်တဲ့အခါ ဟေးလားဟားလားနှင့် ပျော်ရွှင်ကြသည်။ ဖေဖေကတော့ အရက်သောက်နေရတဲ့အတွက် စိတ်ထဲ ကျေနပ်ရွှင်ပျရပုံလည်းမရှိ။

ဖေဖေ ရွှင်ပျနေတယ်လို့ရော သူ ဘယ်တုန်းက တွေ့ဖူးခဲ့ပါသလဲ။ မှတ်မိသလောက် မတွေ့ဖူးခဲ့ပေ။ မေမေရှိစဉ်ကဆိုလျှင် ဖေဖေဟာ အရက်သောက်ပြီးလျှင် မေမေ့ကို ရစ်ချင်သည်။ ဘာတွေ ရိသဲ့သဲ့ ပြောနေမှန်း မသိ။ အကြောင်းအရာလည်းမရှိ။ တမင်ဗွတိုက်ပြောနေတာမျိုးပဲဖြစ်သည်။ တစ်ခါတစ်ရံ မေမေကလည်း ဒေါသထွက်။ တစ်ခါတစ်ရံတော့ မေမေက ငို။

ဖေဖေနှင့် မေမေကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် သာလွန်းနေ မမြင်ဖူးပါ။ မေမေဟာ ဖေဖေ့ကို နည်းနည်းကြောက်ပုံရသည်။ တစ်ခါတစ်ရံ ပြန်ပြီး အော်ဟစ်ရန်လုပ်တတ်ပေမဲ့ အကြိမ်များများမှာတော့ ကြောက်ရွံ့တဲ့ပုံပဲရသည်။ ဖေဖေ့ကို ကြည့်ရတာ မေမေ့ကို ထာဝစဉ် စိတ်ပျက်နေတဲ့ပုံ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ စိတ်ပျက်ရလောက်အောင် မေမေ့မှာ ဘာအပြစ်ရှိသလဲ စဉ်းစားကြည့်ရင် မေမေဟာ အသုံးအဖြုန်းကြီးတာလေးတော့ ရှိသည်။ စုစုဆောင်းဆောင်းမရှိ၊ ရှေ့ရေး နောက်ရေး မတွက်။ လက်ထဲ ငွေရှိလျှင် သုံးပစ်လိုက်တဲ့သူမျိုးပင်။

သာလွန်းနေ ငယ်ငယ်က ဖေဖေဟာ နာမည်ကြီးအင်္ဂလိပ်စာဆရာဖြစ်၍ ဝင်ငွေ အတော်ကောင်းတာ သိခဲ့သည်။ သို့သော် ထိုဝင်ငွေတွေ နှစ်ရှည်လများသည် ဘာမှ အဖတ်မတင်ခဲ့။ မေမေ မရှိတဲ့နောက်တော့ ဖေဖေ့လိုပဲ တခြားနာမည်ကြီး အင်္ဂလိပ်စာဆရာတို့လည်း ပေါ်လာခဲ့တဲ့အတွက် ဖေဖေဟာ လျှမ်းလျှမ်းတောက်ကြီး မဟုတ်တော့။

သားအဖနှစ်ယောက်အတွက် ဖူလုံတဲ့ ဝင်ငွေတော့ ရှိခဲ့ပါသည်။ သူ့မှာ တောင့်တကြောင့်ကြရတယ်တော့ မရှိခဲ့ပါ။ သို့သော် ပိုပိုလျှံလျှံ ချမ်းချမ်းသာသာကြီးတော့လည်း မဟုတ်ခဲ့။

သာလွန်းနေသည် လေ့ကားရင်းမှာ ရပ်ကာ ဖေဖေထိုင်နေကျ ဆိုဖာခုံကို စိုက်ကြည့်ရင်း ဖေဖေ့ကို အတော်သတိရလာသည်။ သားအဖဖြစ်၍ ယောကျာ်းသားနှစ်ဦးလုံးဟာ တစ်ယောက်ကိုတစ်ယောက် တီတီတာတာ ချွဲချွဲနွဲ့နွဲ့မျိုးလည်း မရှိခဲ့။





အချစ်ကိုလည်း သိသိသာသာတွေ မပြဖြစ်ခဲ့ကြ။ တစ်ဦးကိုတစ်ဦး ငြင်းဖို့ ခုန်ဖို့ စောဒကတက်ဖို့တော့ နှုတ်သွက်လျှာသွက် ရှိခဲ့ကြသည်ဖြစ်ရာ သူတို့ဟာ မျက်နှာချင်းဆိုင်သည်နှင့် ပွည်ပွည် ဖြစ်ကြရသည်။

"အာ ... အန်တီထားကလည်း၊ အဲဒါ ဟုတ်ကိုမဟုတ်သေးဘူး၊ အစိမ့်ာယ် မရှိဘူး"

ရုတ်တရက် အသံစူးစူးလေးတစ်ခု ထမင်းစားခန်းဘက်မှ ကြားလိုက်ရ၍ သာလွန်းနေက နားစွင့်လိုက်မိပါသည်။

"မဟုတ်သေးဘူး သမီး၊ အန်တီထား ခံစားချက်ကို သမီးနားမလည်ပါဘူးကွယ်"

"အို ... နားလည်စရာကို မလိုဘူး၊ ဘာမှမှ အဓိပ္ပာယ်မရှိတာ၊ အန်တီထား မတွေ့သေးလို့ သိလား၊ သူက ဂျစ်ကန်ကန် ဘုကျကျနဲ့ ဘယ်လိုလူစားမျိုးမှန်းကို မသိဘူး"

"သည်းခံပေးပါ သမီးလေးရယ်"

"သည်းမခံနိုင်ပါဘူး၊ မျက်နှာကြောကို မတည့်ဘူး"

သာလွန်းနေက ရယ်ချင်စိတ်နှင့် ပြုံးမဲ့မိပြန်သည်။ သူ့အပေါ် အဲသလို မျက်နှာကြောမတည့်ဖြစ်နေတာကိုပဲ သူက



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ။ ကသိကအောက်တွေ ဖြစ်နေစေချင်တာ။ သူယောင်မယ်ရဲ့ အသံလေးဟာ အတော်ကို စိတ်မရှည် လက်မရှည် စိတ်ရှုပ်လက်ညစ် ဖြစ်နေပုံ အတိုင်းသား ပေါ်နေသည်။

"ပြောစရာရှိတာ ဖွင့်ပြောလိုက်ပေါ့"

"အေးအေးဆေးဆေးတော့ ပြောရမှာပေါ့ သူသူရယ်"

"အို ... သူ့ပုံစံကြီးက မာရေကျောရေနဲ့၊ လူပါးဝတဲ့ပုံကလည်း ပေါက်သေးဘယ်၊ တစ်ကိုယ်ကောင်းဆန်မဲ့ပုံကလည်း အပြည့်"

အမျိုးသမီးကြီး အသံက မသက်မသာကလေး ရယ်မောလိုက်ကာ ...

"သမီးရယ် ... ဒီလောက်တောင်ပဲလား၊ အဟင်း ဟင်း"

"အို ... အန်တီထား တွေ့တော့ ကြည့်ပါလား၊ ဗိုလ်ကျမဲ့ပုံ၊ သူ့ပုံစံက အန်တီထားတို့ သူယောင်တို့ကို ဒီအိမ်ပေါ်က မောင်းချရင်ချမှာ သိရဲ့လား၊ အန်တီထားက အရင်တိုက်ခန်းကိုလည်း ရောင်းဖစ်လိုက်ပြီးတော့၊ ကဲ ... အခုအိမ်ပေါ်က ဆင်းဆိုရင် အန်တီထား ဘယ်သွားနေမလဲ"

"အဲသလိုတော့ နှင်မချကောင်းပါဘူး ထင်ပါရဲ့ကွယ်"





"အမယ်လေး ... ကြည့်လိုက်ပါဦး ... ကြည့်လိုက်ပါဦး၊ သူယောင့် စကားထဲမှာ အဒေါ်အိမ်လို့ ထည့်ပြောမိလို့ ဒါမင်းအဒေါ်အိမ်လား ... ဩော် ... ဩော် ... ဆိုပြီး လုပ်နေတာ၊ သိပ်ကုတ်ဆွဲချင်တာပဲ"

သာလွန်းနေသည် နှာခေါင်းက လေထွက်အောင် ဝင် ရယ်လိုက်မိပါသည်။

"ဟွန်း ... သူ နှင်ချလို့လည်း မရပါဘူးနော်၊ အဲဒါ အန်တီထား ပျော့စိပျော့စိ လုပ်မနေနဲ့၊ ဘာမှလဲ ဖုံးကွယ်နေစရာ မလိုဘူး"

သာလွန်းနေက စကားတွေကို မျက်မှောင်ကုတ် စဉ်းစားကြည့်နေမိကာ ဗိုက်လည်း အတော်ဆာနေပြီမို့ ထမင်းစားခန်းဘက် ချိုးကွေ့ဝင်လိုက်ပါတော့သည်။

"ဟင် ... ဩော် ... သား၊ မောင်သာလွန်းနေ နိုးလာပြီလား"

ပြုံးပြုံးပျာပျာ ပုံစံနှင့် ပျာပျာသလဲ ထရပ်လိုက်တဲ့ အမျိုးသမီးကြီးကို သာလွန်းနေ စေ့စေ့ကြည့်လိုက်မိပါသည်။ ပန်းကန်တွေ ဆွဲတော့မလို၊ ခုံတွေ ဆွဲတော့မလို ပျာယာခတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ အမျိုးသမီးကြီးဟာ သာလွန်းနေကို ရိုန်လန့်နေတဲ့ပုံ အတိုင်းသား။

ချောမောနုနယ်တဲ့ အမျိုးသမီးကြီးကို သာလွန်းနေ စိုက်ကြည့်နေမိသည်။ ထိုအမျိုးသမီးကြီးရဲ့ ရုပ်ရည်ဟာ နူးညံ့ သိမ်မွေ့သည်။ ယဉ်ကျေး အဆင့်အတန်းမြင့်တဲ့ရုပ် ဖြစ်သည်။ မနှစ်မြို့ချင်စရာ ဘာတစ်ချက်မှ သူ့မျက်နှာပေါ် ရှာမရ။

သာလွန်းနေက သူ့ကို ခပ်စူးစူးပုပ်ပုပ် ကြည့်နေတဲ့ သူယောင်မယ်ကို ဘုကြည့်တစ်ချက်ကြည့်လိုက်ပြီးမှ ...

"အန်တီက ဒေါ်သက်ထားနွယ် ထင်တယ်"

"ဟုတ်ပါတယ် သား၊ ထိုင်လေ၊ ဆာရောပေါ့၊ အန်တီ ပြန်ရောက်တော့ သား အိပ်နေတယ်ဆိုတာနဲ့"

သာလွန်းနေက ကုလားထိုင်တစ်ခုမှာ ဝင်ထိုင်လိုက် လျှင် ဒေါ်သက်ထားနွယ်က မယ်လမင်းပန်းကန်ပြား အပွင့်က လေး တစ်ချပ်ကိုလှမ်းကာ ထမင်းအုပ်ထဲမှ ထမင်းခူးထည့်ပေး ရင်း ...

"ဂျမ်းဘုံရေ ... ငါးခေါင်းဟင်းချို ပူလောက်ပြီ၊ ထည့်ခဲ့ တော့ သမီး"





သူယောင်သည် ထမင်းစားလက်စဖြစ်သည်။ အန်တီ ထားကို အတူစားဖို့ ပြောသော်လည်း အန်တီထားက တစ်ခါတည်း ဝင်မစား၍ သူမ တစ်ယောက်တည်း စားနေရတာဖြစ်သည်။ ပြီးခင် သာလွန်းနေ ရောက်လာတော့ ဆက်တောင်မှ မစားချင် တော့ဘဲ ဇွန်းနှင့် ထမင်းကို မွှေနေမိသည်။

အန်တီထားက သာလွန်းနေ တစ်ယောက်အတွက်ပဲ တစ်ပန်းကန်သာ ထမင်းခူးလိုက်တာမြင်၍ အောင့်မနေနိုင်ဘဲ သူယောင်က ...

"အန်တီထားလည်း တစ်ခါတည်း စားလေ၊ စားလည်းမစား ရသေးဘဲနဲ့"

"အင်း ... အင်း ... ရပါတယ်၊ အန်တီက ဘယ်တော့ စားစား"

သာလွန်းနေက ဒေါ်သက်ထားနွယ်ကို မော်ကြည့် ကာ ...

"တစ်ခါတည်း ဝင်စားပါလား အန်တီ၊ လူကြီးထက် အရင်စားရတာ ကျွန်တော် မျိုမကျပါဘူး၊ လူကြီးမစားခင် ကိုယ့်ဟာကိုယ် ထည့်စားနေတာ ဂါရဝတရား မရှိရာကျ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေ တမင်တကာ ပြောလိုက်တာကို သူယောင်ကလည်း တန်းခနဲ ရိပ်မိကာ ဖွန်းကို ပန်းကန်ထဲ အသံ မြည်အောင် ကလောင်ခနဲ ပစ်ချလိုက်ပါသည်။

"ဟဲ့ ... ဟဲ့ ... အို ... သမီး ... သူသူ"

သူယောင်က ခုံကို နောက်တွန်းကာ ထ,ရပ်လိုက်ပြီး ထမင်းပန်းကန် မ,၍ မီးဖိုးထဲ လှည့်ဝင်လာခဲ့သည်။ ထမင်း အကျန်ကို အမှိုက်ပုံးထဲ သွန်ပြီး ပန်းကန်ကို ဂုံ၊ ဂလွမ် မြည် အောင် ဆေးနေမိလေသည်။

လူကြီးအရင်မစားတတ်ဘူးလေး၊ မျိုမကျဘူးလေး အလကား ပလီစီချောက်ချက် မင်္ဂလာယူနေတာ။ သူယောင် အရင်ဆုံး စားနေလို့ ဆောင်းပြောတာလေ။ အင်း ... အန်တီထား ကြောင့်သာပေါ့နော်။

နို့မို့လို့ကတော့ ဒီလို မိန်းမသားနဲ့ ဖက်ပြိုင်ပြီး ထေ့ငေါ့ရိသဲ့တတ်တဲ့ လူမျိုးကို လက်ညှိုးငေါက်ငေါက်ထိုး ပြော ပစ်မိမှာ။

"ဟဲ့ ... ဂျမ်းဘုံ"

"ရှင်"





"နင်နော် ... ကျပ်ကျပ်သတိထား၊ အချိန်နဲ့ အခါနဲ့လုပ်ဖို့ ငါ ပြောပြောနေတာ၊ နေ့လယ်ခင်းကြီးတွေ ညနေစောင်းကြီး တွေ အချိန်အခါမဟုတ် နင် ခိုးခိုးအိပ်တတ်တယ်၊ အိပ်ချိန် တန်အိပ်၊ ထချိန်တန်ထ၊ စားချိန်တန်စားချည် သိရဲ့လား၊ အချိန်နှင့် ဒီရေသည် လူကို မစောင့်ဆိုတာ နင် ကြားဖူးလား"

"ဟုတ်ကဲ့"

"အေး ... ဘယ်သူကမှ ဘယ်သူ့ကိုမှ ဘာအတွက်မှ စောင့်မနေနိုင်ဘူး ဆိုတာ သဘောပေါက်၊ ငါပြောတာ ကြားလား"

"ဟုတ်ကဲ့"

ဒေါ်သက်ထားနွယ်သည် သာလွန်းနေကို ရှိုးတိုး ရှန့်တန့် အားနာပါးနာ အကဲခတ်ကြည့်လိုက်ပါသည်။ သာလွန်း နေနှင့် အကြည့်ချင်း ဆုံသွားကာ သာလွန်း နေက ပြုံးမဲ့မဲ့နှင့် နားထင်ကို လက်ညှိုးထောက်ပြရင်း ...

"အန်တီ့တူမ ဒါ ကောင်းရဲ့လား"

ခပ်ကျယ်ကျယ်ပဲ မေးလိုက်လျှင် ဒေါ်သက်ထားနွယ် မှာ ဘာပြောရမည် မသိဘဲ အှဟင်း ... အဟင်းနှင့် အကျပ်အတည်း တွေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ် စ,ရောက်ကတည်းက ဘလစ် ဘလစ်နဲ့ သူ့အသံ ချည်းပဲ၊ နားကို ညည်းနေတာ၊ ချိုချိုသာသာ စကားကောင်း တွေလားဆိုတော့လည်း မဟုတ်ဘူး"

"အဟင်း ... သူသူက ကလေးစိတ်ပါ သားရယ်၊ မခံချင် အောင်ပြောတတ်ပေမဲ့ စိတ်ကောင်းကလေး ရှိပါတယ်၊ သူသူနဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး စိတ်ရှည်လက် ရှည်ထား သည်းခံပေးပါနော်၊ အန်တီ မေတ္တာရပ်ခံပါတယ်"

သူယောင်သည် ပန်းကန်ကို စင်တွင် တင်ကာ ထမင်းစားခန်းဘက် ပြန်ထွက်လာခဲ့ရင်း ...

"အန်တီထား ဘယ်သူကမှ ဘယ်သူ့ကိုမှ မေတ္တာတွေ ဘာတွေ ရပ်ခံနေစရာ မလိုပါဘူး၊ သူလည်း သူပြောချင် တာပြောတာပဲ၊ သူယောင်တို့လည်း ကိုယ်ပြောချင်ရာ ပြောမှာပဲ၊ ဆင်ခြင်တယ်ဆိုတာလည်း တစ်ဖက်တည်းက တစ်ဖက်သတ်ကြီး ဆင်ခြင်နေလို့ရတာ မဟုတ်ဘူး၊ နှစ်ဦး နှစ်ဖက် နားလည်မှု ရှိမှကောင်းတာ"

"ဩော် ... သူသူရယ်၊ အန်တီတား ပြောနေရင်း တန်းလန်း ကြီးကကွယ်"





"နေပါဦး၊ မင်းက တယ်ရန်လိုတဲ့ မိန်းကလေးပါလား၊ ဘာတွေ ဘယ်လို ဖြစ်နေတာလဲ"

"ကျွန်မ ရှင့်ကို ရန်စ,လိုတာ မဟုတ်ဘူးနော်၊ ရှင့်ဘက်က စ,ရန်လိုခဲ့တာ၊ ဖုန်းဆက်ကတည်းက ရှင် တစ်ဖက်သတ် စ,ရန်လိုခဲ့တာ"

"ဟာ ... ငါ့ဘက်ကိုလည်း ကြည့်ပါဦးလေ၊ ငါ နိုင်ငံခြား ထွက်သွားတာ ဘာမှ မကြာသေးဘူး၊ ငါ့အဖေက အိမ် ထောင်ထ,ပြုတယ်၊ နောက် ငါ့အဖေ သေသွားတယ်၊ ငါ့ စိတ်တွေ ဘယ်လောက် ရှုပ်ထွေးတင်းကျပ်နေမလဲ၊ ငါ့ မိထွေးဆိုတာလည်း မြင်ဖူးတာ မဟုတ်ဘူး၊ မိထွေးရဲ့ တူမဆိုတာလည်း မြင်ဖူးတာ မဟုတ်ဘူး၊ ငါ့ဘက်က စဉ်းစားရင် ငါ ပြန်လာရမဲ့ အိမ်မှာ ဘယ်တုန်းကမှ မသိ ဖူး မမြင်ဖူးတဲ့ သူစိမ်းတွေ ရောက်နေတာ"

"ဘာမှ သူစိမ်းတွေ မဟုတ်ဘူး"

"သူသူ ... သမီး"

"ဒါဖြင့် ဘာတွေလဲ"

"ဘာတွေရမှာလဲ၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ၊ ပတ်သက်ရာပတ်သက်ကြောင်း ရှိရက်နဲ့ ခရီးဝေးကလာတဲ့ လူကို အထုပ်တစ်ထုပ်တောင် ကူမဆွဲပါလား"

"အိုး ... ရှင်က ရှင် ခိုင်းစေရမဲ့ သူလို ပုံစံမျိုး ဆက်ဆံတာကိုး၊ ကျွန်မ ရှင့်အလုပ်သမား မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ရန်ကုန်မှာ မာစတာ တက်ဖို့လာတာ၊ အန်တီထားက ဒီမှာပဲ လာနေပါ သမီးရယ်ဆိုလို့ နေတာ၊ ကိုယ့်စိတ်နဲ့ ကိုယ်ဆိုရင် နေ့လယ်ကတည်းက အိတ်ပြင်ပြီး အဆောင်တစ်ခုကို ပြောင်းချသွားပြီ သိလား"

"ဩော် ... ဩော်"

သူ့မှုပိုင်ဟန် ဩော် ... ဩော် ... နှင့် ပခုံးတွန့် ခေါင်းတဆတ်ဆတ်ညိတ်ပုံကို သူယောင်က အမြင်ကတ်လှစွာ မျက်စောင်းထိုးလိုက်ပါသည်။

"တော်ပါပြီ သူသူရယ်၊ ပြေလည်စေချင်ပါတယ်လို့ အန်တီထား ပြောထားရက်သားနဲ့ကွယ်၊ မောင်သာလွန်းနေကို လည်း အန်တီ တောင်းဆိုချင်ပါတယ်၊ ဦးနေစိုး မရှိတော့ သော်လည်း အန်တီတို့ တူဝရီး ဒီအိမ်မှာ သားနဲ့ ဆွေမျိုးသားချင်း သဘောမျိုးနဲ့ အတူဆက်နေပါရစေလို့"





သာလွန်းနေက ဒေါ်သက်ထားနွယ်ကို အကဲခတ်ကြည့်လိုက်ပါသည်။ ပပ ပြောသလိုပဲ ဒီအိမ်ပေါ်က ဆင်းကြဖို့ မလွယ် ဆိုတာမျိုးတော့ ဖြစ်နေပြီ အမှန်ပင်။ ဒါပေမဲ့ နူးညံ့တဲ့ သိမ်မွေ့တဲ့ ဒေါ်သက်ထားနွယ်ရဲ့ အမူအရာ အပြောအဆိုတို့က 'နေခွင့်မရှိဘူး၊ ပြောင်းကြတော့'လို့ ပြောထွက်ဖို့ရာ ခက်ခဲစြီး သာလွန်းနေရဲ့ ခင်မင်ဂရုထားသက်မှုကို ဆွတ်ချူနေပါသည်။

သာလွန်းနေ ငြိမ်၍ စဉ်းစားနေဆဲ သာလွန်းနေရဲ့ အမူအရာကို သူယောင်မယ်က အမိပွာယ် တစ်မျိုးကောက်ယူပုံနှင့် ...

"အို ... အန်တီထား၊ ဒီကိစ္စ သူ့ကို တောင်းတောင်းပန်ပန် ပြောနေစရာမှ မလိုတာ"

သာလွန်းနေ ထောင်းခနဲ ဒေါသထွက်ကာ ဒေါ်သက်ထားနွယ်ကလည်း မျက်နှာပျက်သွားပြီး ...

"သူသူ ... သမီး ဘာမှ ဝင်မပြောပါနဲ့လို့ အန်တီထား ပြောထားတယ် မဟုတ်လားကွယ်"

"နေပါဦး ... နေပါဦး၊ မင်း စကားပြောပုံက သိပ်ပိုင်လွန်းနိုင်လွန်းရာ မကျဘူးလား"

"အို ... ဒါက"



www.burmeseclassic.com

www.burmeseclassic.com



"သူသူ ... နေစမ်း၊ သား ... သူ ပြောတာ ဆိုတာကို ဖွေမယူပါနဲ့ သား၊ ထည့်မစဉ်းစားပါနဲ့"

"ဟာ ... အန့်တီထားကလည်း၊ အဓိပ္ပာယ်ကို မရှိဘူး၊ ဒီအိမ်ကို အန့်တီထားလည်း ပိုင်တာပဲ"

"သူသူ"

သာလွန်းနေက မျက်မှောင်ကုတ်ရင်း ...

"ဒီအိမ်ကို ဒေါ်သက်ထားနွယ် ပိုင်တယ် ဟုတ်လား"

ဒေါ်သက်ထားနွယ်က သူယောင့်ကို လှည့်ပြီး စူးစူးစိုက်စိုက် ကြည့်လိုက်ပါသည်။ ကြည့်လိုက်တဲ့ မျက်ဝန်းထဲမှာ အဒေါ်တစ်ယောက်ရဲ့ အမိန့်အာဏာနှင့် ပြောစကားကို ရပ်တန်းက ရပ်ဖို့ တားမြစ်ခြင်း ခပ်တင်းတင်းပါဝင်သလို တစ်စုံတစ်ရာကို တောင်းပန်တိုးလျှိုး မေတ္တာရပ်ခံခြင်းလည်း ပါဝင်နေပါသည်။

သူယောင်က မှုန်တေတေလေးနှင့် လေသံကို လျှော့ချကာ ...

"အန့်တီထားက အန့်ကယ့်ဇနီးပဲ၊ အန့်တီထားလည်း ဒီအိမ်ကို ဆိုင်တာပေါ့"

"ပိုင်တယ်ဆိုတာနဲ့ ဆိုင်တယ်ဆိုတာလည်း အဓိပ္ပာယ်ချင်း မတူဘူးထင်ပါတယ် အမိရဲ့၊ မင်းတို့ တူဝရီးကိုလည်း





ဒီအိမ်က ဆင်းသွားကြဖို့ တစ်ခွန်းမှ မပြောရသေးပါဘူး၊ ဒါတွေက အေးအေးဆေးဆေး ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းရမဲ့ ကိစ္စမျိုးပါ ...

ငါကလည်း ငါ့အဖေ ဘာကြောင့်ပဲဖြစ်ဖြစ် အိမ်ထောင်ပြုထားတဲ့ အမျိုးသမီးတစ်ယောက်ကို အဖေ မရှိတော့တာနဲ့ ဆင်းသွားဖို့ နှင်ရလောက်အောင် မရိုင်းပျသေးပါဘူး၊ အရှည်သဖြင့် ကိစ္စကို တိုင်ပင်မယ်၊ ဆွေးနွေးမယ်၊ အဲသလို တိုင်ပင်ဆွေးနွေးတဲ့အခါ ဒေါ်သက်ထားနွယ်နဲ့ပဲ ဆွေးနွေးဖို့ အကြောင်းရှိတယ်၊ ဒီကိစ္စထဲမှာ မင်း ပါဝင်ဆွေးနွေးစရာအကြောင်းကို မရှိဘူး ...

မင်းပဲ ပြောထားတယ်၊ မင်းဟာ ကျောင်းဆက်တက်ဖို့ ရှိတာတစ်ကြောင်း၊ အဒေါ် အဖော်ရအောင်တစ်ကြောင်း ဒီကို လာနေတာဆို၊ ဒီထက်ပိုတဲ့ ပတ်သက်မှု မင်းမှာ ဘာများရှိနေလို့လဲ၊ ဘာဖြစ်လို့ မင်းကချည်း ရန်လိုစွာ ဝင်ပြောနေရတာလဲ"

မျက်မှောင်ကုတ်ထားတဲ့ သာလွန်းနေ မျက်ဝန်းများနှင့် စူးစူးဖျပ်ဖျပ် တောက်နေတဲ့ သူယောင်မယ့် မျက်ဝန်းများ တစ်ခဏမျှ အကြည့်ချင်း ပြိုင်ပြီး ရင်ဆိုင်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကပဲများ ဆင်းပေးသွားရဦးမလား"

"ရှင် အဲသလို ရွဲ့ပြီး ပြောစရာလည်း မလိုပါဘူး၊ ရှင်က သားဖြစ်သူဆိုတာ လူတိုင်းသိ ပေါ်ပေါ်လွင်လွင်ပဲဟာ၊ ရှင် ဆင်းစရာ မလိုတာ ရှင်းနေတာပဲ၊ ကျွန်မရဲ့ အန်တီ ထားကသာ ပေါ်ပေါ်လွင်လွင် မရှိဘဲ ဟိုလိုလို ဒီလိုလို နဲ့ ဆင်းသွားရမှာကို စိုးရိမ်တာ"

"နေပါဦး၊ ခုနက ဒီထမင်းစားခန်းကို ဝင်လာခါနီးတုန်း ကလည်း မင်းရဲ့ စကားသံတွေကို ကြားနေရတယ်၊ ပြော စရာရှိတာ ဖွင့်ပြောလိုက်ဖို့တို့၊ ဖုံးကွယ်စရာ မလိုဘူးတို့ အဲဒါ ဘာတွေလဲ၊ အဲဒါတွေကို သိချင်တယ်"

သူယောင်က အန်တီထားကို တစ်ချက်မော့ကြည့် လိုက်ပါသည်။ ထို့နောက်တွင် ဗွတ်တိုး၍ ...

"အန်ကယ်က ဒီအိမ်ကို အန်တီထားကို တစ်ဝက်ယူဖို့ ပေးသွားတယ်"

"သူသူ"

ဒေါ်သက်ထားနွယ် အသံက ကတုန်ကယင်။ သာလွန်းနေသည် ထိုစကားကို အံ့အားတသင့် ဖြစ်ကာ ဒေါ်သက် ထားနွယ်ဘက်ကို ငဲ့ကြည့်လိုက်မိပါသည်။ ဒေါ်သက်ထားနွယ်





က မျက်လွှာကို ချထားပြီး စားပွဲပေါ်ကိုသာ သဲသဲမဲမဲ စိုက်ကြည့် နေပါသည်။

"အဲဒါ ဟုတ်သလား အန်တီ"

ဒေါ်သက်ထားနွယ်က မဖြေ။ သူယောင်ကသာ ...

"အဲဒါ ဟုတ်တယ်၊ အမှန်အတိုင်းပြောတာ"

"ဒါဖြင့် တရားဝင် စာရွက်စာတမ်း စာချုပ်စာတမ်းနဲ့ ရေးသွားတာမျိုး ရှိသလား"

"မရှိဘူး၊ အဲဒါမျိုးတွေ လုံးဝ မရှိပါဘူး၊ ရှိရင် ရှင့်ကို ထုတ်ပြလိုက်ရုံပေါ့၊ မရှိလို့သာ ပါးစပ်ကနေ လေကုန်ခံ ပြောနေရတာပေါ့၊ ဘာပဲဖြစ်ဖြစ် အန်တီထားဟာ အန်ကယ့် တရားဝင် ဇနီးပဲ၊ အဲဒါကြောင့် အန်တီထားရော ရှင်ရော ဟာ ဒီအိမ်ကို တစ်ဝက်စီ သက်ဆိုင်ကြတယ်"

"သြော် ... သြော် ... မင်းရော ဝေစုတစ်ပုံ မပါဘူးလား"

"ဘာပြောတယ်ရှင့်"

သူယောင်မယ်သည် စားပွဲကို လက်ဝါးနှင့် ပြင်း ထန်စွာ ပုတ်ကာ ဒေါသတကြီး အော်ဟစ်ရင်း မျက်နှာကလေး တွတ်တွတ် နီရဲလာပါသည်။ ထိုစကားက သူ့ကို အကြီးအကျယ် ပုတ်ခတ်စော်ကားရာ ကျသွားတဲ့ပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို ဘာမှ ရိုရိုသဲ့သဲ့ ပြောစရာ အခွင့်မရှိဘူး သိလား၊ ကျွန်မမှာ ကျွန်မ မိဘရင်း အမွေအနှစ်၊ မွေးစားမိဘဖြစ်တဲ့ ဘဘတို့ အန်တီလေးတို့ရဲ့ အမွေအနှစ်၊ ရှင့်ထက် အဆများစွာ ကျွန်မ ချမ်းသာတယ် သိလား"

သူ ပြောပုံက ကလေးဆန်နေ၍ သာလွန်းနေ မအောင့်နိုင်ဘဲ တဟင်းဟင်း ရယ်မောလိုက်မိပါသည်။ နင့်ထက် ငါ ပိုချမ်းသာတယ်ဆိုတဲ့ ကလေးစကားမျိုးကို ဒီ မာစတာတက်နေတဲ့ အစ်မကြီးက ပြောတာပဲတဲ့လား။ သာလွန်းနေသည် သူ အမြင်ကတ်နေတဲ့ မိန်းကလေးကို အမြင်ကတ်ဖို့တောင် မေ့ကာ တခိခိ ရယ်နေမိတော့သည်။

"ကျွန်မ မွေးစားမိဘတွေလည်း မော်လမြိုင်မှာ ဂရိတ် သိရဲ့လား၊ ချမ်းသာတာ လူတိုင်းသိတယ်၊ ရှင် ငွေလိုရင်တောင် ထုတ်ချေးလိုက်ဦးမယ်၊ ရှင့်အိမ်တစ်ဝက်စာကို မက်မောနေရမဲ့သူ မထင်နဲ့၊ စကားကို ကြည့်ပြော၊ အန်တီထားကြောင့် အန်တီထားကို ချစ်လို့၊ အန်တီထားကို သနားလို့ ခုလိုလာနေတာ၊ တစ်ခုခုဆိုရင် အန်တီထားပဲ စိတ်ဆင်းရဲရမှာစိုးလို့ သိလား"





မျက်လုံးပြူးပြူး မူးက်နှာရဲရဲလေးနှင့် ကုန်းအော်ကာ အိမ်ရှေ့ဘက်ဆီ တဖောင့်ဖောင့် ထွက်သွားတဲ့ သူယောင်မယ်ကို သာလွန်းနေက လည်ပြန်ငဲ့ကာ လိုက်ကြည့်ပြီးလျှင် အန်တီထားကို ပခုံးတွန့်ပြလိုက်ပါသည်။

"ဒီမှာပဲ နေပါ အန်တီထား၊ နောက်မှ အသေးစိတ် ဆွေးနွေးကြတာပေါ့"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၅

“ကိုသာ တစ်နေရာရာ သွားစရာရှိရင် ဝင်ခေါ်နော်၊ ပပ လည်း အားနေတာ၊ လိုက်ခဲ့မယ်”

ပပက ပြောထား၍ ထိုနေ့က သာလွန်းနေ ပပအိမ် ကို ဝင်သွားပါသည်။ ပပ အမေက သူ့ကို နှုတ်ဆက်ကာ ဟိုက အကြောင်း ဒီကအကြောင်း အလာပသလ္လာပတွေ မေးမြန်းနေ၍ သာလွန်းနေက ဖြေနေရပါသည်။ လောလောဆယ် ကိုရီးယားကို ပြန်ထွက်ဖို့ မရှိတဲ့အကြောင်း၊ ဟိုက ဘော့စ်က ဒီမှာ စီးပွားရေး လုပ်ဖို့ ရည်ရွယ်တာမို့ သူပဲ အားလုံး စီမံဆောင်ရွက်ရမှာတွေ ပြောပြသည်။





“ဒီနေ့တော့ စားသောက်ဆိုင် ဖွင့်ဖို့နဲ့ သူတို့ ဘိတ်ကာရီ လုပ်ဖို့အတွက် နေရာရှာဖို့ အကျိုးဆောင်လုပ်ငန်းတွေကို လျှောက်သွားပြီး နည်းနည်းစုံစမ်းမလို့ အန်တီ၊ နေရာ လိုတယ်”

“သူတို့က ဝယ်မှာလား၊ ငှားမှာလား”

“လောလောဆယ်တော့ နှစ်နှစ်လောက်က သူတို့က ငှားပဲ ငှားချင်တယ်၊ အဆင်ပြေတယ် နာမည်ရတယ်ဆိုမှ နောက်ပိုင်းကို နေရာအပိုင် ရှာရင်ရှာမယ် အန်တီ”

“ဒီလုပ်ငန်းတွေပါ ကိုသာပဲ ဦးစီးရမှာပေါ့”

“ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်ပဲ အားလုံး လုပ်ရမယ်၊ ဝန်ထမ်းတွေလည်း ခန့်ထားရမှာပေါ့၊ စားသောက်ဆိုင် အတွက် ချက်ပြုတ်မဲ့ စားဖိုမှူးတို့၊ မုန့်ဖုတ်မဲ့ မုန့်ကျွမ်းကျင် သူတို့ကတော့ ဟိုက လာမှာပါ အန်တီ၊ သူတို့ လက်ရာ သူတို့အရသာပေါ့”

“အလုပ်တွေက နည်းမှာ မဟုတ်ဘူး၊ ကိုသာတော့ ပြေး လွှားအလုပ်ရှုပ်နေရတော့မှာပဲ”

“ဟုတ်ကဲ့ အန်တီ၊ အထည်ချုပ်ကတော့ သူတို့ ကိုရီးယား ချင်း လက်လွှဲယူလိုက်တာဆိုတော့ နေရာအသင့်၊ စက်ရုံ



www.burmeseclassic.com

www.burmeseclassic.com



အသင့်၊ စက်တွေ အသင့်ပဲ၊ ကျွန်တော် ဒီလထဲပဲ လုပ်ငန်း အပြီးလုပ်ရမယ်၊ နောက်လထဲလောက်မှာ အထည်လိမ် ပိတ်စလိပ်တွေ ရောက်လာတော့မှာ"

"ပပတို့ ဘာတို့လဲ လိုတာ ဝင်ကူနိုင်းပေါ့ သားရဲ့၊ သူ လည်း အားနေတာ"

"ဟုတ်ကဲ့"

"သမီးလည်း အားနေတာပဲ၊ သူ့ဆီပဲ အလုပ်ဝင်မလို့ အဟီး"

စိုးစိုးအေး ဝင်လာတာဖြစ်သည်။ စိုးစိုးအေးက စကားဝိုင်းထဲ ဝင်ထိုင်လိုက်လျှင် ပပက ...

"ဟဲ့ ... နင် ဘာလာလုပ်တာလဲ"

"ဒီလိုပဲ လာတာပေါ့၊ နင့်အိမ်လာတာပဲ အဆန်းလား"

"ငါတို့ အပြင်သွားမလို့ဟဲ့"

"နင်နဲ့ အန်တီလား"

"ကိုသာနဲ့"

"ဟယ် ကောင်းတာပေါ့၊ ငါလည်း ပျင်းနေတာနဲ့ အတော်ပဲ ငါလည်း လိုက်မှာပေါ့၊ ကိုသာ ငါတို့ကို မုန့်ဝယ်ကျွေး နော်"



"အေးပါ"

ပပ မျက်နှာက မကြည်မသာ ဖြစ်သွားပါသည်။ ... သာလွန်းနေပဲ နှစ်ယောက်တည်း သွားရတော့မလို့ဟာ ... မှိန်မှ စိုးစိုးအေးက ရောက်လာလိုက်သေးသည်။ အဲဒါ ကိုသာ ... မေမေ အချိန်ဆွဲပြီး စကားပြောနေလို့ဟု မဆီမဆိုင် မေမေ့ ... ပါ မကြည်မလင် အပြစ်မြင်လိုက်မိပါသည်။

"ဟဲ့ ... ကိုသာက အကျိုးဆောင်တွေကိုသွား၊ ခြံတွေ အခန်း တွေ လိုက်ကြည့်မှာ၊ တစ်နေကုန် ကြာရင်ကြာ မှာနော်"

"ကြာပလေ့စေလေ၊ ရတာပဲ၊ အန်တီ ... သမီး ဖုန်းခဏ ဆက်မယ်နော်၊ မေမေ့ကို လှမ်းပြောလိုက်ဦးမယ်"

"ဆက်လေ သမီး"

စိုးစိုးအေးက သူ့အိမ်ကို ဖုန်းပြန်ဆက်ကာ သာလွန်း ... ရောက်လာ၍ သာလွန်းနေနှင့်အတူ အပြင်လိုက်သွားမည့် ...ကြောင်း တစ်နေကုန်ကြာမည့်အကြောင်းတွေ သူ့အမေကို ...အသိပေးနေပါသည်။ စိုးစိုးအေးနှင့် ပပတို့ အိမ်က လေးခြံပဲ ...သည်။ သူတို့ လမ်းနှင့် သာလွန်းနေတို့လမ်းဟာလည်း ...မှာ တစ်လမ်းတည်း ခြားပါသည်။ အနီးကလေးတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ မိဘတွေဟာလည်း တစ်အုပ်စုလုံး မိဘအသီးသီးက ကိုယ့်သားသမီးလိုပဲ သဘောထား၊ ခင်မင်ရင်း နှီးနေကြပါသည်။

"ဒါပဲနော် မေမေ၊ နောက်ကျရင် မပူနဲ့နော်၊ ရှန် ... အိမ် လား၊ ဘာအိတ်မှ ပြန်မယူတော့ဘူး၊ ကိုသာ ဝယ်ကျွေး တဲ့၊ ဘာပိုက်ဆံမှ မလိုဘူး မေမေ၊ အဟီးဟီး ... ဟုတ် ဟုတ်ကဲ့"

စိုးစိုးအေးက ဖုန်းချလိုက်လျှင် ပပက စိုးစိုးအေး ကို မျက်စောင်းရှယ်လိုက်ပါသည်။

"ဟွန်း ... အသလွတ်ကြီး စိတ်ပုပ်မ"

"ဘာစိတ်ပုပ်မ,လဲ"

"နင့်စိတ်တွေ ပုပ်နေတာ ငါ သိပါတယ်နော် မိပရယ်"

"ဘာတွေ လာပြောနေတာလဲ"

ဟိုဘက်မှာ ပပ အမေနှင့် သာလွန်းနေက စကား လက်ဆုံကျနေ၍ စိုးစိုးအေးက အသံကို နှိမ့်ကာ ...

"နင်က ကိုသာနဲ့ နှစ်ယောက်တည်း စုံတွဲစုတ်ချင်နေ မဟုတ်လား"





"ဘာဆိုင်လဲ"

"ဆိုင်သမှ သိပ်ဆိုင်၊ မသိရင် ခက်ဦးမယ် ... ဟွန်း"

"ငါ ... အားနေလို့ ကိုသာနဲ့ လိုက်မလို့ပါဟဲ့"

"ငါကကျတော့ မအားတဲ့အတိုင်း၊ နင် အားတယ်ဆိုရင် ငါလည်း အားတာပဲပေါ့၊ ငါကလည်း ပျင်းလို့ လိုက်တာ ပါ၊ သာသနာဖျက်မလို့ မဟုတ်ပါဘူး၊ နင်တို့ ငါပါလည်း မပါဘူး သဘောထားပြီး လွတ်လွတ်လပ်လပ် ပြောဆိုလို့ ရပါတယ်ဟယ်"

"ဘာမှ လွတ်လွတ်လပ်လပ် ပြောစရာမရှိပါဘူးနော်"

"ဒါဖြင့် နင့် မျက်နှာကြီးက ဘာဖြစ်လို့ ပုပ်သိုးနေသေးလဲ"

"မပုပ်ပါဘူး"

"မပုပ်ရင် ပြီးရော၊ ပုပ်ရင်တော့ ပုပ်တဲ့နေရာ လှီးထုတ် လိုက်ရုံပဲ"

သာလွန်းနေကို ပပရဲ့ အမေက ဒေါ်သက်ထားနှင့် အကြောင်း မေးမြန်းစပ်စုနေပါသည်။

"ဒီလိုပါပဲ အန်တီ၊ သူနဲ့က ဆက်ဆံရ မဆိုးပါဘူး၊ သူ့တူမဆိုတဲ့ ကောင်မလေးကတော့ ခပ်ရွာရွာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့တူမတော့ သေချာမသိဘူး၊ ဒေါ်သက်ထားနွယ် တော့မင်းအဖေ ဆွမ်းကျွေးသွားစားရင်း မြင်ဖူးတာပေါ့ နောက်ပိုင်းလည်း ဈေးသွားရင်း ပြုရင်း သုံးလေးကြိမ် ဆုံဖူးပါတယ်၊ အေးအေးဆေးဆေးပါပဲ၊ သူ့ပုံစံ ကြည့် တာ မပုလောင်ပါဘူး သားရဲ့၊ စကားပြောရင်လည်း အေးအေးချမ်းချမ်းပဲ ပြောတတ်တာပဲ"

"ဟုတ်ပါတယ်"

"သူက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားတာဆို"

"ဟုတ်ကဲ့"

"ပိုက်ဆံရှိတယ်ပေါ့"

"ကျွန်တော်လည်း အတွင်းကျကျတော့ မသိဘူး အန် နည်းနည်းပါးပါးတော့ ရှိပါလိမ့်မယ်၊ ရွှေဆိုင်တစ်ဆိုင် နည်းတာမှ မဟုတ်တာ"

"အခု အတူတူပဲ ဆက်နေကြမယ်ပေါ့"

"ခုထိတော့ တူတူပဲ နေနေတယ် အန်တီ၊ အိမ်မှာ အ သမီးတွေ ရှိနေတာလည်း တစ်မျိုးကောင်းပါတယ် ကျွန်တော် အပြင်က အလုပ်ကိစ္စတွေ နောက်ကြောင်း အေးအေး ထွက်နိုင်တယ်၊ အချိန်တန် စားဖို့ သောက် အချိန်တန် လျှော်ဖွပ်ပြီးသားဝတ်ဖို့ မပူပင်ရဘူးပေါ့"





"ဒါပေါ့ သားရဲ့၊ အခုစားတော့ တစ်အိုးတည်းပဲပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်နဲ့ သူ ညှိပြီး ကျွန်တော် ထမင်းစားဖို့ စရိတ် တစ်လ ငါးသောင်း သူ့ကို ပေးပါတယ်၊ သူက တစ်ယောက်စာဆိုတာ ဘာမှ ထူးထူးခြားခြား ပိုမချက်ရလို့ ဆိုပြီး မပေးဖို့တောင် တားပါတယ်၊ ဒါပေမဲ့ ရှင်းရှင်းလင်းလင်းလေးလည်းဖြစ်အောင် ကျွန်တော့်အတွက်လည်း သူတို့ ဝန်မလေး အပန်းမကြီးအောင် ကျွန်တော်က ဖွတ်ပေးတာပါ"

"သင့်တင့်ပါတယ်ကွယ်၊ သူတို့လည်း မပြောင်းချင်ဘူးပေါ့ ဟုတ်လား"

"အဘွားကြီးက မပြောင်းပဲနေချင်တယ်လို့ ဖွင့်ပြောပါတယ်၊ ကျွန်တော် အတိအကျ မေးမကြည့်ရသေးပေမဲ့ သူတို့ စကားထဲက သိရတာက သူ့မှာ အရင်ရှိတဲ့ တိုက်ခန်းကို သူက ဖေဖေနဲ့ ဟိုဒင်း ... ယူတော့ ရောင်းပစ်ခဲ့တယ်လို့ သိရတယ်၊ မော်လမြိုင်မှာတော့ သူ့တို့အိမ်တွေ ရှိသေးတယ်လို့ ပြောတာပဲ အန်တီ၊ ရန်ကုန်မှာတော့ တခြားနေစရာ မရှိဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“သားတို့ ဘာပဲဖြစ်ဖြစ် ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့တော့ ရှင်းရှင်းလင်းလင်း ကြိုတင်ဆွေးနွေးစကား ပြောဆိုပြီး သဘောတူထားရင် ကောင်းမယ်ထင်တယ်”

“တကယ့်တကယ် ပြောကြမယ် ဆိုရင် ကျွန်တော်က ယောက်ျားတစ်ယောက်လည်းဖြစ်တော့ ဒါမျိုးတွေ ပြောရဆိုရမှာ စိတ်ရှုပ်တယ်၊ ပါးစပ်က ရှောရှောရှူရှူ ထွက်ပါ့မလားမသိဘူး”

“အို … ကိုသာကလည်း အဲဒီလို လုပ်နေလို့တော့ ဘယ်ရမလဲ”

ပပက ဝင်ပြောလိုက်တာဖြစ်၍ သာလွန်းနေက ပပကို ပြုံး၍ပဲ လှည့်ကြည့်နေမိရင်း …

“ခဏပဲ ရှိသေးပေမဲ့ သူ့ကို ဆက်ဆံရတာ စိတ်ထဲမှာ ဘဝင်ကျတယ်၊ သူ့အပေါ် မနှစ်သက်တဲ့စိတ်မျိုး မပေါ်ပေါက်ဘူးပေါ့၊ အေးအေးချမ်းချမ်း အမျိုးသမီးကြီးတစ်ယောက်လို့ အကဲခတ်မိနေတော့ လူငယ်အနေနဲ့ ကိုယ့်ဘက်က ဘာမှ မလွန်စေချင်တာအပြင် ဘာပဲဖြစ်ဖြစ် သူဟာ ဖေဖေ ချစ်လို့ သဘောကျလို့ နှစ်သက်လို့ အဖေ့





ဒနချင်လို့ ပေါင်းသင်းခဲ့တဲ့ ဖေဖေ့ဇနီးတစ်ယောက်ပဲလေလို့ တွေးမိတော့လည်း သူ့ကို ပြဿနာ မလုပ်ချင်လှဘူး …

ဖေဖေနဲ့ ကျွန်တော် နေခဲ့တဲ့ ဒီခြံဒီတိုက်ကို ကျွန်တော်တစ်ယောက်ပဲ ပိုင်ရမှ သူ့ကို ခွဲမပေးချင်ဘူးဆိုတဲ့ စိတ်မျိုးက ကျွန်တော့်မှာ အစကတည်းက မရှိဘူး၊ သူတို့ဘက်က လောဘစကားတွေ အပိုင်စီးစကားတွေ ထွက်လာရင်သာ မခံချင်စိတ်နဲ့ တစ်မျိုးဖြစ်ချင် ဖြစ်လာမယ်၊ ဒီတိုင်းကတော့ ကျွန်တော်ကလည်း မမက်လှဘူး”

“အို … ကိုသာကလည်း၊ မမက်လို့ ဘယ်ဖြစ်မလဲ၊ ကိုယ့်အိမ်ပဲ”

“တကယ်စဉ်းစားရင် ကိုယ့်အိမ် မဟုတ်ဘူးလေ ပပရဲ့၊ အဖေရဲ့အိမ်၊ မိဘအိမ်ပေါ့၊ ကိုယ် ရှာဖွေတဲ့ ငွေနဲ့ ဝယ်ထားတာလည်း မဟုတ်ဘူး၊ ဥပမာ ဖေဖေ ရှိနေပြီး ဖေဖေက မင်း ဒီအိမ် မယူနဲ့တော့ကွာပြောရင် ကျွန်တော်ကလည်း အိုကေဆိုပြီး ယူမှာမဟုတ်တော့ပါဘူး အန်တီ …

ဒီတော့ ဖေဖေ့အိမ် ဖေဖေ ဘယ်သူ့ကို နည်းနည်းပါးပါး ပေးချင် မျှချင် စေတနာရှိမလဲ ဆိုတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်စဉ်းစားတယ်၊ သူ ထပ်ယူခဲ့တဲ့ ဓနီးပဲ၊ ဖေဖေ အသင့်အတင့် ပေးချင်တဲ့ စေတနာ ရှိမှာပါပဲ၊ သူ့တူမ ကလည်း ပြောတယ်၊ ဖေဖေက ဒေါ်သက်ထားနွယ်ကို အိမ်တစ်ဝက် ပိုင်တယ်လို့ ပြောသွားတယ်တဲ့၊ ပေးတယ်ပေါ့"

"ဟယ် ... အဲဒါ စာချုပ်စာတမ်း ရှိလို့လား"

ပပက မျက်လုံးပြူးလေးနှင့် မေးကာ စိုးစိုးအေးက လည်း စိတ်ဝင်တစား နားစွင့်နေပါသည်။

"မရှိဘူး၊ ပါးစပ်ကပဲ ပြောသွားတာတဲ့"

"အို ... ဒါများ ... ယုံစရာလား၊ ကိုသာကလည်းနော်၊ သူတို့ ပြောတိုင်း ရတာပဲဟာ၊ လျှောက်ပြောတာနေမှာ ပေါ့"

"ဘာလို့ လျှောက်ပြောမှာလဲ"

"လိုချင်လို့ပေါ့၊ ရှင်းနေတာပဲ"

"သူတို့က မော်လမြိုင်မှာ ဂရိတ်တွေပဲ၊ ချမ်းသာကြတယ်၊ ငါ စုံစမ်းကြည့်ပြီးပြီ ပပရဲ့"

"အို ... ကိုသာကလည်း ချမ်းသာတဲ့လူက ထပ်မလိုချင် တော့ဘူးလို့များ ကိုသာက ထင်နေလား"





သာလွန်းနေက ပခုံးတွန့်ကာ ...

"ကြည့်သေးတာပေါ့၊ အဘွားကြီးကို ငါက ခင်ပါတယ် ပပရယ်၊ သူ့တူမကသာ စကားပြောရင် တစ်ခွန်းမခံ ဘုဘောက်ကျလွန်းလို့ချဉ်တာ၊ ပြဿနာဖြစ်ရင်လည်း သူ့ ကြောင့်သာ ဖြစ်ဖို့ရှိတယ်၊ အဲဒီတူမက ငါ့ကွယ်ရာမှာ အဘွားကြီးကို ဖွင့်ပြောလိုက်၊ ဖွင့်ပြောပြလိုက်၊ မြှုမထားနဲ့ နဲ့ ပြောနေတာ ငါက ကြားလို့ ဘာတွေ လျှို့ဝှက်ထား တာ ဖွင့်ပြောစရာရှိလို့လဲ မေးလို့ သိရတာ၊ အဘွားကြီး က အဲဒီလို သူ့ကို တစ်ဝက်ယူဖို့ ပြောသွားတယ်ဆိုတဲ့ စကားမျိုး ငါ့ကို ပြောချင်ပုံတောင် မရဘူး"

"အို ... ကိုသာရာ၊ မိန်းမတွေကို လျှော့မတွက်ပါနဲ့ဟာ၊ ပြောချင်ပုံမရဘူးလို့ ထင်အောင် နေတာလည်း ဖြစ်နိုင် တာပဲ၊ ဟိုတူမကလည်း ဖွင့်ပြောလိုက်ဆိုတဲ့ စကားကို ကိုသာ ကြားအောင် တမင်တကာ ပြောနေတာတောင် ဖြစ်နိုင်သေးတယ်"

"နင် ပြောတာလည်း မဖြစ်နိုင်ဘူးလို့တော့ ပြောမရဘူး ပေါ့ ပပရယ်၊ ဒါပေမဲ့ အဲဒီ ဒေါ်သက်ထားနွယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အပေါ်မှာ အမှန်တကယ် ကောင်းတာ၊ ငါ ခံစားလို့ ရတယ်၊ အရမ်း ဂရုစိုက်ပါတယ်"

"စောင့်ကြည့်ပါဦး ကိုသာရယ်၊ နင် ပြန်ရောက်တာ ဘာမှ သိပ်မကြာသေးပါဘူးဟာ၊ အစပိုင်းမို့ ဖြစ်ပါလိမ့် ဦးမယ်"

သာလွန်းနေက ပခုံးတစ်ချက်တွန့်လိုက်ပါသည်။

"ဒါဖြင့် ခုပုံစံက အဘွားကြီးက အေးအေး၊ သူ့တူမက ပူပူ ဖြစ်နေတာပေါ့ ဟုတ်လား သား"

"ဟုတ်ကဲ့ အန်တီ"

"အင်းပေါ့လေ၊ ရေရှည်စောင့်ကြည့်ပေါ့ ကိုသာရယ်၊ အေးအေးဆေးဆေး စဉ်းစားဆုံးဖြတ်ပေါ့"

"ကိုသာ့ မိထွေးနဲ့ ကိုသာ့ အဖေရော ဓာတ်တွေ ဘာတွေ တည့်ရဲ့လား မသိဘူးနော်၊ သူနဲ့ ယှဉ်ယှဉ်ချင်း ကိုသာ့အဖေ ဆေးရုံတစ်ကြိမ် တက်ရတယ်၊ ပပတောင် ကိုသာ့ဆီ အကြောင်းကြားသေးတယ်လေ၊ ပြီးလည်းပြီးရော ဘာမှ သိပ်မကြာဘူး အခု ဆုံးရောဆိုတော့ နေ့နံမတည့် ဓာတ် မတည့်တာမျိုးများ"





"အာ ... အဲဒါမျိုးတွေတော့ ငါ စိတ်လည်းမဝင်စားဘူး၊ အယုံအကြည်လည်း မရှိပါဘူး ပပရာ၊ ဒါတွေက အလကား ဟာတွေပါ"

"ဒီလိုတော့ မပြောနဲ့လေ ကိုသာကလည်း၊ ကိုသာ့အဖေ လည်း တကယ်ဆို ငယ်ငယ်ပဲ ရှိသေးတာ၊ နေမယ်ဆို နေလို့ရတဲ့ အသက်အရွယ်ပဲ ရှိသေးတာဥစ္စာ"

"ဒါတော့ မကျန်းမာရင် အသက်ကြီးကြီး ငယ်ငယ် သေတဲ့သူက သေတာပါပဲ ပပရဲ့"

"ဒါတော့ဒါပေါ့၊ ဒါပေမဲ့"

စိုးစိုးအေးက စကားကို ဝင်ဖြတ်ကာ ...

"ဟယ် ... ပပရယ်၊ ဘာပဲဖြစ်ဖြစ် အဆိုးတွေဘက်က လျှောက်တွက်မနေနဲ့ပေါ့၊ အဓိကက ဘာပြဿနာမှ မပေါ် ဘဲ ပြေပြေလည်လည် ရှိဖို့က လိုရင်းပဲဟာ၊ ခုလော လောဆယ် သူ့မိထွေးက ကောင်းနေသားပဲ ပြီးရော ပေါ့"

ပပက စိုးစိုးအေးကို မျက်စောင်းထိုးကာ ...

"ရေရှည်ကိုတွက်ထားဖို့ ပြောတာပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကဲ … သွားစို့လေ ကိုသာရဲ့၊ ငါက ပပအိမ်မှာ ထမင်းစားမယ်လို့ ရည်ရွယ်ပြီး ထွက်လာတာ၊ အိမ်မှာ ငါးဟင်းကြီး ချက်တာ မကြိုက်လို့၊ အခု ထွက်ကြမယ်၊ မြို့ထဲ ရောက်ရင် အစားအသောက်ကိစ္စ အရင်ဖြေရှင်းမယ်"

သူတို့သုံးယောက် ပပ အမေကို နှုတ်ဆက်ကာ ထွက်လာကြပါသည်။ မြို့ထဲရောက်လျှင် ဆယ့်ကိုးလမ်းကို အရင်ဝင်ကာ တရုတ်ထမင်းဟင်း စားကြသည်။ အဲဒီကပြီးမှ သာလွန်းနေ ယူလာတဲ့ ဈေးကွက်ဂျာနယ်ကို ဖွင့်ကာ လိပ်စာတွေ အတိုင်း အကျိုးဆောင်ကုမ္ပဏီတွေကို တစ်ခုပြီးတစ်ခု ဝင်ကြပါသည်။

တစ်နေရာရောက်လျှင် ကိုယ်လိုချင်တဲ့ မြေအနေ အထား အဆောက်အအုံ အကျယ်အဝန်းတို့ကို ပြောပြကာ ကြည့်ဖို့ အဆင်ပြေမည့် သူတို့ထံ အပ်ထားတဲ့ အိမ်တွေစာရင်းကို ထုတ်။ သုံးလေးနေရာလောက် ကြည့်ဖို့ ရွေးချယ်။ ဒီနေ့အဖို့ တော့ ကြည့်ဖို့မရည်ရွယ်။ ဒီနေ့က နောက်ရက်တွေမှာ အစီအစဉ် ချကာ ကြည့်ဖို့ နေရာတွေ လိုက်ရွေးထုတ်ရုံပင်။

တချို့အကျိုးဆောင်လုပ်ငန်းတွေမှာကျတော့ သူတို့ဆီ အပ်ထားတဲ့ အရောင်းအငှားအိမ်တို့ကို ဗီဒီယို ရိုက်ထားတာမို့





ဗီဒီယိုခွေ ဖွင့်ကြည့်လို့ ရသဖြင့် အဆင်ပြေသည်။ ဤသို့ဖြင့် တစ်နေ့ကုန်အောင် အကျိုးဆောင်လုပ်ငန်းဌာနပေါင်း များစွာတို့သို့ လှည့်ပတ်သွားလာကာ ကိုးနေရာလောက် ရောက်ခဲ့ပါသည်။

စာရင်းကြည့်ရွေးခဲ့တဲ့ ခြံတွေ အခန်းတွေကို တစ်ရက် လျှင် အကျိုးဆောင် သုံးခုလောက်စီနှင့် လိုက်ကြည့်ဖို့ရက် အတိ အကျချိန်း။

"နောက်ဆုံး ပြန်ခါနီး ကမာရွတ်က ဒီအကျိုးဆောင်ကို ဝင်ကြည့်လိုက်မယ်လေ၊ ပြီးရင် အိမ်ပြန်ကြဖို့ လမ်းလည်း သင့်သွားပြီ"

ပပ စကားကို သာလွန်းနေက ခေါင်းညိတ်ကာ ကမာရွတ်ဘက် ကားကို ဦးတည်လိုက်ပါသည်။

"ဟဲ့ … ကမာရွတ်ဘက် နောက်ဆုံးကြည့်ပြီးရင် လှည်းတန်း ရောက်နေမှပဲဟာ၊ အဆုံးပိတ်အနေနဲ့ တစ်ခုခု ဝင်စားပြီးမှ ပြန်ကြတာပေါ့ဟယ်"

"အဲဒီ စိုးစိုးဟာ စားဖို့ပဲ၊ မုန့်စားဖို့ ထွက်တာကျနေတာပဲ"

"ပြီးရင် ပြန်ကြတော့မှာပဲဟာ၊ အားသွားပြီလေ၊ ကိုသာ့ ပိုက်ဆံတွေလည်း ငါတို့ ပိုင်းမစားပေးလို့ ဘယ်သူ

www.burmeseclassic.com



စားမှာလဲ၊ သူ ရှာဖွေထားရတာလေးတွေ ငါတို့က သူငယ်ချင်းကောင်းပီသစွာ ဝိုင်းစားပေးရမှာပေါ့”

နောက်ဆုံး အကျိုးဆောင်ဌာနကို ဝင်ကာ သူတို့စာရင်းထဲက အဆင်ပြေမည် ထင်ရတဲ့ သုံးနေရာကို ကြည့်ရှုရွေးချယ်ပြီး လိုက်ကြည့်ဖို့ ရက်ချိန်း ချိန်းပြီးတဲ့နောက် သာလွန်းနေက ကားကို လှည်းတန်းဘက် တစ်နေရာမှာ ရပ်လိုက်ပါသည်။

“ကဲ ... ဘာစားမလဲ စိုးစိုး”

“ဒီနားမှာ ဆိုင်တွေမှ အများကြီး၊ ဟိုက မွန်းဘိတ်ကာရဲ့ထဲမှာ ကော်ဖီနဲ့ ပီဇာ စားမယ်၊ ရှေ့က ကြက်ကင်လည်း စားချင်တယ်ဟဲ့၊ ...ချူးနော် ကိုသာ”

“အေးပါဟာ၊ ကျွေးပါ့မယ်”

“ဘာလဲ မိပ၊ နင်က မျက်နှာကြီး ပုပ်ပြီး ကိုသာ့ ပိုက်ဆံကို ကြားထဲကနေ တိုနေရအောင် ကိုသာ့ ပိုက်ဆံ နင့်ပိုက်ဆံမှတ်နေလို့လား”

စိုးစိုးရဲ့ ပြုံးစိစိ အပြောတွင် ပပက ဖျတ်ခနဲ မျက်စောင်းထိုးကာ သာလွန်းနေကတော့ ရယ်နေမိပါသည်။

“ကဲ ... ကဲ ... မကိုက်ကြနဲ့၊ မဟောင်ကြနဲ့ဟာ၊ လာလာ လမ်းကူးမယ်”





သာလွန်းနေက အလယ်က၊ ဘေးတစ်ဖက်တစ်ချက်မှ ပပနဲ့ စိုးစိုး။ နှစ်ယောက်လုံးက သာလွန်းနေ လက်မောင်းတစ်ဖက်စီကို ဆွဲကိုင်ထားကြပါသည်။ လှည်းတန်းလမ်းမကလည်း ညနေခင်းတွင် ကားတွေ များပြားရှုပ်ယှက်လျက်ရှိရာ ကားတစ်စီးနှင့် တစ်စီး တစ်ခဏလပ်တဲ့ အချိန်တွင် သူတို့ သုံးယောက်တွဲကြီး လမ်းကို အပြေးဖြတ်အကူး ...

ဟိုဘက်ခြမ်းကနေ တစ်ယောက်တည်း ခပ်သုတ်သုတ်လေး ပြေးကူးလာသော သူယောင်သည် လမ်းမလယ်ခေါင်တွင် သူတို့သုံးယောက်တွဲကြီးနှင့် ထုပ်ဆီးတိုးသလို တိုးမိနေတော့သည်။ သူတို့တတွေက လက်တွဲမဖြုတ်၍ သူယောင်သည် ဟိုဘက် တိုးလိုက်၊ သူတို့က ဟိုဘက်ရှောင်လိုက်၊ သူယောင် ဒီဘက်တိုးလိုက်၊ သူတို့က ဒီဘက်ရှောင်လိုက် နှစ်ချက်သုံးချက်ဖြစ်နေပြီးမှ ဆက်တိုက်လာနေတဲ့ ကားတွေကလည်း တတီတီဘာတော်တော် စိတ်မရှည် လက်မရှည် ဟွန်းသံတွေ ပေးလာတော့ ... နေရာမှာပဲ စုံရပ်နေလိုက်ခြင်းဖြင့်ပင် သာလွန်းနေတို့ သုံးယောက်... တစ်ဖက်ကို တိုးကွေ့ပြီး ဖြတ်ကူးသွားကြလေသည်။

လမ်းလယ်ကောင်မှာ ကျန်ရစ်ခဲ့တဲ့ သူယောင်ဟာ ဒီဘက်ခြမ်း ကားအရှင်းကို တစ်ခါပြန်စောင့်ရပ်ရင်း မျက်နှာ

www.burmeseclassic.com



ကလေးက တင်းမာစူပုပ်နေတော့သည်။ ဟိုကောင်မလေးနှစ်ယောက်ရဲ့ တဟိဟိ ရယ်သွားသံတွေကို ကျောပေးရင်း ဘယ်တစ်ယောက် ညာတစ်ယောက် လက်ချိတ်လာတဲ့ သာလွန်းနေကို အလွန်အမင်း မုန်းတီး အမြင်ကတ်နေမိတော့သည်။

❋ ❋ ❋





၆

သူယောင်မယ်သည် အိမ်ရှေ့စားပွဲမှာ တင်ဖို့ ခနဲ်းအိုးကို နှင်းဆီပန်း အဝါရောင်ကလေးများနှင့် လှလှပပ မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာလေး ထိုးလို့ပြီးသွားလျှင် စားပွဲပေါ်နေရာချပြီး ရှေ့တိုးကြည့် နောက်ဆုတ်ကြည့်နှင့် ကျေနပ်နေပါသည်။

"ကလင် ... ကလင်"

ဖုန်းမြည်သံကြောင့် ပန်းအိုးနားမှ ခွာကာ ဖုန်းကို သွားကောက်ကိုင်ပြီး ...

"ဟယ်လို"

"ကိုသာနဲ့ ပြောချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အသံက ခပ်ပြတ်ပြတ်တုံးတိ။ အသံကြားတာနှင့် ဟိုတစ်ရက်က အိမ်လာလည်တဲ့ 'ပပသဇင်'ဆိုတဲ့ ကောင်မလေးမှန်း သိသည်။ ဟိုတစ်ရက်ကလည်း အဲဒီကောင်မလေးရော နောက်ထပ်ကောင်မလေးတစ်ယောက်ရော နှစ်ယောက်ကို လက်ဝဲရံ လက်ယာရံ လက်ချိတ်ကာ သာလွန်းနေ လမ်းကူးတုန်း သူယောင်နဲ့ တိုးပြီးပြီ။

ကြည့်လို့ကို မရဘူး။

အဲဒီ ပပသဇင်ဆိုတဲ့ ကောင်မလေးဟာ သူယောင်ကို အကြောင်းမဲ့ မျက်နှာထားတည်တည်နှင့် မပြုံးမရယ် စိုက်ကြည့်အကဲခတ်တတ်တဲ့အတွက် အဲဒီကောင်မလေးကိုလည်း စိတ်ထဲက ချဉ်နေပါသည်။

"ကိုင်ထားဦး"

သူက တုံးတိဆိုတော့ ကိုယ်လည်း တုံးတိပေါ့ ဘာဖြစ်လဲ။ သူယောင်သည် နောက်ဖေးဘက်သို့ လှမ်းကာ —

"ဂျမ်းဘုံ ... ဂျမ်းဘုံ"

"သမီးရေ ... ဂျမ်းဘုံ ထမင်းရည်ငှဲ့နေတယ် ဘာလဲ"

"အာ ... ဒီမှာ ဖုန်းလာနေတယ်၊ အပေါ်မှာ ဟိုတစ်ယောက်ကို သွားခေါ်ပေးခိုင်းမလို့"



"ခေါ်ပေးလိုက်ပါလား သူသူရယ်၊ ဂျမ်းဘုံ ချမရလို့"

"အာ ... မခေါ်ချင်ပါဘူး အန်တီထားကလည်း"

အချီအချ ပြောနေသံတွေဟာ ဖုန်းထဲဝင်ပြီး ပပကြားနေရပါသည်။ ဘယ်လို ရေစက်လဲမသိ။ ပပကလည်း အဲဒီ သူယောင်မယ် ဆိုတဲ့ တစ်ယောက်ကို လုံးဝ ကြည့်လို့မရပေ။ ကိုသာ့ အိမ်မှာ ကိုသာနှင့် အနီးကပ် နေခွင့်ရနေတဲ့ အဲဒီမိန်းမအ အလွန်တရာ လှပကြော့ရှင်းတာကိုလည်း စိတ်ထဲ နည်းနည်းမှ လေိုလား မကျေနပ်နိုင်ပေ။

ဒီခေတ်ကြီးထဲမှာ အရပ်အမောင်း ရှည်ရှည်သွယ်သွယ်တွေ ခေတ်မီခေတ်စားတယ် ဆိုပေမဲ့ အဲဒီ သူယောင်မယ်ဘာ အရပ် နိမ့်နိမ့်ကလေးနဲ့ပင် ဖြူဖြူထွေးထွေး ပိုးတောင့်ကလေးလို တူကာ ရှင်းရှင်းသန့်သန့်ကလေး လှပနေသည်။

ပပက မအောင့်နိုင် မအည်းနိုင်ပင် စိုးစိုးကို မေးပါသေးသည်။ အဲဒီမိန်းမနဲ့ ငါနဲ့ ဘယ်သူ ပိုလှလဲလို့။ စိုးစိုးက တအားရယ်မောနေကာ နောက်ဆုံးတော့မှ ...

"ငါ မပြောတတ်ဘူးဟဲ့၊ မနှိုင်းယှဉ်တတ်ဘူး၊ တစ်ယောက်တစ်မျိုးစီပေါ့ဟဲ့၊ နင်လည်း လှတာပဲ၊ သူလည်း လှတာပဲ၊ လှပုံချင်းမှ မတူတာ၊ လူတစ်ကိုယ် အကြိုက်တစ်မျိုးဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ နင့်ကို ပိုလှတယ်သတ်မှတ်တဲ့သူလည်း ရှိမယ်၊ သူ့ကို ပိုလှတယ် သတ်မှတ်တဲ့သူလည်း ရှိမယ်"

"ကဲ ... ဒါဖြင့် နင့်အကြိုက်ကိုပြော၊ တိတိကျကျပြော"

"ငါလား၊ ငါ့ မျက်စိထဲတော့ နင်က နှစ်ရှည်လများ နေ့စဉ်နေ့တိုင်း တွေ့လာရတော့ ရိုးအီနေပြီဟာ၊ သူ့ကို တွေ့ဖူးတဲ့ အကြိမ်လည်း မများသေးတော့ သူ့အလှက ငါ့အမြင်ထဲ ပိုဆန်းသစ်နေတယ်"

နည်းနည်းပါးပါး သူငယ်ချင်းအရင်းဘက်က လိုက်ပြောတယ် မရှိဘဲ သူ့ဝသီအတိုင်း သူ့စိတ်ထဲ ဟုတ်တိုင်းမှန်ရာကို ပြောတဲ့ စိုးစိုးကို မကျေမချမ်းနှင့် ပပက မျက်စောင်းထိုးရပါသေးသည်။ ကိုသာ တစ်ယောက်လည်း ပပကို မြင်ဖူးပါများလို့ ရိုးအီနေပြီး အဲဒီ သူယောင်မယ်ရဲ့ အလှကိုသာ အသစ်အဆန်း ခံစားနေရင်တော့ ဒုက္ခပဲ။

ဖုန်းကို ခုထိ ကိုသာ လာမကိုင်သေး။

"သူသူကကွယ် ... ကတ်သီးကတ်သတ် လုပ်တယ်ကွယ်"

အမျိုးသမီးကြီး အသံတစ်သံ ကြားလိုက်ရသည်။ ခုထိ သွားခေါ်ရသေးပုံမရ။ ပပက စိတ်တိုကာ ဖုန်းကို ချပစ်လိုက်ပါသည်။





ဒေါ်သက်ထားနွယ်က အံမြန်ဆေးလာတဲ့ လက်ရေစိုကို လက်သုတ်ပဝါနှင့် သုတ်ရင်း အပေါ်ထပ်ကို တက်သွားပါသည်။ သာလွန်းနေ အခန်းတံခါးကို တခေါက်ခေါက် ခေါက်ကာ ...

"သားရေ ... သာလွန်းနေ"

"လာပြီ အန်တီ"

"ဖုန်းလာတယ် သား"

"ဩော် ... ဟုတ်ကဲ့"

အပေါ်ထပ်ကို ဖုန်းလိုင်းခွဲ မသွယ်ရသေး၍ သာလွန်းနေ ဖုန်းလာတိုင်း အောက်ဆင်းရသည်။ လိုင်းမြန်မြန်ခွဲသွယ်ဖို့ စဉ်းစားရင်း အောက်ထပ်သို့ ဒေါ်သက်ထားနွယ် နောက်မှ ဆင်းလိုက်လာခဲ့သည်။ ဧည့်ခန်းထဲမှာပဲ စားပွဲအနီးမှာ ဖြတ်ညှပ်ချထားတဲ့ နှင်းဆီရွက် နှင်းဆီကိုင်း စသည်တို့ကို စကောက်သိမ်းဆည်းနေတဲ့ သူယောင်မယ်ကို တစ်ချက် လှမ်းကြည့်ကာ ဖုန်းကို ကောက်ကိုင်၍ ...

"ဟယ်လို"

"တူ ... တူ ... တူ ... တူ ... တူ ..."

တစ်ဖက်က လိုင်းအဆက်အသွယ် ပြတ်တောက်နေတဲ့ တူတူသံပဲ ကြားနေရတာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းကျသွားပြီ အန်တီ၊ ဘယ်က ဆက်တာလို့ ပြောသေးလား မသိဘူး"

ဒေါ်သက်ထားနွယ်က သူယောင်ကို လှမ်းကြည့်ကာ ...

"ဘယ်သူ ဆက်တာတဲ့လဲ သူသူ"

ဒီတော့မှ ဖုန်းကိုင်တာဟာ သူယောင်။ သူ လာမခေါ်ချင်လို့ ဒေါ်သက်ထားနွယ်က လက်မှာ ရေစက်လက်နှင့် သူ့ကို လာခေါ်ရတာမှန်း သာလွန်းနေ ရိပ်မိသွားပါသည်။

"အို ... ဘယ်သူက ဆက်တာလဲ၊ သူယောင်က ဘယ့်နှယ် လုပ် သိမှာလဲအန်တီထားကလဲ"

သူယောင်က အန်တီထားထံကိုပဲ ဦးတည်ပြေလိုက်လျှင် သာလွန်းနေက ...

"မိန်းမလား ယောကျ်ားလား"

ဒါတော့ မသိဘူးလို့ ပြောလို့မရသဖြင့် ...

"မိန်းမ"

"ကြီးလား ငယ်လား"

သာလွန်းနေက တမင်ရစ်ပြီးမေးတာ။ သူယောင်က မျက်စောင်းထိုးရင် ...





"အိုး ... ဘယ်သိမှာလဲ၊ ကြီးလားငယ်လားဆိုတာ"

"အသံကို မှန်းကြည့်ရင် သိသာတာပဲဟာ၊ တော်သေးတာပေါ့၊ ယောကျ်ားမိန်းမတွေ ခွဲသိသေးလို့"

သာလွန်းနေက ရွဲ့ပြောကာ အပေါ်ပြန်တက်မည်အပြုဖုန်းက ပြန်မြည်လာပါသည်။ သာလွန်းနေပဲ ဖုန်းနားရပ်နေတာမို့ ကောက်ကိုင်ကာ ...

"ဟယ်လို"

"ကိုသာလား"

"အင်း ... ခုန ဆက်တာ ပပလား"

"အင်းလေ၊ ဟိုကတ်ဖွဲ့မက ခေါ်မပေးလို့ စိတ်တိုပြီး ပြန်ချလိုက်တာ"

"သူက ပပကို ခေါ်မပေးဘူးလို့ ပြောတာလား"

"ပပကို မပြောပါဘူး၊ ပပကို ဒါမျိုး လာပြောရင်တော့ မောသွားမယ်၊ အိမ်ထိကို လိုက်ချလာပြီး ချဲပစ်မှာပေါ့၊ သူက ကိုသာ့ကိုသွားမခေါ်ဘဲ နောက်ထပ်တခြား လူတွေကို တစ်ဆင့်လှမ်းပြောနေတာ၊ သွားခေါ်ဖို့လေ၊ ဂျမ်းဘုံဆိုလား၊ သူခေါ်တော့ ကိုသာ့မိတ္တေးက ဂျမ်းဘုံ လက်မ



www.burmeseclassic.com

www.burmeseclassic.com



အားဘူး၊ ကိုယ့်ဟာကိုယ် သွားခေါ်လိုက်ပါ ဆိုတာကို မခေါ်နိုင်ပါဘူးဆိုပြီး ကတ်သတ်နေတာလေ၊ ပပ ဖုန်းထဲ ကနေ အားလုံးအတိုင်းသား ကြားနေရတယ်၊ အခု ဘယ်သူ လာခေါ်ပေးလဲ"

"အန်တီ"

"သူက လာမခေါ်နိုင်ဘူးပေါ့၊ ဟုတ်တယ်၊ အဲဒီအန်တီက သူ့သူက ကတ်သီးကတ်သတ်ကွယ်ဆိုပြီး ပြောသွားတာ လည်း ကြားတယ်၊ သိပ်ကြာလာလို့ ပပ စိတ်တိုပြီး ဖုန်း ချထားလိုက်တာ၊ ကိုသာ အောက်ရောက်မဲ့အချိန်လောက် မှ မှန်းပြီး ပြန်ခေါ်လိုက်တာ"

"သြော် … အဲဒီလိုလား"

"အင်း"

သာလွန်းနေက သူယောင့်ဘက် လှည့်ကြည့်လိုက်သည်။ ကြမ်းပေါ် ငုတ်တုတ် ထိုင်ပုံစံနှင့် အရွက်အခက်ပွစာများကို ရှင်းလို့ ကောက်လို့ မပြီးသေး။ သာလွန်းနေဘက် ကျော ပေးထားပါသည်။ အန်တီ ဒေါ်သက်ထားနွယ်ကလည်း မရှိတော့၊ မီးဖိုထဲ ပြန်ဝင်သွားပြီ။ သာလွန်းနေက အသံကို မြှင့်ကာ …





"အား … သူ့ကိုတော့ ခွင့်လွှတ်ထားလိုက်ပါ ပပရယ်၊ ပ,စားပေးထားလိုက်ပါ၊ ဟိုလေ … ကစားရင် ထမင်းထုပ်, ဟင်းထုပ် သဘောထားတာမျိုးပေါ့၊ ရှိရှိမရှိရှိ စာရင်းမထည့်တဲ့ သဘောလေ၊ သူက နည်းနည်း ဘရောင်ချိန်းနေပုံရတယ်၊ ငယ်ငယ်က တစ်ခုခုနဲ့ ခေါင်းနဲ့ ဆောင့်ထားဖူးတယ်နဲ့ တူပါတယ် ပပရယ်၊ တစ်ချက်တစ်ချက် ဗွေဖောက်ချင်တဲ့ သဘောပေါ့၊ ငါကတော့ သူ့ကို ထမင်းထုပ် ဟင်းထုပ် ချေးထုပ် သေးထုပ်လို့ပဲ သဘောထားထားလိုက်ပါပြီ"

တစ်ဖက်မှာ ပပဟာ ရယ်ရလွန်းသဖြင့် ဗိုက်နှိပ်နေရချိန်တွင် သူယောင်သည် အံသွားတွေ ကျွတ်ကျလာမတတ် အံကို တဂျစ်ဂျစ် ကြိတ်ပြီး ငုတ်တုတ်ထိုင်ပုံစံမှပင် သာလွန်းနေကို စိမ်းစိမ်းရှုးရှုး မျက်လုံးပြူးကြီးနှင့် ငဲ့ကြည့်လိုက်ပါသည်။

မိန်းမပျိုကလေးတစ်ယောက်ကို လှောင်ပြောင်အရွဲ့တိုက်တဲ့ ရိတဲ့ ချွတ်တဲ့ စကားမျိုး နောက်မိန်းမပျိုတစ်ယောက်ကို ပြောနေတဲ့ သာလွန်းနေကိုလည်း ဗုန်းခနဲ ပြေးဆောင့်တွန်းလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူယောင်က ငယ်ငယ်ကတည်းက စွာတေးလို့တော့ အမည်ရသည်။ ဒါပေမဲ့ ကိုယ့်ကို တစ်ဖက်က စ,မလာဘဲ ကိုယ့်ဘက်က စ,မလွန်ပါ။ အခုလည်း သာလွန်းနေဆိုတဲ့လူကို မမြင်ဖူးခင်က စိတ်ထဲ ဘယ်လိုမှ မနေပါ။ အေးအေးချမ်းချမ်းပင်။ သူ့ဓာတ်ပုံကို ကြည့်ပြီးတော့ပင် နှစ်လိုစိတ်ဘက် ပိုခဲ့ပါသေးရဲ့။

ပထမဆုံးအကြိမ် ဖုန်းစကား ပြောလိုက်ရတော့ ရင့်သီးတဲ့ မောက်မာတဲ့ သူ့ကို တစ်ကြိမ်နှင့်ပင် ချဉ်သွားခဲ့တာ။ ပိုပို အမြင်ကတ်လာတာကတော့ အရွယ်ချင်း မတိမ်းမယိမ်း ယောက်ျားပျိုတိုင်း သူယောင်နှင့်ဆို စကားလက်ဆုံကျချင်တဲ့ သူ၊ ခင်ချင်တဲ့သူချည်းသာ ရှိခဲ့ဖူးပါသည်။ သူယောင့် အလှအပကြောင့် သူယောင်က စန်းပွင့်မျက်နှာပွင့်တဲ့ မိန်းကလေးဖြစ်ကာ သွားလေရာမှာ ယောက်ျားပျိုတကာရဲ့ အရေးစိုက်မှုကို ခံရတဲ့ သူ ဖြစ်ပါလျက် သာလွန်းနေကတော့ သူမကို မြင်ပါလျက်နဲ့လည်း သူ့အိမ်မှာ ကပ်ရပ်နေရမဲ့ အခိုင်းအစေတစ်ယောက်ကို ဆက်ဆံပုံမျိုးနှင့် အရေးမထား ပမာမခန့် ဆက်ဆံခဲ့လို့ပင်။

လေးစားသမှုကလေးတောင် မပြသပဲ သူ့မိတွေးရဲ့ အဆွယ်အပွား ဆိုတဲ့ သူ့ရဲ့ တစ်ဖက်သတ်အသိနဲ့သာ တစ်ချိန်လုံး သရော်တော်တော်၊ ပျက်ချော်ချော်လောက် သဘောထားခဲ့တာ။





အန်တီထားရဲ့ အခိပ္ပာယ်မဲ့ ကြောက်လန့်တတ်မှု အားငယ်တတ်မှုတို့နှင့် မပွင့်မလင်း လျှို့ဝှက်မျိုသိပ်မှုတွေကြောင့်လည်း ဒီလူ ပမာမခန့် လုပ်ရဲနေတာပေါ့။

တကယ်ဆိုတော့ ဘာမှ ပြဿနာတက်စရာ အကြောင်း မရှိတဲ့ သူယောင်နဲ့ သာလွန်းနေတို့ဟာ အခြောက်တိုက် နေရင်းထိုင်ရင်း ပြိုင်ဘက်ကြီးတွေလို ဖြစ်နေရသည်။ သူက စ,မောက်မာတော့ သူယောင်က ငုံ့မခံ။ သူယောင်က ပြန်လည်ပမာမခန့်တော့ သူက မထီလေးစား သရော်ဆော်ကား။ ဒီလိုနှင့် တပြန်တစီး သည်းမခံလို့သာ မျက်နှာကြော မတည့်မှုက ဒီဂရီတက်လာတာ။

သူယောင် လှည့်ကြည့်လိုက်တာ မြင်လျှင် သာလွန်းနေက မသိချင်ဟန်ဆောင်ကာ ကျောပြန်ခိုင်းသွားပြီး ...

"နောက်တော့ အပေါ်ထပ်ကို ဖုန်းလိုင်းခွဲ သွယ်ထားလိုက်ပါ့မယ်၊ ချက်ချင်းပဲ လုပ်တော့မှုငဲ၊ မဟုတ်ရင် ငါ့ဖုန်းတွေကို ကြားက ဖြတ်ပြီး ကဖျက်ယဖျက် ပြောလွှတ်နေမှာ၊ မပြောနိုင်ဘူး"

"ဟုတ်တယ်လေ ကိုသာရဲ့၊ အခုလိုဆိုရင် အိမ်မှာ တကယ်လို့ ဒေါ်သက်ထားနွယ်တို့ ဂျမ်းဘုံတို့ မရှိဘူးဆိုပါတော့



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုသာ့ကို လုံး၀ လာမခေါ်နိုင်ဘူးဆိုရင် ခေါ်မပေးဘဲ နေလိုက်တော့မဲ့သဘောလား"

"ဟာ ... ဒီလို ခေါ်မပေးလို့ကတော့ ငါနဲ့ တွေ့သွားမှာပေါ့"

သာလွန်းနေသည် သူယောင်မယ်ဘက် ကျောခိုင်းခါးတစ်ဖက်ထောက်ကာ ဟိုတစ်လှမ်းလျှောက် ဒီတစ်လှမ်းလျှောက် အငြိမ်မနေဘဲ ရှေ့တိုးနောက်ဆုတ်နှင့် ဖုန်းစကားပြောနေတာဖြစ်သည်။

ကိုရီးယားက ဖုန်းလှမ်းဆက်တုန်းကတော့ သူ့စိတ်ထဲ မကျေချမ်းတာ အမှန်ပင်။ မိထွေးတောင်မက မိထွေး တူမပါ အိမ်ပေါ်မှာ ဆိုတော့ အိမ်မှာ သူတို့ဘက်က အင်အားခိုင်မာအောင်ပဲ လူတွေ ဆွဲတင်ထားလား ဘာလား ညာလားနှင့် မကောင်းတဲ့ဘက်တွေ လှည့်တွက်စဉ်းစားမိကာ မနှစ်မြို့က်လို့ပင်။

ဒီကို ရောက်ရောက်ချင်း သူယောင်မယ်ရဲ့ မွန်ရည်တဲ့ မျက်နှာလေးကို မြင်တော့ အဆင့်အတန်း နိမ့်ကျကျထဲက မဟုတ်နိုင်တာ- အကဲခတ်နိုင်သော်လည်း ရှေးဦးစွာ ကိုယ်က အထက်စီး အသာစီး ရယူထားဖို့ အကြံနှင့် ခပ်တင်းတင်း ဝင်လိုက်တာ။





ဒါကို ငံ့မခံဘဲ လိုက်လိုက်လျောလျော အောက်မကျို့ဘဲ သူမက တစ်ပြန်စီး မာကျောပြတဲ့အခါ သူကလည်း သူ့ဘက်က အရှိန်ကို လျှော့မပစ်တော့ဘဲ ခပ်တင်းတင်းသာ လိဗာဆက်နင်းထားလိုက်တာပေါ့။

မိထွေးဆိုသူကို မြင်တော့လည်း သူတို့အပေါ် မနှစ်မြို့က် မလိုမလားမှု ဆက်လက်လျော့ကျသွားတာပဲ ရှိသည်။ ခင်မင်စရာကောင်းတဲ့ မိထွေးကိုလည်း အလိုအလျောက်ပင် စိတ်ထဲက ခင်မိကာ ဆွေမျိုးတွေအလား အတူတကွ ဆက်နေသွားနိုင်တဲ့ စိတ်မျိုး ရှိခဲ့ပေမဲ့ ဒီသူယောင်မယ်ကိုတော့ ဆတ်ဆတ်ထိမခံလို့ကို အမြင်ကတ်ပြီး ပိုနှိပ်ကွပ်ချင်တာ။

ငံ့မခံလေ ကိုယ့်ဘက်က ပိုဆိုးချင်လေ။ အဲဒါအပြင် သူမ မခံချင်အောင် နာနာဆွပြောပြီးလိုက်ပြီဆိုရင် သာလွန်းနေ တစ်ကိုယ်တည်း ရင်ထဲက ကြိတ်ပြီး သဘောကျအူမြူးနေတတ်ပါသေးသည်။ သူယောင်မယ် ဆွေ့ဆွေ့ခုန်လေ ပိုပျော်လေ၊ အထိနာလေ ဝမ်းသာလေ။ ဒါကြောင့်လည်း သူ့ကို နှိပ်ကွပ်စကား ရန်လိုစကားတွေကို စိတ်ပါလက်ပါကို ပြောဖြစ် ပြောဖြစ်နေမိတာ။

"ပါးစပ်ကသာ ပြောနေတာ၊ တကယ်တမ်း ကိုသာ ဘာများ လုပ်နိုင်မှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လိုက်ပါလေ၊ နောင်တစ်နေ့တော့ 'ကိုကိုသာ – ဖုန်းလာပါတယ်ရှင့်'လို့ လာပြောရတဲ့အချိန် ရောက်လာမှာပေါ့"

သူယောင်ရဲ့ မျက်နှာ ရှုံ့မဲ့သွားသလို ပပကလည်း ဒီစကားကိုဖြင့် မချိသွားဖြဲသာ ရယ်လိုက်နိုင်ပြီးလျှင် ...

"အို ... သွားအရောဝင်မနေပါနဲ့ ကိုသာရာ၊ ကိုသာက ကိုယ့်ကိုယ်ကိုယ်ချည်းပဲလည်း အထင်ကြီးမနေနဲ့ဦး၊ မိန်းမဆိုတာ ယောကျ်ားထက် မူယာမာယာ ပိုကျွမ်းတာ နောက်မှ ဟိုက 'ကိုကိုသာ' မဖြစ်ဘဲ ကိုသာကပဲ 'မမသူ' 'မမသူ' ဖြစ်နေရဦးမယ်"

"ဟား ဟား ... ဖြစ်စရာလားကွာ၊ 'မမသူ'လို့ ဟားဟား"

သူယောင် သူတို့ ပြောနေတဲ့ စကားတွေကို မှန်းနိုင်နေကာ အတော်ဒေါပွလာပြီမို့ သိမ်းဆည်းနေတဲ့ အမှိုက်တွေထဲက အကြီးဆုံး အတုတ်ဆုံး နှင်းဆီသူးကြီးတစ်ခုကို အသာဖြုန်ချွေ ထုတ်လိုက်ပါသည်။ အရိုးတံပေါ်မှာ မာချွန်ပြီး ထောင်နေတဲ့ နှင်းဆီဆူးရင့်ရင့်ကြီး။





ထိုရိုးတံအတို အပြတ်လေးကို သူယောင်က သာလွန်းနေရဲ့ ခြေထောက်အနား နောက်ဘက်နေရာမှာ အသာလှမ်းချထားလိုက်ပါသည်။ ဖုန်းပြောတာကိုက ခါးကိုထောက်၊ ကိုယ်ကိုနွဲ့ပြီး ရှေ့တိုးလိုက် နောက်ဆုတ်လိုက် ဘေးကို တစ်လှမ်းနှစ်လှမ်း လျှောက်လိုက်။ အငြိမ်မနေနိုင်ဘဲ ရွစိထိုးနေတဲ့လူ။ ကံကောင်းရင်တော့ လွတ်စေ။ စူးထိုက်တဲ့ အကုသိုလ်ပါရင်လည်း စူးစေ။

သူယောင်က အမှိုက်အားလုံး သိမ်းပြီး၍ နောက်ဘက်ထဲ အမှိုက်ပစ်ဖို့ ဝင်လာခဲ့သည်။

"သူသူ"

"ရှင် အန်တီထား"

"သမီးရယ် အားရင် ငါးပြုတ်တွေ အရိုးနှင်ပေးစမ်းပါကွယ်၊ ဂျမ်းဘုံကို ခိုင်းရင် အရိုးမစင်မှာစိုးလို့"

"အန်တီထား ဘာတွေ အလုပ်ရှုပ်နေတာလဲ"

"သြော် ... ဈေးလည်း ပိတ်ရက်၊ ကိုသာလည်း အိမ်မှာရှိ၊ သမီးလည်း ရှိတုန်း ငါးထမင်းချဉ် လုပ်ကျွေးချင်လို့လေ"

"ငါးထမင်းချဉ် ! ... ဟွန် ... သူယောင်ဖြင့် မကြိုက်ပါဘူး၊ ဘယ်တုန်းက ဘယ်သူက ကြိုက်လို့လဲ၊ အန်တီထားကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသာ ကြိုက်တယ်ကွယ့်"

"ဟင် ... သူကြိုက်တာ၊ အန်တီထားက ဘယ်လိုသိလဲ ဘာလဲ သူက လုပ်နိုင်းတာလား"

"သူကတော့ ဘယ်လုပ်နိုင်းပါ့မလဲ သူသူရဲ့၊ အားနာမှာ ပေါ့၊ သူ့အဖေ ဦးနေစိုး ပြောပြောပြတယ်လေ၊ သားလေး က ဘာကြိုက်တတ်တယ်၊ ဘာကြိုက်တတ်တယ်ဆိုတာ အန်တီထားက သိချင်လို့ မေးထားတာကိုး၊ သိတာပေါ့"

"ဩော ... သူ့သားသားလေးကို သူ ကျွေးချင်လို့ တပင် တပန်း လုပ်နေတာများ သူယောင်လည်း အိမ်မှာရှိတုန်း တွေဘာတွေ လုပ်နေသေးတယ်၊ သူယောင့်အကြိုက်ဆိုရင် အုန်းနို့ခေါက်ဆွဲချက်ပေါ့လို့"

"ချက်ပေးမှာပေါ့ သူသူရယ်၊ ကဲပါ ... ငါးလေး ကူနွှင်ပေးပါ ဦး"

"ဟင့်အင်း၊ သင်း စားဖို့အတွက်ကို သူယောင်က ငါးရိုးထွင် မပေးနိုင်ပါဘူး၊ ဝေးပါသေးတယ်"

"သူသူရယ်၊ ညည်းတို့နှစ်ယောက်လုံးကလည်း ပြော ခက်လိုက်တာနော်"





"အန်တီထားက သူ့ကိုတော့ မပြောရဲ၊ ပြောမထွက်ဘဲ သူယောင့်ကိုချည်း ဟန့်နေရတာပဲ၊ မတရားဘူး"

"သူနဲ့က ရင်းရင်းနှီးနှီးမှ မရှိသေးတာ သမီးရယ်၊ ရင်းရင်း နှီးနှီး ပိုင်ပိုင်နိုင်နိုင်ရှိတဲ့ သမီးကိုပဲ ဟန့်ရတာပေါ့၊ မတရား တဲ့သဘော ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ ဒီသမီး သူသူကမှ ကိုယ့်သမီးအရင်းအချာလို ဖြစ်နေပြီ မဟုတ်လား"

"အွန် ... အန်တီထားက အပြောကောင်းတယ်၊ အဲလို လေးဝမ်းပန်းတနည်းပြောလိုက်ရင် သူယောင်ကလည်း ကြွေပြီး အန်တီထားပြောတဲ့အတိုင်းပဲ ခေါင်းညိတ်လိုက် ရရော၊ အဲဒီလူတစ်ယောက်ကိုလေ စေတနာကို မရှိတာ၊ သဒ္ဒါကို မပေါက်တာ၊ အမြင်ကို ကတ်ဝ,ယ်"

"အား ..."

သူယောင့် စကားမဆုံးခင် အိမ်ရှေ့ဘက်ဆီမှ အသံ ကြီးနဲ့ ကျူးအော်လိုက်တဲ့အသံ ထွက်လာ၍ တူဝရီးနှစ်ယောက် သုံး အလန့်တကြား ဖြစ်သွားပါသည်။ သူယောင်သည် ချက်ချင်းပဲ ဘာဖြစ်တယ်ကို ရိပ်မိကာ ပြုံးစိစိ ဖြစ်သွားရင်း ...

"ပေး ... ပေး ... အန်တီထား ပေး၊ ငါးတွေ နွှင်ပေး မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးဖြီးဖြီးနှင့် ငါးစလုံ အသားထည့်ဖို့ ပန်းကန်ကို ထမင်းစားပွဲပေါ် ယူချကာ ခုံတစ်လုံးဆွဲထိုင်၍ ငါးအရိုးဖ ကိုပဲ စိတ်ပါလက်ပါ ခေါင်းငုံ့နှင်နေလိုက်ပါသည်။

"အား လား လား ... ကျွတ် ကျွတ် ... ဘာကြီးလဲ အား"

"ကိုသာ ဘာဖြစ်တာလဲ"

"အား ... နေဦး၊ ဟာ ... နှင်းဆီဆူးကြီး ... တောက်"

"နှင်းဆီဆူးကြီး ဘာဖြစ်လို့လဲ"

"ဟာ ... ဒီမှာ ဟိုရှုပ်တေးမပေါ့၊ ဒီနား ပန်းအိုးထိုးပြီး အမှိုက်စင်အောင် မသိမ်းတော့ နှင်းဆီဆူးက ကြမ်းပေါ် ကျကျန်ခဲ့တာ၊ အဲဒါ ငါ တက်နင်းမိပြီ အား ... နာလိုက် တာ၊ ဒါပဲ ... ဒါပဲ၊ ဆူးနုတ်လိုက်ဦးမယ်"

"မတော်တဆ ကျကျန်ခဲ့တာရော ဟုတ်ပါ့မလား ကိုသာ ရယ်"

"ဟင် ... အေး ... ဟုတ်တယ်၊ သိပ်ယုံရတာ မဟုတ်ဘူး ငါ့ကို ကောက်ကျစ်ပြီး တမင်လုပ်ကြရင် လုပ်ကြမှာ ဒါပဲ ပပ၊ ဖုန်းချလိုက်ပြီ"

သာလွန်းနေက ဖုန်းကို ချကာ နီးရာ ဆိုဖာပေါ် ပစ်ထိုင်ချ၍ ခြေဖဝါး လှန်ပြီး စူးဝင်နေတဲ့ နှင်းဆီဆူးကို နုတ်





သည်။ ရိုးတံတိုလေးက ခြေဖဝါးမှာ ကပ်ကာ ဆူးက တစ်ဆုံး ဝင်နေ၍ ရိုးတံကလေးမှ ဆွဲနုတ်ရုံမို့ နုတ်ရလွယ်သည်။ ဆူး နုတ်လိုက်လျှင် ခြေဖနောင့်နားမှာ သွေးစို့တဲ့အပေါက်ငယ် ကျန်ရစ် တော့သည်။

သာလွန်းနေသည် ထမင်းစားခန်းဖက် ထော့နဲ့နဲ့ နှင့် လျှောက်ဝင်လာကာ ...

"အန်တီ ... ဒီမှာ အန်တီ့တူမ နမော်နမဲ့နိုင်တာလား၊ တမင်ကောက်ကျစ်တာလားတော့ မသိဘူးနော်၊ နှင်းဆီဆူး ကျန်ခဲ့တာ ကျွန်တော့် ဖနောင့်ကို စူးမိပြီ၊ ဟောဒီမှာ"

ဒေါ်သက်ထားနွယ်သည် သာလွန်းနေ လက်ထဲမှ ရိုးတံငုတ်တိုလေးကို ကြည့်ကာ အံ့အားသင့်နေသည်။

"သူ ပန်းအိုးထိုးနေတဲ့ စားပွဲနဲ့ ကျွန်တော် ဖုန်းပြောနေတဲ့ နေရာ လှမ်းပါတယ် အန်တီ၊ ကပ်မနေပါဘူး၊ ဒီဆူးကြီး ဟာ ဒီလောက်အဝေးကြီး လွင့်လာနိုင်ပါ့မလား၊ ကြမ်းပေါ် မှာ သူ ကျနေရင်လည်း မတွေ့နိုင်စရာကို မရှိဘူး၊ အကြီးကြီး"

သူယောင်သည် ဝမ်းသာပက်ကျိ ရယ်ချင်လှ၍ နှုတ်ခမ်းကို ကိုက်ထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... အား ... အရမ်းကို နာတာပဲ၊ သူ တမင်လုပ်တာပဲနေမှာ အန်တီ"

"သူသူ"

"အို ... အန်တီထားကလည်း၊ စွပ်စွပ်စွဲစွဲ ပြောတိုင်း ယုံရမှာလား၊ ဘယ်တုန်းက ကျကျန်ခဲ့မှန်းတောင် မသိဘူး တွေ့ရင် ကောက်မှာပေါ့၊ သူမှ နင်းမိမယ်လို့ ဘယ်သူသိမှာလဲ၊ ကိုယ်လည်း နင်းမိနိုင်တာပဲ၊ အန်တီထားလည်း နင်းမိနိုင်တာပဲဟာ၊ သူယောင် မြင်ရင် ကောက်သိမ်းမှာပေါ့"

"ငါ့နားကို လှမ်းပစ်လိုက်တာတောင် ဖြစ်နိုင်တယ်"

"မပစ်ပါဘူး၊ ဘယ်မှာ ပစ်လို့လဲ"

မပစ်ဘူးရှင့်။ လေးဖက်ထောက် ကပ်လာပြီး တိတ်တိတ်လေး လာချထားတာပါ။ ဟဲ ဟဲ။

"ကဲ ကဲ ... သူသူ မပစ်ရင်လည်း ပြီးရော၊ သားရယ် သွားတော်တော်ထွက်သွားလား၊ အရက်ပြန်လေး အိုင်အိုဒင်းလေး ထည့်လိုက်ပါလားဟင် သား၊ ဆူးကကြီးလိုက်တာ အနာရင်းမှာစိုးလို့ သားရဲ့"





"အဓိပ္ပာယ်ကို မရှိဘူး၊ ဆူးက ကျွန်တော့်နား ရောက်နေရတယ်လို့၊ သူ နောက်ဖေးဘက် သယ်လာရင် ဒီဘက်ပဲ ကျရမှာလေ၊ ဖုန်းက ထမင်းစားခန်းနဲ့ ဝေးရာ ဟိုဘက်မှာပဲ၊ မင်း ပစ်ချထားတာလို့ပဲ ငါ ထင်တယ်၊ ဒါပဲ"

သူယောင်က မျက်စောင်းလေး တစ်ချက် လှည့်ထိုးရင်း ...

"မတော်တဆ ဆူးကျနေလည်း ရှင် လဘော်သရေ နနော်နမဲ့ မနိုင်ရင် ဘယ်နင်းမိမှာလဲ၊ ငြိမ်ငြိမ်နေရင် နင်းမိစရာလား၊ လှုပ်စိရွစ်နဲ့ ဖုန်းပြောရင်း ဟန်မူရာများနေလို့ တက်နင်းမိတာ ဖြစ်မှာပေါ့"

"ဟ ... တစ်နေကုန် ငြိမ်ပြီး ထိုင်နေလို့ရတာမှ မဟုတ်တာ၊ ဖုန်းပြောရင်း မနင်းမိလည်း ဒီဘက်လာရင်း နင်းမိတော့မှာပဲပေါ့၊ ချတဲ့သူက ချသွားမှတော့"

သူယောင်က မချိုမချဉ် ပခုံးတွန့်ခေါင်းခါပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



၇

"အိမ်တစ်အိမ်မှာ မိန်းမတွေ ရှိခြင်းဟာလည်း အတော်အရေးပါတယ်၊ အကျိုးရှိတယ်ကွ"

ခြံထဲက သံကုလားထိုင်ကလေးတွေမှာ ထိုင်ရင်း ခြံကို လှည့်ပတ်ကြည့်နေရာမှ ဖုန်းအောင်က ပြောလိုက်၍ သာလွန်·နေက ပြုံးစိစိ လုပ်မိကာ ...

"ဘာလဲကွ မင်းက၊ အဆက်အစပ်မရှိ ဘာမရှိ"

"မင်းတို့ ခြံထဲ အေးအေးဆေးဆေး မရောက်တာကြာလို့လေ၊ ခုမှ ကြည့်မိတာ၊ အရင်က မင်းတို့ သားအဖနှစ်ယောက်ပဲနေတုန်းက ခြံထဲမှာ ချုံတွေ တောတွေ ထပြီး





ခြံက ဘာမှ မရှိသလို မကျယ်သလို ထင်ရတယ်၊ ခုမှ ရှင်းလင်းပြီး ဖြစ်သွားပြီ၊ ပန်းပင်လေးတွေ ဘာတွေနဲ့ ဆိုတော့ လှနေတာကို မြင်လို့ပြောတာ"

"အေး ... ဟုတ်သားပဲ"

"ဟင်း ... မင်းကလည်း၊ ခုမှ သတိပြုမိလား"

"အေး"

"ဒါ ချက်ချင်း ထလုပ်လို့ ဖြစ်တဲ့ရလဒ် မဟုတ်ဘူးကွ၊ နေ့စဉ်ပုံမှန် ရှင်းလင်းပြီး ပြုစုပျိုးထောင်လာမှ ဖြစ်တာ၊ ဘယ်လိုလဲ မင်း စတာက်ပ်မားသားနဲ့ အခြေအနေ"

"ကောင်းပါတယ်၊ မဆိုးပါဘူး၊ သူက အေးအေးပါပဲ"

"အေးကွ၊ သူ့ပုံစံက စိတ်ကောင်းရှိပုံပါပဲ၊ ငါလည်း မြင်မြင်ချင်း သဘောကျပါတယ်၊ ဒီကြားထဲ မင်း အဘိုးကြီးဆီ ငါ တစ်ခါတစ်ရံ ရောက်သေးတာပဲ၊ ဘာလိုလဲ ဘာလဲ နည်းနည်းပါးပါး စကားလေး ဘာလေး လာပြောရင်း ရောက်ဖြစ်တာမျိုးလေ၊ အဲဒီတွေတုန်းကလည်း သူက မင်း အဖေကို အတော်ဂရုစိုက်တာ တွေ့ရတယ်ကွ၊ ဆေးချိန်တန်ဆေး၊ နွားနို့ချိန်တန် နွားနို့"



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေက ခေါင်းတညိတ်ညိတ် လုပ်ရင်း ...

"အင်း ... ငါလည်း အတော်အံ့အားသင့်နေတာကွ၊ မေမေကလည်း ခပ်အေးအေးပဲ သူ့ဟာသူ နေတတ်တာပါ၊ အချိန်တိုတိုလေးနဲ့ ဘယ်လိုက ဘယ်လို တွေ့ဆုံကြတယ် မသိပါဘူးကွာ"

"မင်း ... မေးမကြည့်ဘူးလား"

"ဟာ ... သူ့ကို သွားမေးကြည့်တော့ ဘယ်ကောင်းပါ့ မလဲကွ၊ ဖေဖေ ရှိရင်တော့ ငါ မေးကြည့်မိမှာပေါ့"

"မှူးစာပါလို့ပဲ ထားပါတော့ကွာ"

"အေးပေါ့"

"ငါလည်း အလုပ်ကများ၊ ခရီးသွားရ၊ မင်းနဲ့ အေးအေးဆေးဆေးကို မဆုံရသေးပါဘူး၊ ဒီတစ်ရက်နှစ်ရက်တော့ နည်းနည်းအားလို့ မင်းကို ဖုန်းဆက်တော့ မင်းလည်း အားတယ်ဆိုတာနဲ့ ထွက်လာတာ"

"အပြင်သွားမလား၊ စားရသောက်ရအောင်"

"ငါကတော့ အေးအေးဆေးဆေး စကားပဲ ထိုင်ပြောချင်တာပါ၊ စားသောက်ဆိုင်တွေကလည်း သွားရလွန်းလို့ ညီစော်နံပြီး ငြီးငွေ့နေပြီကွာ၊ ငါ့ဘော့စ်က ညတိုင်း





စားသောက်ဆိုင်ထိုင်တာ၊ မသွားတဲ့နေ့ မရှိဘူး၊ ငါနဲ့ နောက်တစ်ယောက် နှစ်ယောက် အမြဲတမ်း နောက်က လိုက်ရတယ်၊ တစ်ခါတလေ ဖွတ်လှုစားထိုး လှုလဲပစ် ရတယ်ကွာ၊ မရဘူး၊ ငါ့ကို တကောက်ကောက် ခေါ်နေ တော့ သိပ်ခက်တာပဲ၊ အခု သူ ခရီးသွားတယ် သုံးရက်၊ နှီမို့ ပါသွားဦးမှာ၊ ငါ အမေ နေမကောင်းဘူး ဖွတ်ပြော ပြီး နေရစ်ခဲ့တာ"

"မင်းကလည်း အကြောင်းပြစရာရှားလို့"

"ဟာ ... ဒီလိုမှ ရတော့မှာကွ၊ ငါ့အမေကလည်း တကယ် ပဲ ဒူးနာနေပါတယ်"

"မင်းအမေ ဒူးနာနေတာ ငါ ကိုရီးယား မသွားခင်တုန်း ကတည်းကပဲဟာ ... ဟား ဟား"

"ဟား ဟား ဟား ... အေးလေ၊ ဒီလိုပဲ နာနာနေတာပဲ ဟာ"

"ဒီမှာပဲ နေမယ်ဆို၊ ထမင်းစားပြီးမှ ပြန်ကွာ"

"အဆင်ပြေလို့လား"

"ပြေတာပေါ့၊ နေဦး ဘီယာနည်းနည်းရှိတယ်၊ အရင်သွား ယူခဲ့ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေက အိမ်ပေါ် တက်လာခဲ့သည်။ အိမ်ပေါက်ဝနားမှာတင် ဒေါ်သက်ထားနွယ်ကို တွေ့ရကာ ...

"ကိုသာ ... သား ညှိသည် အိမ်ပေါ် ခေါ်လေ"

"အောက်မှာပဲ ထိုင်တော့မယ် အန်တီ၊ ရပါတယ်၊ အားမနာရပါဘူး၊ သူလည်း လွတ်လွတ်လပ်လပ် စကားပြောလို့ရတယ်၊ ဒီမှာ သူ ညစာစားဖို့ အဆင်ပြေမလား အန်တီ"

"ပြေတာပေါ့၊ လူတစ်ယောက်စာ ဘာမှ မရှိတာ၊ အန်တီ စီစဉ်ထားလိုက်မယ် ကိုသာ"

သာလွန်းနေက ရေခဲသေတ္တာ ဆွဲဖွင့်ကာ သူ ထည့်ထားတဲ့ ဘီယာပုလင်းတွေထဲက နှစ်လုံး အရင်ထုတ်ယူလိုက်သည်။

"သားတို့ ဘီယာ သောက်မလို့လား"

"ဟုတ်ကဲ့"

"ဂျမ်းဘုံရေ ... ကိုင်းပါတဲ့ ဖန်မတ်ခွက်နှစ်လုံး ယူပြီး ဦးဦးနောက်က လိုက်ပို့စမ်း၊ အန်တီ မြည်းစရာ စီစဉ်ပေးမယ်"

"ဟာ ... ရပါတယ်၊ နေပါစေ အန်တီ၊ ကျွန်တော့်အခန်းထဲမှာ အားလူကြော်ထုပ်နှစ်ထုပ် ရှိတယ်၊ အဲဒါပဲ ယူသွားမယ်"





"နည်းနည်းပါးပါးပေါ့ ကိုသာရယ်၊ ခက်ခက်ခဲခဲ မလုပ်ရပါဘူး"

သာလွန်းနေ အောက်ပြန်ဆင်းလာပြီး မကြာခင်ပင် ဒေါ်သက်ထားနွယ် ကိုယ်တိုင် လင်ပန်းနှင့် ဆင်းလိုက်လာသည်။ ချိစ်ပန်းကန်၊ ကန်စွန်းရွက်ကြော်၊ ဆေးဘဲဥသုပ်တို့ ပါလာပါသည်။ ဖုန်းအောင်မှာ မနေတတ် မထိုင်တတ်ဖြစ်ကာ ...

"ဟာ ... လူကြီးက လုပ်ကိုင်ပေးနေရပြီ၊ အားနာစရာကြီးကွာ"

"အားမနာပါနဲ့ မောင်ဖုန်းအောင်ရယ်၊ သားရဲ့ သူငယ်ချင်းဆိုတာ ဦးနေစိုး ပြောပြလို့ သိထားတာပါ၊ သားသူငယ်ချင်းရယ်လို့ တစ်ခါမှလည်း မကျွေးမမွေးဖူးဘူး"

ဒေါ်သက်ထားနွယ် ပြောနေပုံမှာ သူ့သားအရင်းနဲ့ သူငယ်ချင်းကိုပဲ ပြောနေသလိုလိုပင်။ ထိုဖော်ရွေမှုမှာ ဟန်ဆောင်အမူအရာမျိုးလည်း မပါပါ။

"အန်တီလည်း စားပါဦးလား"

သာလွန်းနေက ခေါ်လိုက်လျှင် ...

"အို ... သားတို့ ပြောစရာရှိတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ထူးထူးခြားခြား မရှိပါဘူး အန်တီ၊ ဆုံရတုန်း အေးအေးဆေးဆေး စကားပြောကြမယ် ဆိုတာမျိုးပါပဲ။ အန်တီ ထိုင်လို့ရပါတယ်"

ဒေါ်သက်ထားနွယ်က ကုလားထိုင်တစ်ခု ဆွဲဝင်ထိုင်လိုက်ပါသည်။ နေ့စဉ်နှင့်အမျှ အရက်နည်းနည်းနည်း သောက်တတ်တဲ့ ဖေဖေ့ကို အရေးပေါ် အမြန်နည်းနှင့် အမြည်းတွေ လုပ်ပေးရတာ ကျွမ်းကျင်နေပုံ ရပါသည်။ သူ လုပ်လာတဲ့ စားသောက်စရာလေးတွေမှာ အဆင်တပြေ အရသာ ရှိလှပါသည်။

ဖုန်းအောင်ကို မေးကာမြန်းကာ ဖုန်းအောင်နှင့် စကားလက်ဆုံကျနေတဲ့ ဒေါ်သက်ထားနွယ်ကို သာလွန်းနေ အကဲခတ်နေမိပါသည်။ သူ့ကို ကြည့်ရသည်မှာ သာလွန်းနေရဲ့ အမေရင်း မဟုတ်တာ တစ်ချက်ကလွဲပြီး အမေရင်းတစ်ယောက် ပုံစံနှင့် တူလှပါသည်။ သာလွန်းနေ စိတ်ထဲမှာ သူ ဆယ့်နှစ်နှစ်သားက ကွယ်လွန်သွားတဲ့ သူ့အမေကို သတိရမိသည်။

သူ့မေမေနာမည်က ဒေါ်ခင်နွဲ့ဦး။ မေမေ့အကြောင်း စဉ်းစားလိုက်လျှင် 'အစ်ကိုကြီးရေ ... နွဲ့ကလေ'ဆိုတဲ့ တီတီတာတာ စကားသံတွေ ရှေ့ဆုံးက ထွက်ပေါ်လာသည်။ ဘယ်လောက်ဝဲ





'အစ်ကိုကြီးရေ ... နွဲ့ကလေ'နှင့် တီတာတာ ဖေဖေက မတုန်မလှုပ် ရှိနေတတ်တာကို သတိရသည်။

မေမေသည် ဖေဖေ့ကို ချွဲမည် နွဲ့မည်။ ပူဆာမည်။ ပိုက်ဆံတောင်းမည်။ အပြင်သို့ လည်ပတ်မည်။ ဝယ်ခြမ်းမည်။

"သားလေးရေ ... သားလေးဖို့ အင်္ကျီနဲ့ ဘောင်းဘီလေး ဝယ်လာတယ်"

"သားလေးရေ ... သားဖို့ ရုပ်ရုပ်လေး ဝယ်လာတယ်"

"ဒါက အစ်ကိုကြီးဖို့ ပုဆိုး၊ တိုက်ပုံစက ဆိုင်မှာ တစ်ခါတည်း ဝင်အပ်ခဲ့ပြီ"

ညနေ ညဦးပိုင်းတွေမှာ ဖေဖေကလည်း ကျူရှင်သင်ဟန်းတွေက ပြန်ရောက်လာ မေမေကလည်း တစ်နေကုန် အပြင်ထွက်နေရာက ပြန်ရောက်လာ၊ သာလွန်းနေကလည်း ကျောင်းက ပြန်ရောက်ပြီးတဲ့ အချိန်တွေမှာ မေမေထံက အဲသလို စကားမျိုးတွေချည်း ကြားရသည်။

ဖေဖေကလည်း ရှာနိုင်သည်။ ဖေဖေ ရှာနိုင်သလောက်လည်း မေမေက သုံးနိုင်သည်။ ဖေဖေသည် မေမေ ဘာပြောလို့မှ တော်ရုံတန်ရုံနှင့် ရယ်ရယ်မောမော သာသာကြည်ကြည် မရှိ။ ဘေးကနေ မေမေ တီတီတာတာ ပြောဆိုသမျှကို စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



ဖွာရင်း ကျောင်းစာတွေ ပြင်ဆင်ရင်း တီဗီကြည့်ရင်း မတုံ့မပြန် တုံဏှိဘာဝေ နေတတ်သည်။

မေမေကလည်း သူ့ စိတ်ရှည်နေသရွေ့ ပြုံးချိုတိတာ နေသည်။ စိတ်မရှည်တော့ရင် နှုတ်ခမ်းစူမည်။ ဖြစ်တောက်ဖြစ်တောက် လုပ်မည်။ အော်ဟစ်ဟစ်ကျယ် ပြောလာမည်။ နောက်ဆုံး ငိုယိုချင် ငိုယိုလာမည်။ ဘယ်လိုဖြစ်လို့မှ ဖေဖေက မလှုပ်ရှားပေ။

ဖေဖေ့ ပုံစံကြီးဟာ သစ်ပင်ခြောက်ကြီးလို မလှုပ် မယှက် ခြောက်သွေ့သွေ့။ ဒါကြောင့်လည်း သာလွန်းနေက မေမေ့ကို ပိုချစ်ခဲ့တာပင်။ ငယ်စဉ်ကတော့ ဖေဖေ့ကို ရှိန်ရှိန် ကြောက်ကြောက်။ ကြီးကောင်ဝင်လာတော့ ဖေဖေ့ကို သူ ဂျစ် ကန်ကန် ဖြစ်လာသည်။ ဖြစ်ချင်စရာကောင်းအောင်လည်း ဖေဖေ့ ပုံစံက စိတ်ပျက်စရာပင်။

မေမေ သားအိမ်ကင်ဆာရောဂါနှင့် ကွယ်လွန်သွား ပြီးတဲ့နောက်မှာတော့ အရင်က လေးလုံးကွဲအောင် စကားမဟ တဲ့ ဖေဖေဟာ ဒီအဖေ ဒီသား နှစ်ယောက်တည်းကြားမှာ စကား ကို မပြောလို့ မရတော့လို့ထင့်။ အသံထွက်လာပါသည်။ ပြောဆို လာပါသည်။ ပြောဆိုလာသမျှတို့မှာလည်း ဘုနှင့် ဗနှင့် ရစ်တဲ့ စကားချည်းပင်။ ဖေဖေ ရစ်ချင်အောင်လည်းပဲ သာလွန်းနေက





ဆုံးသွားတဲ့ မေမေကိုပဲ လွမ်းတတ,နှင့် မေမေ ရှိတုန်းက ဘယ်လို ဖေဖေက ဟိုဟာလည်း လုပ်မပေးဘူး၊ ဒီဟာလည်း လုပ်မပေးဘူးနှင့် သူက စ,ဂျစ်တိုက်တတ်လာတာကြောင့်ပင်။

ဖေဖေဟာ ဘယ်လိုကြီးမှန်းကို မသိ။ တစ်လောက လုံးကို မကျေမချမ်း ဖြစ်နေတဲ့ သူတစ်ယောက်ပုံစံဆိုတာ ကြီး လာတော့ မြင်သိလာသည်။ ဘာကို ဘယ်လို ဖြစ်နေတာလဲ ဆိုတာလည်း သာလွန်းနေ မသိ။ ဖေဖေ့ရဲ့ ဒီလိုပုံစံကို ပြုပြင်ပြောင်း လဲ ဆုံးမနိုင်မည့်သူလည်း မရှိ။

ဖေဖေဟာ ငယ်ငယ်ကတည်းက မိဘတွေ မရှိတော့ တဲ့သူ။ သာလွန်းနေမှာ အဘိုးအဘွားတွေ မရှိခဲ့ရပါ။ ဖေဖေ့ဘက် က အဘိုးအဘွားကျတော့ ဆုံးကုန်လို့။ မေမေ့ဘက်က အဘိုး အဘွားကျတော့ မေမေ့ကို မခေါ်ကြလို့။ ငယ်ငယ်လေးတုန်းက သူငယ်ချင်းတွေမှာ အဘိုးအဘွား ရှိတာကို သူ့မှာ အထူးတဆန်း ဖြစ်ပြီး မေမေ့ကို မေးကြည့်ဖူးပါသည်။

"မင်း ဖေဖေရဲ့ မိဘတွေကကျတော့ ဟိုးအစောကြီးကတည်း က ဆုံးသွားကုန်ကြပြီ ကိုသာရဲ့၊ မေမေ့ အဖေ အမေတွေ တော့ ရှိပါတယ်၊ ဒါပေမဲ့ သူတို့က မေမေနဲ့ အဆက်အသွယ် မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေမေ"

"မေမေ့ကို စိတ်ဆိုးလို့ မခေါ်ကြလို့"

"ဘာလို့ စိတ်ဆိုးတာလဲ"

"မေမေက မင်းအဖေကို ယူလို့ မကြိုက်လို့ ဒေါသဖြစ်ပြီး မခေါ်ကြတာ သားရဲ့"

"အေးလေ၊ ဟုတ်သားပဲ၊ မေမေကလည်း ဘာဖြစ်လို့ ဖေဖေ့ကို ယူသေးလဲ၊ မယူရင် ပြီးရော၊ ဖေဖေက ချစ်စရာလည်း မကောင်းဘဲနဲ့ စူပုပ်ပြီး ထိုင်နေတာပဲ၊ အဲဒါကြောင့် ဘိုးဘိုးဘွားဘွားတို့က မယူစေချင်တာပေါ့၊ မေမေသာ ဖေဖေ့ကို မယူရင် ဘိုးဘိုးဘွားဘွားတို့က သားကို ခေါ်မှာနော်"

ကလေးအတွေး ကလေးအသိနှင့် သူက ပြောမိတုန်းက မေမေက ဟက်ဟက်ပက်ပက် ရယ်ကာ ...

"မင်း ဖေဖေကို ငါ မယူမှတော့ ဒီသားလေးကိုလည်း ဘိုးဘိုး ဘွားဘွားတွေက ဘာလုပ်ဖို့ ခေါ်စရာအကြောင်း ရှိဦးမလဲ သားရဲ့၊ မင်း ဘိုးဘိုးဘွားဘွားလည်း ဘယ်ဟုတ်တော့မလဲ၊ အဘိုးအဘွား မရှိလည်း ဘာဖြစ်လဲ သားရယ်၊ ဖေဖေ မေမေ ရှိတာပဲ"





"ဟာ ... ဖေဖေကလည်း ရှိသာရှိတယ်၊ မရှိသလိုပဲ၊ ဘာမှလဲ ပြောတာ မဟုတ်ဘူး"

"မေမေ ရှိတာပဲ သားရဲ့၊ မေမေက သားကို သိပ်ချစ်တာလေ၊ သားလိုချင်တာ ဖြစ်ချင်တာအားလုံး မေမေ လုပ်ပေးမှာပေါ့"

သူ တီတာချွဲနွဲ့လို့ရတဲ့ မေမေ မရှိကတည်းက ...ာလွန်းနေဟာ အစေးမကပ်တဲ့ အဖေနှင့် တကျက်ကျက်ပဲ ...်နေရကာ ဂျစ်ကန်ကန် ကောင်ဆိုးလေးတစ်ယောက် ဖြစ်ခဲ့ရ...ပင်။ မေမေ မရှိတော့ ဖေဖေက သူ့အပေါ် အနည်းအကျဉ်း ...ာ့ ကြည့်ရှုဂရုစိုက်လာပါသည်။ ဒါပေမဲ့ အဲဒီ အပြုအမူလေး...က မေမေ ယုယဂရုစိုက်ခဲ့တာတွေကို တိုးလို့ မပေါက်ပါ။

ကြီးလာတဲ့ အရွယ်ရောက်လူတစ်ယောက် အမြင်နှင့် ...ကို ပြန်မြင်ယောင်ကြည့်တော့ မေမေဟာ စိတ်သဘောကောင်း... တစ်ခုကလွဲရင် ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့ ပုံစံမျိုးနှင့် ဘာ...ဝန်တစ်ခုမှ မဆောင်ရွက်တဲ့ မိန်းမတစ်ယောက်မို့ ဖေဖေ ...ျက်ခဲ့သလားလို့ ပြန်တွေးမိသည်။

အဲဒီတုန်းက အိမ်မှာ အိမ်ဖော်နှစ်ယောက်တောင် ...။ မေမေဟာ ဘာတစ်ခုမှ မလုပ်ရ။ သူကိုယ်တိုင် ထမင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဆေးစားရုံ၊ ဘာဟင်းချက်လို ချက်ထားမှန်း သိတာမဟုတ်။ အားလျှင် လက်သည်းနီ၊ ခြေသည်းနီ ဖျက်လိုက် ဆိုးလိုက်၊ အပြင်ထွက်လိုက်၊ ဝတ္ထုဖတ်၊ ဗီဒီယိုခွေကြည့်။ ပျော်ပျော်ပေါ့ပေါ့ နေတတ်တာ မေမေ့စရိုက်ပင်။

ကိုယ်တိုင် ဘာမှ မလုပ်ပေမဲ့ ဖေဖေနှင့် သူ့အပေါ်တော့ အိမ်ဖော်တွေမှ တစ်ဆင့် ဂရုတစိုက် ဖြည့်ဆည်းပေးသည်။

အခု ဒေါ်သက်ထားနွယ်နှင့် အတူနေဖြစ်တော့ မေမေ့ကို ပြန်သတိရကာ မေမေနှင့် နှိုင်းယှဉ်မိသည်။ ဒေါ်သက်ထားနွယ်ဟာ မနက်ဆို အစောကြီးထ။ ကိုယ်တိုင် ဈေးသွားဝယ်ကာ ဂျမ်းဘုံကို လက်တိုလက်တောင်း ထား၍ ကိုယ်တိုင် ချက်ပြုတ်။ သာလွန်းနေတို့ သူယောင်တို့ နံနက်စောစာ စားဖို့ ကိုယ်တိုင်ပြင်ဆင်။ (ထိုအချိန်မျိုးတွေမှာ အိမ်သန့်ရှင်းရေး အိမ်အလှဆင် စိတ်ဝင်စားတဲ့ သူယောင်မယ်က ခြံထဲမှာ အပင်ရေလောင်း ပန်းခူး၊ ပန်းအိုးထိုး၊ ကြမ်းတိုက် စသဖြင့် လုပ်နေတတ်ပါသည်။

ပြီးလျှင် ဆယ်နာရီအတိလောက်မှာ အိမ်ကို ရောက်လာတဲ့ အန်တီထားရဲ့ ဆိုင်ဝန်ထမ်း ကောင်မလေးနှစ်ယောက်နှင့်အတူ ဆယ်နာရီခွဲ ဆယ့်တစ်နာရီမှာ ဆိုင်ထွက်ဖို့သွား။





သာလွန်းနေ ပြန်မရောက်ခင်က သာလွန်းနေတို့ သားအဖရဲ့ ကားကို ဒေါ်သက်ထားနွယ်က ကိုယ်တိုင် မောင်းကာ ဈေးသွားဆိုင်ဖွင့်ပါသည်။ သာလွန်းနေ ပြန်ရောက်လာတော့ တစ်ချိန်လုံးလိုလို ကားသုံးတာမို့ ဒေါ်သက်ထားနွယ်က ရင်းနှီးတဲ့ တက္ကစီတစ်စင်းကို လပေးနှင့် ဈေးအသွားအပြန် အကြိုအပို့ နှစ်ချိန်အတွက် ငှားထားသည်။ ကြုံရကား သူ မစီးရဲ။ ဆိုင်သွားဖွင့်ချိန်ရော ဆိုင်သိမ်းချိန်ရောမှာ လက်ထဲမှာ လက်ဝတ်လက်စား ရတနာ အထုပ်တွေ ပါသည်။

ဆိုင်က ပြန်ရောက်လာလျှင် ညနေစာအတွက် ဝင်ရောက်စီမံခန့်ခွဲနေတတ်ပြန်သည်။ ထိုအချိန်မှာ သူ အပ်ထားတဲ့ အထည်တွေအတွက် ပန်းတိမ်သမားတွေ အိမ်လာတတ်သည်။ စွည်းယူစရာရှိတာယူ အပ်စရာရှိတာအပ်၊ ငွေချေစရာရှိတာချေ။ ညမအိပ်ခင်အထိ ဂဏန်းပေါင်းစက်တစ်လုံးနှင့် ဈေးနှုန်းတွေ တွက်ချက်စာရင်းလုပ်။

မိုးလင်းက မိုးချုပ် ဒေါ်သက်ထားနွယ် အချိန်တွေကာ အားနေတာတစ်ချက်မှ မမြင်။ ဒီကြားထဲ သာရေးနာရေး လမ်းတွေ သွားရတတ်သေးသည်။ ဈေးက မပိတ်သော်လည်း သူ့ဘာသာ တနင်္လာနေ့ တစ်ရက်ကို ပိတ်ကာ နားရသည်။ နားရက်မှာလည်း ပန်းတိမ်ကိစ္စ၊ လူမှုရေးကိစ္စတွေ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်နဲ့သူ လောကကြီးထဲမှာ နေရာတစ်နေရာ တန်ဖိုးတစ်ခုနှင့် နေထိုင်နေတဲ့သူပင်။ ဒီလောက် တစ်နေကုန် အလုပ်ရှုပ်ရှုပ်နှင့် ပေပေနှင့် ဘယ်နားမှာများ သွားဆုံကြပါလိမ့် စဉ်းစားမရ။

အတွေးနှင့် သာလွန်းနေ ပြုံးမိသည်။

"ဟုတ်တယ်၊ အဲဒီကိစ္စ သားကိုတောင် အန်တီ ပြောဖို့ အချိန်ကောင်းစောင့်နေတာ၊ အခု မောင်ဖုန်းအောင် စကားစပ်ရင်း တစ်ခါတည်း ပြောချင်လိုက်တာ"

ဒေါ်သက်ထားနွယ် သူ့ကို လှမ်းပြောလိုက်တဲ့ စကားကို သာလွန်းနေက နားမလည်လိုက်။ ဖုန်းအောင်နဲ့ ဘာတွေ စကားစပ်သလဲကိုလည်း သူ မကြားလိုက်။

"ဘာများလဲ အန်တီ"

"ဟိုတစ်နေ့က သား ပြောပြတယ်လေ၊ သားရဲ့ ကိုရီးယား သူဌေးက နောက်နှစ်ဆန်းကျမှ ရောက်လာမယ်၊ သူလာမှ စက်ရုံကို စ,ပြီး ဖွင့်လှစ်လည်ပတ်မယ်၊ ဒီဇင်ဘာလောက်ကျမှ သားက ဝန်ထမ်းတွေ စပြီး ခွေးချယ်ခန့်ထားမယ်ဆို တာ"

"ဟုတ်ကဲ့"





"အဲဒီတော့ ဒီကြားထဲ သား အားနေဦးမယ် မဟုတ်လား ကိုသာ"

"အားနေတယ်ဆိုပါတော့၊ စားသောက်ဆိုင်တို့ မုန့်ဆိုင်တို့ ဖွင့်ဖို့ကိစ္စကိုလည်း သူဌေးက နှစ်ကုန်ပိုင်း သူ ရောက်လာမှ အပြီးသတ်ရွေးချယ် ဆုံးဖြတ်မယ် ပြောတယ်"

သာလွန်းနေအဖို့ သူဌေးက အလုပ်မစ,သေးလျှင် အလုပ် သက်သာကာ အနားရရုံပင်။ လစာကတော့ သူ ပြန်လာ ကတည်းက တောက်လျှောက်ပေးထားတာဖြစ်သည်။

"အန်တီ တစ်ခုပြောချင်လို့"

"ပြောလေ အန်တီ"

"ကိုသာ့ကို အန်တီ ကျောင်းကိစ္စဘက် တစ်ချက်လောက် လှည့်ပြီး အဝေးသင်နဲ့ပဲဖြစ်ဖြစ် စာမေးပွဲ ဆက်ဖြေစေချင် လို့ပါ"

သာလွန်းနေက ဒေါ်သက်ထားနွယ်ကို တအံ့တဩ ကြည့်နေမိပါသည်။ သူ့ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကို နလို ဝင်ရောက်အကြံပေးပြောဆိုလိမ့်မည်လို့ မျှော်လင့်မထားမိခဲ့ပါ။

"ခုဆိုရင်ပဲ သား ဒုတိယနှစ်၊ အဝေးသင်နဲ့ ဆိုရင် လုပ်ရင်း ကိုင်ရင်း အားသလောက် စာဖတ်နဲ့ပဲ စာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



က အလွယ်ကလေး ပြီးသွားမှာပါ၊ အပန်းမကြီးလှဘဲ ဘွဲ့တစ်ခု ရသွားနိုင်တာပါ၊ ခုတော့ ဒုတိယနှစ် လမ်းခုလတ်မှာ တန်းလန်းကြီးဆိုတော့ နမြောစရာကောင်းနေသလားလို့ ကိုသာရယ်"

ဒေါ်သက်ထားနွယ်က ဆွေးနွေးအကြံပေးတဲ့သဘောလေအေးအေးလေးနှင့် ပြောနေတာဖြစ်သည်။ သူ့မျက်နှာတွင် သူဟာ သာလွန်းနေကို ကောင်းရာကောင်းကျိုး အကြံပေးထိုက်တဲ့ လူတစ်ယောက်လို့ ရိုးရိုးရှင်းရှင်း သဘောပေါက်ထားပုံနှင့်ပင်။ သာလွန်းနေရဲ့ စိတ်ထဲမှာ ဒေါ်သက်ထားနွယ်ဟာ သူ့ကိုယ်ရေးကိုယ်တာတွင် ဝင်ပြီး စွက်ဖက်တိုက်တွန်း မပြုသင့်ဘူးလို့ ထင်မြင် ယူဆနေမိသလို ဒေါ်သက်ထားနွယ်ကတော့ ယူဆပုံမရ။

သာလွန်းနေက တိတ်ဆိတ်နေ၍ ဒေါ်သက်ထားနွယ်ရဲ့ ပြောစကားဟာ ကြောင်တက်တက်ကြီး အဆက်ပြတ်နေ၍ ဘေးက ဖုန်းအောင်က စကားအလိုက်သင့် ဝင်ကာ ...

"အေး ... ဟုတ်သားပဲ ကိုသာ၊ မင်း စာမေးပွဲ ဆက်ဖြေရင် ကောင်းသားပဲကွ"

သာလွန်းနေက ခေါင်းယမ်းကာ ...





"ဟာ ... မဖြစ်ပါဘူးကွာ၊ မဖြေချင်တော့ပါဘူး၊ တော်ပါပြီ"

"စဉ်းစားပါဦး ကိုသာ၊ ယတိပြတ်ကြီးတော့ ပစ်မထားလိုက်ပါနဲ့ဦးလား၊ ဘာမှ သိပ်အပန်းမကြီးဘဲ ဘွဲ့လေးတစ်ခုကတော့ ရအောင်ယူလို့ ရနေတာပဲ၊ ကိုယ့်မှာ အချိန်ရသေးသားနဲ့၊ မလုပ်ဖြစ်ရင် နမြောစရာကြီးပေါ့သားရယ်"

"အာ ... ကျွန်တော် ဒီကျောင်းစာတွေလည်း မေ့ကုန်ပါပြီ၊ ပြီးတော့ ဘွဲ့တစ်ခုရရ မရရ ကျွန်တော့်အတွက်က ဘာမှ မထူးပါဘူး"

"စာတွေကတော့ သုံးနှစ်တောင် အဆက်ပြတ်နေတော့ မေ့နေမှာ သဘာဝပဲပေါ့၊ ပြန်ထိတွေ့လိုက်ရင် ပြန်နိုးစပ်သွားမှာပါ"

"ဘွဲ့ရတော့ကော ကျွန်တော်က ဘာဖြစ်သွားမှာလဲ၊ ကျွန်တော့်အတွက် ဘာပိုကောင်းလာမလဲ၊ စာကျက်ရတာ အဖတ်တင်ပြီး ဒီအလုပ်က ဒီအလုပ်ပဲ လုပ်ဖြစ်နေမှာပဲဟာ၊ တော်ပါပြီ အန်တီရာ၊ ကျွန်တော် စိတ်မဝင်စားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘွဲ့ရပြီးသွားတယ်ဆိုတာက သားရဲ့ အလုပ်အတွက် ပိုအကျိုးရှိဖို့ ပြန်အသုံးချဖို့မှ မဟုတ်တာ"

သာလွန်းနေက ဒေါ်သက်ထားနွယ်ကို မျက်မှောင်ကုတ်ကုတ်နှင့် ကြည့်ရင်း ...

"ဒါဖြင့် ဘာအတွက်လဲ"

"ဘာအတွက် ဘွဲ့ယူကြတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ခံယူချက်တော့ မတူကြဘူးပေါ့ သား၊ ဒါပေမဲ့ အကျိုးမယုတ်တာတော့ သားလည်း ယုံယုံကြည်ကြည် သိနိုင်တယ် မဟုတ်လား၊ ထူးပြီး အကျိုးရှိမလာဘူးလို့ သား ထင်ရင်တောင် အကျိုးမဲ့မသွားဘူးလို့လည်း သိနိုင်စွမ်းရှိတယ် မဟုတ်လား၊ အနည်းဆုံး အဲဒီကိုဘွဲ့ရတစ်ယောက်လို့ လူတွေ အသိအမှတ်ပြုခံရတဲ့အခါ ဘယ်အသိုင်းအဝိုင်းမျိုးထဲသွားသွား ဂုဏ်သိက္ခာတစ်ခု ပိုရှိပါတယ်၊ ဒါက အလွယ်ပြောရတာပါ"

"ဘွဲ့မရရင် ဂုဏ်သိက္ခာ မရှိဘူးဆိုတဲ့ သဘောပေါ့"

သာလွန်းနေ ရစ်သည်။ မေမေ ရှိတုန်းက မေမေ့ကို သူ ပြန်ပြောတတ်တဲ့ စကားအချိုးအချိတ်မျိုးပင်။ ဒေါ်သက်ထားနွယ်က စိတ်ရှုပ်ထွေးကာ လင်ပါသားနှင့် အငြင်းအခုန်





မဖြစ်လို၍ ရပ်တန့်လက်လျှော့လိုက်မယ်ဆိုတဲ့ အမူအရာမျိုးမရှိ။ ပကတိ ကြည်ကြည်သာသာပင်။

"ဘွဲ့မရလို့ ဂုဏ်သိက္ခာမဲ့တယ်လို့တော့ ပြောလို့မရပေမဲ့ ဘွဲ့ရတစ်ယောက်ဟာတော့ ဂုဏ်သိက္ခာ တစ်ရည်တက်တာ အမှန်ပဲ သားရဲ့၊ အပေါ်တိမ်ဆုံး အလွယ်ဆုံး စဉ်းစားကြည့်ရင် ဘွဲ့ရတယ်ဆိုတဲ့ လူတစ်ယောက်ဟာ ထိုက်သင့်တဲ့ စာပေပညာရပ်ကို ကျက်မှတ်ဖတ်ပြီး ကိုယ့်နိုင်ငံအစိုးရရဲ့ သတ်မှတ်ထားတဲ့ စာမေးပွဲတစ်ခုကို အဆင့်မီလို့ အောင်မြင်လို့သာ ဘွဲ့ကို ရလာတာလေ၊ မှတ်ကျောက်တစ်ခု အတင်ခံပြီးသားဆိုတဲ့ သဘောပေါ့၊ အနည်းဆုံးတော့ ဘာသာရပ်တစ်ခုကို အချိန်ပေးပြီး ဖတ်ရှုလေ့လာခဲ့တယ်၊ နားလည်ခဲ့တယ်ဆိုတာ လူတိုင်း အသိအမှတ်ပြု လက်ခံရမှာပဲ ...

ကိုယ်က အချိန်မပေးနိုင်လို့ ငွေရေးကြေးရေး အဆင်မပြေလို့ ပညာမသင်ရတာက တစ်မျိုးမွေ့ ကိုသာ၊ ဦးနေစိုးကိုတောင် အန်တီ ဝေဖန်ခဲ့တယ်၊ ကိုယ်ဦးက တက္ကသိုလ်က ဆရာတစ်ယောက် ဖြစ်နေပြီးတော့ ကိုယ့်သားကို ဘွဲ့ရတဲ့အထိ ဆက်မလုပ်ဖြစ် လုပ်ဖြစ်အောင် မကြပ်မတ် မတင်းကျပ်ခဲ့လို့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေက မျက်ခုံးများ ပင့်တက်သွားရပါသည်။ သူ ဘွဲ့မရလို့ ဖေဖေ့ကိုတောင် ဒေါ်သက်ထားနွယ်က ဝေဖန်သတဲ့။

"ဖေဖေက အန်တီ့ကို ဘာပြောလဲ"

"သူ ပေါ့လျော့မှုတွေ ရှိခဲ့တာ သူ ဝန်ခံပါကယ်၊ သူ သံပတ်မတင်းကျပ်ခဲ့တာ၊ သားနဲ့ မဆွေးနွေးခဲ့တာ၊ နားမချခဲ့တာ၊ သူ့လိုအပ်ချက်တွေလို့ ဝန်ခံတယ်၊ သူနဲ့ သားကလည်း သိပ်အစေးမကပ်ဘူးတဲ့၊ အစေးကပ်ကပ် မကပ်ကပ် သူ့မှာ လမ်းညွှန်ဖို့ ဆုံးမဖို့ ဖခင်တာဝန် ရှိတယ်၊ ကိုသာကိုရိုးယား ထွက်သွားတဲ့အချိန်မှာ ဘွဲ့ရပြီး ထွက်သွားတာမျိုး ဖြစ်နေရမှာ"

သာလွန်းနေက မျက်မှောင်ကုတ်နေသည်။ သူဟာ သူ့ဗီဇပုံစံအရ သူ့ကို ဝက်အူကျပ်တာ မကြိုက်နှစ်သက်တဲ့ အမျိုးအစားထဲကဖြစ်သည်။ ဒါကို ဖေဖေ သိလို့လည်း နားအေးရင် ပြီးရောဆိုပြီး သူ ကျောင်းမပြီးဘဲ နိုင်ငံခြား ထွက်သွားတာကို ကန့်ကွက်မနေတော့တာ ဖြစ်မှာပင်။ ဖေဖေ့ စိတ်ထဲ သူ့ကို ဘွဲ့ရတဲ့ထိ ပြေစေချင်သေးတဲ့ဆန္ဒ ရှိတာကိုတော့ သူ ရိပ်မိပါသည်။

ပြောလာခဲ့ရင်လည်း တိုစဉ်က နိုင်ငံခြားထွက်ဖို့ ရှုးသွပ်နေပြီဖြစ်သည့် သာလွန်းနေက ဝူးဝါးဝူးဝါး ပြန်လုပ်ကာ





သားအဖနှစ်ယောက် တကျက်ကျက်ဖြစ်ရရဲ့ အဖတ်တင်မှာကို ဖေဖေ နားလည်ရိပ်မိခဲ့လို့လည်းဖြစ်သည်။

ခုတော့ ဒါကို မိထွေးက လာထောက်ပြီး ဝက်အူကျပ်နေသည်။ ဘယ်လို မိထွေးပါလိမ့်။ သူ့ဂျစ်ကန်ကန်နိုင်မှုကို မသိလို့ဖြစ်မည်။ 'အန်တီနဲ့ ဘာမှ ,မဆိုင်ပါဘူး'လို့ ပြောချင်သော်လည်း သာလွန်းနေ မျိုသိပ်ထားပါသည်။ မျိုသိပ်ထားသည်မှာ ဒေါ်သက်ထားနွယ်ဟာ သူ့အပေါ် တစ်စုံတစ်ရာသောအတိုင်းအတာအထိ စေတနာမေတ္တာ ထားတယ်ဆိုတာကို သူ ကောင်းကောင်းကြီး ရိပ်မိနားလည်သိရှိနေ၍ ဒေါ်သက်ထားနွယ် နာကျင်သွားအောင် ပြောမထွက်ရက်၍ဖြစ်သည်။

ပြောမထွက်တာမို့ သာလွန်းနေက ဘာမှ ဆန့်ကျင်စကား တရှည်တလျား ပြောမနေတော့သော်လည်း ခေါင်းကို ယမ်းကာ ...

"မဖြစ်တော့ပါဘူး အန်တီ"

"ဘာလို့ မဖြစ်တော့ရမှာလဲ ကိုသာရယ်"

ရော် ...။ တယ်ခက်ပါလား ဒီအမျိုးသမီးကြီးနဲ့တော့။

"ကျွန်တော် စိတ်မပါတော့တာပါ၊ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားနွယ်က သာလွန်းနေကို စိတ်မသက်သာတဲ့အကြည့်နှင့် အတန်ကြာ ဆက်လက်စိုက်ကြည့်နေရင်း ...

"အန်တီကတော့ ထပ်ခါထပ်ခါ တိုက်တွန်းချင်တယ်၊ စာမေးပွဲ ပြန်ဖြေဖြစ်ခဲ့ရင် ဖြေဖြစ်တဲ့အပေါ် သားကိုယ်သား ကျေနပ်လာမှာ အန်တီ ယုံကြည်နေတယ်"

"စာတွေက သိပ်ဝေးသွားပါပြီ၊ ကျောင်းတက်နေခဲ့တုန်းက တောင် ကျွန်တော်က သိပ်စိတ်ပါဝင်စား မရှိတာ၊ အဝေးသင်အနေနဲ့ဆိုရင် ပိုတောင် ကျွန်တော် ပေါ့လျော့နေမှာ၊ ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ်"

ဒေါ်သက်ထားနွယ် မျက်ဝန်းများက စိတ်မကောင်းတဲ့ အရိပ်အယောင် ယှက်သမ်းလာကာ ...

"ကိုနေစိုးဟာ သားအပေါ် ဒီထက်ပိုပြီး ပညာရေးမှာ အောက်ချနိုင်အောင် Guide Line ပေးနိုင်ခဲ့သင့်တယ်၊ သူ့အများကြီး လိုတယ်၊ သားနဲ့ အဖေဟာ ဒီထက်ပိုပြီး ညှိညှိနှိုင်းနှိုင်း ရှိခဲ့သင့်တယ်၊ သား အခုလို ပညာရေး တစ်ဝက်ပြတ်နေရတာ အန်တီကတော့ သူ့ကိုပဲ အပြစ်တင်ရမှာပဲ"





သာလွန်းနေက ဒေါ်သက်ထားနွယ်ကို အံ့အားတသင့်ကြီးသာ စူးစိုက်ကြည့်နေမိတော့သည်။ သူတို့သားအဖအကြားက လိုအပ်ချက်တွေ (အကယ်၍ ရှိခဲ့ရင်လည်း) သူမနှင့် ဘယ်လောက်များ သက်ဆိုင်နေလို့လဲ။ ကိုယ့်အပေါ် စေတနာကောင်းနှင့် ပြောတာကို သိသော်လည်း နည်းနည်းပိုမနေဘူးလားလို့ ထင်သည်။

ခုမှတွေ့တာ၊ လပိုင်းသာ ရှိသေးတဲ့ လင်ပါသားတစ်ယောက် အတွက်လေ။ တစ်သက်လုံး အတူနေခဲ့တဲ့ ဖခင်ရင်းကို ဝင် သူက ဝင်အပြစ်မြင်နေသင့်သလား။

ဒါကိုတော့ သာလွန်းနေက ဖေဖေ့အစား မခံချင်ဖြစ်လာသည်။

"ဖေဖေက သူ့ဟာနဲ့သူ လူတော်တစ်ယောက်ပါ အန်တီ၊ ဖေဖေ့ ခေါင်းထဲမှာ ဘယ်လိုလုပ်ဖို့ ကောင်းသလဲဆိုတာ ရှိမှာပါ၊ ကျွန်တော်ကိုက ဂျစ်ကန်ကန်ကောင်မို့ ကိုယ့်ဟာကိုယ် ပညာရေးကို စိတ်ဝင်စားမှု နည်းခဲ့တာပါ"

"ဂျစ်ကန်ကန်ကိုလည်း ဂျစ်ကန်ကန်အလျောက် ဖခင်တစ်ယောက်က ကိုင်တွယ်နိုင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဖေဖေနဲ့ အစေးမကပ်ဘူးလေ၊ မေမေနဲ့ပဲ အစေးကပ်တာ၊ မေမေ ဆုံးတော့ ကျွန်တော် ခြောက်တန်းပဲရှိသေးတယ်၊ အဲဒီအရွယ်ထိ ဖေဖေနဲ့ ကျွန်တော် နားရိုဝင်ကြားအောင် စကားတစ်ဆက်တည်း ထိုင်မပြောဖူးဘူး၊ ကျွန်တော် လိုချင်တာ ဖြစ်ချင်တာ၊ ပူဆာချင်တာ ပြောချင်တာ အားလုံး မေမေ့ကိုပဲ ဦးတပ်ခဲ့ရတယ်၊ ဖေဖေက အန်တီမသိလို့၊ သူ့ဟာနဲ့သူ တသီးတသန့် တစ်ယောက်တည်း တစ်ကမ္ဘာ"

"အဲဒါကိုက သူ မှားတာပဲ"

"ဒါ ဖေဖေ့ပုံစံပဲလေ အန်တီ"

"မဟုတ်ပါဘူး၊ ခင်နွဲ့ဦး ဆုံးတော့ သားအဖနှစ်ယောက်ကြား စကားမပြောမဖြစ်တော့ မင်းအဖေ ပြောရတာပဲ မဟုတ်လား"

"အန်တီက မေမေ့ကိုလည်း သိသလား၊ ဖေဖေတို့နဲ့ အရင်ကတည်းက သိတာလား"

"သိပါတယ်၊ ဒါပေမဲ့ သားတို့သားအဖ ဆက်ဆံရေးပုံစံတွေကိုတော့ အန်တီ ဒီကိုရောက်ပြီး ဦးနေစိုး ပြန်ပြောလို့ သိရတာတွေပါ၊ ဦးနေစိုးဟာ သူ့အိမ်ထောင်ရေးကိုသူ





စိတ်ဓာတ်ကျပြီး သားနဲ့ပါ အရင်းနှီး အချစ်ခင် လျော့ခဲ့တာ သားအဖ မစည်းလုံးခဲ့တာတွေက ပြဿနာအရင်းအမြစ်ပဲပေါ့"

သာလွန်းနေသည် စိတ်နည်းနည်း တိုလာကာ ...

"ဖေဖေက သူ့အိမ်ထောင်ရေးကို စိတ်ဓာတ်ကျတယ်လို့ အန်တီက ဘာကြောင့် ပြောနိုင်ရတာလဲ၊ အန်တီနဲ့ရမှပဲ အိမ်ထောင်ရေးကို ကျေနပ်လာတယ်၊ အောင်မြင်လာတယ်၊ ဒီလိုလား"

ဒေါ်သက်ထားနွယ်သည် မျက်လုံးဝိုင်းလေးနှင့် သာလွန်းနေရဲ့ ခပ်တင်းတင်း မျက်နှာကို တစ်ခဏ စူးစိုက်ကြည့်နေပြီးမှ ...

"ဆောရီး သား၊ အန်တီ ဘာကိုမှ ဝေဖန်ချင်တာ မဟုတ်ပါဘူး၊ အခုက အချက်က သားကို ဘွဲ့လေးတစ်ခုတော့ ရတဲ့ထိ ဆက်ဖြေစေချင်တာ တစ်ခုတည်း သက်သက်ပါ"

ဒေါ်သက်ထားနွယ် အသံက အနည်းငယ် တုန်ယင်နေသည်။ ဖုန်းအောင်ပင် ကြားထဲက မျက်စိမျက်နှာပျက် အနေခက်နေပါသည်။ သာလွန်းနေသည် ဖေဖေညံ့လို့ သူဘွဲ့မရတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အမိပွာယ်မျိုး သက်ရောက်နေတဲ့ ဒေါ်သက်ထားနွယ်ရဲ့ အယူအဆကို ဖေဖေ့ကိုယ်စား လက်သင့်မခံနိုင်၊ မခံမရပ်နိုင် ဖြစ်ရခြင်း တစ်ခုကြောင့် ရုတ်တရက်ပင် စာမေးပွဲ ပြန်ဖြေဖို့ တထိုင်တည်း ဆုံးဖြတ်ချက် ချပစ်လိုက်သည်။

"ကျွန်တော် ဘွဲ့မရတာ ကျွန်တော်ဆိုးလို့ ခေါင်းမာလို့ သက်သက်ပါ အန်တီ၊ ဖေဖေနဲ့ ဘာမှမဆိုင်ပါဘူး"

အဲဒီတုန်း ခြံထဲကို ကားတစ်စင်း ဝင်လာကာ ပေါ်တီကိုအောက် ကွေ့ရပ်လိုက်တာ သူတို့အားလုံး လှမ်းမြင်လိုက်ရသည်။

ကားထဲမှ ရုပ်ဖြူလက်ရှည်ကော်လာကတုံး၊ ပုဆိုးနုတ်ပြာရင့်နှင့် လူရွယ်လူရည်သန့် တစ်ဦး ဆင်းလာပါသည်။ ဒေါ်သက်ထားနွယ်က ထိုင်ရာမှ ထရပ်လိုက်ကာ ...

"အန်တီပြောတဲ့ စကားတွေဟာ သားအတွက် စေတနာ စကားတွေ သက်သက်ပါ၊ ကောင်းစေချင်လို့ ပြောတာပေမဲ့ အပြောမတတ်လို့ သားအတွက် မနှစ်သက်စရာတွေ ဖြစ်ခဲ့ ... အန်တီ စိတ်မကောင်းပါဘူး သားရယ်"

"ရပါတယ်၊ ဟိုလူက ဘယ်သူလဲ အန်တီ"

"သူယောင့် ချည့်သည်ပါ"





ဒေါ်သက်ထားနွယ်က အိမ်ဘက်ကို ပြန်လျှောက်သွားပါသည်။ ဒေါ်သက်ထားနွယ် ထွက်သွားမှ ဖုန်းအောင်က အနေရ ချောင်ချိသွားသလို ...

"မင်းကလည်းကွာ၊ အဘွားကြီးကို ပြန်ရစ်နေသေးတယ်"

"ဟ ... သူပြောတာကလည်း သားအဖကြားထဲ ပါပါလာတယ်လေ၊ ဒါတောင် ငါ ဒေါ်သက်ထားနွယ်ကို အမြင်ကောင်းရှိလို့ ဒီလောက်ပဲ ပြောထွက်တာ၊ တခြားလူဆိုရင် သူက ဘာဆိုင်လို့ ဝင်ပြောနေရတာလဲလို့ ပြောပစ်ချင်တာ"

"ဒါပေမဲ့ သူပြောတာ စေတနာနဲ့ပဲကွ၊ မင်း ဘွဲ့ရရ၊မရရ သူ့ ဘာမှ ကောင်းကျိုး ဆိုးကျိုး မရှိဘူး၊ မင်းဘွဲ့ရရင် မင်းပဲ ကောင်းကျိုးရှိတာ၊ လိုအပ်အပ် မလိုအပ်အပ် တက္ကသိုလ်ရောက်ပြီးမှ တစ်ဝက်တစ်ပျက် ထွက်ထားတာ တကယ်နှမြောစရာ ကောင်းတာပဲဥစ္စာ၊ ငါလည်း မင်းကို ဆက်ဖြေစေချင်တာပဲ၊ လုံးဝမတတ်နိုင်ရင် တစ်မျိုးပေါ့ကွာ၊ အဝေးသင်ကတော့ အလုပ်တစ်ဖက်နဲ့ မင်းဖြေလို့ရတာပဲ"

"ငါ ဆက်ဖြေဖို့ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တကယ်လား၊ ကောင်းတယ် ကိုသာရာ"

"သူတိုက်တွန်းလို့တော့ မဟုတ်ဘူး၊ ဖေဖေ့ကိုပဲ ငါ့ကို အကိုင်အတွယ် မတတ်သလို ညံ့သလိုလို ပြောလို့ ဖြေဖို့ ဆုံးဖြတ်လိုက်တာ"

"ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့ကွာ"

"ကဲ ... ငါတို့ ထမင်းတက်စားရအောင်"

"အဆင်ပြေရဲ့လား၊ ဟိုမှာ ညှို့သည်လည်း ရောက်နေတယ်"

"အဆင်ပြေပါတယ်၊ မင်းကလည်း၊ ဟိုညှို့သည်ကလည်း ဘယ်ကကောင်လဲ မသိဘူး"

သာလွန်းနေ စိတ်ထဲတွင် သူယောင်မယ့် ညှို့သည်ဆိုတဲ့ လူရွယ်ကိုလည်း စိတ်ဝင်စားနေပါသည်။ ဘယ်လိုညှို့သည်လဲ။ ရည်းစားတွေ ဘာတွေများလားလို့ စဉ်းစားမိတော့ သိပ်မကျေနပ်ချင်ပေ။ သူ့ဟာသူ ရည်းစားရှိလည်း တကယ်တော့ ကိုယ်နဲ့ ဘာ ဆိုင်လို့ မကျေနပ်ရမှာလဲ။ ဒါပေမဲ့ သူ့အထော် ရွာလွန်း ဆတ်လွန်း တင်းမာလွန်းတဲ့ သူယောင်မယ်ဟာ သူမဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက် အပေါ်မှာ ချိုသာသိမ်မွေ့နူးညံ့နေလိမ့်မယ်ဆိုတဲ့ အတွေးအသိနဲ့ကိုပဲ မကျေနပ်ချင်တာ





သာလွန်းနေနှင့် ဖုန်းအောင် အိမ်ပေါ်တက်လာကြပါသည်။ ညှို့ခန်းထဲမှာ ညှို့သည်နှင့် သူယောင်မယ် နှစယောက်တည်း။ နှစ်ယောက်သားဟာ ယှဉ်ထားတဲ့ တစ်ယောက်ထိုင်ဆိုဖာနှစ်ခုမှာ ထိုင်နေ၍ နီးကပ်နေပါသည်။ ညှို့သည်က ပြနေတဲ့ စာအုပ်တစ်အုပ်ကို သူယောင်မယ်က ခေါင်းလေးတိမ်းပြီး စိတ်ဝင်တစား ကြည့်နေ၍ ပိုတောင်ပူးကပ်နေသည်။

မြင်ကွင်းကို သာလွန်းနေဟာ အခြောက်တိုက် မကျေနပ်။ သူတို့ အိမ်ပေါ်တက်လာတာမို့ အမှတ်တမဲ့ လှမ်းမော့ကြည့်လိုက်တဲ့ သူယောင်မယ်နှင့် ညှို့သည်တို့ဟာတော့ သာလွန်းနေရဲ့ စူပုပ်ပုပ် ဂျစ်ကန်ကန် မိုက်ခဲရုပ်ကို မြင်ရမှာဖြစ်သည်။ သာလွန်းနေက ထမင်းစားခန်းကို ဝင်လာရင်း ခေါင်းထဲမှာ အကြံတစ်ချက် လင်းလက်လာပါသည်။ သူယောင်မယ် အိကိုနှင့် ကျောင်းပြီးကာ မာစတာ ဆက်တက်နေတာ သူသိသည်။

"သားတို့ ထမင်းစားကြတော့မလား"

ထမင်းစားခန်းထဲက ဒေါ်သက်ထားနွယ်က သူတို့ကို လှမ်းမေးသည်။

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာ ... သားတို့၊ အဆင်သင့်ပဲ၊ မောင်ဖုန်းအောင် လာထိုင်"

ဒေါ်သက်ထားနွယ် ဟင်းပွဲပြင်ဆင်နေတာ တွေ့ရတာမို့ ...

"ညှော်သည်ရော စားမှာလား အန်တီ"

"မစားပါဘူး၊ အန်တီ သားတို့ဖို့ပဲ ပြင်နေတာ၊ ညှော်သည်ကို ကော်ဖီ ချထားပေးပါပြီ"

"ညှော်သည်က ဘယ်သူလဲ အန်တီ"

"ထက်မြက်တဲ့၊ သူသူ့ သူငယ်ချင်းပဲ သားရဲ့၊ ထက်မြက်လည်း ကျောင်းဆက်တက်နေတာပဲ"

"ဪ ... သူယောင်က အီကိုနော် အန်တီ"

"ဟုတ်တယ်လေ သား"

"ကျွန်တော် တစ်ခု စဉ်းစားနေတာ"

"ဘာလဲသား"

"အန်တီ အကြံပေးတာကို သဘောပေါက်လို့ စာမေးပွဲ ပြန်ဖြေဖို့ စဉ်းစားကြည့်နေတာလေ"

ဒေါ်သက်ထားနွယ် မျက်နှာက တကယ်ပဲ သိသာစွာ ဝင်းထိန်သွားပါသည်။ ဓွတ်တိုးသာ ပြောရသည်။ သူ့စကားကို လက်ခံလိမ့်မည်တော့ ငါးဆယ်ရာခိုင်နှုန်းပင် ထင်မထားရာက ဒီလိုကြားလိုက်ရ၍ အံ့အားသင့်သွားပုံလည်း ပေါ်သည်။

"ဒါပေမဲ့ ... ကျွန်တော်က စာတွေဝေးနေတာ ကြာပြီ မဟုတ်လား အန်တီ၊ ဘာဆို ဘာမှ သိတော့တာ မဟုတ်ဘူး"

"ဒါတော့ ပြန်လေ့လာရင်း ပြန်ဖတ်ရင်း တဖြည်းဖြည်း အဆင်ပြေလာမှာပါ ကိုသား၊ ပြန်ဖြေမယ်ဆိုတဲ့ သားရဲ့ဆုံးဖြတ်ချက်ပဲ လိုပါတယ်"

"အင်း ... အန်တီကလည်း သိပ်ပြန်ဖြေဖြစ်စေချင်နေတော့ ကျွန်တော် ဒီလို စိတ်ကူးတယ်၊ ကျွန်တော့်ကို အိမ်မှာ သူယောင် စာပြပေးနိုင်မလားလို့"

ဒေါ်သက်ထားနွယ် မျက်ခုံးများ မြင့်တက်သွားပါသည်။ ပိုပြီးအံ့အားသင့်သွားပုံလည်း ရသည်။ ဖုန်းအောင်ပင် တအံ့တသြ ဖြစ်သွားတာ သိသာလှသည်။ တစ်သက်လုံး ပေါင်းသာတာ ကြာပြီဖြစ်တဲ့ ဖုန်းအောင်က ခုံတစ်ခုံမှာ ဝင်ထိုင်ရင်း မျက်နှာလွှဲပြီး ပြုံးစိစိ ဖြစ်နေပါသည်။

"အခြေခံကစ ပြန်မှတ်မိအောင် လုပ်ရတော့မှာ၊ ရှင်းပြပေးဖို့ ဂိုက်ဒ်တစ်ယောက်ယောက် လိုတယ်၊ အချိန်ပြည့် စာ







www.burmeseclassic.com

www.burmeseclassic.com



သင်ပေးဖို့ရယ်တော့လည်း မဟုတ်ပါဘူး၊ သူယောင်က အိကိုပဲဆိုတာ သတိရလိုက်တော့ အဆင်ပြေစရာရှိတာကို သွားတွေ့လိုက်မိတယ် အန်တီ၊ အန်တီ့တူမက ကူညီမယ် ထင်လား"

ဒေါ်သက်ထားနွယ်မှာ အိုးတိုးအမ်းတမ်းနှင့် ...

"သူက ... အင်း ... သူသူက မကူညီဘူးလို့တော့ ရှိမှာ မဟုတ်ပါဘူး၊ ဟုတ်သားပဲ၊ သူလည်း အိကိုနဲ့ပဲ ပြီးခဲ့တာပဲ၊ ဒါပေမဲ့လို့ ရွယ်တူယောကျ်ားတစ်ယောက်ကို သင်ပြပေးရမှာမျိုးတော့ သူ တတ်နိုင် မတတ်နိုင် ..."

"ကျွန်တော်က အကူအညီတောင်းတဲ့ သဘောပါ အန်တီ၊ အိမ်မှာ အတူတူ နေနေကြတဲ့သူချင်းဆိုတော့ တစ်ချိန် မဟုတ် တစ်ချိန် အဆင်ပြေတဲ့ အချိန် ကောက်မေးရုံ ရှင်းပြလိုက်ရုံပဲပေါ့၊ ကျွန်တော် ကျူရှင်တစ်ခုလို သီးသန့် အချိန်ညှိ သွားသင်နေစရာ မလိုတော့ဘူးပေါ့ ...

အဲသလိုသင်မဲ့သူ မရှိဘဲနဲ့တော့ ကျွန်တော့်အတွက် သိပ်မလွယ်လှဘူး အန်တီ၊ အဲဒါ သူ ကူညီမယ်ဆိုရင်တော့ ကျွန်တော် စာပြန်သင် စာပြန်ကျက်ပြီး အန်တီ ဆန္ဒရှိသလို ဘွဲ့တစ်ခုပြီးတဲ့အထိ စာမေးပွဲပြန်ဖြေလိုက်မယ်"





ကျဉ်းထဲ ကျပ်ထဲကျသလို ရုတ်တရက် ဘာအဖြေမှ ပြန်မပေးနိုင်တဲ့ ဒေါ်သက်ထားနွယ် ပုံစံကို သာလွန်းနေ ကျိတ်၍ ရယ်ချင် သဘောကျနေမိကာ စကားကို ဖြတ်ထားလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေက ပြန်ရောက်သည်နှင့် ရေကမန်းကတန်းချိုးကာ သူ့အခန်းထဲမှ အဝေးသင်စီးပွားရေး ဒုတိယနှစ်အတွက် သတ်မှတ်ပြဋ္ဌာန်းစာအုပ်များနှင့် စာစဉ်တို့ကို အထပ်လိုက် ယူလာကာ ထမင်းစားခန်း စားပွဲပေါ် လာတင်လိုက်ပါသည်။

အိမ်မှာ သီးသန့်စာကြည့်ခန်း စာဖတ်ခန်းရယ်လို့ မရှိ။ သူ့အိပ်ခန်းထဲမှာရော သူယောင့် အိပ်ခန်းထဲမှာပါ စာရေးစားပွဲ ကုလားထိုင်တွေ ရှိသော်လည်း သူ့အခန်းထဲလည်း သူယောင်က ဝင်သင်မည် မဟုတ်သလို သူယောင့် အခန်းထဲလည်း သူ့ကို ဝင်သင်ခွင့်ပြုမည် မဟုတ်၍ ထမင်းစား စားပွဲကြီးမှာပဲ စာသင်ပြဖို့ သတ်မှတ်ထားကြသည်။





လောလောဆယ် တစ်ပတ်မှာ နှစ်ရက်မျှ အင်္ဂါတစ်ရက် သောကြာတစ်ရက်၊ ညဦး ခုနစ်နာရီမှ ကိုးနာရီလောက်အထိ သတ်မှတ်ထားကာ သူ့ကို သူယောင် စာသင်ပေးတာ တစ်ရက်ကြီးများတောင် ရှိသွားပြီ။ ပြီးခဲ့တဲ့ အင်္ဂါနေ့က သင်ခန်းစာတွေ စသင်တာ မဟုတ်ပေမဲ့ ဘာသာရပ်အားလုံးကို မိတ်ဆက်သဘော ဘယ်ဘာသာရပ်မှာ ဘာအပိုင်းတွေ ပါဝင်ပြီး ဘယ်လိုသဘော သဘာဝ ရှိသည်ဆိုတာမျိုး မိတ်ဆက်ရှင်းပြပြီးခဲ့ပြီ။

ဒီလို သူ့ကို သူယောင် စာသင်ပေးဖို့ကိစ္စဟာ အလွယ်တကူ ဖြစ်လာခဲ့တာတော့ မဟုတ်။ သူယောင့်ကို ဒေါ်သက်ထားနွယ် အကြိမ်ကြိမ် အထပ်ထပ် ချော့မော့တောင်းပန် နားချခဲ့ရတာ သူ သိခဲ့သည်။ ဖွတ်ပေပြီး မသင်နိုင်ပါဘူးချည်းသာ ငြင်းလာဟဲ့ သူယောင်က နောက်ဆုံးတော့ "သင်ပေးမယ်"လို့ ရုတ်တရက် အဖြေပြောင်းသွားတာပင်။

သာလွန်းနေတောင်မှ မျှော်လင့်မထားတာမို့ တအံ့တသြ ဖြစ်ခဲ့ရသည်။ သာလွန်းနေဟာ စာမေးပွဲ ပြန်ဖြေမည်လို့ ဆုံးဖြတ်လိုက်ပြီးကတည်းက သူယောင် သူ့ကို စာသင်ပေးပေး မသင်ပေးပေး ဖြေကိုဖြေတော့မှာသာ ဖြစ်ပါသည်။ နည်းနည်းသာ ခေတ်တထိ ကာလိရစ်ကြည့်တာ။

www.burmeseclassic.com



သူ့ဘာသာပင် အပေးသင်အတွက် လျှောက်လွှာ ပြန်တင်၊ ကျောင်းသားစာရင်းသွင်းနှင့် ဒီနှစ်အတွက် ဖြေခွင့်ရအောင် ဆောင်ရွက်စရာရှိတာတွေ လျှောက်ဆောင်ရွက်နေခဲ့သည်။ ငွေသွင်း၊ စာအုပ်တွေ ဘာတွေ ထုတ်လာပြီးတော့ စာအုပ်တွေကို လှန်ကြည့်ကာ စိတ်ဓာတ်တွေ ကျနေခဲ့ရသည်။

တစ်ယောက်ယောက်က ပြန်မသင်ပြပေးဘဲနဲ့တော့ သူ ဘယ်လိုမှ ပြန်မလိုက်နိုင်။ သူဟာ အစကတည်းက စာတော်တဲ့သူလည်း မဟုတ်။ ဒါကြောင့် ပပကိုတော့ ကြိုပြောထားခဲ့သည်။ ပပရဲ့ အခေါ်တစ်ယောက်က စီးပွားရေးတက္ကသိုလ်မှာ ကထိကမို့ လိုလိုမယ်မယ် ...

"ငါမသိတာရှိရင် နင့်အခေါ်ဆီ တစ်ခါတစ်ရံ စာသွားမေးချင်တယ်၊ နည်းနည်းပါးပါး သင်ပေးနိုင်မလား မသိဘူး"

အဲဒီတော့ ပပက ဝမ်းသာအားရပင် ...

"အို ... ရတာပေါ့၊ ပပ ပြောပေးမှာပေါ့"

သူ စာမေးပွဲ ပြန်ဖြေမည် ဆိုတာကို ပတ်ဝန်းကျင်က ရှိသမျှလူအားလုံး ကျေနပ်ဝမ်းသာသည်။

"အေး ... လုပ်ပါဟာ၊ ပြန်လုပ်ပြီးမှတော့ မကျချင်ဘူးပေါ့ဟာ၊ ငါက အိမ်က အန်တီတို့တူမချောကိုတောင် ငါ့ကို





စာပြပေးမလားလို့ ကလိထားသေးတယ်၊ သူကလည်း အီကိုလေ၊ သူကလည်း ဘယ်ပြပေါ့မလဲ၊ ကမ္ဘာ့ရန်ဖြစ်နေတာဥစ္စာ၊ ငြင်းမှာပါပဲ၊ ငါက ငါ့ဟာနဲ့ငါ ပြန်ဖြေဖို့ ဆုံးဖြတ်လိုက်တာ၊ ပါးစပ်က အာချောင်ပြီးသာ့သူ့ကိုသင်ပေးဖို့ အန်တီ့ကို အကူအညီ တောင်းနိုင်းပြီး ရစ်လိုက်တာ ...

အန်တီလည်း သူ့တူမပြောမရလို့ မျက်နှာတွေကို ပျက်လို့၊ တော်ကြာ သူ သင်မပေးလို့ ငါ မအောင်နိုင်ဘူး ဖြစ်နေဦးမယ်၊ ဖြေမှ ပြန်ဖြေတော့ အောင်အောင်ဖြေမယ်ဟာ၊ ဒါကြောင့် လိုအပ်တာ နင့်အခေါ် ကူညီပေးနိုင်မလားလို့ပါ"

"အို ... ရပါတယ်ဆို ကိုသာကလည်း၊ ဟိုတစ်ယောက်ကိုများ မျက်နှာကြောမတည့်ပဲ သွားအကူညီတောင်းနေရသေးတယ်၊ သူ့ကို စာမေးမယ်ဆိုရင် သူက ဂုဏ်တွေ မောက်တက်နေမှာပေါ့၊ ဘာကိစ္စ သူ့ကို သင်ပြခိုင်းရမှာလဲ၊ ရွယ်တူချင်းကို"

"သူက မာစတာ လုပ်နေတော့ ထိတွေ့နေတယ်လေ"

"အို ... သူ့ကို ဘာမှသွားပြောနေစရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပပကလည်း သူယောင်မယ်ထံ သာလွန်းနေ စာမေးမှာကို လုံးဝကို ခါးခါးသီးသီး ဖြစ်နေပါသည်။ ဒီလိုနှင့် စာအုပ်တွေတော့ ရလာပြီ၊ ဘာမှနားမလည်၊ စိတ်ပျက်သေးတာမို့ ပပအခေါ်ဆိုလည်း မရောက်သေးခင် တစ်ရက် ဒေါ်သက်ထားနွယ်က ...

“ကိုသာ ... သားကို သူသူ စာရှင်းပြပေးပါလိမ့်မယ်”

အဲသလို ရုတ်တရက် အသိပေးလာတဲ့အခါ သာလွန်းနေ ထိတ်ခနဲ အံ့အားသင့်ကာ စိတ်ထဲမှာ ဝမ်းသာသလိုလိုလည်း ဖြစ်သွားမိပါသည်။ ဝမ်းသာတာက နှစ်ပိုင်းရှိကာ တစ်ပိုင်းကတော့ သူ့ကို သူယောင့် ဘက်မှ စတင်လက်နက်ချ ကျေအေးတဲ့သဘောလို့ ယူဆလိုက်မိတဲ့အတွက် ဝမ်းသာတာ။

နောက်တစ်ပိုင်းကတော့ သူ့စိတ်ထဲမှာ မျက်နှာချင်းဆိုင်တာနှင့် အသီးသီး ရှုပုပ်သွားတဲ့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံပုံ ဆက်ဆံနည်းမျိုးနဲ့ စာသင်ပြပေးဖို့ကိစ္စဟာ အတော်ခွကျကိုးလိုးကန့်လန့်နိုင်မှာပဲလို့ တွေးမိလျက်။ ဘယ်လိုလာမလဲ မဆိုနိုင်တဲ့ အခြေအနေတစ်ခုကို စိတ်ဝင်စား ပျော်ရွှင်နေမိတာ။

သူတို့သုံးယောက် ဝိုင်းထိုင် ဆွေးနွေးကြပြီးသော် သူယောင်က စာသင်ဖို့ရက်နှင့် အချိန်ကို သူကပဲ ရွေးချယ်သတ်



မှတ်သည်။ လိုက်နာရမှာပင်။ ပုံစံက သူကဆရာ၊ ကိုယ်ကတပည့်ဖြစ်နေပြီ မဟုတ်လား။ သာလွန်းနေက စောဒက မတက်ဘဲ လက်ခံလိုက်သည်။

ပြီးခဲ့တဲ့ အင်္ဂါနေ့က ပထမဆုံး စာသင်တော့ သူယောင့် မျက်နှာထားဟာ ခပ်တင်းတင်း ခပ်ပုပ်ပုပ်ပင်။ သာလွန်းနေကို **တစ်ချက်မှ စေ့စေ့မကြည့်ဘဲ** စာအုပ်ကိုလှန်ကာ ထောက်ကာ ကြည့်**ကာသာ ပြောစရာ**ရှိတာ ပြောဆိုသွားသည်။ လေသံကလည်း ခပ်တင်းတင်း။ အဟင်းဟင်း။ သာလွန်းနေက ရယ်ချင်စိတ်ကို အောင့်အည်းချုပ်တီး၍ နေရသည်။

ကိုယ်ကလည်း သူ့ကို သိပ်မကြည့်ပါဘူး။ ခပ်တည်တည်ပဲပေါ့။ ဒါပေမဲ့ သူ့ဘက်က လုံးဝကို မကြည့်တာမို့ ကိုယ့်ဘက်က တစ်ချက်တစ်ချက် မသိမသာ ခိုးကြည့်လိုက်လို့ရသည်။ ရှုပုပ်ပုပ် မျက်နှာကြောကို မြင်တိုင်း ကိုယ့်နှုတ်ခမ်းကိုလည်း မသိမသာ ကွေးမဲ့ပစ်လိုက်မိသည်ပင်။

ဒီနေ့ကတော့ ဒုတိယရက်။ သောကြာနေ့။

ငါးနာရီလောက်မှာ သူရှိလား ဖုန်းဆက်ပြီးမှ ပပကရောက်လာကာ သူတို့အမျိုးတစ်ယောက် မင်္ဂလာဆောင်အတွက် လက်ဖွဲ့ဝယ်ဖို့ အကြောင်းပြကာ သူ့ကို လိုက်ပို့ခိုင်းသည်။ သွား

www.burmeseclassic.com



မှာက စူပါဝမ်း။ ဟိုမှာ တစ်နာရီထက် ပိုပတ်ဖို့ အချိန်မရဘူး ကတိတောင်းပြီးမှ သာလွန်းနေက လိုက်ပို့လိုက်ပါသည်။

ဟိုကျ ထုံးစံအတိုင်း သူ့သူငယ်ချင်းပီသတဲ့ ပပ ဧရာမက ဟိုပစ္စည်းကျ ဈေးများတယ်၊ ဒီပစ္စည်းကျ ဈေးနည်းတယ်၊ ဒါက ပစ္စည်းသေးလို့ မကြွားဘူး၊ ဒါက အထုပ်ထုပ်ရခက်တယ်၊ ဟိုဥစ္စာက မလှဘူး၊ ဒီဥစ္စာက ဘာဘာညာညာနှင့် ဈေးများလို့ ရစ်လို့ မဆုံးနိုင်တော့တာနှင့် ပြန်လို့ကို မရ။

"မြန်မြန်လုပ်ဟာ"

သာလွန်းနေကလည်း ဒေါသကနေ တတွတ်တွတ်။

"နင် ဘာဖြစ်နေတာလဲ၊ လောလိုက်တာ ကိုသာရာ"

"ဟ ... ငါ စာသင်ရဦးမယ်"

"ဘာစာသင်ရမှာလဲ"

"သူယောင်မယ် ဆီမှာလေ"

"ဟင် ... သူ့ဆီ ဘာဖြစ်လို့ စာသင်ရတာလဲ"

ပပက အံ့သြတကြီး အသံပင်တုန်ကာ မေးလိုက်သည်။

"သူက သင်ပေးမယ်လို့ အလိုအလျောက် မီးစိမ်းပြလိုက်တာပဲ၊ ဟို စနေ တနင်္ဂနွေကပေါ့"





ပပ မျက်လုံးများ မေးစင်းကျဉ်းမြောင်းသွားသည်။

"အင်္ဂါနဲ့ သောကြာ နှစ်ရက် သူရှင်းပြပေးလိမ့်မယ်၊ ပြီးခဲ့တဲ့ အင်္ဂါနေ့ကတော့ ဘာသာရပ်တွေ မိတ်ဆက်သဘော ပြောပြီးပြီ၊ ဒီနေ့ စာစ,သင်မယ်၊ ခုနစ်နာရီစ,မှာဟ"

ပပသည် မကျေမချမ်းနှင့်ပင် ...

"ပပရဲ့ အဒေါ်ဆီ အကူညီတောင်းပေးထားသားနဲ့"

"သြော် ... သူ့ကျတော့ အားနာရဦးမှာ မဟုတ်လား၊ သူက ကထိကဆိုတော့၊ ဘာပဲဖြစ်ဖြစ် အချိန်သီးသန့်ပေးဖို့ အလုပ်များမှာလေ၊ သိပ်ခက်ခဲတာရှိမှ သွားမေးတာမျိုးပဲ ကောင်းတယ်၊ သူယောင်မယ် ကျတော့ အားနာနေစရာ မလိုဘူး၊ သူ့သဘောနဲ့သူ ကျေနပ်လို့သင်တာ၊ သူနဲ့သင်ကြည့်ရင်း နားမလည်တာ မလွယ်တာရှိမှ တစ်ဆင့်တက်ပြီး နင့်အဒေါ်ဆီ မေးတော့မယ်"

ပပ မျက်နှာမှာ အီးမှန်သလို မှုန်တေနေပါတော့သည်။ ထို့နောက်တော့ ပိုလို့ပင် အချိန်ဆွဲသလား ထင်ရသည်။ ယ်လို့ပဲ မပြီးတော့။ သာလွန်းနေ ဒေါသကနေ ဝင်ဆုံးဖြတ်ကာ "ဒါပဲယူဟာ"လို့ ခပ်မြန်မြန် ကိစ္စပြတ်တာတောင်မှ သူက စူပါ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမှာပဲ ပါ့ကင်ထုပ်နေပြန်သည်။ စူပါဝမ်းက ပြန်ထွက်လာတာပင် ခုနစ်နာရီဆယ့်ငါး။ ပပကိုတောင် သူတို့ခြံတံခါးဝမှာပဲ ချရစ်ခဲ့သည်။ ခြံထဲမဝင်တော့။

သူယောင်မယ် စောင့်နေရမှာ အားနာကာ သူနောက်ကျတာအတွက် Guilty ဖြစ်နေမိသည်။ အခု သူ ဆင်းလာသော်လည်း သူယောင်မယ်ကို အရိပ်အယောင် မမြင်ရ၍ ...

"ဟဲ့ ... ဂျမ်းဘုံ"

"ရှင်"

"သူယောင်မယ် ရှိလား"

"ဟုတ်ကဲ့"

"ငါ ပြန်ရောက်လာတာ မသိလို့ထင်တယ်၊ သွားပြောလိုက်စမ်းပါ၊ ငါ စားပွဲကို ရောက်နေပါပြီလို့"

"ဟုတ်ကဲ့"

ဂျမ်းဘုံ ပြေးထွက်သွားပါသည်။ ဒီအချိန်ဆို အန်တီနှင့် သူယောင် ထမင်းစားပြီးလောက်ပြီ။ သူက စူပါဝမ်းမှာ တို့တိတို့တိ ဟိုစားဒီစား စားလာသေး၍ နေနိုင်သေးသည်။ သူ့ အခု ထမင်းအရင်မှာနေရင် စာသင်ဖို့ နောက်ကျသွားမှာစိုး၍





ပြီးမှ စားမည် ဆုံးဖြတ်ကာ အုပ်ဆောင်းဖွင့်ပြီး အထဲက ငါးသလောက်ဥကြော်တစ်ဖဲ့နှိုက် ကိုက်စားရင်း စောင့်နေလိုက်ပါသည်။

"ဦး"

"ဟေ"

"ဒီနေ့ စာသင်ဖျက်တယ်တဲ့၊ မသင်ဘူးတဲ့"

"ဟင် ... ဘာဖြစ်လို့တဲ့လဲ"

"မသိဘူး ဦး"

"သူ နေမကောင်းလို့လား"

"နေတော့ ကောင်းတယ် ထင်တယ်"

"အခန်းထဲမှာ အခု သူ ဘာလုပ်နေလဲ"

"ဝတ္ထုစာအုပ် ဖတ်နေပါတယ် ဦး"

သာလွန်းနေ မျက်မှောင်ကုတ်သွားရပါသည်။ ဆတ်ဆတ်ထိမခံတဲ့ အမျိုးသမီးကတော့ ပညာပြပြီ ဖြစ်မှာပေါ့။ သာလွန်းနေ နောက်ကျနေလို့လေ။ သူကလည်း ခုနစ်နာရီလို့ ပြောထားတာကို မိနစ်၊ လေးဆယ်လောက် နောက်ကျနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နောက်ကျတဲ့အတွက် သူက အပြစ်ပေးခံ မျိုးနှင့် မသင်တော့ဘူး ဆိုတာကိုတော့ သာလွန်းနေ လက်သင့်မခံနိုင်။ ကြောတဲ့သဘော သက်ရောက်တာပေါ့။ သူတို့ဟာက ဘယ်အချိန်လောက် သင်ကြမည်လို့ အကြမ်းဖျဉ်း သတ်မှတ်ထားတာသာဖြစ်ပြီး၊ နည်းနည်းနောက်ကျတာနဲ့ ဝင်ခွင့်မရတော့တဲ့ စည်းကမ်းကျပ်တည်းတဲ့ စာသင်ခန်းမှ မဟုတ်တာ။ တက္ကသိုလ်မှာတောင် ကိုယ်က နောက်ကျလည်းပဲ စာသင်ခန်းထဲတော့ ရောက်တဲ့အချိန် ဖြတ်ဝင်လို့ ရသေးတာပဲ ဥစ္စာ။

သာလွန်းနေက အောက်ထပ်က သူယောင်မယ့် အခန်းဆီ ထ,လာခဲ့ပါသည်။ တံခါးကို နှစ်ချက်ခေါက်လိုက်လျှင် ...

"ဟဲ့ ... မသင်တော့ဘူးလို့ ပြောလိုက်လေ၊ ငါ နင့်ကိုမှာလိုက်သားပဲ မဟုတ်လား ဂျမ်းဘုံ"

အထဲက လှမ်းအော်သံက ချက်ချင်းထွက်လာသည်။

"ဂျမ်းဘုံ မဟုတ်ဘူး"

သာလွန်းနေ အသံကြောင့် အထဲက တိတ်သွားပါသည်။ သာလွန်းနေက တံခါးကို ထပ်ခေါက်လိုက်သည်။

"ဘယ်သူလဲ"





အထဲက အသံ။ ဂျမ်းဘုံ မဟုတ်ဘူးဆိုတဲ့ယောက်ျားသံကြီး ကြားရရက်သားနဲ့များ ဘယ်သူလဲတဲ့။

"ဒီအိမ်မှာ ယောက်ျားဆိုလို့ ဘယ်နှယောက်များ ရှိလို့လဲ။ သာလွန်းနေ ... သာလွန်းနေ"

"ဘာကိစ္စလဲ"

"ဟာ ... မင်း ဘာတွေရစ်နေတာလဲ၊ စာသင်မယ်လေ"

"မသင်တော့ဘူး"

"ဘာလို့ မသင်ရမှာလဲ"

"ကျွန်မ မအားတော့ဘူး"

"ဘာလို့မအားတာလဲ၊ ဝတ္ထုဖတ်နေရလို့လား"

အထဲက မဖြေ။

အထဲမှာ သူယောင်မယ်သည် လက်သီးကိုဆုပ်ကာ မေ့ရာကို ထုကာ အတော်စိတ်တိုနေပါသည်။ အံကိုကြိတ်ပြီး ဘာမှလဲ မပြောရ၍ အောင့်အည်းဖျစ်ညှစ်သော တအစ်အစ်အသံသာပါ ထွက်နေပါသည်။

"ဟေ့ ... တံခါးဖွင့်နော်၊ ဘာလဲ ... ကျုပ်ဖွင့်ဝင်လာရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကြောင့် လော့ဂ်ချမထားမိတဲ့ တံခါးကို ပြေးဖိတ်ဖို့ သူယောင်က ခုတင်ပေါ်မှ ဝုန်းဒိုင်းကြဲ ထ,လိုက်ရပါသည်။ တံခါးဆီပြေးကာ လက်ကိုင်ဘုသော့ကို ဂေါက်ခနဲ ဖိချလိုက်လျှင် အပြင်က ထုသံနှစ်ချက် ထပ်ထွက်လာပြီး ...

"တံခါးဖွင့်လေ၊ ဘာလို့ သော့ပိတ်ချရတာလဲ၊ ပြောစရာရှိရင်လည်း အပြင်ထွက်ပြောပေါ့၊ အခန်းထဲနဲ့ အခန်းပြင် အော်ပြောနေရတာ ဘာစတန့်ထွင်တာလဲ၊ ရုပ်ရှင်ထဲက မင်းသားနဲ့ မင်းသမီး ကျနေတာပဲ၊ မင်းသမီးက မင်းသားကို ကျီစယ်နေတဲ့ အတိုင်းပဲ"

ထိုစကားက သူယောင်မယ့်ကို အကော်အခံရ ခက်စေပုံ ရပါသည်။ တံခါးမဖွင့်ဘဲ နေရင်ပဲ ကလူကျီစယ်နေရာကျစိုးရိမ်ရပုံနှင့် ချောက်ခနဲ တံခါးက ချက်ချင်းပွင့်လာကာ ...

"ရှင် ဘယ်လိုဖြစ်နေလဲ ကိုသာလွန်းနေ"

"ဘယ်လိုဖြစ်လို့လဲ၊ စာသင်ဖို့ လာခေါ်နေတာပါ"

"ဒီနေ့ မသင်တော့ဘူးလို့ ပြောပြီးပြီပဲ"

"ဘာကြောင့်လဲ"

တံခါးက တစ်ဝက်ဟစီ ဖြစ်နေ၍ အခန်းထဲ မြင်နိုင်နေရလေရာ သူယောင်က အပြင်ကိုထွက်ပြီး တံခါး





ပိတ်လိုက်ပါသည်။ ပြီးတော့ သာလွန်းနေကို ကြည့်နေတဲ့ မျက်နှာက မှုန်ကုပ်ကုပ်။

"နောက်ကျတယ်ဆိုပြီး ဒေါ်ခတ်တဲ့ သဘောလား"

သူယောင်က မဖြေ။ အမြင်ကိုကတ်နေတာ။ စာသင်ဖို့ ရှိပါရက်နဲ့ ဘာကြောင့် ဟိုကောင်မလေး ပပ ဆိုတာ ခေါ်တဲ့ နောက်ကို လိုက်သွားရတာလဲ။ ဒီကောင်မလေးနဲ့ သွားဖို့ကိစ္စက ပိုအရေးကြီးတယ် ဆိုရင်လည်း ပြီးရောလေ။ စာသင်မနေနဲ့တော့။

"အခု ပြန်လာတယ်လေ၊ နည်းနည်းနောက်ကျပေမဲ့ သင်ဖို့ အချိန်မရှိတော့လောက်အောင်လည်း မပျက်ကွက်ဘူး"

"ရှင်ကပဲ စိတ်တိုတဲ့လေသံနဲ့ ပြောနေရအောင် ကျွန်မက အပြစ်ရှိတဲ့လူလား"

"ဘာလဲ ... ကျုပ်ကသာ အပြစ်ရှိတဲ့လူလို့ ဆိုလိုတာလား"

"ဒီနေ့မှာ စာသင်ရမယ် ဆိုတာ သိရက်နဲ့ ရှင် ထွက်ချင်တိုင်း ထွက်သွားတာဟာ ကျွန်မကို မလေးစားတဲ့သဘောပဲ၊ အရေးတကြီးကိစ္စလည်း မဟုတ်ဘူး၊ ရှင်တို့ကိုကြည့်တာနဲ့ သက်သက် အပျော်ခရီးထွက်တာ သိသာနေပါတယ်၊ ကျွန်မက နောက်ကျပြီးမှ ရောက်လာတဲ့ ရှင့်ကို စောင့်ကြို



www.burmeseclassic.com

www.burmeseclassic.com



ပြီး သင်နေရလောက်အောင် ငွေလိုလို့ ကျူရှင်ပေးနေတဲ့ သူမျိုးလည်း မဟုတ်ဘူး ...

ရှင့်မှာ အကူအညီ လိုတယ်ဆိုလို့ သက်သက်မဲ့ သင်ပေးရတဲ့သူ၊ ရှင် နည်းနည်းပါးပါး လေးစားသမှုစိတ် မျိုး ထားသင့်တယ်၊ ရှင့်ကို စာသင်ပေးမဲ့ ကျွန်မကိုရော အချိန်ကိုရော မခန့်လေးစားနဲ့ ရှင်သွားချင်သလိုသွား၊ ပြန်ချင်သလိုပြန်၊ ရောက်တာနဲ့ ကျွန်မကို လာသင် ဆို တိုင်း ထွက်သင်ရအောင် ရှင်က ဘာမို့လဲ"

သာလွန်းနေက နှုတ်ခမ်းလေး ထော်နေအောင် ရှုံ့ တွေ့နေတဲ့ သူယောင်မယ်ကို ကြည့်နေကာ ပခုံးတစ်ချက်တွန့်သည်။

"မင်းကိုလည်း ကျုပ်က အမိန့်တစ်ခုနဲ့ လာသင်ခိုင်းတာ မဟုတ်ပါဘူး၊ ဂျမ်းဘုံကို မှာလိုက်သားပဲ၊ စားပွဲမှာရောက် နေပါပြီလို့ အကြောင်းကြားခိုင်းလိုက်တာပါ"

"ဘာပဲဖြစ်ဖြစ် ရှင် မလေးမစား လုပ်တယ်။ ခုနစ်နာရီ မှာ ရောက်အောင် ရှင် ပြန်ရမယ်၊ ဘာပဲဖြစ်ဖြစ်။ ဒီအချိန် ပြန်ရောက်အောင် အပြင်ကကိစ္စကို ဖြတ်ချရမယ်၊ ကျွန်မ ဟာ ရှင့်ကို သက်သက်မဲ့ ကူညီစာသင်ပေးမဲ့ သူပါလားလို့ ရှင့်အသိဉာဏ်ထဲမှာ ကျေးဇူးတင်မှု လေးစားမှုလေးရှိရင်





ရှင် ဒီလိုမလုပ်ဘူး။ အခုလုပ်ပုံက ကျွန်မကပဲ တောင်း တောင်းပန်ပန် ချော့သင်ရမလို ဖြစ်နေတယ်"

"ဒါပေမဲ့ ဒီတစ်ခါလေး မိနစ်လေးဆယ် နောက်ကျတာ လောက်ကို မင်း ဒီလောက်မဖြစ်သင့်ပါဘူး"

"မိနစ်လေးဆယ်ဆိုတာ နည်းသလားရှင့်၊ လေးမိနစ်ဆိုရင် တော်ပါသေးရဲ့၊ တစ်ခါလေး နောက်ကျတယ် ဆိုရအောင် ကလည်း ဒီနေ့ပါနဲ့မှ စာသင်တာ နှစ်ခါရှိမှာ၊ နှစ်ခါမှာ တစ်ခါက အရမ်းနောက်ကျ ပျက်ကွက်တယ် ဆိုတော့ ကောင်းသလား"

"အချိန်ကလည်း အကြမ်းဖျင်း သတ်မှတ်ထားတာပဲ မဟုတ် လား၊ ဒီအချိန် အတိအကျ မစ,နိုင်ရင် မသင်တော့ဘူးလို့ စည်းကမ်းရှိလို့လား"

"အဲသလို သတ်မှတ်မထားပေမဲ့ အဲသလို စည်းကမ်းရှိရှိ လေးစားမှုမျိုး ကျွန်မ လိုချင်တယ်၊ ရှင် အားတာစောင့် ပြီးမှ ပြေးသင်ရအောင် ရှင့်ဆီက ပိုက်ဆံလည်း တစ်ပြားမှ ယူထားတာ မဟုတ်ဘူး၊ အန်တီထားကြောင့် ရှင့်ကို သက်သက်မဲ့ ကူညီတယ်ဆိုတာ ရှင် အသိအမှတ်လေးတော့ ပြုသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူယောင့် အသံတွေက ဟုန်ခတ်လာသည်။ ဤအခါ သာလွန်းနေ အနည်းငယ် ငိုင်သွားရပါသည်။ သူယောင်မယ် ပြောတာ မှန်ပါရဲ့။ သူ့ဘက်က သက်သက်မဲ့ ကူညီတာ မဟုတ်လား။

"မဟုတ်ပါဘူးဗျ၊ အသိအမှတ်ပြုလို့ ကျွန်တော် အပြေးပြန်လာတာပါ၊ ဟိုဟာမလေး ပပက ပြန်ချင်သေးတာမဟုတ်ဘူး၊ စာသင်ရမယ်ဆိုပြီး ပြန်ဖို့ဖွတ်လုပ်တာပဲ၊ သူက မိန်းကလေးပီပီ မပြီးနိုင်ပဲ လည်နေတာနဲ့ အချိန်နည်းနည်း လွန်သွားတာပါ"

"ရှင်တို့နှစ်ယောက်က စာသင်ဖို့မရှိတဲ့ ရက်မျိုးကျမှ သွားကြလာကြ လည်ကြပတ်ကြလို့ မရဘူးတဲ့လား၊ စာသင်ရက်မှာတော့ ရှင်က နည်းနည်းငြင်းပါလား၊ သူ လာခေါ်တာ ကျွန်မ မြင်သားပဲ၊ ရှင် တမင်တကာ ထွက်သွားတာ မဟုတ်တာ သိသားပဲ၊ နှစ်ယောက် ထွက်သွားမှတော့ တစ်ယောက်မပြန်ချင်ဘဲ အချိန်ဆွဲနေရင် ရှင် ဘာတတ်နိုင်လဲ၊ အစကတည်းက ဒီနေ့မှာ ရှင်လိုက်မသွားသင့်ဘူး"

သူယောင်မယ်က သူတို့နှစ်ယောက် အိမ်ကထွက်သွားကြခါနီး ခြံထဲမှာရှိနေတဲ့ သူယောင်မယ့်ကို မျက်လုံးမှေးစင်း





မေးစေ့ပင့်ပင့်နှင့် ခပ်ရင့်ရင့် ကြည့်သွားတဲ့ ပပရဲ့အကြည့်ကို ပြန်မြင်ယောင်လာသည်။ အဲဒါကြောင့်ကိုပဲ ပိုဒေါသထွက်တာ။

ပပ ဆိုတဲ့ အဲဒီကောင်မလေးကြောင့်ပဲ သာလွန်းနေကို စာပြပေးဖို့ သူယောင် လက်ခံလိုက်တာဆိုရင် သာလွန်းနေက တော့ အံ့သြသွားမလားပင်။ အန်တီထား ဘယ်လိုပြောပြော "အာ ... သူ့ကို မသင်ချင်ပါဘူး"လို့ တငြင်းတည်း ငြင်းခဲ့တဲ့ သူယောင်မယ်ဟာ ပပကို အမြင်ကတ်လို့ကို သင်ဖို့လက်ခံလိုက်တာ။

သာလွန်းနေ အိမ်မှာမရှိတဲ့တစ်ရက် ပပ ရောက်လာသည်။ သာလွန်းနေ သူငယ်ချင်း ဧည့်သည်တွေဆိုရင် ပျာပျာသလဲ ကြိုဆိုဧည့်ခံတတ်တဲ့ အန်တီထားက ပပကို ဧည့်ခံကာ ထိုင်စကားပြောနေသည်။ သူယောင်မယ်က ထိုင်ဧည့်ခံမနေပေမဲ့ အိမ်ထဲမှာ ဝင်ချည်ထွက်ချည်နှင့် မလှမ်းမကမ်းမှာတော့ ရှိနေခဲ့ပါသည်။

"ကိုသာကလေ စာမေးပွဲပြန်ဖြေမယ်ဆိုလို့ ပပက ဝမ်းသာနေတာ အန်တီ၊ ပပရဲ့အဒေါ်ကိုလည်း ကိုသာ့ကို စာပြပေးဖို့ ပြောပြီးပြီ၊ ပပ အဒေါ်က အီကိုမှာ လက်ချာရာလေ၊ သိပ်တော်တာ၊ သူကိုယ်တိုင် ကိုသာ လိုအပ်တာ ကူညီသင်ပြပေးလိမ့်မယ်၊ ကိုသာက ပပအဒေါ် သင်မပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရင် တခြား ဘယ်သူ့ဆီဆိုလဲ သင်မယ်လို့လို ပြောနေတယ်၊ အိကိုနဲ့ ကျောင်းပြီးထားတဲ့ သူ့အသိတစ်ယောက်ပဲ၊ ဘယ်သူဆိုလဲတော့ မသိပါဘူး၊ အိကိုနဲ့ ကျောင်းပြီးရုံရှိတဲ့သူဆီ စာသင်ပြခိုင်းလို့ ဖြစ်ပါ့မလား၊ မသိတဲ့သူကို မတတ်တဲ့လူက သင်သလို မတောက်တခေါက်တွေ ဖြစ်နေမှာပေါ့"

မိန်းမချင်းတော့ သိသည်။ ပပဟာ သာလွန်းနေကို သူယောင် စာပြမှာ စိုးရိမ်နေသည်။ ဒါကြောင့်လည်း သူ့အခေါ်သင်မှာ၊ နင်သင်စရာ မလိုဘူးဆိုတဲ့ သဘောမျိုး တမင်လာပြောတာ သူယောင် သိသည်။ ပြီးတော့ သူယောင့်ကိုလည်း နှိမ်လိုက်သေးသည်။ ဘယ်သူမှန်း မသိဘူးဆိုပေမဲ့ သူယောင်မှန်း ပပ သိတယ်ဆိုတာ သူယောင်ကလည်း သိသည်။

အဲဒီစကားကို လုံးလုံးမခံချင်လို့ကို အန်တီထားကို မသင်ချင်ပါဘူး ငြင်းကန်နေရာက ရက်တရက် သင်ပေးတော့မယ်လို့ ဆုံးဖြတ်ချက် ပြင်ချလိုက်တာ။ သူက ဘာမို့လို့ သာလွန်းနေရဲ့ ဘဝခရီးလမ်းကြောင်းပေါ် ဝင်စီမံခန့်ခွဲချင်ရမှာလဲ၊ သူပိုင်သလားအ။ သူပဲပိုင်သလိုလို ဆိုင်သလိုလို လာပြောတဲ့ စကားရင့်ရင့်ကို မကြိုက်လို့ တမင်ပင် သင်ဖို့ ဆုံးဖြတ်လိုက်တာ။





သူက ဒီလိုမသိမသာ လာခြိမ်းခြောက်လျှင် ရှုပ်ရှုပ်ယှက်ယှက် ပြဿနာမတက်ရဲပါဘူး ဆိုပြီး သူယောင်က နောက်ဆုတ်ရှောင်ဖယ် နေလိုက်မည်ထင်ရင် မှားမှာပေါ့။ ကြည့်ရအောင်လေ။ သူယောင်ကသာ သင်ပေးမယ် ပြောလိုက်ရင် သာလွန်းနေ သူယောင်နဲ့ သင်မလား၊ ပပအခေါ်နဲ့ သင်မလားဆိုတာ။

ဒီညနေလည်း သာလွန်းနေကို လာခေါ်ထုတ်သွားခါနီး သူ့ကိုကြည့်သွားတဲ့ မေးစင်းရင့်ကြောတဲ့ ပပ အကြည့်ကို အတော်အမြင်ကတ် အသည်းယား ကျန်ရစ်ရတာ။ ဒါကြောင့်လည်း ခုနစ်နာရီတိတိ ပြန်ရောက်မလာတဲ့ သာလွန်းနေကိုလိုတာထက် ပိုစိတ်တိုနေခဲ့တာပေါ့။

"ဟုတ်တော့ ဟုတ်တယ်၊ စာသင်ရမဲ့ရက်မှာ ခုလိုအပြင်မသွားသင့်ဘူးပေါ့၊ ဒါပေမဲ့ ကျုပ်က ပြန်ရောက်မယ်မီမယ်ပဲ ထင်နေတာဗျ၊ အရောက်ပြန်မယ်လို့ စိတ်ကူးလို့ထွက်သွားတာပါ၊ ဟိုကောင်မလေး နှောက်လို့ နှောက်ကျကုန်တာပါ၊ ဒါကို ခင်ဗျားက ခုလိုဗွေယူတယ် ဆိုရင် ကျုပ် ဒီလို ဖြေရှင်းပြနေရတာတွေ အရှုံးဖြစ်တော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ်က လက်ပိုက်ရပ်နေရင်းက သာလွန်းနေကို မျက်စောင်းတစ်ချက် ထိုးလိုက်ပါသည်။ သူ့ဟာယောကျ်ားပီပီ မိန်းမတွေအကြားထဲက ရန်လိုဝန်တိုမှုတွေကို ရိပ်မိပုံ မရပါဘူး။

"ကဲလေ ... ရှင် နောက်ကို ဒီလို အချိန်နောက်ကျတာ ပျက်ကွက်တာ မဖြစ်ဘူးဆိုရင် ပြီးတာပဲ၊ ကျွန်မက စေတနာနဲ့ ကူညီတဲ့ ကိစ္စတစ်ခုကို စေတနာအရာရောက်ချင်တာပေါ့၊ ဒါဖြင့် စာပြန်သင်တာပေါ့၊ နောက်တောင် ကျလုပြီ၊ ဒီနေ့အဖို့ တစ်နာရီလောက်ပဲ ရှင့်ကို စာသင်နိုင်တော့မယ်"

"ဖြစ်ပါတယ်"

"ရှင့်ကို တစ်ခုတော့ မေးရဦးမယ်"

"မေးလေ"

"ရှင့်ကောင်မလေး ပပက ရှင့်ကို ကျွန်မ စာသင်ပေးမယ်ဆိုတာ သိသလား"

သာလွန်းနေက နှုတ်ခမ်းတစ်ချက် တွန့်ပြုံးရင်း ...

"ကျုပ်ကောင်မလေး မဟုတ်ဘူးဗျ၊ သူငယ်ချင်းပါ၊ ကျုပ်ကို ခင်ဗျား စာသင်ပေးမယ်ဆိုတာ ဒီနေ့မှ သိတယ်"





"အပြင်မသွားခင်ကလား"

"ဟင့်အင်း ... အပြင်မသွားခင်က မသိပါဘူး၊ အပြင်ရောက်မှ ကျုပ်က မြန်မြန်ပြန်မယ်လို့ လောမှ သူက ဘာဖြစ်လို့လဲဆိုလို့ ပြောပြလိုက်တာနဲ့ သူ သိသွားတာပါ"

"ဩော် ... ဒါဖြင့် စာသင်ရမဲ့နေ့လို့ သိလို့ တမင်တကာ လာခေါ်ထုတ်သွားတာ မဟုတ်ဘူးပေါ့လေ"

သာလွန်းနေက နားမလည်သလို မျက်မှောင်တွန့်သွားရင်း ...

"ဘာအဓိပ္ပာယ်လဲဗျ"

"ကျွန်မနဲ့ ရှင့်ကို စာမသင်စေချင်တဲ့ အဓိပ္ပာယ်လေ"

"သူ မသိပါဘူးဗျ၊ အပြင်ကျမှ သိတာပါ"

"အပြင်ကျတော့ သိတော့ရော စာသင်ချိန် လွန်သွားမှာကို အားနာသမှုနဲ့ မြန်မြန်ပြန်ရဲ့လား၊ အချိန်များ ဆွဲမနေဘူးလား"

သာလွန်းနေသည် ဘာတွေ ရစ်မှန်းမသိ ရစ်ကာ တမင်တကာ မကြာ့ကြာအောင် အချိန်ဆွဲနေတဲ့ အတိုင်းပဲလို့ သူကိုယ်တိုင် ထင်မိသည့် ပပရဲ့ ဟန်ပန်တွေကို ပြန်မြင်ယောင်မိကာ ပြုံးစိစိနှင့် ပခုံးတွန့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဗျ၊ သူ အချိန်ဆွဲလို့ ကြာတာပေါ့၊ နောက်ကျတာပေါ့"

"ဟွန်း ... ထင်သားပဲ"

"ဘာထင်တာလဲ"

"ရှင်ကလည်း ရှင့်မှာ လိုအပ်လို့ အကူအညီ တောင်းရတယ်ဆိုတဲ့ အခြေအနေကို သူငယ်ချင်းတွေ နားလည်သဘောပေါက်အောင် ရှင်းပြထားဦးပေါ့"

"အာ ... ကိုယ်လုပ်ချင်တာ လုပ်တာ ဘယ်သူ့မှ ရှင်းပြမနေနိုင်ပါဘူးဗျာ၊ ခင်ဗျားက ဘာကြောင့် ရှင်းပြစေချင်တာလဲ"

"ရှင့်ပပက ကဖျက်ယဖျက်လုပ်မဲ့သဘော ရှိလို့ပေါ့"

"ခင်ဗျားပြောတာ နားမလည်ဘူး"

"စာသင်မယ်လို့ မဖြစ်ခင်တုန်းက စနေနေ့တစ်ရက်မှာ ညနေစောင်းဘက် ရှင်အိမ်မှာမရှိတုန်း သူလာတယ်၊ အန်တီထားက ဧည့်ခံတာပေါ့၊ သူက ကျွန်မကိုစောင်းမြောင်းကဲ့ရဲ့သွားတယ်ရှင့်၊ မသိတဲ့သူကို မတတ်တဲ့သူက သင်ရင်မတောက်တခေါက်တွေ ဖြစ်တော့မှာပဲတဲ့လေ၊ အဲဒါကြောင့် ရှင့်ကို သူ့အစေါ် လက်ချာရာကိုယ်တိုင် သင်ပေးမှာဆိုင်"





သာလွန်းနေသည် မျက်ခုံးကိုမြင့်ကာ အခြေအနေတွေကို ရှိုင့်သဘောပေါက်မိသမျှ ပြုံးစိစိ ဖြစ်လာရကာ ...

"ဪ ... ဒါကြောင့် ခင်ဗျားကလည်း ကျုပ်ကို စာသင်ပြဖို့ ရတ်တရက် ဆုံးဖြတ်လိုက်တယ် ဆိုပါတော့"

"ရှင်သင်ချင်တဲ့သူနဲ့ ရွေးချယ်သင်လို့ ရတယ်နော်၊ ကျွန်မက ပြောပြီးပြီ၊ တစ်အိမ်ထဲ ကိုယ့်မောင်နှမတွေလို သဘောမျိုးမို့ သက်သက်မဲ့ ရှင့်အတွက် ကူညီတဲ့သဘောပဲ"

မောင်နှမတွေတဲ့။ သာလွန်းနေက စိတ်ထဲက ဟက်ဟက် ကျိတ်ရယ်မိကာ သူယောင်မယ့်ရဲ့ ဣန္ဒြေဆည်ထားတဲ့ ရုပ်လေးကို မချိုမချဉ် ကြည့်နေမိပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၉

ဖုန်းအောင်တို့ ရုံးနားက လက်ဖက်ရည်ဆိုင်မှာ ပပ၊ စိုးစိုးနှင့် ဖုန်းအောင်တို့ သုံးယောက် ထိုင်နေကြတာ ဖြစ်သ သည်။ စိုးစိုးအေးက ကော်ပြန့်စိမ်း ပန်းကန်ထဲ အချဉ်ရည်တွေ ဆမ်းနေရင်း ...

"ဖုန်းအောင် ... နင့်ဆီ လာလည်တာ၊ နင်ကျွေးရမှာနော်"

"ဝေါ် ... စားမှာ စားစမ်းပါဟာ"

"အေးလေ ... အဲဒီ စိုးစိုးဟာ စားဖို့သောက်ဖို့ သူများကို ကျွေးခိုင်းဖို့လောက်ကလွဲပြီး ခေါင်းထဲ ဘာပူပင်သောက ကို မရှိတော့ဘူး၊ သူ့ရဲ့အကြီးမားဆုံး သောကဟာ သူ မစားရမှာစိုးတဲ့ သောကပဲ"



ပပက အမြင်ရကတ်သလို မျက်စောင်းထိုးကာ ပြောလျှင် စိုးစိုးက တဟက်ဟက် ရယ်မောကာ ...

"တခြား ဘာပူပင်သောကတွေများ ရှိနေရဦးမှာလဲဟယ်၊ ငါတို့ဘဝတွေ ဒီလောက် အပူပင်ကင်းတာ၊ မိဘတွေက လည်း ဘာမှမခိုင်းဘူးလေ၊ ငါတို့ ရှော့ပင်ထွက်မယ်၊ မုန့် စားမယ်၊ ဒါပဲရှိတာပဲဟာ"

ပပနှင့် စိုးစိုး ဗိုလ်ချုပ်ဈေးနှင့် အက်ဖ်အမ်မ်အိုင် င်တာကို ဈေးဝယ်လာရင်း အဲဒီနားနဲ့နီးတဲ့ ဖုန်းအောင်ကုမ္ပဏီ းကို ခဏဝင်ကြပြီး ဖုန်းအောင်ကလည်း ခဏတဖြုတ် အားနေ၍ က်ဖက်ရည်ဆိုင် ထွက်ထိုင်ကြတာ ဖြစ်သည်။

"နင်ကကော ဘာပူပင်သောကတွေ ရှိနေလို့လဲ"

"ဘာမှ မရှိဘူး"

"ပြီးတာပဲ၊ ဒါများ ငါ့ကို လာရစ်နေသေးတယ်"

"ငါ တစ်ခုစဉ်းစားနေတာ"

ပပက မအောင့်နိုင်ဘဲ ပြောမိသည်။

"ဘာကိုလဲ"

"ကိုသာ့အိမ်က တူဝရီးအကြောင်း"

"ဘာဖြစ်နေပြန်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုသာ့ကို သူ့တူမက စာသင်ပေးနေဘယ်တဲ့လေ"

ဖုန်းအောင်က ခေါင်းညိတ်ကာ ...

"အေး ... သိတယ်လေ၊ ဘာဖြစ်လို့လဲ၊ ငါတောင် ဒီကောင် စာမေးပွဲ ပြန်ဖြေမယ်ဆိုတာ ဝမ်းသာနေတာ၊ အဲဒါ ဒေါ်သက်ထားနွယ် နားပူလို့ဟ၊ ဘာကြောင့်ပဲ ဒီကောင် ပြန်ဖြေဖြေ ပြန်ဖြေဖြစ်တာဟာ ဒီကောင့်အတွက် သိပ်ကောင်းတယ်၊ အဘွားကြီးကို ချီးကျူးရမယ်"

"သူယောင်မယ် ဆိုတဲ့ တစ်ယောက်ကလည်း အိကိုနဲ့ပဲ ပြီးထားတော့ အတော်ပဲပေါ့၊ မာစတာ ဆက်တက်နေတော့ ကိုသာ့ကို ခုလို ကူညီစာရှင်းပြနိုင်တာပေါ့၊ အဆင်ပြေသွားတာပေါ့"

"ဘာအဆင်ပြေတာလဲ၊ ငါ့ အဒေါ်က လိုတာသင်ပေးမယ်လို့ ငါပြောထားသားနဲ့၊ အဲဒီ ကိုသာက ကိုယ်နဲ့ရွယ်တူ ဘန်းတူ မိန်းကလေးတစ်ယောက်ဆီမှာမျှား အောက်ကျစာသင်နေရသေးတယ်"

"စာသင်တာပဲဟယ်၊ အောက်မကျပါဘူး ပပရယ်၊ နင်ကလည်း"





"ဟား ... အဲဒီမိန်းမမျက်နှာက တင်းထားလိုက်တာ သံတုံးကျနေတာပဲ၊ တအားရင့်တာ"

"သူ့ဟာသူ ကင်းတာ၊ ကိုယ့်ကို တင်းတာမှ မဟုတ်ဘဲ"

"ငါ့ကို တင်းတာဟဲ့၊ ဖုန်းအောင်ရဲ့"

"နင့်ကို ဘာဖြစ်လို့ တင်းရတာလဲ၊ ဟိုတစ်နေ့ညဘက်ကပဲ ငါ ကိုသာ့အိမ် ရောက်ပါသေးတယ်၊ ငါတို့ရဲ့နယ်က ဆွေနီးမျိုးစပ်လေးတွေလေ၊ ကိုးတန်း ဆယ်တန်းတော့ ရောက်ပေမဲ့ မအောင်တဲ့ ကောင်မလေးတွေပေါ့၊ ရန်ကုန်မှာ အလုပ်ရချင်တယ်ဆိုလို့ ငါတောင် ကိုသာ့ကို သူ့စက်ရုံမှာ ခန့်ပေးဖို့ သွားပြောသေးတယ် ...

ငါသွားတော့ ကိုသာက ရေချိုးနေလို့ အောက်ထပ်မှာ အဲဒီ သူယောင်မယ်နဲ့ပဲ ငါ ခဏစကားထိုင်ပြောရင်းစောင့်ရတယ်၊ ငါ့ကိုတောင်မကဘူး၊ ငါ့ဆွေမျိုးဝမ်းကွဲ သင်းသင်းတို့ ဝင်းဝင်းတို့ကိုတောင်မှ သူက ကောင်းကောင်းပဲ စကားပြောဆိုတာပဲ"

"နင်က ဘာလို့ သူနဲ့ စကားသွားပြောရတာလဲ"

"ဟယ် ... ပြောတော့ ဘာဖြစ်လဲ၊ ဘာဖြစ်လို့ မပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် သွေးနှားထင် ရောက်နေတဲ့ မိန်းမကို"

"မရောက်ပါဘူးဟယ် ပပရယ်၊ ငါနဲ့ အေးအေးဆေးဆေး စကားပြောလာတာပါ၊ သူက ထိုင်ပါဦး ဆိုတော့ ငါက ထိုင်ရင်းနဲ့ ဒီနေ့ စာသင်ဖို့ရှိလား မေးတာပေါ့၊ ခဏပဲ အလုပ်ကိစ္စပြောချင်လို့ပါ ဆိုတော့ သူက စာသင်မဲ့ရက် မဟုတ်ပါဘူးဆိုပြီး ဝင်ထိုင်စကားပြောတာပေါ့ ...

ငါကလည်း ကိုသာ စာမေးပွဲပြန်ဖြေဖြစ်မှာ ဝမ်းသာ စရာကောင်းတဲ့အကြောင်း အန်တီနဲ့ သူနဲ့ကြောင့် ဖြေဖြစ် တာပါဆိုတော့ ... သူက ..."

"အမယ်လေး စိုးစိုးရယ်၊ နင်က ဒီမိန်းမကိုများ သွားမြှောက် ပင့်နေသေးတယ်၊ အလကား အောက်သွားကျို့နေတယ်"

"ဟယ် ... နင် မှားနေပြီ ပပရဲ့၊ ငါအောက်မကျို့ပါဘူး လူလူချင်း ဘယ်သူကမှလဲ ဘယ်သူ့ကိုမှ အောက်ကျို့နေ ဖို့ မလိုဘူး၊ ရိုးရိုးပဲ စကားပြောဆိုကြတာပဲ၊ ကိုသာ ဆင်း လာတော့ သင်းသင်းတို့ကို ဟိုမေးဒီမေး နည်းနည်းမေးနေ တုန်း သူကတောင် အလုပ်ကိစ္စထဲ ဝင်ဆွေးနွေးနေသေး တယ်၊ အတူတူ ဝိုင်းဖွဲ့ထိုင် စကားပြောနေကြတာပဲ"





"ဩော် ... ကိုသာက သူနဲ့ အဲဒီလို ရင်းနှီးနေပြီပေါ့"

"တစ်အိမ်တည်း နေနေကြတာပဲလေ၊ ဒီပုံစံဟာ မှုမှန်ပုံစံ ပဲဟာ"

"အစက တည့်မှမတည့်တာ"

"သူတို့နှစ်ယောက်လုံးက ပုံစံက အများမခံ အကြောမခံ ကြလို့ နည်းနည်း တင်းစရာတွေ ရှိခဲ့တာ ဖြစ်မှာပေါ့၊ အခုတော့ ကိုသာ့ အနေနဲ့လည်း သူ့ကို စာကူသင်ပေး နေတဲ့သူကို အထိုက်အလျောက် လေးစားရမှာ ဖြစ်သလို၊ သူယောင်မယ် အနေနဲ့လည်း သူ စာသင်ပေးနေရတဲ့ သူ တစ်ယောက်အပေါ် သဘောထားကြီးရမှာပဲလေ၊ ဒီတော့ ပြေလည်လာတာပေါ့"

ပပ မျက်နှာက ပိုပြီးတောင် မကျေမချမ်း စူပုပ် လာသည်။ ဖုန်းအောင် ကတော့ မိန်းကလေးနှစ်ယောက်ရဲ့ အမူ အရာတွေ စကားတွေကို နားထောင်ကာ ရိုးရိုးသမားနှင့် ဆန်းဆန်း သမား အမြင်မတူတာကို သဘောပေါက်ရင်း ခပ်ပြုံးပြုံး ငြိမ်နေ ပါသည်။

"ဟိုက တမင်ပြေလည်အောင် လုပ်နေသလားမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲ ပပရဲ့"

"သူတို့ ဒီအိမ်ပေါ်က မဆင်းရရေးပေါ့ဟယ်"

ဒီတစ်ကြိမ်တော့ စိုးစိုးလည်း ပြန်မချေနေ့တတ်ပါးစပ်ပိတ်သွားရပါသည်။

"စဉ်းစားကြည့်လေ၊ အခိပ္ပာယ်မှ မရှိတာ၊ ကိုသာ့အိမ်မှာ ခုမှစ,မြင်ဖူးတဲ့ မိထွေးဆိုတဲ့ မိန်းမကြီးတစ်ယောက်ရယ်၊ မိထွေးရဲ့ တူမဆိုတာရယ် အခန့်သားနေနေကြတာလေ၊ ကိုသာ ပြန်ရောက်လာရင် ပုံမှန်အတိုင်း ဆိုရင် သူတို့ ရွှေ့ပြောင်းသွားရမှာပဲလေ"

"ဒါပေမဲ့ ပပရယ်၊ ဒေါ်သက်ထားနွယ်ဟာ ကိုသာ့အဖေကို ယူထားတဲ့ မိန်းမတစ်ယောက်ပဲ၊ သူ့အဖေနဲ့ နှစ်နှစ်တော့ ပေါင်းလိုက်သေးတာပဲ၊ ယူတာ မကြာသေးဘူး အန်ကယ်လ် ပန်ကရိယပ်စ်ရောဂါဖြစ်လို့ ခွဲရတော့လည်း သူပဲ ပြုစုရတာပဲလေ၊ သူနဲ့သာ ယူမထားရင်တော့ အန်ကယ့်လ်ကို အဲဒီအချိန်မှာ ဘယ်သူ ကိုယ်ဖိရင်ဖိ ပြုစောင့်ရှောက်ပေးမလဲ တွေးမရဘူး"

"ဒါကတော့ အဲဒီအခါကျလည်း အလိုအလျောက် ပြေလည်သွားမှာပေါ့ဟယ်၊ ပြီးတော့ အန်ကယ်နဲ့ ယူတယ်ဆိုတာ





ကော တရားဝင် လက်မှတ်ရေးထိုးယူတာ ဟုတ်ရဲ့လား မသိဘူး"

"အာ ... နင်ကလည်း၊ ဒီအရွယ်ကြီးတွေဖြစ်မှ လက်မှတ်မထိုးဘဲနဲ့တော့ လစ်ဗင်းတွဂဲသား လုပ်ပါမလား၊ သူတွေ ဘာတွေ မဖိတ်ဘဲ တရားရုံးပဲသွားပြီး လက်မှတ်ထိုးလိုက်ကြမှာပေါ့၊ သူ့အဖေ ယူထားတဲ့ မိန်းမတစ်ယောက်ကို သူ့အဖေဆုံးတာနဲ့ အိမ်ပေါ်က နှင်ချလိုက်တယ် ဆိုတာ မျိုးအထိတော့ ကိုသာက ဘယ်သဘောထား သေးပါ့မလဲ၊ ပတ်သက်ရာ ပတ်သက်ကြောင်းက ရှိလာပြီပဲ"

"အခုက သူတို့တူဝရီးကလည်း သူတို့ကို အမွေခွဲမပေးဘဲနဲ့တော့ ဘယ်ဆင်းပေးတော့မလဲ"

ငွေကြေးအမွေအနှစ် ပိုင်ဆိုင်မှုကိစ္စတွေကို ကွက်ချက်နေတဲ့ ပပကို စိုးစိုးအေးက စိတ်ညစ်သလို တစ်ချက်ကြည့်ရင်း ...

"ဒါတော့ဟယ်၊ သူလည်း နှစ်နှစ်ခွဲတော့ ပေါင်းထားသေးတာပဲ၊ တစ်လ နှစ်လလောက်ပေါင်းပြီး သေရရင်တောင် လင့်ပစ္စည်း မယားတစ်ဝက်ဆိုင်၊ မယားပစ္စည်း လင်တစ်ဝက်ဆိုင် ဆိုတာတွေ ရှိတာပဲ ပပရဲ့၊ သူ ဘာမှမရလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါဟာ ကိုသာနဲ့ ဒေါ်သက်ထားနွယ် ကြားထဲက တစ်ယောက်ကို တစ်ယောက် နားလည်မှု ထောက်ထားမှုတွေနဲ့ပဲ သက်ဆိုင်ပါတယ်"

"ပြီးတော့ ကိုသာက ပေါ့ပေါ့ဆဆပဲ၊ သူရောက်လာတယ်ဆိုရင် သူ့အဖေ အခန်းထဲက မီးခံသေတ္တာသော့တို့ ဘာတို့ သူ တောင်းရ စစ်ရမှာပေါ့"

"အခု ဒေါ်သက်ထားနွယ်ဆီမှာလား"

"အင်းပေါ့၊ ငါ တစ်ခါပြောဖူးတော့ ကိုသာက သူ့အဖေမှာ ပိုက်ဆံလည်း ဘာမှမရှိပါဘူးတဲ့၊ သူ ကိုရီးယားသွားဖို့ လုပ်ပေးလိုက်တာ အောက်ပြတ်ပဲတဲ့၊ လစဉ်ဝင်ငွေပဲရှိတာ၊ ဘာမှစုဆောင်းမိနေစရာလဲ မရှိဘူးတဲ့၊ မီးခံသေတ္တာသော့ ဆိုတာကို သူငယ်ငယ်ကတည်းက တစ်ခါမှလည်း မကိုင်ခဲ့ မဖွင့်ခဲ့ဘူး ဆိုတော့ စိတ်လည်း မဝင်စားပါဘူးတဲ့"

"ပိုက်ဆံမရှိတောင် မီးခံသေတ္တာထဲ ဆိုတော့ စာရွက်စာတမ်း စာချုပ်တွေ ပိုင်ဆိုင်မှုတွေ ဘာတွေတော့ ရှိမှာပေါ့"

"အေးပေါ့၊ ကိုသာ တစ်ယောက်ဟာ အဲဒါတွေလည်း တဆုံးတစ မတွေးဘူး၊ လူတိုင်းကို သူ့လိုပဲ မှတ်နေတယ်၊





အိမ်ပိုင်ဆိုင်မှု စာချုပ်တွေ ဘာတွေ ဆိုတာ အရေးကြီးတာပဲ"

"သူ စိတ်ချတဲ့ သဘောပေါ့ဟယ်"

"ဘာပဲဖြစ်ဖြစ် ဒီအိမ် ဒီခြံနဲ့ ပတ်သက်ပြီးတော့တော့ အရှုပ်အရှင်းတွေ ဖြစ်ရဦးမှာပဲ"

"ဖြစ်ချင်မှလည်း ဖြစ်မှာပေါ့၊ ပြေပြေလည်လည်ပဲ ခွဲခြမ်းရင်လည်း ခွဲခြမ်းကြမှာပေါ့၊ ဖြစ်လာတော့ရော ကိုသာ စိတ်ရှုပ်ရမှာပါ၊ နင်စိတ်ရှုပ်ရမှာ မဟုတ်ပါဘူး မိပရယ်"

"ကိုသာ့အတွက် ငါက တွက်ပေးနေတာပေါ့ဟဲ့"

"အမယ်လေးနော် ... အပူမရှိ အပူရှာ"

"ဟဲ့ ... စိုးစိုး၊ နင်က ငါပြောတာကို တစ်ခွန်းထောက်ခံတယ်ကို မရှိဘူး၊ ကဖျက်ယဖျက်တွေပဲ ပြောနေလိုက်တာ၊ ကိုသာ့အတွက် နင်မနာဘူးလား"

စိုးစိုးက တကယ် အံ့သြသံနှင့် ...

"ဘာကိုနာရမှာလဲ"

"ကိုသာ ရသင့်ရထိုက်တာ မရမှာကိုပေါ့"

"ကိုယ့်သူငယ်ချင်းပဲဟယ်၊ သူ ရသင့်တာ ရစေချင်တဲ့စေတနာတော့ ရှိတာပေါ့၊ ဒါပေမဲ့ အဲဒီရသင့်တာဘ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ဆိုတဲ့ ထင်မြင်မှု ဆုံးဖြတ်မှုတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူဘူးပေါ့၊ နင်က ဒေါ်သက်ကားနှယ် တစ်စိတ်တစ်ပိုင်း ရသွားမှာကို စိုးရိမ်နေတာ ငါကတော့ သူလည်း လိုက်သင့်သလောက်တော့ ရထိုက်ပယ် ထင်နေတာ၊ မဟုတ်ဘူး၊ ဒီတော့ အငြင်းပွားနေလို့ အလကားပဲ၊ ကိုသာ သူကျေနပ်သလို ဆုံးဖြတ်လိမ့်မယ်၊ ကိုသာ့ ခေါင်းထဲ ဒီငွေရေးကြေးရေး ပိုင်ဆိုင်မှုကိစ္စ သိပ်ရှိပုံမရပါဘူး"

ပပက စိတ်တိုတဲ့ မျက်နှာပုပ်ပုပ်နှင့် ...

"တော်ပြီ ... နင်က ကိုသာ့ အတွက် စိုးရိမ်မပေးပါဘူး"

"ဘာကို စိုးရိမ်ရမှာလဲ၊ ဖုန်းအောင်၊ လုပ်ပါဦး၊ ငါမှားနေလို့လား"

ဖုန်းအောင်က ပြုံးစိစိ ငြိမ်နေပြီးမှ ...

"ဒါတွေက ဟိုကောင့်ကိစ္စပါဟာ၊ သူ ကလေးလည်း မဟုတ်ဘူး၊ အေးလူက ဘာတွေဝင်ပြီး ဖြစ်စေချင်နေနေ ကိုသာ အဓိကပဲ၊ ငါတို့ ဆွေးနွေးနေဖို့ မလိုပါဘူး"

"အေး ... အဲဒါ ဟုတ်တယ်"





စိုးစိုးက ခေါင်းညိတ် ထောက်ခံလိုက်ပါသည်။ ပပကတော့ ဖုန်းအောင်ကိုပါ မကျေမနပ် မျက်စောင်းထိုးလိုက်ပါသေးသည်။

"သူတို့ နေစရာ တခြားမရှိလို့သာ ဒီအိမ်ပေါ် ဆက်နေနေတာပဲ၊ နေစရာမရှိဘူး ဆိုကတည်းက မဆင်းကြရအောင်လည်း ကြံစည်ကြိုးစားမှာပဲ၊ ဒေါ်သက်ထားနှယ်ဟာ ကိုသာ့ကို သူ့ဘူမနဲ့တောင် လှော်ပေးနိုင်တယ်"

"ဩော် ... နင်က ဒါကို ပူနေတာလား"

ပပက မဖြေ။

"ဒါကတော့ဟယ် ... ကိုသာက သူ ကြိုက်ရင်တော့ စိတ်ပါသွားမှာပေါ့၊ သူ မကြိုက်ရင်တော့ ဘယ်စိတ်ပါပါ့မလဲ၊ သူ ကြိုက်သွားရင်တော့ ဘယ်သူက တားလို့ရမှာလဲ ပပရယ်"

စိုးစိုးက ပပကို မသိမသာ ဖျောင်းဖျသလိုဆိုသည်။ သာလွန်းနေ အပေါ် ပပ ထားရှိတဲ့ သံယောဇဉ်ချင်းထက်ပိုတဲ့ သံယောဇဉ်နှောင်တွယ်မှုကို မိန်းမချင်းမို့ စိုးစိုးအေးလည်း ရိပ်မိတာပဲလေ။ သာလွန်းနေဘက်ကတော့ စိုးစိုးကို ခင်သလိုပဲ ပကတိ ဖြူစင်ရိုးသားတဲ့ ခင်မင်မှုပဲ ရှိနေတာ စိုးစိုး သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောလိုက်ရင်တော့ ပိသလေးနဲ့ ဘောမထုတာ တစ်ခွန်းမှ မပါဘူး"

ပပ ကျွဲမြီးတိုနေပုံကို စိုးစိုးက တဟင်းဟင်း ရယ်လိုက်မိပါသည်။ မိန်းကလေးချင်းမို့ တစ်ဖက်သက် မျှော်လင့်ရတဲ့ ပပရဲ့ အဖြစ်ကိုလည်း ကိုယ်ချင်းစာ သနားမိပါသည်။ သို့ပေမဲ့ ဒါမျိုးဟာ ကြိုးစားပန်းစား ပုံသွင်းဖန်တီးယူနေလို့သည်း ဖြစ်မလာတတ်တဲ့ အရာဆိုတာကိုတော့ နားလည်မှုရှိကာ ပပ ဖြေသိမ့်နိုင်စေချင်သည်။

ကိုသာဟာ သူယောင်မယ်ကို ကြိုက်ချင် ကြိုက်သွားမည်၊ မကြိုက်ချင်လည်း မကြိုက်သွားဘူး ဆိုပေမဲ့ ပပကိုတော့ ဘယ်တော့မှ ကြိုက်လာလိမ့်မှာ မဟုတ်ဘူးဆိုတာ စိုးစိုး ဘောက အကဲခတ်လို့ ရနေသည်။ ဒါကြောင့် ပပကို မျှော်လင့်ချက်နှင့် မောမနေစေလိုပေ။

"ဟုတ်ပါတယ်ဟာ၊ ဒေါ်သက်ထားနွယ်က သူ့တူမကို နားချပြီး ညွှန်ကြားနေမှာပါ၊ ဒါကြောင့် ခုနောက်ပိုင်း ပြေလည်ချင်သလို ဖြစ်လာတာ"

ဖုန်းအောင်က နားညည်းလာသလိုနှင့် ...





"သာလွန်းနေက မကြိုက်ရင် ဘာမှဖြစ်မလာပါဘူးဟာ၊ သူ ကြိုက်ရင်တော့ ငါတို့က တားလို့ရမလား၊ သူ့အဖေ အမေလည်း မဟုတ်"

"မရိုးသားတဲ့ ဟာတွေကို ကြိုက်မိရင် ဘယ်လိုလုပ်မလဲ"

"ဘာမရိုးသားတာလဲ"

"ကိုသာ့အိမ်တို့ ခြံတို့ကို လက်မလွှတ်ရအောင် ကိုသာ့ကို အပိုင်ဖမ်းရင် ဖမ်းလိုက်မှာပေါ့"

"အလကား ရှာရှာဖွေဖွေတွေ ခေါင်းစားမနေစမ်းပါနဲ့ ပပရာ၊ ကဲ ... ကဲ ... ပြီးရင် ထ,ကြမယ်၊ ငါရုံးပြန်ဝင်ရဦးမှာ"

"နေဦး ... နေဦး ... ပေါက်စီတစ်ဝက် ကျန်သေးတယ်"

စိုးစိုးအေးက ပေါက်စီတစ်ဝက်ကို ခပ်သွက်သွက် ကိုက်ဝါးစားနေပါသည်။ အအေးပုလင်းကို နောက်ဆုံး စုပ်သောက်လိုက်တဲ့ ပပက ဆိုင်အပြင်ဘက်သို့ ကြည့်နေရာမှ ...

"ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ"

"ဘာလဲ"

စိုးစိုးက ပြူးပြူးပျာပျာ ရှာဖွေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဣန္ဒြေနဲ့ နေစမ်းပါ၊ နင်ပျာယာခတ်တာနဲ့ ငါတို့ကို မြင်သွားတော့မှာပဲ"

"ဘယ်သူလဲ"

"ဟိုမှာ သူယောင်မယ်"

သူယောင်မယ်သည် စာအုပ်တချို့ကို ပွေ့ပိုက်ထားကာ ပလက်ဖောင်းပေါ်မှာ ကောင်မလေးတစ်ယောက်နှင့် ပြုံးပြုံးရယ်ရယ် ရပ်၍ နှုတ်ဆက်စကား ပြောနေပါသည်။ သူယောင်မယ်ရဲ့ ပြုံးထားသော မျက်နှာကလေးဟာ နုနည့်ချောမောလှပါသည်။ ခပ်တည်တည်ကလေး နေတာသာ တွေ့ဖူးနေကျမို့ သဘောတကျ ပြုံးပြုံးရယ်ရယ် ရှိနေတဲ့အခါ အမြင်ဆန်းပြီး ဖုန်းအောင်ရော စိုးစိုးအေးပါ သူယောင်မယ်ကို ငေးမောစိုက်ကြည့်နေလိုက်မိကြသည်။

"ဟဲ့"

ပပက စားပွဲကိုထုရင်း …

"ဘာဖြစ်ရတာလဲ၊ နင်တို့နှစ်ယောက်က"

"ကြည့်နေတာလေ … ဘာမှ မဖြစ်ပါဘူး၊ နင်ပဲ ပြပြီးတော့"





"ပြပေမဲ့ ဒီလောက် ကြည့်စရာလား၊ ဖုန်းအောင် တစ်ယောက်လည်း ပါးစပ်ကြီးကို ဟပြဲနေတာပဲ ကြည့်နေတာ"

ဖုန်းအောင်က အရှက်ပြေ "ဟဲ"ခနဲ ရယ်ရင်း …

"အဲဒီအမျိုးသမီးက အတော်တော့ လှတယ်ဟ"

ပပကတော့ သူ့စိတ်ဝင်စားမှုနှင့်သူ သူယောင်မယ်နှင့် စကားလက်ဆုံကျနေတဲ့ မိန်းကလေးကိုသာ ဝမ်းသာအားရ စိုက်ကြည့်နေပါသည်။ အဲဒီမိန်းကလေးနာမည်က မီမီဝင်း ဖြစ်ကာ ပပရဲ့အစ်မရဲ့ သူငယ်ချင်း မနီနီဝင်းရဲ့ ညီမဖြစ်တာကို သူသိသည်။ တအားကြီး မရင်းနှီးသော်လည်း တွေ့ရင်တော့ ပြုံးပြနှုတ်ဆက်ကြတဲ့ သိကျွမ်းမှုမျိုးတော့ ပပနှင့်အကြား ရှိပါသည်။

နေပစေဦး။ သူ ပပကို မမြင်ပစေနှင့်ဦး။ ထို့ကြောင့် ဖုန်းအောင်ကို …

"ဟဲ့ … အခု မထနဲ့ဦး၊ သူတို့သွားမှ ငါတို့လည်း ဆိုင်ထဲက ထွက်မယ်"

"ဘာဖြစ်လို့လဲ"

"အခုထွက်ရင် သူယောင်မယ်နဲ့ စကားပြောနေတဲ့ ကောင်မလေးကို ငါ ပြုံးပြနှုတ်ဆက်နေရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ သိတယ် ဟုတ်လား၊ ဘာဖြစ်လဲ ပြုံးပြနှုတ်ဆက်လိုက်ပေါ့"

"ငါနဲ့ အဲဒီ မီမီဝင်း သိတာ၊ သူ့ယောင်မယ် သိသွားဦးမယ်"

"သိတော့ ဘာဖြစ်လို့လဲ"

ဖုန်းအောင်နှင့် စိုးစိုးက ပပကို တအံ့တသြ ကြည့်နေမိကြပါသည်။

"သြော် ... ဘာမှမဟုတ်ပါဘူးဟဲ့၊ နင်တို့နှစ်ယောက် ငါ့ကိုကြည့်နေပုံကလည်း၊ ငါကပဲ ဘာတွေကောက်ကျစ်တော့မလဲဆိုတဲ့ပုံမျိုး ကျနေတာပဲ၊ ငါက အဲဒီ မီမီဝင်း ဆီမှာ သူ့ယောင်မယ်တို့ တူဝရီးအကြောင်း ဘာများသိလဲလို့ နည်းနည်း မေးမြန်းစုံစမ်း ကြည့်ချင်တာလေးပါဟဲ့"

"ဘာကို စုံစမ်းမှာလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ သိရသမျှပေါ့"

စိုးစိုးက ပပကို နားမလည်သလို ကြည့်နေပါသည်။ ဘာတွေသိရတော့ ဘာထူးမှာမို့လဲ။ ပပ ပုံစံက မကောင်းသတင်း နောက်ခံများ ကြားသိရမလားလို့ မျှော်လင့်နေတဲ့ပုံ ရသည်။ သာလွန်းနေရဲ့ မိထွေးနှင့် မိထွေးရဲ့တူမအပေါ် သဘောရိုးနှင့်





သာမန်အမြင် မမြင်နိုင်ဘဲ သံသယအမြင်တွေနှင့် မကောင်းတဲ့ဘက်ကသာ မြင်ချင်နေတဲ့ ပပရဲ့ သဘောထားကို စိုးစိုးအနေက ရင်မောသက်ပြင်းချမိသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

သာလွန်းနေသည် လက်ကနာရီကို တစ်ချက်ကြည့်လိုက်ရင်း ...

"ကဲ ... ဒေါ်ပပ၊ ပြန်ပေတော့"

ဒန်းပေါ် အေးအေးသက်သာ ထိုင်နေသော ပပရဲ့ မျက်နှာဟာ ချက်ချင်းရှုပ်သွားရကာ ...

"ဘာဖြစ်လို့ ပြန်ရမှာလဲ၊ ခုနကပဲ ရောက်တာ"

"ခုနကတော့ မဟုတ်ပါဘူးဟာ၊ နာရီဝက်ကျော်ပါပြီ"

"ဟာ ... နာရီဝက်ဆိုတာ ညှော်သည်တစ်ယောက်ကို နှင်ထုတ်ရလောက်အောင် မလုံလောက်သေးပါဘူး ကိုသာရယ်"





သာလွန်းနေက စူတင်းနေတဲ့ ပပရဲ့ မျက်နှာကို ငုံ့ကြည့်မိကာ ...

"နင်က ဒီအချိန်နားကပ်ပြီးမှ လာတာကိုးဟ၊ လာရင်လည်း စောစောလာပါလား"

"ဘယ်အချိန်လဲ"

"စာသင်ချိန်လေ၊ ခုကြည့်လိုက်လေ၊ ခုနစ်နာရီတိတိ ဖြစ်နေပြီ၊ ငါ နင့်ကို အချိန်ခိုးပြီး ပြောနေတာ မဟုတ်ဘူးနော်၊ အတိမှ ငါပြောတာ"

ခုတော့ သာလွန်းနေဟာ သူယောင်မယ်ရဲ့ ပပကို စွပ်စွဲစကားကို သဘောပေါက် လက်ခံလိုက်ပြီ ဖြစ်သည်။ အင်္ဂါသောကြာ စာသင်တဲ့ရက်မှန်း သိပါလျက် သိသိနှင့် တမင် အင်္ဂါသောကြာညနေတွေကျမှ အိမ်ကို ရောက်ရောက်လာတတ်သည်။ ပြီးတော့ စောစောစီးစီး လာတာလည်း မဟုတ်။ ခြောက်နာရီခွဲလောက်မှ ရောက်လာတာ ဖြစ်သည်။

တမင်တကာ ပပ လာလာလုပ်နေတာ ဆိုတာ သာလွန်းနေ ကိုယ်တိုင်ကိုယ်ကျ လက်ခံလိုက်ရပြီ ဖြစ်သည်။ တစ်ခါတစ်ရံတော့ အကြောင်းကိစ္စတစ်ခုခု ပါလာတတ်သည်။ အရေးတကြီးပုံစံမျိုးလည်း ဖမ်းလာတတ်သည်။ တစ်ခါတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တော့ ပျင်းလို့ အေးအေးလူလူ လမ်းလျှောက်ထွက်လာတဲ့ ဟန်မျိုးနှင့်တည်း။

"အင်္ဂါနေ့နဲ့ သောကြာနေ့ကျရင် ငါ့ကို သူယောင်မယ် စာသင်တယ်ဆိုတာ နင် သိတယ် မဟုတ်လား ပပရာ"

"မသိပါဘူး၊ ဘယ်နေ့မှန်း ဘယ်သူက မှတ်မိမှာလဲ၊ အမှတ်တမဲ့ပဲ"

"အေး ... အဲဒါဆိုရင် မှတ်လိုက်ဟာ၊ အင်္ဂါရယ် သောကြာရယ် ခုနစ်နာရီထိုးရင် ငါ မအားတော့ဘူးဟ"

သာလွန်းနေက ပြောရင်း မတ်တတ်ထရပ်လိုက်ပါသည်။ စကားစ,ဖြတ်တဲ့ သဘောပင်။ "ကဲ ... ပြန်တော့"လို့ ယတိပြတ် မပြောရုံတမယ် ပြန်ဖို့ အမူအရာပြ အချက်ပေးလိုက်တာပင်။

"ဟယ် ... ကြည့်စမ်း၊ ငါ အခုမှ သတိရတယ်၊ နောက်လဆန်း ကျော်လင်းထွန်း ပြန်လာမယ်တဲ့ သိလား"

"ငါ သိပြီးပါပြီ၊ ဖုန်းအောင် ငါ့ကို ပြောပြီးပြီ"

"အဲဒါ အဲဒီနေ့ကျ သူ့ကို သွားကြိုမလား"

"အင်း ... ကြိုရင်လည်း ကြိုတာပေါ့"

"ငါတို့ ဘယ်လိုချိန်းမလဲ၊ ပြောဦးလေ"





ပပကတော့ ရစ်နေပြီ။ သာလွန်းနေက စိတ်မရှည်လှတော့ကာ ...

"သူ ဘယ်ရက်လာမယ်၊ ဘယ်လေယာဉ်နဲ့ ဘယ်အချိန်ရောက်မယ်၊ ဘာတစ်ခုမှ မသိသေးဘဲနဲ့ ဘယ်လိုချိန်းမှာလဲ၊ အပိုတွေ လုပ်မနေစမ်းပါနဲ့ ပပရာ"

ပပက မျက်နှာပျက်သွားရကာ ...

"ဘာအပိုတွေလဲ"

"အခု ကြိုပြောနေတာ အပိုဖြစ်နေတာပေါ့၊ နီးမှပြန်ချိန်းမယ်၊ ကဲ ... ငါတက်တော့မယ် ပပရ"

"နေဦး ... ငါ့ကို ဟိုဘက်လမ်းကွေ့ထိပ်ထိ လမ်းလျှောက်ပြီး လိုက်ပို့ပေးဦး"

"ဟာ ... နင်ကလည်း၊ နောက်လမ်းက ပတ်ပြန်၊ အနီးလေးကို၊ နင် ဒီတိုင်းပဲ တစ်ယောက်တည်း လာခဲ့တာပဲ၊ ခုမှ ပို့ခိုင်းနေတယ်"

"မှောင်ပြီလေ"

"ကျွတ် ... နင်ကတော့ ရစ်နေပြီ"

"အဲဒီလမ်းထောင့်ခြံက ခွေးကြီးတွေက ဆိုးတယ်၊ ငါ ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာတုန်းကတော့ မကြောက်ဘူးလား"

"မှေ့နေလို့ မကြောက်တာပေါ့"

"အမြဲလာနေကျများဟာ၊ ခွေးတွေကလည်း ခြံထဲပဲနေတာ။ အပြင်ထွက်ရတာမှ မဟုတ်တာ"

"ခြံရှေ့က လူဖြတ်ရင်လည်း တအားဟောင်တာပဲဟဲ့"

"ကဲ ... နင်နဲ့တော့ ခက်နေပြီ၊ ဂျမ်းဘုံ ... ဂျမ်းဘုံ"

သာလွန်းနေက သိပ်စိတ်မရှည်ချင်တော့ဘဲ အိမ်ထဲဘက်လှည့်ကာ အော်ဟစ်ခေါ်လိုက်ပါသည်။

"ရှင်"

"မရှင်နဲ့ ... ဒီကိုလာ"

ဂျမ်းဘုံ တဘုတ်ဘုတ်နှင့် အပြေးထွက်လာသည်။

"ဒီအစ်မနဲ့ နင် လိုက်သွားလိုက်၊ ဟိုးနောက်ဘက်လမ်းကွေ့ထောင့်အထိ လိုက်ပို့လိုက်၊ အဲဒီကျ သူကွေ့ချိုးသွားပြီးရင် နင် ပြန်လာခဲ့၊ နားလည်သလား"

"ဟုတ်ကဲ့ ... နားလည်တယ်"

"သွားတော့"

ဂျမ်းဘုံက ရှေ့က ကြိုထွက်သွားတော့ရာ၊ မျက်နှာမဲ့ပျက်နေတဲ့ ပပကို သာလွန်းနေက စေ့စေ့မကြည့်တော့ဘဲ –





"အိုကေနော် ပပ၊ ငါ တက်ပြီ"

အိမ်ပေါ်ကို သာလွန်းနေ အပြေးတက်ခဲ့ရင်း သက်ကနာရီကိုကြည့်သည်။ ခုနစ်နာရီ ခုနစ်မိနစ်။ အင်း ... အနည်းဆုံး ခုနစ်မိနစ်လောက်တော့ နောက်ကျအောင် နှောင့်ယှက်လိုက်သေးတာပဲ။ သူကလည်း ခုနစ်မိနစ် မပြောနှင့် နှစ်မိနစ်လောက်တောင် နောက်မကျချင်တော့သူမို့ စာအုပ်တွေ အပြေးတက်ယူကာ ပပကို ပွစိပွစိ ရွတ်ဖတ်နေမိသည်။

သက်သက်မဲ့ သူယောင်မယ် စိတ်အနှောင့်အယှက်ဖြစ်ရအောင် လုပ်တာပင်။ ဒါပေမဲ့ သူပါ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ စာသင်လာခဲ့တာ ရက်မနည်းလှတော့ သူသည် မျက်နှာတည်တင်းတင်းလေးရဲ့ နောက်ကွယ်က စေတနာနှင့် ကျွမ်းကျင်မှုတို့ကို ခင်မင်လေးစားမိလာပါသည်။ စိတ်ပါလို့ပဲသင်သင်၊ စိတ်မပါလို့ပဲသင်သင် သူယောင်မယ်ဟာ သူ့ကို ဂရုတစိုက်နှင့် အခြေခံကစပြီး အပင်ပန်းခံ ရှင်းပြပြောပြသည်။

သူကလည်း စာညံ့ရတဲ့အထဲ တစ်ခါတစ်ရံ သူယောင်မယ်ထံက ရှင်မတောင်သနပ်ခါးနံ့ သင်းသင်းကို စိတ်ရောက်ကာ ဘာပြောလို့ ပြောသွားမှန်း မသိ။ သူ့ဘဝမှာ နီးနီးကပ်ကပ်နေခဲ့ဖူးတဲ့ ရင်းနှီးတဲ့ မိန်းမတွေထဲတွင် မေမေရော သူငယ်ချင်းကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးတွေပါ သနပ်ခါးလိမ်းကြပုံမရ။ သူတို့ပါးပြင်တွေပေါ်မှာ တစ်ခါမှ ဖြူဖြူစင်းကြား ပါးပါးကလေးတွေ မမြင်ခဲ့ရဖူးပါ။

သနပ်ခါးနံ့ဆိုတာကို သူ ရင်းရင်းနှီးနှီးကို မသိ။ ခုမှပဲ သနပ်ခါးနံ့ဆိုတာဟာ အေးမြသင်းပျံ့ကာ ရင်ကို တစ်မျိုးလေး အေးစေတဲ့ ရနံ့တစ်ခုဆိုတာ သူ သိရသည်။ သူ့စိတ်တွေ ဘယ်ရောက်နေလို့ စာကို မရှင်းတာပင်ဖြစ်စေ သူယောင်က သူ နားမလည်ဘူးဆိုရင် မမောမပန်း စိတ်ရှည်လက်ရှည် အထပ်ထပ် ပြန်ရှင်းပြပေးပါသည်။

မျက်နှာကြော တင်းသလောက် စေတနာစိတ်ကောင်းတော့ ရှိတဲ့ကောင်မလေးလို့ သူယောင့်ကို သူ နားလည်နေပြီ။ ဒါကြောင့်လည်း သူဟာ စာသင်ချိန်ကို အလေးအနက်ထားလေးစားစိတ် ထားလာမိတော့တာ။ '

"ဂျမ်းဘုံရေ ... ငါ အဆင်သင့် ဖြစ်ပြီလို့"

ထုံးစံအတိုင်း ဂျမ်းဘုံကို သွားခေါ်ခိုင်းဖို့ အော်လိုက်မိပြီးမှ ဂျမ်းဘုံကို ပပနှင့် ထည့်လွှတ်လိုက်တာ သတိရမိသည်။ ထို့ကြောင့် သူကိုယ်တိုင်ပင် သူယောင့် အခန်းရှေ့လာကာ ...

"စာသင်လို့ ရပြီဗျို့"

တစ်ခွန်း အော်လိုက်လျှင် ချက်ချင်းလိုပင် အထဲက ...





"ဒီနေ့ စာမသင်တော့ဘူး ကိုသာလွန်းနေ"

သာလွန်းနေသည် မျက်ခုံးတွန့်သွားရကာ ...

"ဟာ ... ဖြစ်ပြန်ပြီ၊ ဒီမှာ ကျုပ် ဒီနေ့ သိပ်နောက်မကျပါဘူးဗျ"

သူက တံခါးကို နှစ်ချက်ထပ်ခေါက်သည်။ အထဲက အသံသည် နည်းနည်း စိတ်တိုလာသလို ...

"ဒီနေ့ မသင်ပါဘူး ဆိုနေမှ"

"ဟာ ... ခင်ဗျားက အဲသလို ခင်ဗျားစိတ်ချည်းပဲလား၊ တစ်နေ့ တစ်နေ့ စာသင်ခါနီးရင် အဲလို အချီအချ ရှင်းနေရတာ စိတ်ကုန်လာပြီဗျာ၊ မရဘူး၊ ထွက်လာဗျာ၊ အချိန်ပုပ်တယ်"

"ကျွတ် ... မသင်ဘူးလို့ ပြောနေတယ် မဟုတ်လား၊ သိပ်စိတ်ပျက်တာပဲ၊ မသင်ဘူးဆို ပြီးရောပေါ့"

"ဟာ ... ဘယ်ရမလဲ၊ ဘာဖြစ်လို့ မင်းစိတ်တွေက အဲသလောက် သဘောထား သေးနေရတာလဲ"

ရုတ်တရက် သူ့အနားကို ခေါ်သက်ထားနွယ် ရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသာ ... သူသူက ဒီနေ့ စာမသင်ဘူးတဲ့၊ အန်တီ အဲဒါ ပြောဖို့ သားကို ခြံထဲဆင်းရှာတာ၊ သားက အပေါ်တက်သွားပြီမို့လို့ ခုပဲ ပြန်တက်လာတာ"

"အဲဒီလို တစ်နေ့ တစ်နေ့ သူ စာသင်ဖို့အရေးကို အဲဒီလောက် လိုက်ချော့မော့ ရှင်းပြနေရရင် ဘယ်ကောင်းတော့မလဲ အန်တီ၊ အစီပွာယ်ကို မရှိဘူး"

သာလွန်းနေက တပြန်စီး ကျွဲမြီးတိုကာ အော်ကျယ်ဟစ်ကျယ် ညည်းညူမိပါသည်။

"အဲသလို မဟုတ်ပါဘူး သားရဲ့၊ သူသူ နေမကောင်းလို့ပါ"

"မယုံပါဘူး၊ လုံးဝမယုံဘူး၊ စာသင်ခါနီး ပပလာလို့ သူ စိတ်လုပ်နေတာ၊ ကျွန်တော် သိတယ်၊ ဘာပဲဖြစ်ဖြစ် ဟိုက လာမှတော့ ဘယ်တတ်နိုင်မှာလဲ အန်တီ၊ ကျွန်တော် ခေါ်တာလည်း မဟုတ်ဘူး၊ အခုတောင် စာသင်မလို့ဆိုပြီး အတင်းနှင်လွှတ်လိုက်တာပဲ၊ မိနစ်ပိုင်းလောက်ပဲ ရှိန်းပါတယ်၊ ဒါလောက်တော့ သူ နားလည်မှု ရှိသင့်ပါတယ်၊ လိုက်လိုက်လျောလျော ရှိသင့်ပါတယ်၊ ထစ်ခနဲဆိုရင် သူ့စိတ်ကြီးပဲလားဗျာ၊ လွန်လွန်းတယ်"





ဒေါ်သက်ထားနွယ်က သာလွန်းနေကို စိတ်ညစ်စိတ်ပျက်သလို ကြည့်ရင်း ...

"သူသူ တကယ် နေမကောင်း ဖြစ်နေတာပါ မောင်သာလွန်းနေ"

"မနက်ကအထိ သူ့ကို ထူထူမတ်မတ်ပဲ တွေ့နေတာပဲဟာ၊ ခုလေးတင်မှ ကပ်ပြီး ရောဂါထူသွားတာပါ"

သာလွန်းနေကလည်း စ,မိပြီဆိုလျှင် အလျှော့မပေး၊ ဆူညံဆူညံနှင့် သူ့ရဲ့ ထိုးနှက်မကျေနပ်စကားတွေကို သူယောင်မယ် မကြားမှာ စိုးလို့တောင် အော်ကျယ်ဟစ်ကျယ် လုပ်နေမိပါသေးသည်။

ဒေါ်သက်ထားနွယ်က မျက်နှာ မသာမယာနှင့် သူယောင်မယ့် အခန်းတံခါး လက်ကိုင်ဘုကို ချောက်ခနဲလှည့်ကာ အထဲတွန်း၍ ဖွင့်ဟလိုက်ရင်း ...

"မင်းဘာသာမင်း ကြည့်ပေတော့ ကိုသာ"

ခုတင်ပေါ်မှာ ရှိနေတဲ့ သူယောင်မယ်သည် ရုတ်တက် ဒေါသတကြီး တစ်ဖက်သို့ စောင်းလိုမ့်၍ တံခါးဝကို ကျောခိုင်းလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီထား ... သူ့ကို ဘာမှ ထပ်ပြောမနေနဲ့၊ သူဟာ လူတစ်ဖက်သားကို သိပ်မကောင်းမြင်စိတ် မွေးတဲ့သူ၊ ကိုယ့်ဘက်က ဘယ်လိုပဲ စိတ်ကောင်းစေတနာနဲ့ ဆက်ဆံ ဆက်ဆံ သူ့ဘက်အခံက ကောင်းမှမကောင်းတာ၊ ဘယ်တော့မှ ပြေလည်မလာနိုင်တော့ဘူး၊ တစ်ယူသန်လူ"

သာလွန်းနေသည် မီးဖွင့်မထားတဲ့ အိပ်ခန်းထဲ လှမ်းကြည့်လိုက်မိပါသည်။ စားပွဲတင်မီးအုပ်ဆောင်းက မီးရောင်လေးသာ ခုတင်တစ်ဝိုက် ဖြာကျနေတဲ့အတွက် သူယောင်မယ် စောင်ခြုံ၍ ကျောပေးအိပ်နေတာကိုတော့ မြင်ရသည်။ အင်း ... တကယ် ဘာမှမဖြစ်ဘဲနဲ့တော့ ဒီလောက် အိုက်စပ်နေတာ စောင်မခြုံထားကောင်းပါဘူးလေ။

"သူက ဘာဖြစ်လို့လဲ"

သူ့အသံက လျော့ကျသွားသည်။

"မပြောနဲ့ အန်တီထား"

"ညည်းကလည်း နေမကောင်းရတဲ့ကြားထဲ စိတ်တိုမနေနဲ့ ညည်းတို့နှစ်ယောက်ဟာလေ၊ ဦးကနင်း ... ပုံကထောင် ပုံကနင်း ... ဦးကထောင် ဆိုသလိုပဲ၊ နှစ်ယောက်လုံး အချိုးတူတူပဲ"





သူယောင်သည် နေမကောင်းနေ၍ ဝမ်းနည်းစိတ်ငယ်နေတာလည်းပါကာ ရှိုက်သံတွေ ပလုံးပထွေး စွက်လာလျက် ...

"နေမကောင်းတာလေး တစ်ခုကိုတောင် သူ ယုံအောင် သက်သေထူ၊ လက်ဆုပ်လက်ကိုင် ပြနေရဦးမှာလား"

ပြောရင်း ပိုဒေါသထွက်လာသလို သူယောင်က ဒီဘက်ကို ပြန်စောင်းလှည့်လိုက်ရင်း ...

"ရှင့်ဟာရှင် ပပပဲလာလာ၊ မြမြပဲလာလာ၊ လုံးဝစိတ်မဝင်စားဘူး၊ သိတောင် မသိဘူး၊ အဲသလို မလိုမုန်းထားစိတ်မွေးတတ်တဲ့ မိန်းမမျိုးကိုလည်း ရှိတယ်မှတ်ပြီး ခေါင်းထဲထည့်တာ မဟုတ်ဘူး၊ သိရဲ့လား"

သာလွန်းနေသည် ဘယ်လိုကြည့်ကြည့် မြင်လိုက်တာနှင့် အတော်နေမကောင်းတဲ့ပုံ ထွက်နေသော သူယောင်မယ်ကို တအံ့တသြ စိုက်ကြည့်မိကာ အားလည်းနာ စိတ်လည်းမကောင်းနှင့် ရှေ့တိုးလာမိလျက် ...

"သြော် ... ခင်ဗျား တကယ်နေမကောင်းဘူးကိုး၊ ဆောရီးဗျာ၊ ဘယ်လိုနေလဲ ဖျားတာလားဟင်"

သူ့လက်တစ်ဖက်သည် ရင်ထဲက အလိုအလျောက်တွန်းပင့်အားနှင့် သူယောင်မယ့် နဖူးကို ကြင်နာစွာ စမ်းကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဝဲတက်လာလေသည်။ သူ့ရဲ့လက် နဖူးပေါ် တစ်ထွာလောက် အကွာ ရောက်သည်တွင် သူယောင်မယ်ရဲ့ လက်တစ်ဖက်ကလည်း မြောက်တက်လာကာ လက်ဖျံရိုးချင်း ဆောင့်ရိုက်အောင် သာလွန်းနေ လက်ကို ကြမ်းတမ်းစွာ ပုတ်ခါထုတ်ပစ်လိုက်သည်။

"သွား ... ကျွန်မကို ရှင် လာစမ်းသပ်စရာ မလိုဘူး"

"ဟာ ... မင်း နေမကောင်းလို့ အကောင်းစမ်းကြည့်တာလေ"

"စမ်းကြည့်တော့ကော ဘာထူးမှာမို့လဲ၊ အပိုလာလုပ်မနေနဲ့၊ တကယ် ကိုယ်ပူမပူ ချက်ကင်လာလုပ်တာ၊ ဟွန်း ... ရှင့်မှာ ဘာအကြံရှိတယ်ဆိုတာ သိပြီးသား"

သာလွန်းနေသည် တကယ်နာကျင်သွားရတဲ့ သူ့လက်ဖျံရိုးကို သူ ကြည့်ရင်း ...

"ခင်ဗျားက တကယ်ရက်ရက်စက်စက် လုပ်တာပဲ"

"ရှင် ကျွန်မကို စမ်းသပ်စရာ ဘာလိုသလဲ"

သာလွန်းနေက သူယောင်မယ်ကို သက်ပြင်းတစ်ချက်နှင့် ကြည့်လိုက်မိပါသည်။ သူ့အသားကိုပဲ ထိချင်လို့ စမ်းတာလိုလို၊ မယုံကြည်လို့ စမ်းတာလိုလို သူယောင်မယ့်စကားက သူ့ကို စိတ်မကောင်း ဖြစ်စေသည်။ သူယောင်မယ်က အခန်းထဲ





ကို သာလွန်းနေ ရောက်နေတာမို့ အိပ်ရာထဲ လဲလျောင်းနေရာမှ ထ,လိုက်ပါသည်။

ပထမ ဗိုက်က နာနေအောင့်နေတာ။ အန့်တီထားက ဆန်ပြုတ်လေးပဲ သောက်ပါလား ပြောသော်လည်း ဆန်ပြုတ်ကို မကြိုက်၍ ထမင်းကို ခါတိုင်းစားသလောက်ထက် လျှော့ကာ နည်းနည်း နည်းနည်းတော့ စားနေမိသည်။ ဗိုက်နာနေတာက နှစ်ရက်လောက်ရှိပြီ။ အခံကျန်းမာရေး ကောင်းတဲ့သူမို့ ဗိုက်အောင့်နေတာလောက်အတွက် သိပ်အလူးအလဲ မခံစားရဘဲ လူကောင်းလိုပဲ စားစားသောက်သောက် နေမိတာ။

ဒီမနက်တော့ စ,ဖျားလာသည်။ စဖျားတုန်းက အပူချိန် ကိုးဆယ့်ကိုးလောက်ကနေ အပူချိန် တဖြည်းဖြည်းတက်နေသည်မှာ ခုနကတိုင်းတော့ တစ်ရာ့နှစ် ရှိနေပြီ။ ခုလည်း ထပ်တက်နေသေးပုံရသည်။ ခေါင်းထဲက မူးနောက်ကာ လူက မအီမသာ ဖြစ်နေသည်။

"ကဲ ... ကဲ ... ကျွန်မ တကယ်စာမသင်နိုင်တာ ဆိုတာ ရှင်သိပြီပဲ၊ အပြင်ထွက်တော့လေ"

"ခင်ဗျားကလည်း သတင်းမေးလာတဲ့သူတောင် နှင်ထုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က သတင်းမေး လာတာမှ မဟုတ်တာ၊ အပြစ်တင်ရန်လုပ်ဖို့လာတာ"

ဂျစ်ကန်ကန်နဲ့ အရစ်သန်တဲ့ သူကိုယ်တိုင်ပင် သူယောင်မယ်နှင့်ကျတော့ လက်မြှောက်ရပြီ ဆိုသလို ဖြစ်နေပါသည်။ သူ့ကို ဒေါ်သက်ထားနွယ်က အကဲခတ်သည်။ သူ့တူမကို ပြိုင်အော်ဟစ် ရန်လိုနေဦးမလားလို့ပေါ့လေ။ သာလွန်းနေက ရန်လုပ်ဖို့ စိတ်ကူးမရှိပါ။ သူ့အစွပ်စွဲ စောသွားတာ အတွက်ပင် သူယောင်မယ်ကို ကရုဏာသက်နေပါသည်။

အန်တီထား မီးဖွင့်လိုက်မှ ပိုထင်ရှား မြင်သာလာတဲ့ သူယောင်မယ့် အသွင်အပြင်က ဆံပင်ဖရိုဖရဲနှင့် တကယ့်လူမမာရုပ် ပေါက်နေတာ တွေ့ရ၍ သူ ပြောမိတာအတွက် စိတ်မကောင်းကာ သူ့ကိုယ်သူလည်း မလုံမလဲ အားနာပါးနာ ခံစားရသည်။

"ဆေးခန်းသွားလိုက်ပါလား အန်တီထား"

"ကျွန်မဘာသာကျွန်မ ဆရာဝန်သွားပြဖို့ စိတ်ကူးပြီးသားပါ၊ ဘွတ်ကင်လည်း လုပ်ပြီးသား၊ နံပါတ်ဂျ နောက်ကျလို့ ခုနစ်နာရီခွဲလောက်မှ ထွက်မယ် စိတ်ကူးထားတာ ရှင်သွားခိုင်းလို့ သွားမှာမဟုတ်ဘူး"





"ရော် … ဘာကြောင့်ပဲသွားသွား၊ ဆရာဝန်ပြဖြစ်ဖို့ ဆန္ဒရှိတာပါ သူယောင်ရယ်၊ ခင်ဗျားကလည်း စိတ်ကြီးလိုက်တာ"

ထိုရုတ်တရက်တွင် သူယောင်မယ်သည် အခန်းဖို့တက်လိုက်ပြီး ခုတင်ပေါ် ထိုင်နေရင်းမှ ခုတင်ဘေးသို့ ခထိန်းဘဲ အန်ထွက်သွားပါသည်။

"ဟာ … အန်တီ"

"ဟယ် … သမီး၊ ကြည့်စမ်း၊ အန်တယ်ဆိုရင် သေချာပါပြီ၊ ဗိုက်အောင့်တယ် ဖျားလာတယ် ဆိုတော့ တိုက်ဖွိုက်ထင်တယ်၊ အဲဒါကြောင့် အန်တီထားက ပျော့ပျော့ပျောင်းပျောင်းပဲ စားပါပြောတာကွယ်"

သာလွန်းနေလည်း အလန့်တကြား ဒေါ်သက်ထားနွယ်လည်း စိုးရိမ်တကြီး တဖျစ်တောက်တောက် ဖြစ်ကုန်ရပါသည်။ ဒေါ်သက်ထားနွယ်က ဂျမ်းဘုံကို အော်ခေါ်ကာ လှည်းကျင်းသိမ်းဆည်းခိုင်းရင်း သူယောင်မယ်ကို ဖေးဖေးမမနှင့် အဝတ်အစားလဲဖို့ ပြင်ဆင်နေပြီမို့ သာလွန်းနေက …

"အန်တီ … ကျွန်တော် ဂိုဒေါင်ထဲက ကားပြန်ထုတ်ထားလိုက်မယ်၊ အဝတ်အစား လဲပြီးရင် သွားရအောင်၊ ခုနစ်နာရီလည်း ခွဲပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး"

သူယောင် ကတော့ သာလွန်းနေကို မကြည့်။ မျက်နှာက နှမ်းတဲ့ကြားက စုပုပ်ပုပ်ပင်။ ခုမှလာပြီး ပူပန်သလို စိုးရိမ်သလို လုပ်နေတာကို သိပ်ကြည့်မရချင်ပါဘူး။ ခုနကတော့ လူကို နေမကောင်းဟန်ပဲ ဆောင်သလိုလို သူက ထင်မြင်နေသေး သည်။ သူ့ရဲ့ ပပဟာ စာသင်ခါနီးပြီဆိုရင် ရောက်လာတတ်တာ သူ အသိဆုံးပဲဟာ။ တမင်တကာ နှောင့်လိုနှောင့်ယှက် လုပ်နေ တာ သူ ရိပ်မိနိုင်ပြီ ဖြစ်ပါရဲ့သားနှင့်။

သာလွန်းနေကို သူယောင်နှင့် ရင်းနှီးသွားမှာ ပပ အထူးစိုးရိမ်နေတာ သူယောင်တောင်မှ သိသည်။ ပပက စာမသင် စေချင်သလို ခပ်နှိမ်နှိမ် လာပြောတာမို့ တမင်တကာ သင်ဖြစ်သွား ခဲ့ရတဲ့ သူယောင်သည် သူနှင့် သာလွန်းနေ ရင်းနှီးနီးစပ်မှာ ပပ စိုးရိမ်တားမြစ်လိုတဲ့အတွက် တမင်တကာကို ပိုတရင်းတနှီး ရှိ လည်ပြလိုက်ချင်ပါသေးသည်။ ဒါပေမဲ့ ဒီလူကိုလည်း အမြင်ဆ ကတ်ကတ်မို့သာ။

နောက်ဆုံးတော့ အင်တင်တင် ပုံစံနှင့်ပင် သူယောင် က သာလွန်းနေ မောင်းပို့တဲ့ကားနှင့် ဆေးခန်းကို ရောက်လာခဲ့ ရပါတော့သည်။ ဆရာဝန်ပြတော့ အန်တီထား မှန်းဆတဲ့အတိုင်း





တိုက်ပိုက်လို့ ရောဂါအမည်တပ်သည်။ အရည်ပဲ သောက်ရမည်။ ကရုဏာမကင်းတဲ့ရုပ်နှင့် သူ့အနား တကပ်ကပ် လှည့်ပတ်အကဲ ခတ်နေတဲ့ သာလွန်းနေကို ရိုးရာမပျက် မျက်စောင်းသာ ထိုးပစ် မိတော့လည်း သူက ဒီတစ်ကြိမ်တွင် အထိနာ ဗွေယူပုံ မရဘဲ ပြုံးစိစိနှင့်သာ လူကိုလာကြည့်နေသည်။

* * *

"ထက်မြက် ဆိုတာ ကိုသာ သိလား"

"အင်း ... ကြားဖူးတယ်၊ ဘယ်သူပါလိမ့်"

"ဘယ်သူရမလဲ၊ ကိုသာ့ သူယောင်မယ်ရဲ့ ရည်းစားဖြစ်ရ မယ်"

"ဪ ... သိပြီ၊ အိမ်ကိုတောင် လာဖူးတာပဲ၊ နာမည်မှတ် မိပြီ၊ ဟာ ... ရည်းစားမဟုတ်ပါဘူး၊ မာစတာအတူတက် နေတာ သူငယ်ချင်းတွေပါ"

"ကျောင်းထဲမှာ သူတို့ကို တွဲတွဲပြီး တွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းထဲ နှင်က ဘာသွားလုပ်တာလဲ"

"မုန့်သွားစားတာပေါ့"

"တွဲတွေ့တာနဲ့ပဲ နာမည်ကအစ စုံစမ်းလိုက်ရပြီးပြီပေါ့"

"မုန့်သွားစားတဲ့ အုပ်စုထဲမှာ သူ့ကိုသိတဲ့လူက အခန့်သင့်ပါနေလို့ သိရတာ"

သာလွန်းနေက ပပကို တစ်ချက် ရယ်မောမိလိုက်ရင်း ...

"တွဲတွေ့တာနဲ့ပဲ ရည်းစားလား၊ ဒါဆိုရင်တော့ နှင်နဲ့ငါ့ကို လူတွေက ရည်းစားလို့ ထင်ကြတော့မှာပဲနော်"

ပပ မျက်နှာလေးက ပြုံးရမလို မဲ့ရမလို ဖြစ်သွားရင်း ...

"ပပက အကောင်းပြောတာကို ကိုသာက ပေါ့တီးပေါ့ဆ လုပ်ပစ်တာပေါ့လေ"

"ငါလည်း အကောင်းပြောတာပါ ပပရဲ့၊ တတွဲတွဲရှိတိုင်း ရည်းစားလို့ ဘယ်ပြောလို့ ရမလဲ၊ ဖုန်းအောင် ဆိုရင် သူ့ရုံးက မည်းမည်းဝဝ အပျိုကြီး မတင်ဖာနဲ့ သူတို့မားကက်တင်းကိစ္စတွေ အမြဲတတွဲတွဲ ထွက်နေရတာပဲ"





"ဒါပေမဲ့ သူတို့ပုံစံက ရည်းစားနဲ့တူလို့ ပြောရတာပေါ့ ကိုသာရဲ့၊ ပပနဲ့သိတဲ့ သူငယ်ချင်းကိုက အဲဒီ ထက်မြက် ဆိုတဲ့လူဟာ သူယောင်မယ်ကို တအားကြွေတာဆိုတာ ပြောပြပြီးသား"

"ကိုယ့်ဘက်က ကြွေနေတာမျိုးလည်း ဘယ်သူက ဘယ်သူ့ကိုမဆို ကြွေလို့ရတာပဲလေ"

"ကိုသာက သူယောင်မယ်မှာ ရည်းစားရှိတယ်လို့ကို လက်မခံချင် ဖြစ်နေတာ"

ပပ မျက်နှာလေးက အလိုမကျ မှုန်မှိုင်းလာပါသည်။

"ကဲပါ ပပရဲ့၊ သူ့မှာ ရည်းစားရှိရင်ကော ဘာတွေထူးခြား ပြောင်းလဲသွားမလဲ"

"သြော် ... ရည်းစားရှိလို့ ရှိမှန်း မသိဘဲနဲ့ ဘယ်သူက ဘယ်သူ့ကိုမဆို ကြွေလို့ရတယ် ဆိုတဲ့ ကိုသာ ... အဲဒီ သူယောင်မယ်ကို ကြွေမိနေမှာစိုးလို့ သတိပေးရတာ"

သာလွန်းနေက ပြုံးစိစိနှင့် ပပကို ကြည့်သည်။

"နှင် ငါ့ကို အိမ်လာခဲ့ဦး၊ ပြောစရာရှိတယ်၊ သတင်းထူး တစ်ခုရှိတယ်ဆိုတာ ဒါလား"

"ဒါက အရန်သတင်းပါ၊ အဓိကသတင်းက တခြားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအဓိကသတင်းကိုပဲ ပြောပါဟာ"

"ဒေါ်သက်ထားနွယ်ဟာ ကိုသာ့အဖေနဲ့ မတွေ့ခင်က သူ့ကိုယ်သူ ဘာလို့ပြောလဲ"

"ဘာကိုလဲ၊ ငါ နားမလည်ဘူး"

"သူက အပျိုကြီးတဲ့လား"

သာလွန်းနေက ခဏ ငိုင်စဉ်းစားနေပြီးမှ ...

"မသိဘူးဟာ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူနဲ့ငါ ဘာမှ အေးအေးဆေးဆေး မပြောဆိုဖူးပါဘူး၊ သူနဲ့ ဖေဖေ ယူကြတယ်၊ မင်္ဂလာဆွမ်းကျွေးတယ်၊ ငါသိတာ ဒီလောက်ပဲ အကြမ်းဖျဉ်းပဲ၊ ငါလည်း သူ့ကို ဒါတွေပြန်မေးမြန်း မနေချင်လို့ သေချာကို မမေးဖူးပါဘူး"

"ဘာကိုပဲဖြစ်ဖြစ် သေသေချာချာသိအောင်တော့ မေးမြန်းစုံစမ်းကြည့်ဦးပေါ့ ကိုသာရယ်၊ ကိုယ့်အဖေလည်း မရှိတော့ဘဲ့ အချိန်မှာ ကိုယ့်အိမ်ပေါ် ကျန်ခဲ့တဲ့ မိထွေးဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရာဇဝင်ကို သိတော့ သိထားဦးမှ ပေါ့၊ ဒါမှလည်း သူနဲ့ ပတ်သက်လို့ ဆုံးဖြတ်စရာ တစ်ခု တစ်ရာ ရှိခဲ့ရင် ကိုယ့်ဘက်က ထောင့်စေ့စေ့ တွေးလို့ရ မယ် ...





သူဟာ ရိုးရိုးနဲ့ အေးအေးချမ်းချမ်း နေခဲ့တဲ့ မိန်းမ တစ်ယောက်လား၊ ဒါမှမဟုတ် ဘယ်လိုနောက်ကြောင်းတွေ ရှိဖူးတဲ့ မိန်းမလဲ၊ ဒီအသက်အရွယ်တွေ ရောက်ကြမှ အိမ် ထောင်ထပ်ပြုကြတယ် ဆိုတာရော အချစ်စိတ်ကြောင့်ချည်း ပဲ ဟုတ်ပါ့မလား၊ တခြား ဘာအကြောင်းတွေကြောင့် ယောက်ျားတစ်ယောက်ကို မြန်မြန်လွယ်လွယ် ကောက်ယူ ဖြစ်တာလဲ"

သာလွန်းနေက စိတ်ရှုပ်သော သက်ပြင်းတစ်ချက် နှင့် ...

"အခု ဘာတွေ ဖြစ်လို့လဲ၊ သူက အရင်က ဘာဖြစ်လို့ လဲ"

တကယ်တော့ လောလောဆယ် သူ့အပေါ် အင်မ တန်ကောင်းတဲ့ မိထွေးရဲ့ နောက်ကြောင်းရာဇဝင်တွေဟာ သူနဲ့ သိပ်လည်း မသက်ဆိုင်လှလို့ သူ ထင်ပါသည်။ စိတ်လည်း တဝင်တစား မရှိလှတာမို့ သိလည်း မသိချင်၊ မေးလည်း မမေး မိ၊ ဘာမှလဲ မကြားဖူးခဲ့။

ဒေါ်သက်ထားနွယ် သူ့အပေါ် ကောင်းသည်ဆိုတာ ဟာလည်း တမင်တကာ အပိုဆာဒါး သည်းသည်းလှုပ်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေနဲ့ အဆင်ပြေအောင် အပေါ်ယံ နှမ်းဖြူးတာမျိုးမဟုတ်ဘဲ သူ့ပုံစံက တစ်သက်လုံး သူ ထိန်းသိမ်းမွေးမြူလာတဲ့ တူသားတစ်ယောက်ကို ဂရုစိုက် စောင့်ရှောက်ပုံမျိုး၊ ကြီးတော်မိကြီး အရင်းအချာနှယ် အပိုအလိုမရှိ ပုံမှန်နေမြဲတိုင်း မေတ္တာထားပုံမျိုးဖြစ်ရာ သာလွန်းနေကလည်း တခြားဘာမှ စိတ်ထဲတွေးမနေမိ။

"ကိုသာဟာ အတော်နေနိုင်တယ်၊ ကိုယ့်အိမ်ပေါ်က သွေးမတော်သားမစပ် လူတွေကို ဘာမှမစုံစမ်း မမေးမြန်း ယုံကြည်စိတ်အေးနိုင်လွန်းတယ်၊ နည်းနည်းပါးပါးတော့ သိဖို့လိုတာတွေ မေးဦးပေါ့"

"ဘာတွေ မေးရမှာလဲ၊ သူက ဘာဖြစ်ခဲ့လို့လဲ"

"ဒေါ်သက်ထားနွယ်ဟာ နင့်အဖေမတိုင်ခင် ဟိုအရင်က အိမ်ထောင်ရှိဖူးသေးတယ်"

"ဟုတ်လား"

သူ အံ့သြသွားတာတော့ အမှန်ပင်။ သူ ထင်လည်းမထား၊ ထင်မထားဆို ခေါင်းထဲလည်း မရှိလို့ပင်။ ခုမှကြားသိရတဲ့ သတင်းထူးအစစ် ဖြစ်သည်။ သူက တစ်ခဏ ငြိမ်စဉ်းစားနေပြီးမှ ပခုံးတစ်ချက် ကျုံ့တွန့်လိုက်ပါသည်။ သူ့အဖေနှင့်မယူခင်က အရင်အိမ်ထောင် ရှိခဲ့တာကို သူက ဘာဖြစ်လို့ ရမှာလဲ။





ဘယ်တတ်နိုင်ပါ့မလဲ။ ဖေဖေ့မတိုင်ခင် တခြားယောက်ျား ဘာကြောင့် ယူခဲ့ရတာလဲလို့ ရန်တွေ့လို့ ရမလား။ ဒီကိစ္စဟာ တကယ်တော့ ဖေဖေနှင့်ဂဲ ဆိုင်သည်။ သူနဲ့ ဘာမှမဆိုင်တဲ့ကိစ္စပဲ ဖြစ်နေသည်။

"အဲဒါ ငါ ဘာတတ်နိုင်မှာလဲ ပပ"

"သူ နင့်ကို မပြောဘူး မဟုတ်လား"

"မပြောဘူး ဆိုတာကလည်း လျှို့ဝှက်ထားတာထက် နေရင်းထိုင်ရင်း ပြောနေရမဲ့ အကြောင်းအရာမှ မဟုတ်တာ၊ လူကြီးနဲ့ လူငယ်လည်း ဖြစ်တယ်၊ တမင်တကာကြီးပြောမှ သိရမှာလေ၊ စကားလည်း မစပ်မိဘူးလေဟာ၊ ကိုယ်သိမထားလို့ အံ့သြစရာတော့ ဖြစ်ပေမဲ့ ငါနဲ့လည်းမဆိုင်၊ ငါလည်း ဘာမှမတတ်နိုင်တဲ့ ကိစ္စလေ၊ အပြစ်လုပ်လို့ရတဲ့ အကြောင်းအရာမျိုးလည်း မဟုတ်ပါဘူး"

"သူ့အကြောင်း ကိုယ်သိထားရတာ ကောင်းတာပေါ့"

"ဟုတ်ပါတယ်၊ နင် ဘယ်ကသိလာသလဲ"

"သူယောင်မယ်နဲ့ ကောင်မလေးတစ်ယောက် စကားရပ်ပြောကြတာ တွေ့မိလို့၊ သူတို့ပုံစံကလည်း ခင်မင်ပုံရလို့ ငါ အဲဒီကောင်မလေးရဲ့ မိသားစုဆီမှာ မသိမသာ တီးခေါက်



www.burmeseclassic.com

www.burmeseclassic.com



စကားအစ်ကြည့်တာ၊ အဲဒီမိသားစုနဲ့ ငါတို့မိသားစုလည်း ခင်တယ်၊ သူ့ယောင်မယ်တို့ ဆွေမျိုးတွေနဲ့လည်း ခင်တယ်"

"နင်က ဘာကိုသိချင်လို့ အစ်ကြည့်တာလဲ"

"ဘာပဲသိရသိရ ဆိုပြီးတော့ပဲ၊ သူတို့ဇာတ်ရိုးပုံစံကို ကြည့်လိုက်ရင် ငါ့စိတ်ထဲမှာ လျှို့ဝှက်ထားတာ တစ်ခုခုရှိလိမ့်မယ်လို့ချည်းပဲ ထင်နေတယ်၊ ပုံမှန်တွေးရင် ခုမှတွေ့ဖူးတဲ့ လင်ပါသားဟာ ကောင်းသလား ဆိုးသလားလည်း မသိ၊ ဘယ်လိုလူစားလဲ မသိဘဲနဲ့ ကိုယ့်ရဲ့တူမအပျိုနဲ့ တစ်အိမ်ထဲနေကြဖို့ မသင့်တော်ဘူး ဆိုပြီး သူတို့ ပြောင်းသင့်တယ် ...

အခုမပြောင်းဘူး၊ ဒီမှာပဲ အတူနေပါရစေဆိုပြီး နေတယ်၊ ဒါဟာ ဖြစ်လည်း ဖြစ်သွားပစေ ဆိုတဲ့ သဘောထား ရှိလို့ပဲ"

"အဟင်း ဟင်း"

"ဘာ အဟင်းဟင်းလဲ၊ ကိုသာ့ အကြောင်း အတွင်းကျကျ ဘာမှမသိဘဲ ကိုသာနဲ့ ကြည်ဖြူတယ် ဆိုတာမျိုးဆိုရင် ကိုသာ့ဆီက သူတို့ရချင်တာ မှျယူချင်တာမျိုး ရှိလို့ပဲပေါ့၊ သူတို့ရဲ့ လူမှုရေး စီးပွားရေး နောက်ကြောင်းတွေ ကိုသာ





က မသိချင်ပေမဲ့ ပပက သိချင်လို့ကို စုံစမ်းကြည့်တာ"

"စုံစမ်းကြည့်တော့ ဘာတွေ သိရသေးလဲ"

"ဒေါ်သက်ထားနွယ်က ညီအစ်မနှစ်ယောက် ရှိတယ်၊ သူတို့မိဘတွေက မော်လမြိုင်မှာ ဘိုးစဉ်ဘောင်ဆက် ချမ်းသာတယ်ဆိုတာတော့ သိရတယ်"

"ချမ်းသာတယ် ဆိုရင် ငါ့ဆီက လိုချင်ပါဦးမလား"

"ဘာဆိုင်လဲ၊ ချမ်းသာသာ ဆင်းရဲရဲ လိုချင်တဲ့သူက လိုချင်တာပဲ"

"အေးလေ ... ငါ ခေါင်းထဲ ထည့်ထားပါ့မယ်"

"ကိုသာ မယုံရင်လည်း စုံစမ်းကြည့်ပေါ့ ကိုယ့်ဘာသာ"

"ဘာကို စုံစမ်းရမှာလဲ"

"ဒေါ်သက်ထားနွယ်ရဲ့ အိမ်ထောင်ရေးပေါ့"

"အဲဒါက မလိုဘူး ထင်ပါတယ်ဟာ၊ သူ့ရဲ့ အရင်ကဇာတ်ကြောင်းက ငါတို့နဲ့ ဘာဆိုင်လဲ၊ သူ အပျိုဖြစ်ဖြစ် တစ်ခုလပ်ဖြစ်ဖြစ်၊ မုဆိုးမဖြစ်ဖြစ် ဖေဖေကြိုက်လို့ ယူခဲ့ပြီးပြီပဲ"

သာလွန်းနေသည် ဒေါ်သက်ထားနွယ်ရဲ့ နောက်ကြောင်းရာဇဝင်ပေါ် သူနှင့်မဆိုင်လို့ သဘောထားနိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပေပေနှင့် ဘယ်လိုများ ရုတ်တရက် လျင်မြန်စွာ လက်ထပ်ဖြစ်ကြသည်ကိုတော့ စိတ်ဝင်စားမိတာ အမှန်ပင်။ သူ မမြင်မသိလိုက်ရတဲ့ ကိစ္စဖြစ်၍ ကွက်လပ်ဖြစ်နေသည်။

"မီးခံသေတ္တာသော့ကော ကိုသာ တောင်းပြီးပြီလား"

"မတောင်းရသေးပါဘူး"

ပပက သာလွန်းနေကို ရင်မောသလို ကြည့်သည်။ သာလွန်းနေသည် ဒေါ်သက်ထားနွယ်ရဲ့ ရိုးစင်းအေးချမ်းပုံကြောင့် သော့ကို တောင်းယူလိုက်ဖို့ အားနာနေခဲ့တာ ဖြစ်သည်။

❋ ❋ ❋





၁၁

ဆေးခန်းကို သုံးကြိမ် ကားမောင်းပို့ထားတဲ့ အပြင် ဒီကြားထဲလည်း သူယောင်မယ် နေကောင်းရဲ့လား အရေးတယူ သတင်းမေး ဂရုစိုက်ဖော်ရတဲ့ သာလွန်းနေနှင့် သူယောင်မယ်တို့ အရင်ကနဲ့ မတူဘဲ ငြိမ်းချမ်းရေး ရနေပါသည်။

ဒီညနေမှာ အိမ်ကို ထက်မြက် ရောက်လာသည်။ ထက်မြက်က သူယောင်မယ်ကို သတင်းမေး လာတာပင်။ ထက်မြက် ရောက်နေကတည်းက သာလွန်းနေသည် ဧည့်ခန်းထဲ ဝင်လိုက် ထွက်လိုက်၊ ဟိုဘက်ပတ်လျှောက် ဒီဘက်ပြတ်လျှောက်နှင့် ထက်မြက်ကို အကဲခတ်နေပါသည်။ ပပရဲ့သတင်းစကား မှန်မမှန် သိချင်လို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ် ကတော့ ခပ်အေးအေးပါပင်။ ထက်မြက်ကတော့ မှန်သည်။ သူယောင့် အပေါ် ဂရုတစိုက် ပျာပျာသလဲမှုတွေက ပိုလွန်းနေသည်။

"ဖုန်းတောင် ဆက်မပြောဘူး သူယောင်ရာ၊ တိုက်ဖိုက်ဖြစ်နေမှန်း သိရင် လာမှာပေါ့"

"အို ... နေမကောင်းဖြစ်တာ လူတကာကို ဖုန်းဆက်ပြောနေရမလား၊ ကိုထက်မြက်ကလည်း"

"သတင်းမေး လာချင်တာပေါ့၊ ဘာစားလို့ရမလဲ ယူလာပေးချင်တာပေါ့"

"ဘာမှကို စားလို့မရတာ၊ မနေ့ကတော့ ဆန်ပြုတ်အကျဲ အန်တီထားက စ,တိုက်တယ်၊ ဒီနေ့တော့ ဆန်ပြုတ်က နည်းနည်းပျစ်လာပြီ"

"အသီးအနှံတော့ စားလို့ရမှာပေါ့၊ နက်ဖြန် တစ်ခေါက် ဝယ်လာပို့ဦးမယ်"

"နေပါစေ၊ အိမ်မှာလည်း ရှိပါတယ်"

"ငါဝယ်တာ ... ငါဝယ်တာ"လို့ သာလွန်းနေကျိတ်ပြီး ရေရွတ်သည်။ အသီးအနှံမျိုးစုံ မနည်းမနော ဝယ်ကာ ရေခဲသေတ္တာထဲ ထည့်ထားသည်။ "အန်တီ ... သူယောင့်ကိုကျွေး





ပို့နော်၊ အန်တီပဲ ကျွေးပေးပါ"ဟု အပ်နှံထား၍ ဒေါ်သက်ထားနှယ်ကလည်း နည်းနည်းချင်း ပုံမှန်ကျွေးပါသည်။

"အိမ်မှ မရှိတာထဲက ဝယ်လာမယ်"

"အိမ်မှာက အမျိုးကို စုံနေတာ၊ စားလို့ရတဲ့ အသီးထဲက မရှိတာကို မရှိဘူး၊ ဝယ်လာရင် ပိုနေမှာ၊ မဝယ်လာပါနဲ့ ကိုထက်မြက်ရဲ့၊ ဒီလိုပဲ သတင်းမေးလို့ ရပါတယ်၊ စားစရာ လက်ဆောင် မလိုပါဘူး ကိုထက်မြက်ရဲ့"

"ဒါပေမဲ့ သူယောင် စားလို့ရတာကို ဝယ်ပေးချင်သေးတာပေါ့"

"အိမ်မှာ အပြည့်အစုံ ရှိလို့ပါဆို"

သာလွန်းနေ နားပင် ကလောလာသည်။ သူနဲ့ သူယောင်သာ မတည့်ကြဘူးဆိုရင် သူ့ဝသီအတိုင်း ရှိသဲ့သဲ့နှင့် နားထဲ လက်နှိုက်ကလော်ပြဖြစ်မလား မသိပါ။ ခုတော့ တည့်နေတယ်ဆိုတော့ ကိုယ်က သဘောထား ကြီးပါတယ် ဆိုတာ ပြရမည်။

ထမင်းစားခန်းထဲဝင်ပြီး မပြင်ဆင်စဖူး ညှော်သည်အတွက် ကော်ဖီတစ်ခွက်ဖျော်၊ အသီးတွေပေါ်တာ သိရအောင် သီမွှော်သီး၊ သြစတြေးလျ သပျှက်သီး၊ ပန်းသီး၊ ကျွဲကောသီး



www.burmeseclassic.com

www.burmeseclassic.com



အသီးစုံအောင် ဟိုနည်းနည်း ဒီနည်းနည်း လှတပတ ပြင်ဆင်ထည့်ကာ လင်ပန်းနှင့် ရှေ့ကို ကိုယ်တိုင်သယ်လာပါသည်။ ထက်မြက်ရှေ့ချကာ ...

"သုံးဆောင်ပါဦး ခင်ဗျ"

ထက်မြက်က သာလွန်းနေကို အိုးတိုးအမ်းတမ်း တအံ့တသြ မော်ကြည့်လာသည်။

"ဟယ် ... ကိုသာလွန်းနေ ကိုယ်တိုင်ယူလာတယ်၊ ဂျမ်းဘုံကော"

"ဂျမ်းဘုံ မီးပူတိုက်နေတယ်"

အန်တီက အိမ်မှာမရှိ။ ဈေးကပြန်ပြီးမှ တစ်နေရာသွားစရာရှိ၍ ကားယူကာ သွားနေသည်။ သူယောင်သည် လင်ပန်းထဲက သစ်သီးစုံကိုတွေ့လျှင် ရယ်ချင်ချင်ဖြစ်ကာ ...

"ကဲ ... ကိုထက်မြက်၊ ကော်ဖီသောက်၊ အသီးစား၊ တွေ့လား ... အစုံရှိပါတယ် ဆိုတာ"

"အဲ ... ဟုတ်သားပဲ၊ ဖရဲသီး နာနတ်သီးတို့တော့ ဝယ်လာလို့ရမယ် ထင်တယ်"

"ဩော် ... ရှိတယ်ခင်ဗျ၊ ဖရဲသီးတို့ နာနတ်သီးတို့ ကြိုက်လို့လား"





"ဟာ ... မဟုတ်ပါဘူး ခင်ဗျာ၊ တော်ပါပြီ၊ များနေပါပြီ"

သာလွန်းနေက မလုမ်းမလမ်းက ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

"ကိုသာလွန်းနေ ... ဒါက ကိုထက်မြက်တဲ့၊ တွေ့ဖူးမှာပေမဲ့ မိတ်ဆက်မပေးဖူးသေးလို့လေ၊ ကျွန်မနဲ့အတူတူပဲ မာစတာဆက်တက်နေတာပဲ၊ သူငယ်ချင်းပေါ့"

"ဩော် ... ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ် ကိုထက်မြက်"

"ကိုထက်မြက် ... ဒါက ကိုသာလွန်းနေတဲ့၊ အန်တီထားရဲ့ ... ဟို ..."

သူယောင်က သာလွန်းနေကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"အန်တီထားရဲ့ သားပေါ့"

စကားကို အဆုံးသတ်လိုက်ပါသည်။ ထက်မြက်က အံ့အားတသင့်နှင့် ...

"ဩော် ... ဒါဖြင့် မောင်နှမတွေ တော်တာပေါ့"

သာလွန်းနေက ချက်ချင်းဝင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးရယ်တော့ မဟုတ်ပါဘူးလေ၊ ဟိုသင်းပေါ့၊ ဟိုဘက် ဒီဘက်တွေပေါ့"

"ဩော်"

အမျိုးမတော်ပါဘူး ဆိုတာကို ဘာကြောင့် မြန်မြန် ထက်ထက် သွက်သွက် ဝင်ပြောမိတယ်ကို ကိုယ့်ဘာသာပင် အဖြေမပေးတတ်တော့ပါ။ သူက မလှမ်းမကမ်းမှာ ထိုင်နေတော့ ထက်မြက်လည်း မလွတ်မလပ်နှင့် နေရထိုင်ရ ကျဉ်းကျပ်နေခဲ့ ရသည်။ ကော်ဖီမော့သောက်၊ စပျစ်သီးတစ်လုံး နှစ်လုံး ဖြုတ်စား ပြီးလျှင် ...

"ဒါဖြင့် ကျွန်တော်လည်း ပြန်လိုက်ဦးမယ်လေ သူယောင်၊ နောက်မှ လာခဲ့ဦးမယ်၊ နာလန်ထ,ကာစတော့ ကျောင်းပြန် မတက်ရင် မတက်ပါနဲ့ဦး၊ ကောင်းကောင်း အနားယူလိုက် ပါဦး၊ အားပြန်ပြည့်လာအောင်"

"ဟုတ်ကဲ့"

"ကျွန်တော် ပြန်ဦးမယ် ကိုသာလွန်းနေ"

"ဟုတ်ကဲ့ ခင်ဗျ"

ထက်မြက် ထ,ပြန်တော့ သူယောင်က တံခါး လိုက်မပို့။ ထိုင်ရာက မထဘဲနေသည်။ သာလွန်းနေကပဲ တံခါး





ထိ လိုက်ပို့လိုက်ပါသည်။ သူယောင်နဲ့ ထက်မြက် ပြောဆိုသမျှ စကားတို့တွင် သူယောင့်ဘက်က စကားတွေဟာ ဆန်းပြားတဲ့ ပတ်သက်မှု မရှိဘဲ ပကတိ ရိုးရိုးသားသား ခင်မင်မှုလောက်ပဲ ရှိတာ အသိသာကြီးမို့ သာလွန်းနေ စိတ်ထဲကကျိတ်ပြီး ကျေနပ် နေပါသည်။

သာလွန်းနေ ဧည့်ခန်းမှာ လာပြန်ထိုင်လိုက်လျှင် ...

"စာတောင် မသင်ဖြစ်တာ ကြာပြီ၊ ဒီနေ့ စာနည်းနည်း သင်မလား၊ ကျွန်မလည်း နေကောင်းပြီပဲ"

"ဟာ ... ရှင်းရှင်းမှ မကောင်းသေးတာ၊ အနားယူပါဦး၊ အားပြည့်အောင် နေပါဦး၊ အရေးမကြီးပါဘူး၊ အေးအေး ဆေးဆေးပေါ့"

"ကိုသာလွန်းနေရော အားရင် စာပြန်ဖတ်ဖြစ်ရဲ့လား"

"နည်းနည်းတော့ ဖတ်ပါတယ်၊ အဟင်း"

"ကိုယ် နားလည်ပြီးသလောက်ကို ကြိုကျက်ထားလိုက် ပေါ့၊ မမေ့တော့ဘူးပေါ့၊ သင်ရဲ့ နားလည်ရုံနဲ့တော့ မရ ဘူးလေ၊ စာမေးပွဲအောင်ဖို့က ကျက်မှ ဖတ်မှ ဖြစ်မယ်၊ အန်တီထားကလည်း ကိုသာလွန်းနေကို သိပ်အောင်စေချင် တယ်၊ ဘွဲ့ရစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ကျွန်တော့်အပေါ် စေတနာထားတာ နားလည်ပါ တယ်"

သူယောင်က သာလွန်းနေကို စေ့စေ့ကြည့်နေရင်း _

"အန်တီထားကို ကိုသာလွန်းနေ ဘယ်လိုသဘောထား သလဲ"

"ဗျာ ... ဘာကိုမေးတာလဲ"

"သူ့အပေါ် စိတ်ထဲကထားတဲ့ ခံစားချက် သဘောထား ပေါ့"

သာလွန်းနေက ခဏစဉ်းစားနေပြီး ...

"အန်တီက ကောင်းပါတယ်၊ ကျွန်တော် ခင်ပါတယ် သဘောကျပါတယ်"

"ကိုသာလွန်းနေ အမေကို ကိုသာလွန်းနေက ချစ်တယ် နော်"

"ချစ်တာပေါ့ဗျ၊ ကိုယ့်အမေပဲ၊ မေမေက မွေးတဲ့ မဟုတ်ဘူးပေါ့၊ ကျွန်တော့်ကို ဂရုစိုက်တယ်"

"အဲဒီ ဒေါ်ခင်နွဲ့ဦးကို ကိုသာလွန်းနေ အတော်ချစ်တာ နော်၊ အဖေကိုတော့ ဒီလောက် မချစ်ဘူးနော်"

"ဟုတ်တယ်ဗျ၊ မေမေ့ကို ပိုချစ်တယ်"





"သူကလည်း ကိုသာလွန်းနေ အပေါ် သိပ်ကောင်းတာ ပေါ့နော်"

"ဟာ ... အမေပဲဗျာ၊ သားသမီး အပေါ် ကောင်းတာ ပေါ့"

သူယောင်က ခေါင်းတညိတ်ညိတ်လေး လုပ်နေ သည်။ သူယောင် နေမကောင်းဖြစ်တာက စပြီး သူတို့နှစ်ယောက် အတော်ပင် ပြေလည်အစေးကပ်သွားခဲ့ကြရတာပါ။

"အန်တီထားကလည်း မိခင်ကောင်း တစ်ယောက် ဖြစ်နိုင် တဲ့သူပါ"

သူယောင့် စကားကို သာလွန်းနေက ဘာရည်ရွယ် ချက်မျိုးနှင့် ပြောတယ် သဘောမပေါက်နိုင်ဘဲ ရှိသော်လည်း ကန့်ကွက်စရာတော့ မရှိပါပေ။

"ဟုတ်မှာပါ၊ အန်တီက စိတ်သဘောထား ကောင်းပြီး နူးညံ့သိမ်မွေ့တဲ့သူပဲ၊ ပြီးတော့ ကျွန်တော့်အမေထက်တောင် ပိုပြီး အိမ်ရှင်မကောင်း ပီသပါသေးတယ်၊ သူ့မှာသားသမီး ရှိရင် သူဟာ သိပ်တော်တဲ့ မိခင်ကောင်းဖြစ်မှာ သေချာတာ ပေါ့"

"အင်း ... ဝင့်ကြွေးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သူယောင် ဘာကိုပြောတာလဲ"

"အန်တီထားဟာ ဝင်ငွေကြေးမကောင်းတဲ့ မိန်းမတစ်ယောက်ပဲလို့ ပြောတာပါ"

"ဘာကို ပြောတာလဲ၊ ဖေဖေ့ကို ယူမိတာလား"

"အင်းပေါ့"

"ဖေဖေနဲ့ အန်တီ ဘယ်လိုယူဖြစ်သွားကြတာလဲ၊ သူယောင် သိလား"

"ကျွန်မ အားလုံး သိပါတယ်"

"နည်းနည်း ပြောပြပါလား၊ ကျွန်တော် နိုင်ငံခြားသွားခါနီးအထိ ဖေဖေ ပတ်ဝန်းကျင်မှာ ဒေါ်သက်ထားနွယ်ဆိုတဲ့ အမျိုးသမီးတစ်ယောက် မကြားမိဖူးခဲ့သေးဘူး၊ ကျွန်တော်သွားပြီး ခြောက်လပဲကြာတယ်၊ ဖေဖေ မိန်းမယူလိုက်ပြီလို့ သိရတယ်၊ ဒါလည်း သူငယ်ချင်းတွေဆီက သိရတာ၊ ဖေဖေ လှမ်းပြောပြတာ မဟုတ်ဘူး၊ ဖေဖေဟာ မပွင့်မလင်း မြိုစိစိနိုင်လွန်းတယ်၊ ကျွန်တော်က ဒီလိုကြားတယ် ဟုတ်သလား ဆိုတော့မှ ဟုတ်တယ်သားတဲ့၊ ဘယ်လိုဖြစ်လို့ ဒီလောက် မြန်မြန်ကြီး ယူဖြစ်သွားတာလဲဆိုတော့ သူ့ပုံစံအတိုင်း မပွင့်တပွင့် ရယ်နေတယ်၊ သားပြန်လာတော့





အားလုံးပြောပြပါမယ်တဲ့၊ ခုတော့ ဘာမှမပြောပြနိုင်တော့ဘူးလေ"

သူယောင်က သာလွန်းနေကို ငေးကြည့်နေသည်။

"သူတို့ ဘယ်လိုတွေ့ကြတာလဲ"

သူယောင်က အတန်ငယ် ချင့်ချိန်စဉ်းစားနေပြီးမှ ...

"တွေ့ကြတဲ့အချိန်မှာ အန်ကယ်ကနေမကောင်းဘူး၊ ဆေးခန်းလာပြနေတာ၊ အန်ကယ် အဲဒီတုန်းက ပန်ကရိယပ်စ်ဖြစ်တာ၊ ဆေးခန်းမှာ ဗိုက်တအားအောင့်ပြီး ဝေဒနာခံစားနေရတာပေါ့၊ အဖော်လည်းမပါ၊ တစ်ယောက်တည်း လာရှာတာ၊ အဲဒါကို အန်တီထား တွေ့တယ်"

"အဲဒီတော့ ..."

"အဲဒီနောက် သူတို့ ယူဖြစ်သွားတာပဲ"

"ဟင် ... ပြည့်လည်း မပြည့်စုံဘူး၊ ဒါပဲလား"

"အန်ကယ်က ဆေးရုံတက်ရမယ်၊ ဆေးရုံတက်တဲ့ဝေယျာဝစ္စ အိမ်ကနေ စောင့်လုပ်ပေးမဲ့သူတောင် တစ်ယောက်မှမရှိဘူး၊ တစ်ယောက်တည်း သနားပါတယ်၊ အဲဒီမှာပဲ အန်တီထားက အန်ကယ့်အိမ်ပေါ် မြန်မြန်ရောက်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေက မျက်မှောင်တွန့်ကာ သူ့ယောင်စကားကို စဉ်းစားနေသည်။ ဖေဖေ့ကို အဲသလိုတွေ့သိရပြီး ကရုဏာတွေပိုကာ သဒ္ဓါလွန် တဏှာကျွံသွားတာမျိုးလား။ လွယ်ကူမြန်ဆန်လိုက်တာ။

"အန်ကယ် ဆေးရုံတက်ရတယ်၊ ရက်နှစ်ဆယ်ကျော်ကြာခဲ့တယ်၊ အန်တီ့မှာ ကိုယ်ခွဲမရှိတော့ ကျွန်မပါ ဒီအိမ်လိုက်ပြောင်းလာရတယ်၊ အစက အန်တီထားနဲ့ ကျွန်မ တိုက်ခန်းတစ်ခုမှာ နေတာပါ၊ ကျွန်မက တိုက်ခန်းမှာ ဂျမ်းဘုံနဲ့ ကျွန်ခဲ့တာပေါ့၊ နောက်တော့ အန်တီထားမှာလည်း အကူအညီ လိုအပ်လို့ ဒီကို ပြောင်းလာပေးတယ်၊ အန်ကယ် ဆေးရုံက ဆင်းလာတော့ ကျွန်မ ပြန်ပြောင်းမလို့ပဲ၊ အန်ကယ်ရော အန်တီထားရော အတင်းဝိုင်းတားကြလို့၊ ဒီမှာပဲသောင်တင်သွားပါတယ်"

"ဖေဖေနဲ့ အန်တီ ယူလိုက်တာ သိပ်မြန် သိပ်မလွယ်လွန်းဘူးလား"

သူ့ယောင်က သာလွန်းနေ စကားကို မခံချင်လှဟုနှင့် ...





"သူတို့က အရင်ကတည်းက ... ...၊ အရင်ကတည်းက သိကြတယ်လေ၊ ရှင်ကလည်း၊ ခုမှ ပြန်တွေ့တာပေမဲ့ သိပြီးသားလူတွေ"

"ဩော် ... ဟိုသင်း ... ရည်းစားဟောင်းတွေများဟောင်ဖြစ်မလား"

"ဖြစ်ရင်လည်း ဖြစ်မှာပေါ့"

"ဩော် ..."

သာလွန်းနေက ပခုံးတွန့်လိုက်ပါသည်။

"ဖေဖေ့ဆီ ပြောင်းလာ၊ ဒီမှာနေ၊ ဖေဖေ ဆေးရုံတက်၊ ဆေးရုံကဆင်းမှ မင်္ဂလာဆွမ်းကျွေးပြီး ယူတာပေါ့"

"အင်းပေါ့"

"တစ်မျိုးကြီးလိုပဲ ဖြစ်နေတယ်နော်၊ အန်တီ့ကို ခင်ပါတယ်၊ ထိခိုက်ပြီး မပြောချင်ပါဘူး၊ ဒါပေမဲ့ သိပ်မြန်ပြီး သိပ်လွယ်သလို ဖြစ်နေတာတော့ အမှန်ပဲ၊ အရင်ကတည်းက ကြိုတင်စီစဉ်ပြီးသားလို ဖြစ်နေတယ်၊ အန်တီ့ ဝင်ငွေကြေးဆိုတာက ဘာလဲဗျ"

"ဝင်ငွေကြေး ဆိုတာ ဒီလိုဖြစ်ဖို့ သူ့မှာ ကံပါလာတာပဲလို့ ဖြေသိမ့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုလိုတာက သူ့အတွက် ရင်နာစရာ နစ်နာစရာ မကောင်းတာ တစ်ခုခု ဖြစ်ရတာ ရှိလို့ပေါ့၊ ဒါတွေ မသိရဘူးလား"

သူယောင်က တခဏ ငိုင်နေပါသည်။ လျှို့ဝှက်ချင်လွန်းတဲ့ သတ္တိကြောင်နေတဲ့ အန်တီထားကြောင့် အားလုံးကိုလည်း သူ့မှာ ဖွင့်ချပြခွင့် မရှိ။ အန်တီထားက ပြောစရာရှိတာတွေ သူကိုယ်တိုင် အချိန်စောင့်ပြီး ပြောမှာမို့ ဘာမှလျှောက်မပြောဖို့ သူယောင့်ကို တင်းကျပ်စွာ ကတိတောင်းထားသည်။ သာလွန်းနေရဲ့ ရင်းနှီးမှု၊ ယုံကြည်မှု၊ သံယောဇဉ်၊ ချစ်ခင်မှု စသည်တို့ကို အရင်ရပြီးမှ သူ ပြောစရာရှိတာကို ပြောလိုသည် ဆိုတော့လည်း သူယောင့်မှာ အားမလို အားမရ အသည်းယားတာကလွဲပြီး ဝင်မစွက်သာတော့ပါ။

"ဥပမာ ..."

သူယောင်က စကားစ,ပြီးမှ သာလွန်းနေကို တစ်ချက်ကြည့်ကာ တို့နေးသွားပြီးလျှင် ဆုံးဖြတ်လိုက်သလို စကားကို ပြန်ဆက်လျက် ...

"ဥပမာပေါ့နော် ... ကျွန်မ ရိုးရိုးပြောတာပါ၊ လူမှုရေးပိုင်းက ထားပါဦး၊ ငွေရေးကြေးရေးပိုင်း တစ်ခုပေါ့နော်၊ အန်ကယ့် ပန်ကရိယပ်စ်ကို ပုဂ္ဂလိကဆေးရုံကြီးတစ်ခုမှာ





တင်ပြီး အန်တီကုခဲ့တယ်၊ ရက်နှစ်ဆယ်ကျော် ကြာတယ်၊ ခွဲစိတ်တာ ဆေးဝါးကုသတာ ဆေးရုံစရိတ် စသဖြင့် သိန်းသုံးဆယ်လောက် ကုန်ခဲ့တယ်၊ အန်ကယ့်မှာ အဲသလို ငွေအပုံလိုက် မရှိဘူးရှင့်၊ အန်တီထားက သူပိတ်ထားခဲ့တဲ့ တိုက်ခန်းကို ရောင်းပစ်လိုက်တယ်"

သာလွန်းနေ မျက်နှာပင် ပျက်သွားရပါသည်။ ဤကိစ္စမျိုးကို သူ မသိပါလား။ ဖေဖေ ဆေးရုံတက်ရတာ ပြန်သိခဲ့ပေမဲ့ ငွေကြေးကိစ္စ ထည့်မတွေးမိခဲ့။ ဖေဖေ့မှာ သိန်းသုံးဆယ်လောက်ပမာဏ ပိုက်ဆံအပုံလိုက် မရှိတာကို သူ သိပါသည်။ ရယ်သလို မောသလို လုပ်နေတဲ့ သာလွန်းနေ ငိုင်ကျသွားရပါသည်။ ခုလိုအတွင်းဆိုရင် ဒေါ်သက်ထားနွယ်သာ ငွေမထုတ်ရင် ဖေဖေဟာ ဆေးကုဖို့ ကုန်ကျစရိတ်ပင် မရှိတဲ့သဘော ဖြစ်နေတာပေါ့။

"ကိုသာလွန်းနေ တစ်ခု သိထားဖို့က အန်တီထားဟာ အန်ကယ်ဦးနေစိုးကို ချစ်တယ်ရှင့်"

သာလွန်းနေ ရင်ထဲ လှုပ်ခတ်သွားရပါသည်။

"ရှင့်ကိုလည်း ဒီအတိုင်းပါပဲ"

သာလွန်းနေက အလေးအနက် ခေါင်းညိတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"သူယောင့်ကို ကျွန်တော် တစ်ခုမေးချင်သေးတယ်၊ သိချင်လို့ သက်သက် မေးတာပါ"

"ဟုတ်ကဲ့"

"ဖေဖေနဲ့ လက်မထပ်ခင်က အန်တီက အပျိုကြီးလား"

သူယောင်က နှုတ်ပိတ်ကာ ကြမ်းပေါ်ပဲ စိုက်၍ ကြည့်နေပါသည်။

"ဒါမှမဟုတ် မုဆိုးမလား တစ်ခုလပ်လား၊ ဆိုလိုတာက ဖေဖေနဲ့ မတွေ့ခင်ကတော့ အန်တီ့မှာ အိမ်ထောင်ရှိသလား၊ တကယ်တော့ အန်တီ့နောက်ကြောင်းက ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူးလေ၊ သိချင်တာ သက်သက်နဲ့ မေးကြည့်တာပါ"

သူယောင်မယ့် ပုံစံက အဖြေခက်နေသလိုလို မပြောချင်သလိုလို အိုးတိုးအမ်းတမ်း ရှိနေဆဲ၊ သူတို့နောက်ဘက် ညှော်ခန်းအစပ်နားက လှုပ်ရှားသံကြောင့် နှစ်ယောက်လုံး လှည့်ကြည့်လိုက်မိကြပါသည်။ ဒေါ်သက်ထားနွယ်ကို မြင်လျှင် သာလွန်းနေဟာ သူ မေးထားမိတဲ့ မေးခွန်းအတွက် အားနာပါးနာ မျက်နှာပူသလို ဖြစ်သွားရဆဲ၊ ဒေါ်သက်ထားနွယ်က ဘယ်လိုမှမနေတဲ့ ခပ်အေးအေး မျက်နှာမျိုးနှင့် ...



"အန်တီ့တစ်သက်မှာ ဦးနေစိုး တစ်ယောက်နဲ့ပဲ အိမ်ထောင်ပြုဖူးပါတယ်သား၊ တခြားအိမ်ထောင် မရှိခဲ့ပါဘူး"

သာလွန်းနေသည် ဒေါ်သက်ထားနွယ်ရဲ့ အဖြေစကားတွင် အံ့အားတသင့် ငြိမ်နေမိပါသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

သာလွန်းနေသည် ပပရဲ့အစ်မ မနှင်းကို ငိုင်၍ ကြည့်နေမိပါသည်။ သူဟာ အပြင်မှာ ငြိမ်ငြိမ်သက်သက် ဖြစ်နေသော်လည်း စိတ်ထဲမှာတော့ လှုပ်လှုပ်ရှားရှား ဖြစ်နေမိပါသည်။ မနှင်းက အနေခက်သလိုဖြင့် ...

"အစ်မလည်း ပပ ပြောလို့ နီနီ့ကို သေချာမေးကြည့်ကြည့်တာပဲ၊ သူက သေချာတယ်ဆိုပြီး ဟိုတုန်းက အယ်လ်ဘမ်အဟောင်းတွေ ထုတ်လာပြီး ပြတာနဲ့ ဟောဒီပုံလေးကို ကိုသာ့ကို ပြရအောင် ဖြုတ်လာတာ"

သာလွန်းနေက ခေါင်းတစ်ချက်ညိတ်လိုက်မိသည်။





"ပပက ပြောတယ်၊ သူက ကိုသာ့အဖေနဲ့ မတိုင်ခင် အိမ်ထောင်မရှိပါဘူးလို့ ပြောတယ်ဆို"

"ဟုတ်ကဲ့"

"အဲဒါကတော့ ညာပြောတာ သေချာနေတာပဲ၊ အေးလေ ... ကိုယ်နဲ့မသိတဲ့ လူတစ်ယောက်ကို ကိုယ်လည်း သူ့ဘက်က အနေအထား ဂဃနဏ မသိဘဲနဲ့ မဝေဖန်ချင်ပါဘူး၊ သူ့မှာလည်း အကြောင်းတစ်ခုခု ..."

"အို ... မမနှင်းကလည်း ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ညာပြောတာက ညာပြောတာပဲလေ၊ သူက ဘာဖြစ်လို့ အရင်က အိမ်ထောင်မရှိပါဘူးလို့ ကိုသာ့ကို ညာပြောရတာလဲ၊ အဲဒါ မရိုးသားမှု၊ အဲဒီအကြောင်းရင်းကိုပဲ ပပတို့က စဉ်းစားရမှာ"

မနှင်းက သာလွန်းနေကိုသာ အကဲခတ်နေသည်။

"ပပ ပြောတာ ဟုတ်တယ် မမနှင်း၊ တစ်ခုခုရှိပြီပေါ့၊ သူ့မှာ အရင်က အိမ်ထောင်ရှိရှိ မရှိရှိ ကျွန်တော်နဲ့ ဆိုင်တာမှ မဟုတ်တာ၊ အမှန်ကို ပြောရမယ်လေ၊ ကျွန်တော့်ကို ညာတယ် ဖုံးကွယ်တယ် ဆိုတာ ကျွန်တော် မသိစေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဘာကြောင့် မသိစေချင်တာလဲဆိုတာ တွေးစရာ ဖြစ်လာတာပေါ့"

သူယောင်မယ့်ကို သူမေးနေစဉ်တုန်းက နောက်က ဝင်ဖြေလိုက်တဲ့ ဒေါ်သက်ထားနွယ်ရဲ့ အဖြေဟာ "အိမ်ထောင်ရှိခဲ့ဖူးပါတယ်"ဆိုတာမျိုးဖြစ်ရင် သူ့စိတ်ထဲ ဘာမှဖြစ်မည်မဟုတ်။ သူ့ဟာသူ အိမ်ထောင်ရှိခဲ့ဖူးတာကို စိတ်လည်းမဝင်စား၊ အပြစ်လည်း မသတ်မှတ်၊ ကိုယ်နဲ့ ဘာမှမဆိုင်။ ဖေဖေ ကျေနပ်လို့ ယူခဲ့ပြီပဲ၊ ပြီးပြီပေါ့။

ခုတော့ ဖေဖေကလွဲပြီး တခြားအိမ်ထောင် မရှိခဲ့ဖူးပါဘူးတဲ့။ ဒီစကား ကြားကတည်းက ပပထံကသိရတဲ့ သတင်းနှင့် လွဲနေ၍ စိတ်ထဲ တထင့်ထင့် အဖုအထစ် ဖြစ်ရသည်။ ဘယ်လိုပါလိမ့်။ ဘယ်သူ့စကား မှန်သလဲပေါ့။ ရှင်းရှင်းပြောရရင် အန်တီနှင့် သူယောင်မယ့်ကို လုံးဝမလိုလားတာ သိသာတဲ့ ပပ စကားကိုလည်း လုံးဝဥဿုံ ယုံကြည်နိုင်တာတော့ မဟုတ်။ ဒါကြောင့်လည်း အမှန်ကို သိချင်စိတ်ပိုပြီး ပြင်းပြလာတာ။

အန်တီ့စကား အမှန်လား။ ပပစကား အမှန်လား။ အန်တီ ငြင်းတယ် ဆိုတာကို ပပကို ပြောပြဖြစ်လိုက်ပါသည်။





"အစ်မရဲ့သူငယ်ချင်း နီနီတို့မိသားစုနဲ့ သူတို့မိသားစုတွေက သိကြတယ်၊ တအားမခင်ဘူး ကိုသာရဲ့၊ နီနီ့အမေရဲ့ညီမ နီနီတို့အဒေါ်နဲ့မှ ဒေါ်သက်ထားနွယ်က သူငယ်ချင်း၊ အဲဒီ နီနီ့အဒေါ်က အခု ယူအက်စ်အေမှာ၊ သူတို့မိသားစု နိုင်ငံခြား ထွက်ကြတော့ သူတို့ရဲ့ ပစ္စည်းပစ္စယတချို့၊ စာရွက်စာတမ်းတွေတို့၊ သူတို့လိုချင်သေးတဲ့ နမြောတဲ့ ပစ္စည်းမျိုးတွေပေါ့၊ အစ်မအိမ်မှာ ဗီရိုတွေနဲ့ ထားသွားတယ်၊ နီနီတို့ အိမ်မှာပေါ့ ...

ပပ ပြောမှ အစ်မက နီနီ့ကို သေချာထပ်မေးကြည့်တော့ နီနီတို့ကလည်း ဒေါ်သက်ထားနွယ် ဟိုးတုန်းက အိမ်ထောင်ပြုဖူးတာ သေချာတယ်၊ သူ့အဒေါ်ဆီမှာ ဓာတ်ပုံတောင် ရှိနိုင်တယ်ဆိုပြီး ဗီရိုတွေ သော့ဖွင့်ပြီး အယ်လ်ဘမ်အဟောင်းကြီးတွေ ဖွင့်ရှာတာ"

သာလွန်းနေက စားပွဲပေါ်က ဓာတ်ပုံကို စိုက်ကြည့်နေမိသည်။ ဓာတ်ပုံနောက်ကျောမှာ စာတန်းကလေးတစ်ခုပါသည်။ စာတန်းကလေးမှာ ဖောင်တိန်မင်နှင့် ရေးထားတာဖြစ်ပြီး နှစ်ပေါင်းကြာလာတဲ့ မင်အဟောင်းရောင်အဖြစ် ဖျော့တော့နေပြီ။

www.burmeseclassic.com



"(၂၅-၆-၁၉၇၈)

ထား၏ မင်္ဂလာဆောင်တွင် အမှတ်တရ။"

ထိုဓာတ်ပုံမှာ အဖြူအမည်းဓာတ်ပုံတစ်ပုံ ဖြစ်ကာ ဆေးသား ကောင်းမွန်သဖြင့် မကွက်မပျက်သေးဘဲ ထင်ထင်ရှား ရှား ရှိတုန်းပင်။ ဓာတ်ပုံထဲမှာ အမျိုးသမီး လေးယောက်ပါသည်။ ပုံကိုကြည့်သည်နှင့် မင်္ဂလာဆောင်တဲ့ သတို့သမီးကို သူငယ်ချင်း တွေက အတူတွဲကာ အမှတ်တရ ဓာတ်ပုံရိုက်ထားမှန်း သိသာ သည်။

သတို့သမီးက ထိုင်မသိမ်းဝတ်စုံနှင့် ဖြစ်သည်။ ဘေးက သူငယ်ချင်းမတွေက အဒီဒေတ်ကပုံစံ ဇာဝမ်းဆက်တွေ လက်ကားတွေ လက်ဖောင်းတွေနှင့်။ အားလုံး ပျော်ရွှင်ကြည်လင် စွာ ပြုံးရယ်နေကြလျက်။ အလယ်က ထိုင်မသိမ်းဝတ်စုံ ဝတ်ထား သော သတို့သမီးမှာ ဒေါ်သက်ထားနွယ်ပဲဆိုတာ ဘယ်သူ့ကို မေးမေး ဒေါ်သက်ထားနွယ်ကို မြင်ဖူးသူတိုင်း သိကြမှာပင်။ အသက်ငယ်ကျော် အရွယ်နှင့် အသက်ငါးဆယ် ပတ်လည် အရွယ် ကွာခြားတဲ့ အနအရင့် အနည်းငယ်မှအပ နည်းနည်းက လေးပင် ရုပ်မပြောင်း။

မမှတ်မိစရာ အကြောင်းကို မရှိ။





"သတို့သမီးက ဒေါ်သက်ထားနွယ်တဲ့၊ ဒီဘက်ကပ်လျက်က နီနီတို့အဒေါ် ဒေါ်ခင်လေးကြူတဲ့၊ ဒီဘက်ဘေးကတော့ ဒေါ်မြမြတဲ့၊ ဒေါ်သက်ထားနွယ်နောက်က သူ့ရဲ့ညီမတဲ့၊ ဒေါ်ခင်လေးနွယ်တဲ့၊ သတို့သားတော့ မပါဘူး၊ သူတို့ သူငယ်ချင်းကိုပဲ ဆွဲပြီးတွဲရိုက်ထားတာပေါ့ ..."

သတို့သားပုံ မပါသလို၊ သတို့သားက ဘယ်သူဆို တာ နီနီတို့တွေက နာမည်သေချာ မမှတ်မိကြဘူး၊ သတို့ သား ... အဲ ... သူ့ယောက်ျားပေါ့၊ သူ့ယောက်ျားဘယ်သူ ဆိုတာတော့ နီနီက သူ့အဒေါ် ဖုန်းဆက်ရင် မေးကြည့် လိုက်ဦးမယ်တဲ့"

"သတို့သား ဘယ်သူလဲ ဆိုတာက အရေးမကြီးတော့ပါဘူး မမနှင်း၊ ဒီလောက်နဲ့တင် သူ လက်ထပ်ဖူးတယ်၊ အိမ်ထောင် ပြုဖူးတယ် ဆိုတာ သေချာထင်ရှားနေပြီပဲ၊ ဘယ်သူနဲ့ယှယှ သူ့မှာ အိမ်ထောင်ရှိခဲ့ဖူးတယ်၊ အဲဒါကို သူ ဘာကြောင့် ဖုံးကွယ်ပြီး ညာပြောသလဲသာ စဉ်းစားမရတာ"

သာလွန်းနေ စိတ်ရှုပ်ထွေးထွေးနှင့် ခေါင်းကိုခါယမ်း ရင်း ပြောမိသည်။ အန်တီ့ရုပ်ရည် အသွင်အပြင် သိမ်မွေ့နူးညံ့မှု



www.burmeseclassic.com

www.burmeseclassic.com



သဘောထား ဖြူစင်ကောင်းမွန်ပုံ ရှုမှုတွေက အန်တီ့ကို လိမ်ညာသူတစ်ယောက်အဖြစ် မပဟပ်မိစေအောင် အံ့အားသင့်စရာဖြစ်သည်။

ဟိုတစ်နေ့က သူ့မေးခွန်းကို နောက်ဘက်ကနေ ဒေါ်သက်ထားနှယ် ဝင်ဖြေလိုက်စဉ်က သူယောင်မယ့် ပုံစံကို သူပြန်မြင်ယောင်လာပါသည်။ သူယောင်ဟာ ခေါင်းကို ခပ်ငုံ့ငုံ့ပြီး ပါကေးကြမ်းခင်းကို တွေတွေကြီး စိုက်ကြည့်နေကာ စိတ်မသက်သာဟန် ရှိခဲ့သည်။ အန်တီထားကိုလည်း ဖျတ်ခနဲ တစ်ချက် ခပ်စူးစူး ကြည့်လိုက်ပါသေးသည်။

ဘာတွေလဲ ...။ ဘာတွေလဲ ...။ ဘာတွေ ဖုံးကွယ်လှည့်စားနေတဲ့ တွဝရီးလဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။ သာလွန်းနေက သက်ပြင်းတစ်ချက်ချကာ ...

"ကျွန်တော့်ကို ဘာညာစရာရှိလဲ"

"ကိုသာ့ကို ဒီကိစ္စ ညာပြောကတည်းက သူ ဖုံးကွယ်ချင်ရတဲ့ အကြောင်းရင်းဟာ ကိုသာနဲ့ ပတ်ကိုပတ်သက်ရမယ်"

"စဉ်းစားရ ခက်တယ်နော်"

မနှင်းကလည်း မှတ်ချက်ချသည်။ ပပက ...





"ဘာမှ စဉ်းစားရ မခက်ဘူး၊ ပပ ထင်တာက သူတို့ ဒီအိမ် ဒီခြံကို ပိုင်ဆိုင်ခွင့်မရှိဖို့အတွက် အဟန့်အတား ဖြစ်စရာရှိလို့ အန်ကယ်ရှိကတည်းက အန်ကယ့်ကိုပါ အသိမပေးခဲ့ဘဲ ညာထားခဲ့တာမျိုး ဖြစ်နိုင်တယ်"

"သူတို့က ပိုက်ဆံတော့ ရှိကြတယ်တဲ့ဟဲ့"

"ဩော် ... မမနှင်းလည်း ကိုသာ့ အတိုင်းပဲ၊ ပိုက်ဆံရှိရင် ဘာမှ ထပ်လိုချင်မှာ မဟုတ်တော့ဘူးလို့ အပိုင်တွက်လို့ ဘယ်ရမှာလဲ၊ ချမ်းသာဆင်းရဲနဲ့ မဆိုင်ဘူး၊ မတော်လောဘဟာ မတော်လောဘပဲ"

အစကတော့ ဒီလိုစကားမျိုး ပပ ပြောလျှင် ပပဟာ လူတစ်ဖက်သားကို မကောင်းမြင်လွယ် အထင်လွဲလွယ်တယ်၊ သံသယဖြစ်လွယ်တယ်လို့ သူ့စိတ်ထဲ မနှစ်သက်တတ်ဘဲ ရှိခဲ့ပါသည်။ ခုလိုကျတော့ သူ့စိတ်ထဲ အင်သွားပြီ။ ပပကမှ အမြော်အမြင် ရှိသေးတယ်လို့ ပြောင်းပြီး မှတ်ချက်ချရတော့မလို ဖြစ်နေပါပြီ။

မိန်းမတွေအချင်းချင်း အတွင်းသဘောကို နှိုက်နှိုက်ချွတ်ချွတ် ထိုးထွင်းမြင်နိုင်စွမ်း ရှိခဲ့တယ်လို့ ပပကို ချီးမွမ်းရမလို။



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေသည့် ဤအဖြစ်ဟာ တစ်ခုခုပဲလို့ သံသယကြီးစွာ ဝင်သွားရပြီ ဖြစ်သလို ရင်ထဲမှာလည်း တော်တော်ကြီးကို ထိခိုက်စိတ်မကောင်း ဖြစ်မိသည်။

သူ ယုံကြည်ခင်မင်တဲ့ ဒေါ်သက်ထားနွယ်။ ညာပြောလို့လည်း တစ်နေ့မပေါ်မှာ မဟုတ်တဲ့ ကိစ္စတစ်ခုကို အဘယ်ကြောင့် ပြောင်လိမ်ညာရပါသနည်း။ သူကတော့ ဒေါ်သက်ထားနွယ်ကို တစ်ခါမှ မမြင်ဖူးပဲ ခုမှစ,တွေ့ရတဲ့ မိတ္တေးတစ်ယောက်လိုမဟုတ်ဘဲ ရင်းရင်းချာချာ ရှိခဲ့ဖူးတဲ့ အဒေါ်သားချင်းတစ်ယောက်လို နှစ်လိုရင်းနှီး ခင်မင်စိတ်မျိုး အချိန်တိုကလေးအတွင်းမှာ ပေါက်ဖွားခဲ့မိတာပါ။

ခုတော့ သူ အတော်ဖီလင်အောက်သွားပါသည်။ ဒေါ်သက်ထားနွယ်တင် မကဘဲ သူယောင်မယ်ကကော။ အမှန်တော့ သူလည်းပဲ တစ်ကျိတ်တည်း တစ်ဥာဏ်တည်းပေါ့။ ဒါပေမဲ့ သူယောင်မယ်ကမှ အင်တင်တင်ပုံစံ ရှိနေပါသေးသည်။ သူရောက်ကာစကလည်း "ဖွင့်ပြောလိုက်ပေါ့၊ ဖုံးကွယ်ထားစရာမှ မလိုပဲ"ဆိုတဲ့ စကားကို သူ့ကွယ်ရာမှာ သူယောင်မယ် ပြောနေတာ သူ နားနှင့်ဆတ်ဆတ် ကြားခဲ့ရသေးသည် မဟုတ်လား။





ဖုံးကွယ်ထားတာဟာတော့ ရှိကိုရှိခဲ့သည်။ ဒါဟာ ဒေါ်သက်ထားနွယ် ဆန္ဒနှင့် ဖုံးကွယ်ထားတဲ့ ကိစ္စ။ သူယောင်ကတော့ စိတ်မပါတပါ။ အဒေါ်မို့ မလွန်ဆန်သာပဲ ရှိတဲ့အခြေအနေ။ ဒါဟာ အမှန်ပဲ။

"ကဲ ... ငါပြန်ဦးမယ် ပပရာ"

"ကိုသာ ဘာဆက်လုပ်မလဲ"

"မသိသေးပါဘူး၊ ဒါပေမဲ့ သူ့အပေါ် တော်တော်တော့ ဖီလင်အောက်သွားပြီကွာ"

"ဖွင့်ရှင်းလိုက်ရင် ကောင်းမယ်ထင်တယ်"

"ငါ စဉ်းစားဦးမယ်၊ မမနှင်း ကျွန်တော့်ကို ဒီဓာတ်ပုံတော့ ခဏငှားထားပါဦး"

"ရတယ်လေ ယူထားပေါ့၊ ကိုသာ ရှင်းစရာရှိတာ ရှင်းပြီးရင်တော့ နီနီတို့ကို ပြန်ပေးပါ"

"ဟုတ်ကဲ့"

သာလွန်းနေက ဓာတ်ပုံဟောင်းလေးကို အိတ်ထဲကောက်ထည့်လိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာဟာ စိတ်အလိုမကျခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းတို့ကြောင့် မသာမယာ တင်းမှုန်ကာနေလေသည်။ အန်တီအပေါ်သာမက သူယောင့်အပေါ်မှာပါ သူ့ရင်ထဲက မမြင်ရတဲ့ သံယောဇဉ်တွေ စည်ပင်ပွားများခဲ့ပြီး ဖြစ်နေတာကို သူ့ကိုယ်သူ မကျေမနပ်နှင့် နှမြောတသစွာ နားလည်ခံစားခဲ့ရသည်။

အရင်းအချာ မရှိတော့တဲ့ သူရဲ့ချစ်ခင်တွယ်တာခြင်းတွေကို သူတို့နှစ်ယောက်အပေါ် စိတ်ချလက်ချ ပုံချထားမိပြီ ဖြစ်တာကို သူကိုယ်တိုင် ခုမှပဲ ကိုယ့်ကိုယ်ကိုယ် ရိပ်မိခဲ့ရသည်။ ဒီအတွက် တနုံ့နုံ့နှင့် မကျေမချမ်းဖြစ်သည်။ သူ့ပုံစံဟာ ဟိုးတုန်းက ဂျစ်ကန်ကန်ပုံစံ ပြန်ဖြစ်လာပါသည်။

ဒါကို သူယောင် အရင်ရိပ်မိပါသည်။ အန်တီက တစ်နေကုန် ဆိုင်သွားဖွင့်နေရသူဖြစ်၍ တကယ်တမ်း အထိအတွေ့ အဆက်အဆံ ပိုများတာက သူယောင်နှင့် သာလွန်းနေ။ ပြောင်းလဲပြေပြစ် နွေးထွေးလာခဲ့တဲ့ ဆက်ဆံရေးအပေါ် ကျိတ်ပြီး ကြည်နူး





စိတ်ချမ်းသာရတဲ့ သူယောင်သည် လပိုင်းလောက်ပဲခံပြီး ပြန်လည်အေးစက်မာကျောသွားတဲ့ သာလွန်းနေ ပုံစံကြောင့် ရင်ထဲတွင် သောကနှင့် မောလျရပါသည်။

သူ ဘာဖြစ်ရပြန်ပြီလဲ။ သူယောင့်ကို ခိုးကြည့်တတ်တဲ့ ရွှန်းလက်နွေးမြတဲ့ အကြည့်တွေကို မသိကျိုးကျွန် ခံယူကာ တိတ်တဆိတ် ကျေနပ်ကြည်နူးနေရခြင်းတို့သည် ရုတ်တရက် ပြောင်းလဲသွားတဲ့ အေးစက်မာကျောတဲ့ မျက်လုံးစိမ်းများကြောင့် ဖရိုဖရဲ ပြိုကွဲလွင့်စဉ်ကာ စိုးရိမ်သောကတစ်မျိုးနှင့် လှုကိုဝမ်းနည်းညှိုးလျစေသည်။

နောက်ဆုံးတော့ သူဟာ ဒုံရင်း ဒုံရင်း ခပ်တင်းတင်းနဲ့ပဲ။ တစ်လလောက်မျှ ရင်နှီးနွေးထွေးပြခဲ့တဲ့ သူ့အပြုအမူ အရိပ်အယောင်များဟာ အပြောင်းအလဲ မြန်လိုက်တာ။ အရင်လို သူ့ကို တစ်ပြန်စီး ခပ်တင်းတင်း နေဖို့ထက် သူယောင့် ရင်ထဲ လစ်ဟာပြီး ပျက်စီးသွားတဲ့ အခြေအနေလေးကို ဝမ်းနည်းတသ ရပါသည်။

တရားခံဟာ ဘယ်သူလဲ။ ပပသဇင် ဆိုတဲ့ ကောင်မလေးလား။ ခုရက်ပိုင်း ညနေတိုင်းလိုလို အိမ်ရောက်လာပြီး အိမ်ကဘသားချောနှင့် တီးတိုး တီးတိုး။ သာလွန်းနေရဲ့ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



အေးစက်မှုကို ဝမ်းနည်းမိတဲ့ သူယောင်ဟာ ပပရဲ့ သံသယရိပ် စွန်းတဲ့ ခပ်တင်းတင်း အကဲခတ်မှုတို့ကိုတော့ အထိနာသည်။

သူက ဘာဆိုင်လို့လဲ။ ဘာမို့လို့ လူကို မယုံသင်္ကာ ကြည့်ရတာလဲ။ အမြဲတစေ သာလွန်းနေ အနား တကပ်ကပ်နှင့်။ ပုံစံကိုက ယုန်ကမတိုး ပိုက်ကတိုး၊ မြင်းကမလှုပ် ခုံကလှုပ် ပုံစံ။

ဤသို့လျှင် နှစ်ဦးနှစ်ဖက် အခြေအနေတွေက ခပ်တင်းတင်း အတွင်းမှာခံကာ အပေါ်ယံအခြေအနေ ပါးပါးကလေး တစ်ချပ်ကြောင့်သာ ဣန္ဒြေမပျက် ရှိနေဆဲ၊ သာလွန်းနေသည် ပပထံမှ နောက်ထပ် သတင်းတစ်မျိုးကို ထပ်မံလက်ခံ ကြားသိရပြန်သည်။

"အဲဒီအန်တီမှာ သမီးနှစ်ယောက်ရှိတာ၊ အကြီး မနီနီဝင်းက မမနှင်းနဲ့ ရွယ်တူ သူငယ်ချင်းလေ၊ မီမီဝင်း ဆိုတာက အငယ်၊ ပပတို့နဲ့ ရွယ်တူလောက်ပဲ၊ အခု တစ်ခုထပ်သိရပြန်ပြီ ကိုသာ၊ ဒေါ်သက်ထားနွယ်ဟာ အိမ်ထောင်ပြုခဲ့ဖူးတာတင် မဟုတ်ဘူး၊ ကလေးလည်း မွေးခဲ့တယ်၊ အဲဒီ အန်တီမှာ မီမီဝင်း ကိုယ်ဝန်နဲ့တုန်းက ဒေါ်သက်ထားနွယ်လည်းပဲ ကိုယ်ဝန်နဲ့၊ အိုဂျီဆီ ဆေးခန်းသွားပြနေရင်း နှစ်





ကြိမ်လောက် ဆုံဖူးတယ်တဲ့၊ အပ်ထားတဲ့ အိုဂျီလည်း အတူတူပဲ၊ မွေးရင်လည်း မတိမ်းမယိမ်းလောက် မွေးကြမှာ ...

ဒါပေမဲ့ မွေးခါနီးနဲ့ မွေးပြီးတဲ့ နောက်ပိုင်းတော့ ထပ်မတွေ့ကြတော့ဘူးတဲ့၊ သူ ဘယ်တော့မွေးသွားတယ်၊ ဘာလေးမွေးတယ်တွေတော့ မသိဘူးတဲ့"

သာလွန်းနေသည် စိတ်တွေ ရှုပ်ထွေးကာ မကြည်သာ။ ဒီလောက်ကြီးမားတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခု သူ့အပေါ် ဘာကြောင့် လိမ်ညာအသိပေးရတာလဲ။ တစ်ခုခုတော့ ရည်ရွယ်ချက်ရှိသည်။ သဘောရိုးဆိုရင် ဘာမှလိမ်ညာလျှို့ဝှက်နေဖို့ မရှိ။ မရိုးသားဘူး။ သူ့ရင်ထဲ ဆုံးရှုံးခြင်းတစ်ရပ်လို ခံစားနေရကာ တစ်ယောက်တည်း စိတ်တွေဆူပွက်နေသည်။ အန်တီ့ကိုလည်း သူက အဒေါ်တစ်ယောက်လို သဘောထားပါလျက်။ ပြီးတော့ သူယောင့်ကိုလည်း ...။ သူယောင့်ကိုလည်း သူ သံယောဇဉ်တွေ တစ်ခွဲသား တစ်ဖက်သတ် တိတ်တခိုး ထားနေရတာ သူ့ကိုယ်သူ အသိဆုံး။ ခုတော့ နှစ်ယောက်လုံးကို သူ ဆုံးရှုံးရသလိုပင်။ သူ့စိတ်မှာ သူတို့နှင့် ဆက်ဆံထိတွေ့နေရတာကိုပင် စိတ်မသန့်ကာ ဒေါသဖြစ်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ စာသင်နေရင်းတန်းလန်း တသင်းသင်း မွှေးမြနေသော သနပ်ခါးရေကျဲနံ့လေးရဲ့ ဆွဲဆောင်ညှို့ငင်ဖမ်းစားမှုကို သူ အကြီးအကျယ် မခံမရပ်နိုင်။ မွှန်းကျပ်ခါးသီးလာတော့ကာ ဖွင့်ထားလက်စ စာအုပ်ကို ဖျတ်ခနဲ ပိတ်ပစ်ရင်း ...

"တော်ပြီ"

သူယောင်သည် အံ့အားတသင့် မျက်လုံးဝိုင်း မျက်နှာပျက်ကာ ...

"ဟင် ... ဒီမှာ ရှင်းလက်စ,လေ၊ မပြီးသေးဘူးလေ"

"ဟင့်အင်း ... ဆက်မသင်ချင်တော့ဘူး၊ တော်ပြီ"

"ရှင် ဘာဖြစ်တာလဲ"

"တအား စိတ်ကုန်လာပြီ"

သူယောင့် မျက်နှာက နီမြန်းသွားကာ ...

"ဘာကိုလဲ"

"အားလုံးပဲ၊ အားလုံးကိုပဲ၊ အစစအရာရာ၊ ဒီစာမေးပွဲလည်း မဖြေတော့ဘူး"

သူ့စိတ်တွေ ပေါက်ကွဲသလို စာအုပ်တွေကို တဝုန်းဝုန်း သိမ်းကျုံးထပ်ပစ်လိုက်သည်။ ဘာမှ နားမလည်နိုင်ဘဲ ဒေါသထွက်သွားပုံရတဲ့ သူယောင်မယ်သည် စော်ကားခံရသလို နာကျင်သွားပုံနှင့် ...





"ဒီမှာ ကိုသာလွန်းနေ၊ ဒီဟာတွေကို ကျွန်မက ရှင့်ကို ရှိစိုးတောင်းပန်ပြီး လိုက်သင်ပေးနေတာ မဟုတ်ဘူး၊ ရှင် အကူအညီ တောင်းလို့ ကူညီတဲ့သဘောနဲ့ သင်ပေးနေတာ နားလည်လား၊ ရှင်ဟာ တော်တော်ရိုင်းတဲ့လူပဲ"

"ရိုင်းသွားလည်း မတတ်နိုင်တော့ဘူး၊ ခင်ဗျားတို့ တူဝရီးကို ဖိလင်အောက်နေပြီ"

သာလွန်းနေ အသံကလည်း မာဆတ်ပြတ်တောက်နေတော့သည်။ သူယောင်မယ်သည် စာတစ်ပိုဒ်ရှင်းရင်းတန်းလန်း အဆုံးပင်မသတ်ခင် ရပ်ပစ်ပြီး စာအုပ်ပိတ်ချ သိမ်းလိုက်တဲ့ သာလွန်းနေရဲ့ အပြုအမူကြောင့် ဒေါသစိတ်နှင့် တဆတ်ဆတ်ပင် တုန်လာသည်။

ကြည့်စမ်း။ အသားလွတ်ကြီး။ လူကိုဖိလင်အောဟ်သလေး ဘာလေး မျက်နှာချင်းဆိုင်ကြီး ပြောချပစ်ရအောင် ဒီက ဘာလုပ်မိလို့လဲ။ ဒေါသ, မခံချင်စိတ်နှင့် မျက်ရည်တွေလည်း လည်လာကာ ...

"ရှင် အရမ်းရိုင်းတယ်၊ ရှင့်အပြုအမူ ရှင့်အပြောအဆိုတွေဟာ လူတစ်ဖက်သားကို စော်ကားမော်ကား နိုင်လွန်းတယ်၊ ရှင် ဒီလိုစော်စော်ကားကား ပြောရအောင် ကျွန်မတို့က

www.burmeseclassic.com



ရှင့်ကို ဘာများ လွှန်ကျူးနေမိလို့လဲ၊ ဘာများလုပ်မိလို့လဲ၊ ပြီးတော့ ရှင်အခုပြောတာ ခင်ဗျားတို့တူဝရီးဆိုတော့ အန်တီပါ ပါတယ်ပေါ့"

"ပါတယ်"

"အန်တီက ရှင့်ကို ဘာလုပ်နေလို့လဲ၊ အန်တီ့လောက် ရှင့်ကို မျက်နှာရိပ် မျက်နှာကဲ ကြည့်ပြီး အရေးတယူ ဖူးဖူးမှုတ် ဂရုစိုက်နေတဲ့သူ ဘယ်မှာရှိသလဲ၊ တစ်ဆိတ်ရှိ ရှင့်ကို ကြောက်နေတာ၊ ရှင့်ကို လန့်နေတာ"

"အလကားနေရင်း ကြောက်နေ လန့်နေတယ် ဆိုကတည်းက မလုံခြုံစရာ အပြစ်တစ်ခုခု ရှိရင်ရှိနေမှာပေါ့၊ မဟုတ်တာတွေ ဘာတွေ လုပ်ထားလဲမှ မသိတာ"

"ဟင် ... ရှင် ... ရှင်၊ ဒီလိုပဲ ပြောစရာလား၊ အန်တီဟာ ရှင့်အမေလောက်ရှိတယ်၊ ရှင် လူကြီးသူမကို အသားလွတ် ပုတ်ခတ်စော်ကား ပြောစရာလား၊ ရှင့်ကို ဘယ်သူဘာတွေ ပြောသလဲ၊ နေရင်း ထိုင်ရင်း ရှင့်ခေါင်းထဲ မိုက်မဲတဲ့ အတွေးအခေါ်တွေ ဝင်လာရအောင် ဘယ်သူ သွေးထိုးသလဲဟင်၊ အလကားနေရင်း ရှင် အခုလို ထပြစ်စရာ ဘာအကြောင်းမှ မရှိဘူး"





"ဘာလဲ၊ ပပကို ပြောချင်တာလား၊ ရှင်းရှင်းပြောလိုက်လေ"

"ဟုတ်တယ် ရှင်းရှင်းပဲ၊ ခုတလော ဒီမိန်းမ အိမ်ကိုနေ့တိုင်းလာပြီး တီးတိုး တီးတိုးနဲ့ သူများ အတင်းအဖျင်း ပြောတဲ့ မသမာတဲ့ရုပ်နဲ့ ကျွန်မကိုပါ စောင်းပေပေကြည့် ကြည့်နေတာ ရိပ်မိပြီးသား"

"မှန်တယ်၊ ဟုတ်တယ်၊ ဒါပေမဲ့ အတင်းပြောတယ်ဆိုတာလည်း အပြောခံရတဲ့သူက အပြောခံရစရာ လုပ်ထားတာရှိလို့သာ ပြောစရာ ဖြစ်တာလေ၊ ကျွတ် ...၊ တော်ပါပြီကွာ၊ တော်ပြီ၊ ဘာမှမပြောချင်ဘူး၊ စိတ်ထဲမှာ အရမ်းဖီလင်အောက်နေတယ်"

ထမင်းစားခန်း အစပ်နားသို့ ဒေါ်သက်ထားနွယ် အပြေးရောက်လာကာ ...

"ဟယ် ... ဘာတွေ ဖြစ်ကြပြန်ပြီလဲ၊ ကိုယ့်အချင်းချင်းကွယ်၊ သားတို့ ပြေပြေလည်လည် ရှိတာကို အန်တီမှာ ဝမ်းသာနေရတာ၊ ဘာမှမကြာသေးဘူး၊ တစ်ယောက်သည်းညည်း တစ်ယောက်ခံကြမှပေါ့ကွယ်၊ သူယောင် ဒေါသရှေ့ထားပြန်ပြီလား သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူယောင်သည် မျက်ရည်လည်ကာ နာကျင်သော မျက်နှာနှင့် ဒေါ်သက်ထားနွယ်ကို လှည့်ကြည့်ပြီး ခုံမှထ,ရပ်လိုက်သည်။

"တော်ပြီ အန်တီထား၊ သူယောင် ဘယ်လိုမှ ဆက်ပြီး သည်းမခံနိုင်တော့ဘူး၊ သူက သိပ်ရိုင်းတာပဲ၊ သိပ်အတ္တကြီးတာပဲ၊ အန်တီထား မျက်နှာကို ထောက်ပြီး၊ အန်တီထားကို ငဲ့ညှာပြီး ချစ်ခင်စည်းရုံးမှုကိုရဖို့ အလိုက်သင့်ကလေး နေပေးပါဆိုလို့ နေပေးခဲ့တာလည်း အလကားပဲ၊ သူ့စိတ်သူ့သဘောကြီးပဲ၊ သိပ်တစ်ကိုယ်ကောင်းဆန်တဲ့ လူတစ်ယောက်၊ မွေးရတဲ့ အမေတောင် နာမည်ပျက်ဖို့ ကောင်းတဲ့သူစား"

"ဟော့ ... မင်း ငါ့အမေကို စကားထဲ ထည့်မပြောစမ်းပါနဲ့၊ ငါ့အမေက သူ့ဟာသူ အေးအေးချမ်းချမ်းနေ အေးအေးချမ်းချမ်း ကွယ်လွန်သွားတဲ့သူပါ၊ အခုကိစ္စတွေနဲ့ရော မင်းတို့နဲ့ရော ဘာမှမဆိုင်ပါဘူး၊ ဘာမှထည့်မပြောနဲ့"

"ဟား ဟား ဟား"

သူယောင်မယ်က ဒေါသထွက်နေဆဲ မျက်နှာနှင့် ပင် တမင်တကာ အစွဲ့တိုက်တဲ့ လေသံနှင့် ထ,ရယ်ချလိုက်ပါသည်။ ဒေါ်သက်ထားနွယ်က သူယောင့်လက်ကို ဆွဲကာ ...





"သူသူ ... သမီး"

"တော်ပါတော့ အန်တီထားရယ်၊ သူယောင်ပါ အန်တီထားကြောင့် အေးကနေ ကြားညပ်ပြီး သူ့ရဲ့ နိုင်ထက်စီးနင်းရိုင်းပျမှု မောက်မာမှုတွေကို ငုံ့ခံမနေပါရစေနဲ့တော့"

"မင်းက ဘာရယ်တာလဲ"

"ရယ်ချင်လို့ ရယ်တာပေါ့၊ ရှင့်ကို လှောင်တာ ရှင်းလား"

"မင်း ငါ့ကို ဘာမှ လှောင်စရာ အကြောင်းမရှိဘူး၊ ဘာကိုလှောင်တာလဲ"

သာလွန်နေက ဒေါသတကြီး အော်ဟစ်လိုက်ပါသည်။

"ဘာကိုလှောင်တာလဲ ဆိုတာ ရှင် သိလာမှာပေါ့။ ကျွန်မ ဘာကို လှောင်သလဲ သိချင်ရင် စုံစမ်းကြည့်ဦးပေါ့၊ အတင်းအဖျင်း သတင်းတွေ သိပ်ပေးချင်တဲ့ ရှင့်ရဲ့ပပကရော ရှင်မသိတဲ့ တခြားအတင်းအဖျင်းလေး တချို့ကို ပြောမပြဘူးလား၊ သူလည်း မသိဘူးလား"

သာလွန်နေက သူယောင့်ကို စူးစူးဝါးဝါး စိုက်ကြည့်နေမိပါသည်။

"သူသူ ... တော်တော့ သမီး၊ သူတစ်ပါး မကောင်းသတင်းကို ဘာကြောင့် ပြောချင်ရမှာလဲ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ်က ဒေါ်သက်ထားနွယ်ကို မခံရပ်နိုင်ပုံလေးနှင့် ကြည့်ကာ ...

"ကိုယ်က မပြောလည်း သူများတွေက ကိုယ့်ကို ပြောနေပြီလေ၊ ဘာတွေ မဟုတ်ကဟုတ်က လုပ်ကြံလီဆယ်ပြောမှန်းတောင် မသိတာ"

"ကိုယ်ကောင်းရင် ခေါင်းမရှေ့ဘူး သမီး၊ အန်တီထားတို့မှာ သူတစ်ပါး အတင်းပြောရလောက်အောင်မှ မကောင်းမှု မရှိတာ"

"မရှိတာကိုတောင် ဒီလောက် လုပ်ကြံပြောနေသေးတာပဲ၊ သူက သူယောင်တို့ တူဝရီးကို ဖီလင်အောက်တယ်တဲ့လေ ဟွန်း၊ အန်တီထားပဲ ဝင်္ငကြီးနေတော့၊ သူယောင်မှာ သူ့အပြောအဆို အထင်အမြင်လွဲကို ခံရဖို့ ဘာဝဋ်ကြွေးမှ မပါဘူး၊ သူ့လို စိတ်မမှန်တဲ့ သူကိုလည်း မျက်နှာကြည့်ပြီး အလိုက်အထိုက် မနေနိုင်တော့ဘူး၊ သူယောင် သိတယ်၊ သူက သူယောင်တို့ ဒီအိမ်မှာ နေနေကြတာဟာ သူ့အိမ်မက်လို့ ထင်နေတယ်"

"ဟင် ... မဟုတ်ပါဘူး သား၊ သားက အဲသလို ထင်နေတာလား"



"ကျွန်တော် ပြန်လာကာစက သူပဲပြောတာပဲလေ၊ ဒီအိမ်ကို အန်တီတစ်ဝက်ဆိုင်တယ် ဆိုပြီးတော့"

"အို ... ဒါတွေကို သား ခေါင်းထဲမထည့်ပါနဲ့ ကိုသာ၊ ဒါ သားရဲ့အိမ်ပါပဲ၊ သားပိုင်ပါတယ်"

သာလွန်းနေသည် စိတ်ရှုပ်စွာ ခေါင်းယမ်းပစ်လိုက်ရင်း ...

"အား ... ဘာပဲဖြစ်ဖြစ် အန်တီ၊ ကျွန်တော် စိတ်ကူးပြီးပါပြီ၊ အန်တီလည်း လုံးဝမဆိုင်ဘူးဆိုရင် ဘယ်တရားမလဲ၊ အန်တီလည်း ဖေဖေ့အတွက် ကုန်ကျခဲ့ရတာတွေ ရှိပါတယ်၊ ကျွန်တော်တို့ ညှိပြီး ရှင်းရှင်းလင်းလင်း တစ်ခုလုပ်လိုက်မယ်"

"ဘာကို ရှင်းရှင်းလင်းလင်း လုပ်မှာလဲ ကိုသာ"

ဒေါ်သက်ထားနွယ်က မျက်ခုံးနှစ်ဖက် မြင့်တက်ကာ တအံ့တသြ မေးလေသည်။

"အားလုံးပေါ့ အန်တီ၊ အစစအရာရာ ရှင်းရှင်းလေးဖြစ်တာ ကောင်းပါတယ်၊ ဒီလိုမဟုတ်ရင် တစ်ယောက်နဲ့တစ်ယောက် စိတ်ထဲမှာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ စိတ်ထဲမှာ ဘာဖြစ်စရာရှိလို့လဲ၊ အခု အေးအေးချမ်းချမ်း နေလို့ရနေတာပဲလေ သား၊ သားအနေနဲ့ ဘာများစိတ်မရှင်းတာရှိလဲ၊ အန်တီ့အဖို့ စိတ်ထဲ ရှင်းရှင်းပဲ၊ နေသားတကျ စိတ်ချမ်းသာနေတာပဲ"

သူယောင်မယ်က ခပ်ပြုံးပြုံးနှင့် ...

"နားဝေးလိုက်တာ အန်တီထားရယ်၊ သူက အန်တီထားကို ပိုက်ဆံအမ်းပြီး တခြားသွားနေဖို့ သဘော၊ ဒါမှမဟုတ် ဒီအိမ် ဒီခြံကိုပဲ ရောင်းချခွဲဝေမဲ့ သဘော၊ သူ့စိတ်ထဲမှာ ဒီတူဝရီး သူနဲ့ ဘာကြောင့် အတူကုပ်ကတ်နေတယ်လို့ သံသယဖြစ်နေပုံပဲ၊ ဟင်း ဟင်း ...၊ သူ့ကို အဆိပ်ခတ်သတ်ပြီး တစ်အိမ်လုံး အပိုင်စီးလိုက်မှာမျိုး ကြောက်တယ် ထင်ပါရဲ့၊ သူက သီးသန့် သီးခြား ဖြစ်ချင်နေတာ၊ အန်တီထား မရှင်းသေးဘူးလား၊ ပွင့်ပွင့်လင်းလင်း ပြောရရင် နှင်နေတာ"

ဒေါ်သက်ထားနွယ် မျက်နှာမှာ ပျက်ယွင်းညိုမှောင်သွားရပါသည်။ သာလွန်းနေကို မယုံကြည်နိုင်သကဲ့သို့။ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ သူနဲ့ဘာကြောင့် အတူမနေနိုင်ရပါသလဲ စသဖြင့် မေးခွန်းမျိုးတွေ ဒေါ်သက်ထားနွယ် မျက်ဝန်းထဲ ဖျပ်ဖျပ်တောက်





အရိပ်ထင်ကာ သာလွန်းနေကို ငေးငေးစူးစူး ကြည့်နေရင်းကပင် မျက်ရည်လည်လာသည်။

သာလွန်းနေသည် သူတို့နှစ်ယောက်ကိုရော ကိုယ့်ကိုယ်ကိုယ်ပါ မကျေနပ်ကာ စိတ်တွေကျဉ်းကျပ် ညစ်နောက်လာသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

နောက်တစ်နေ့မနက်မှာ သူ အိပ်ရာကပင် မထမီကတည်းက သူယောင်မယ်က မရှိတော့ပေ။ ပထမတော့ ကျောင်းသွားသလားထင်ကာ သာလွန်းနေက ထူးထူးထွေထွေ မတွေး။ နေ့လယ်ခင်းလည်း ပြန်လာတာ မတွေ့။ ညနေဘက် ဒေါ်သက်ထားနွယ် ဈေးက ပြန်လာပြီးလဲ သူယောင်မယ် ရောက်တာမတွေ့သေး။ ဒေါ်သက်ထားနွယ်နှင့် သာလွန်းနေ နှစ်ယောက် ညစာစားကြတော့လည်း နှစ်ဦးသား တိတ်ဆိတ်စွာ ဘာမှမပြောမဆိုဖြစ်။ သာလွန်းနေက အန်တီ့ကို မျက်နှာပူနေမိတာဖြစ်ကာ အန်တီကတော့ စိတ်မကောင်း ဖြစ်နေပုံရသည်။





သူကလည်းမမေး အန်တီကလည်း မပြော။ ညဦးပိုင်းရောက်မှ သာလွန်းနေသည် မီးဖိုဘက်ဝင်ကာ ဂျမ်းဘုံကို ကော်ဖီတစ်ခွက် ဖျော်ခိုင်းရင်း ...

"ဟဲ့ ... ဂျမ်းဘုံ၊ နင့် မမသူ ဘယ်သွားနေလဲ"

"မမသူ မရှိဘူး"

"ဘယ်သွားလို့လဲ"

"မနက်အစောကြီးကတည်းက သွားပြီလေ ဦး၊ မမသူယေချင်းနေတဲ့ အဆောင်လို့တော့ ပြောတာ ကြားတယ်"

"အဆောင် !! ..."

"ဟုတ်ကဲ့"

သာလွန်းနေ ရင်ထဲ တော်တော်ကလေး စိတ်မကောင်း ဖြစ်သွားပါသည်။ သူ့ရင်ထဲ အခုအခါ အဖုအထစ်တွေ မယုံကြည်မှုတွေ ရှိနေဆဲလည်း အမှန်။ သူပဲ နှစ်နှစ်နာနာတွေလည်း ပြောမိတာအမှန်။ ခုလိုဖြစ်တော့လည်း စိတ်မကောင်းနိုင်တာအမှန်။

အန်တီ့ကိုလည်း သူ မျက်နှာပူ အားနာနေသည်။ ဖေဖေ လက်ထပ်ခဲ့တဲ့ အမျိုးသမီးကြီးတစ်ယောက် အရင်က အိမ်ထောင်ရှိခဲ့တာတွေ၊ ကလေးမွေးခဲ့ဖူးတာတွေက တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ဘာမှမဆိုင်။ သူ ဘာမှပြောစရာမလို၊ ပြောခွင့်မရှိ။ ဒါကို သူ မသိအောင် လိမ်ညာဖုံးဖိထားတာ တစ်ခုကသာလျှင် သံသယ ဖြစ်စရာ ကောင်းနေတာမို့ သူ့ရင်ထဲ ပြဿနာဖြစ်နေတာ။

ဘာမှန်းမသိရတာက အများကြီး တွေးစရာတွေ ဖြစ်စေသည်။ ဘာကြောင့်လို့ သိခွင့်ရရင်တော့ ကောင်းမှာပဲ။ ရိုးရိုးသားသား ရှက်လို့ မပြောတာ၊ လူမသိစေချင်တော့လို့ မပြောတာ ဆိုတာလောက်လည်း မကနိုင်တာ သေချာသည်။ သူယောင့် စကားတွေက ဖုံးဖိထားခြင်းသည် အကြောင်းရင်း တိတိကျကျ တစ်ခုရှိလို့ဆိုတာ ညွှန်ပြနေပါသည်။

"ကိုသာ"

"ခင်ဗျာ"

စားပွဲမှာ ကော်ဖီထိုင်သောက်နေဆဲ ဒေါ်သက်ထား နွယ် ရောက်လာပါသည်။

"သားကို ပြောမလို့၊ အန်တီတို့ ရှိနေတဲ့အတွက် သားမှာ လူနေစိတ်နေ ကျဉ်းကျပ်နေတာ သိရတော့ အန်တီ ဒီက ပြောင်းဖို့ စိတ်ကူးလိုက်ပါတယ်၊ သူသူကတော့ အဆောင် ကို တားမရ ဆီးမရ ပြောင်းသွားပြီ၊ အန်တီကတော့ အရမ်းအဆင်ပြေသွားတယ်၊ အန်တီ ဟိုဘက်ခြံကို လော





လောဆယ် ခြောက်လငှားလိုက်မယ်၊ ဟိုဘက်ခြံကို အန်တီ ပြောင်းမယ်ဆိုတာ သားကို ပြောပြတာ"

"ဗျာ ... ဟိုဘက်ခြံ"

သာလွန်းနေမှာ ပိုပြီး နေရခက်သွားရပါသည်။ ပြောင်းမှာကလည်း ဟိုဘက်ခြံတဲ့။ ဟိုဘက်ခြံဟာ သာလွန်းနေ ငယ်ငယ်ကတည်းက လူငှားတွေလာလိုက်၊ ပြောင်းသွားလိုက်၊ လူငှားသစ်လာလိုက်။ တစ်သက်လုံး အိမ်ငှားစားနေတဲ့ ခြံတစ်ခြံ ဖြစ်သည်။

ပိုင်ရှင်အဘိုးကြီးက မြိတ်မှာနေတယ်ဟု သိရသည်။ မေမေနဲ့တော့ နည်းနည်းပါးပါး သိကျွမ်းခင်မင်ပါသည်။ မတွေ့ရ တာတောင် ကြာပြီ။ သူ့တူ၊ တူမတို့က ရန်ကုန်မှာရှိကာ ဒီအိမ် လူငှားတင်တဲ့ကိစ္စ စီမံခန့်ခွဲပေးပါသည်။ သာလွန်းနေ ပြန်ရောက် ကတည်းက ဒီအိမ်မှာ လူငှားမရှိဘဲ ပိတ်ထားတာ တွေ့နေရ တာ။

"ဟိုဘက်ခြံရှင် ဦးစိန်သန်းနဲ့က အန်တီနဲ့လည်း ခင်ပါ တယ်၊ သူ့အိမ်လူငှားမရှိဘဲ ပိတ်ထားရတာ တွေ့နေတော့ အန်တီ သူနေတဲ့မြိတ်ကို ဒီနေ့ပဲ ဖုန်းလှမ်းဆက်ကြည့်တယ်၊ အန်တီငှားမယ်ဆိုရင် သူက လိုလိုလားလားပဲ၊ စမ်းချောင်း



www.burmeseclassic.com

က သူ့တူဆီ သူဖုန်းဆက်ပြောမယ်၊ သူ့တူဆီက သော့ယူပြီးတော့သာ ပြောင်းပါတဲ့၊ သားနဲ့ ဘာပဲဖြစ်ဖြစ် နီးနီးကပ်ကပ်တော့ ရှိသေးတာပေါ့”

သာလွန်းနေသည် မျက်နှာတွေ ထုပ္ပအားနာ စိတ်မကောင်းလှကာ ...

“အန်တီ ... ကျွန်တော် ဆိုလိုတဲ့ သဘောက ဒီအိမ်မှာမနေဘဲ တခြားကို ပြောင်းကြဆိုတဲ့သဘော မဟုတ်ပါဘူး၊ သူယောင်က စိတ်ဆိုးပြီးပြောတာကို ကျွန်တော်ကလည်း စိတ်ဆိုးပြီး သေချာရှင်းမပြတော့တာ၊ ကျွန်တော် ဆိုလိုတာက အန်တီ့ကိုလည်း ထိုက်သင့်တဲ့ ရပိုင်ခွင့် ရစေချင်တယ်၊ ကျွန်တော်တို့ ဒီ ဖေဖေ့အိမ်ကို ဘယ်လိုခွဲဝေပိုင်ဆိုင်မလဲ၊ ပြီးရင် ဘယ်သူ ဘယ်လိုနေထိုင်မယ် ဆိုတာလည်း ညှိကြတာမျိုး”

“ဒီအိမ်ကိုတော့ ခွဲဝေဖို့ကို မလိုတာပါ၊ ကိုသာပဲ ပိုင်ဆိုင်ပါတယ်၊ အားလုံးပါ”

“ဒီလိုလည်း မဟုတ်ဘူး အန်တီ၊ အန်တီလည်း ဖေဖေဆေးရုံတက်တာကအစ ကုန်ကျခဲ့ရတယ်၊ အန်တီက ဖေဖေ့ဇနီး၊ အန်တီ့ရပိုင်ခွင့်ဟာ ရှိကိုရှိပါတယ်”





“အန်တီ ရပိုင်ခွင့် ရှိရင်လည်း သားကိုပဲ ပေးလိုက်မှာပါပဲ၊ သားကို အန်တီက သားတစ်ယောက်အဖြစ် ...”

ဒေါ်သက်ထားနွယ် အသံက တိမ်သွားကာ စကားဆက်ပြောဖို့ရာ ဝမ်းနည်း ဆို့နင့်နေပုံရပါသည်။ ထိုအခါ သာလွန်းနေ ရင်ထဲမှာလည်း စူးရှုးနင့်နင့် ဆို့နင့်သလို နာကျင်သလို ဝမ်းနည်းသလို လှိုက်လှဲခံစားလာရကာ သူ့ကိုယ်သူပင် အတော်ကျိန်ဆဲချင်လာမိတဲ့ အထိပင်။

“ဘယ်လိုပဲဖြစ်ဖြစ် အန်တီ့ဖို့တော့ ဟိုဘက်ခြံလောက်နီးနီးကိုပဲ ပြောင်းရမှာ အတော်စိတ်ပေါ့ စိတ်ချမ်းသာသွားတယ်၊ တွေ့နေမြင်နေရတာပဲလေ၊ ပြီးတော့ သားရဲ့စားရေးသောက်ရေးလည်း မကသီဘူးပေါ့၊ ဟိုဘက်ကနေ ချိုင့်ပို့ပေးလို့ ရတယ်”

“အား ... တော်ပါပြီ၊ နေပါဦး အန်တီ၊ ကျွန်တော် ဆိုလိုတာ အဲလိုတွေ မဟုတ်ဘူး၊ အတူတွဲမနေရမှ ခွဲနေရမှ အဲလိုလည်း မဟုတ်ဘူး၊ ကျွန်တော် မပြောပြတတ်တော့ဘူး၊ အန်တီ့ကို ကျွန်တော်က အဒေါ်တစ်ယောက်လို သဘောထားပါတယ်၊ စိတ်အနှောင့်အယှက်လည်း မပေးချင်

www.burmeseclassic.com



ပါဘူး၊ ကျွန်တော်က ဒီအိမ်ပေါ်မှာ အန်တီတို့ သူယောင်တို့ကို မမြင်ချင်တဲ့သဘောလည်း မဟုတ်ဘူး၊ သူယောင်လည်း အထင်လွဲနေလောက်ပြီ၊ ကျွန်တော့် စိတ်ထဲမှာ မရှင်းဘူး၊ အဲဒါပဲ၊ ကျွန်တော်လည်း ရေရေရာရာ မပြောတတ်တော့ဘူး အန်တီ"

"သူသူနဲ့ သားကလည်း အတော် အဆင်မပြေတော့ ..."

"အဲလိုလည်း မဟုတ်ဘူး အန်တီ၊ အတင်စီးမခံတဲ့ သူချင်းမို့လို့ စကားပြောရင် ပြဿနာတက်နေပေမဲ့ သူယောင့်ကို ကျွန်တော် ချစ်ပါတယ်၊ အား ... ဆောရီးအန်တီ၊ ဆောရီးနော်၊ ဟို ... ခင်မင်တယ် ဆိုလိုတာပါ"

သာလွန်းနေ နှုတ်မှ ကပေါက်တိ ကပေါက်ချာ ဘာတွေဘယ်လို ထွက်ကုန်တယ် မပြောတတ်တော့။ သေချာတာက အယောင်ယောင် အမှားမှား ပြောထွက်မိရင်း သူ့ရင်ထဲပူနွေး ရှက်စွံ့လှုပ်ရှားသွားရတာပင်။

"သူယောင်ကတော့ မုန်းမလား မပြောတတ်ဘူး၊ ကျွန်တော်ပြောတာ ဆိုတာကလည်း မုန်းစရာ ကောင်းတာလည်း အမှန်ပဲ၊ ကျွန်တော့်ကို အန်တီ သဘောပေါက်ပေးပါ၊





အိမ်ကို သုံးနှစ်ခွဲနေပြီး ပြန်ရောက်လာတော့ အိမ်မှာ ကျွန်တော်မသိတဲ့ သူစိမ်းတွေနဲ့တူတူ သူစိမ်းပဲ ဆိုပါတော့ အန်တီရာ၊ ကြားခံလူ ဖေဖေကလည်း မရှိတော့၊ ကျွန်တော် ဒီအခြေအနေကို Adapt မလုပ်နိုင်ဘဲနဲ့ ဖြစ်နေတာမျိုး၊ Situation အသစ်မှာ Suitable မဖြစ်ဘူး ဆိုပါစို့ အန်တီ၊ ဒီထက်လည်း ရှင်းပြဖို့ မတတ်ဘူး၊ စိတ်ထဲမှာ ဒီလိုလုပ်ရင် ကောင်းနိုးနိုး၊ ဟိုလိုလုပ်ရင် ကောင်းနိုးနိုး"

"အန်တီ သဘောပေါက်ပါတယ်"

သာလွန်းနေ သက်ပြင်းကြီးတွေ မှုတ်ထုတ်မိသည်။ ဒီအမျိုးသမီးကြီးကို သူ စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်မိတာမျိုးလား။

"သားက အသက်ဆယ့်နှစ်နှစ်မှာ သားချစ်တယ်ဆိုတဲ့ မိခင်ကို ဆုံးရှုံးလိုက်တယ်၊ သားက အဖေကိုမချစ်ဘူး၊ အမေကို ချစ်တယ်၊ ဒီအမေကိုပဲ စွဲတယ် ကပ်တယ်၊ ဒီအမေကလည်း သားကို ဂရုစိုက်တော့ အဖေနဲ့တောင် သွေးအေးတယ်၊ ဒါတွေ ဦးနေစိုး ပြောပြလို့ အကုန်သိရပါတယ်၊ အန်တီ့ကို သားအနေနဲ့ အမေတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



သဘောထားစေချင်ပေမဲ့လည်း အဲသလို အမေနေရာကို ဝင်ယူလိုက်ဖို့ အန်တီ … အန်တီ … …”

ခေါ်သက်ထားနှယ် မျက်ရည်ကျလာတာကိုသာလွန်းနေ့ အံ့အားတသင့် စိတ်မကောင်းဖြစ်ဖြစ် ငေးစိုက်ကြည့်နေမိသည်။

“အန်တီ အဲသလို အတင်းအကျပ် နေရာမယူပါဘူး”

“ရပါတယ် အန်တီ၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ ကိစ္စမရှိပါဘူး”

ဘာတွေ ပြောရမည်မသိ။ သူ့စကားတွေဟာ အဓိပ္ပာယ်လည်း မမိ။ သူ ခေါင်းတွေပင် ကိုက်လာပါသည်။

“သားကို စိတ်ချမ်းသာစေချင်ပါတယ်”

“အန်တီရှိလို့ စိတ်ဆင်းရဲနေရတာမျိုးတော့ မဟုတ်တာ အမှန်ပါပဲ အန်တီ၊ အန်တီ ရသင့်တာကိုလည်း ရစေချင်တယ်၊ ငွေစကားပြောတာလည်း မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ငွေက အရေးတော့ ပါတယ်လေ၊ ဖေဖေ ဆေးရုံတက်ရတုန်းက အန်တီ တိုက်ခန်းတောင် ရောင်းလိုက်တယ်လို့လည်း သိထားရတော့ အန်တီ ပေးဆပ်ခဲ့တာတွေလည်း ရှိတယ်၊ ခုလို တခြားတစ်အိမ်မှာ ဌားနေရတော့မယ်ဆိုတော့လည်း ကျွန်တော် ဘယ်ကောင်းပါ့မလဲ”





“တိုက်ခန်း ရောင်းဖြစ်တာက အကြောင်းတိုက်ဆိုင်မှုပါ၊ အန်တီကလည်း ဒီအိမ်ကိုပြောင်းရွှေ့၊ တိုက်ခန်းကို ဝယ်ချင်နေတဲ့သူကလည်း တောင်းပြီးတော့ကို ဈေးကောင်းပေးဝယ်နေတာ၊ အန်တီလည်း ပိုနေတဲ့တူတူပါ၊ အချိန်မရွေး ပြန်ဝယ်လို့လည်း ရတယ်၊ အန်တီ့ ရတနာလုပ်ငန်းထဲလည်း ထပ်တိုးချဲ့ မြှုပ်နှံနိုင်တာပေါ့၊ အဲလိုပါ”

“ဒါပေမဲ့ ဖေဖေ့မှာ အဲဒီအချိန်မှာ ပိုက်ဆံမရှိပါဘူး”

“သားရယ် … အကျိုးပေးတွေက ပြဋ္ဌာန်းပြီးသားလို ဖြစ်နေတာပါ၊ ဖြစ်ဖို့ကံပါရင် ဖြစ်ရတာပဲ၊ ပျက်ဖို့ကံပါရင် ပျက်ရတာပဲ၊ ဒါတွေ ထားလိုက်ပါလေ”

“တစ်ခုပြောချင်တာက အလောသုံးဆယ်ကြီး အန်တီပြောင်းရွှေ့ပေးဖို့ မလိုအပ်ဘူး ဆိုတာပါ၊ သေသေချာချာ ဆုံးဖြတ်ပြီး ကြိုတင်ပြင်ဆင် စီစဉ်ပြီး အခြေချတာမျိုး မဟုတ်ဘဲ ကျွန်တော်က ချက်ချင်းမနေစေချင်တော့ဘူးထင်ပြီး ကမန်းကတန်း ရွှေ့ပြောင်းတာမျိုး မလိုအပ်ပါဘူး၊ ကျွန်တော်ကိုကလည်း လိုတာပါ၊ စိတ်ထဲမှာ ရှုပ်ထွေးနေပြီး ကိုယ်ပြောချင်တာကို ပြေပြေပြစ်ပြစ် ရေရေလည်လည် မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး၊ ဒီအိမ်ခြံကိုရောင်းပြီး အန်တီနဲ့ကျွန်တော် အချိုးတစ်ခုနဲ့ ခွဲဝေပြီး ...”

“ဒီအိမ် ဒီခြံကို မရောင်းပါနဲ့ ကိုသာ၊ အန်တီ့အတွက်လည်း ခွဲဝေယူဖို့ မလိုအပ်ဘူး၊ သားပဲ အပိုင်ပါ၊ သူသူက အန်တီလည်း ဆိုင်တယ်လို့ ပြောခဲ့တာကလည်း မခံချင်စိတ်သက်သက်နဲ့ပါ”

သာလွန်းနေသည် ဆက်ဆက်ထိ အမှားမခံ အတင်စီးမခံတဲ့ သူယောင် တစ်ယောက် အဆောင်မှာ သွားနေဖို့ကိုလည်း ရင်ထဲက အသည်းထဲက ဘယ်လိုမှ လက်မခံနိုင်အောင်ပင်။ ပပမကလို့ ဘယ်သူဘာပြောပြော ပြောပါစေတော့။

❋ ❊ ❋





## ၁၄

လမ်းထိပ်မှာ သူရပ်ထားတဲ့ကားရဲ့ ရှေ့နားကားဂိတ်ကို ဘတ်စ်ကားတစ်စင်း ထိုးဆိုက်လာကာ ထိုဘတ်စ်ကားပေါ်မှ သူယောင် ဆင်းလာတာမြင်လျှင် သာလွန်းနေရဲ့ကိုယ်က မတ်သွားရပါသည်။ ရင်ထဲလည်း လှုပ်ခတ်ကာ ချက်ချင်းရှိန်းနွေးတက်လာသည်။

ဘယ်နှရက်ရှိပြီလဲ။ ရှစ်ရက်။ ရှစ်ရက်ဆိုတာ အကြာကြီးပဲလို့ တစ်ခါမှ မထင်ခဲ့ဖူးပါ။ အခုကလွဲရင်။ အန်တီက “သူယောင်က မပြောပါနဲ့လို့ ပြောသွားတယ် သားရယ်၊ မသိချင်ပါနဲ့၊ လိုက်လည်းသွားမနေပါနဲ့၊ လွှတ်ထားလိုက်ပါ၊ သူသူက နှုတ်ကသာ မခံတာပါ၊ စိတ်ပြေလွယ်တယ်၊ ခုနေ သွားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ ရန်ထပ်ဖြစ်နေရဦးမယ်”ဆိုပြီး သူယောင် သွားနေတဲ့ အဆောင်လိပ်စာကို မပြောတဲ့အခါ သူ့မှာ ထပ်မမေးရဲခဲ့။

သူ မနေနိုင်။ မတွေ့ရတဲ့ သူယောင့်ကို စိတ်ထဲက တစ်ဖက်သတ် တောင်းပန်နေမိတာ။ ကိုယ်က နှင်ထုတ်တဲ့သဘော မဟုတ်ရပါဘူး သူယောင်ရယ်။ မနေစေချင်တာလည်း မဟုတ်ပါဘူး။ “နေစေချင်တာ”ဆိုတာကိုပါ ခုတော့ ရှင်းရှင်းလင်းလင်း သိပြီပေါ့။

သူယောင်ရဲ့ မျက်နှာတင်းတင်း လေးသံမာဟာ ရံဖန်သာ ပျော့ပျောင်းသွားတတ်တဲ့ ဟန်မူရာ၊ ပြီးတော့ သနပ်ခါးနံ့လေး သင်းသင်း။ ဒါတွေကို အတော်ပဲ မြင်ယောင် ကြားယောင် လွမ်းဆွတ်တ,သ,နေမိသည်။ မနက်ကတော့ စိုးစိုးအေးထံမှ ဖုန်းလာသည်။

“ဟဲ့ ... ကိုသား နင့်သူယောင်မယ်က အဆောင်မှာနေနေတာ ငါတောင်မသိဘူး၊ မနေ့က ငါ့အစ်မဝမ်းကွဲနေတဲ့ အဆောင်ကို အစားအသောက်ခြင်း သွားပို့ပေးတာ သူ့ကို တွေ့ခဲ့တယ်”

သာလွန်းနေမှာ စိုးစိုးအေးကို ဖုန်းထဲကနေ လှမ်းပြီး မွေ့ယမ်းလိုက်ချင်စိတ်တောင်ပေါက်ကာ ဝမ်းသာအားရနှင့် လိပ်





စာကို မေးကြည့်ရသည်။ လိပ်စာအတိုင်း နေ့လယ်က လိုက်လာတော့ အဆောင်က “သူယောင်မယ် ကျောင်းသွားတယ်”ဟု ဆိုပါသည်။ အဲဒီအချိန်ကတည်းက လမ်းထိပ်မှာ ကားရပ်ပြီး ကားထဲထိုင်ကာ စောင့်မျှော်နေတာ ခုထိပင်။

သာလွန်းနေက ကားပေါ်က ဆင်းကာ လမ်းထဲ လျှောက်ဝင်သွားသော သူယောင့်နောက်ကို လိုက်လာခဲ့သည်။ သူ့ရင်တွေကတော့ အပြစ်ရှိသူလို တုန်ယင်နေသည်။

“သူယောင်”

အလန့်တကြား ဆတ်ခနဲ လှည့်ကြည့်လိုက်သည်နှင့် ချက်ချင်း မျက်နှာက တင်းသွားကာ ...

“ကျွတ် ... အဲဒီ အန်တီထားက ကတိလည်း မတည်ဘူး၊ သူ့ကျတော့ ကတိတည်ပေးရတယ်”

“အန်တီထား မပြောပါဘူး၊ ကျွန်တော် တခြားက သိတာ”

“သိရော လာစရာလား၊ လာစရာ ဘာအကြောင်းရှိလဲ။ ကဲ ... ပြောပါ၊ ဘာကိစ္စလဲ၊ လိုရင်းပြော”

“လိုရင်းဆိုရင်တော့ သူယောင် ခုလို အဆောင်ကိုရွှေ့နေတာ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းဘူး ထင်လို့၊ ခံစားလို့လည်း မရလို့၊ အိမ်ကို ပြန်လာပါလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဘာတွေလာပြောနေတာလဲ၊ ရှင်နဲ့ ကျွန်မက ဘာဆိုင်လဲ၊ ရှင့်အိမ်ဟာ ကျွန်မ တစ်သက်လုံးနေရမဲ့အိမ်လည်း မဟုတ်ဘူး၊ ကိုယ် အဆင်ပြေသလို ကိုယ်နေမှာ၊ ရှင်နဲ့ မဆိုင်ဘူး၊ ရှင်လည်း အပြစ်မရှိဘူး၊ ကဲ … ပြန်တော့"

"မဟုတ်သေးပါဘူး သူယောင်၊ ကျွန်တော်ပြောတဲ့ စကားတွေ လွန်တာ မှားတာရှိရင် တောင်းပန်ပါတယ်၊ အရင်လိုပဲ အဒေါ်အိမ်မှာ လာပြန်နေလိုက်ပါ၊ အခုလိုက မကောင်းပါဘူး"

"ဘာလို့မကောင်းရမှာလဲ၊ ကျွန်မအိမ်က မော်လမြိုင်မှာ၊ ကျွန်မ ရန်ကုန်မှာ ကျောင်းလာတက်တယ်၊ အဆောင်နေတယ်၊ ဒါ ရိုးရိုးအဖြစ်အပျက်လေးပဲ၊ အစက အန်တီဘား အဖော်ရအောင် အတူနေပေးတာ၊ အခု သူလည်း အဖော် မလိုပါဘူး၊ သူ ဆန္ဒရှိသလို ဆက်လုပ်ရှားပစေ၊ ဒါပဲပေါ့"

"မဟုတ်သေးဘူးဗျာ၊ ကျွန်တော့်ကို ခင်ဗျား စိတ်ဆိုးနေတယ်၊ ကျွန်တော် ရိုင်းပျတာတွေ ရှိခဲ့ပါတယ်၊ ဒါတွေကို"

"ကဲ … ရှင် ရပ်ကျန်ခဲ့တော့၊ ဘေးက တတွတ်တွတ်ဖြစ် မနေနဲ့တော့ ဒါပဲ"





သာလွန်းနေက မျက်မှောင်ကုတ်ကုတ်နှင့် သူယောင့်ရှေ့ ကျော်တက်ရပ်လိုက်၍ သူယောင် ခြေလှမ်းရပ်သွားသည်။

"ရှင် ဘာဖြစ်လို့ သရုပ်ပျက်နေတာလဲ၊ ကျွန်မ အဆောင်နေတဲ့ မိန်းကလေး၊ ရှင်လုပ်ပုံကြောင့် လူအထင်သေးခံရမယ်၊ ရှင်ပြန်တော့"

"ဟင့်အင်း"

"ကျွတ် … ရှင် လွန်နေပြီနော်"

"ကျွန်တော် တောင်းပန်နေတာပါ"

"ဩော် … မတောင်းပန်စဖူး တောင်းပန်နေတာမို့ အရေးတယူ ရှိရမယ်လား၊ အိုကေလေ၊ ပြီးခဲ့သမျှ ထားလိုက်တော့၊ ကျေနပ်တယ်၊ ကဲ … ဒါပဲ မဟုတ်လား"

သာလွန်းနေသည် မျက်နှာလေး နီမြန်းနေတဲ့ သူယောင့်ကို ကြည့်ကာ ရင်ထဲ တိမ်းပါးလှုပ်ရှားကာ အသက်ရှူသံတွေပါ မြန်ဆန်လာသည်။ သူယောင့် မျက်နှာကို ပြန်တွေ့လိုက်ရတဲ့အတွက် သူ့စိတ်ထဲ ပြည့်စုံသွားတာနှင့်အမျှ ဒီအတိုင်းထားရစ်ကာ နှုတ်ဆက်ပြန်ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။

"အိမ်ကို ပြန်လိုက်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်အိမ်သား မဟုတ်ဘူး၊ အခိုက်အတန့်နေရတာ၊ အချိန်တန်လို့ ကိုယ့်နေရာကိုယ် ပြန်တာ"

"လိုက်ခဲ့ပါ သူယောင်၊ ကျွန်တော့်ဘက်က အားလုံး မြေကြီးပေါ် ပုံချပြီး တောင်းဆိုတာပါ၊ သူယောင် ခုလိုထွက်သွားတာကို ကျွန်တော် ခံစားလို့မရဘူး၊ ဒီအတိုင်းနေလို့ မရဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"မလွှတ်ဘူး"

သူယောင်က စိတ်လိုက်မာန်ပါ အော်ဟစ်လိုက်သည်။ ဟိုမိန်းကလေးရဲ့ စကားကို အတည်ယူ အလေးထားပြီး သူယောင့်အပေါ် မာရေကျောရေ လုပ်ခဲ့တာကို စိတ်နာကာနေသည်။ သူသာ ကိုယ့်ဘက်ပါရင် ပပရဲ့ စိန်ခေါ်တဲ့ အထင်သေးတဲ့ မျက်လုံးတွေကို တစ်စက်မှ ဂရုစိုက်ဖို့ မလိုဘူး။ ခုတော့ သူ့ကြောင့် ဟိုက ကိုယ့်ကို ဒီလိုဆက်ဆံကြည့်ရှုဝံ့တာ။ တွေးရင်း သူယောင် မျက်ရည်လည်လာသည်။

"ရှင် သွားတော့၊ ဆက်လိုက်လာရင် အဆိုးမဆိုနဲ့"

သူယောင်က ကွေ့ကာ ဆက်လျှောက်သွားလျှင် သာလွန်းနေက နံဘေးမှ ဖွတ်ကပ်လိုက်ကာ စကားပြောဖို့ ကြိုးစားဆဲ။





"ဟောဒီမှာ ကျွန်မကို လိုက်နှောင့်ယှက်နေပါတယ်"

သူယောင်ရဲ့ မမျှော်လင့်တဲ့ အော်သံဟာ စူးရဲကျယ်လောင်လွန်းလေရာ လမ်းထဲမှာ သွားလာနေကြသူတွေ အားလုံးပင် လှည့်ကြည့်ကြပြီး ယောကျ်ားလေးတွေကတော့ ခြေလှမ်းတွေ နှေးကာ အကဲခတ်ကြသည်။ သူယောင့် မျက်နှာနီနီ မျက်ရည်ဝဲဝဲကြောင့် အနှောင့်အယှက် ခံနေရသည်ဟု ယုံစားလောက် လေရာ အကူအညီ လိုမလို ပေးသင့်မသင့် ရပ်ကြည့်ကြလေသည်။

"ရှင်သွားမလား မသွားဘူးလား"

သာလွန်းနေသည် ဒေါသထွက်ကာ ...

"မသွားဘူးကွာ"

"လုပ်ပါဦး အစ်ကိုတို့၊ တောင်းပန်နေတာ မရဘူး"

အနီးဆုံးက အသက်သုံးဆယ် အရွယ်လောက် ယောကျ်ားနှစ်ဦးထံ ဦးတည်လှမ်းအော်ပြောလိုက်တာမို့ ထိုလူနှစ်ယောက်က အရိပ်အခြည် ကြည့်မနေတော့ဘဲ အနားကပ်လာကာ...

"ဟေ့ကောင် ... ဘာဖြစ်လို့ နှောင့်ယှက်ချင်ရတာလဲကွာ၊ သူ့လမ်းသူ သွားပါစေ"

သူ့ကို ဝန်းရံပြောနေတုန်း သူယောင်က ရှေ့ဆက်လျှောက်သွားတာမို့ သာလွန်းနေက ထိုလူနှစ်ယောက်ကို ဂရုမစိုက်ဘဲ "သူယောင်"ဟု ထပ်ခေါ်ကာ နောက်က ခြေလှမ်းကျဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဟိုလူနှစ်ယောက်က သာလွန်းနေ ပခုံးကို ဆတ်ခနဲ ဆွဲကိုင်ထားလေရာ ဒေါသတကြီး ရုန်းကန်လှုပ်ယမ်းလိုက်တဲ့ သူ့ရဲ့လှုပ်ရှားပုံကို လူနှစ်ယောက်က သူတို့ကို စတင်တိုက်ခိုက်တယ် ယူဆသွားကာ အလန့်တကြားနှင့် နှစ်ယောက်ပြိုင်တူ သာလွန်းနေကို တဖုန်းဖုန်း ထိုးနှက်လိုက်ကြလေသည်။ သာလွန်းနေကလည်း ရတ်တရက် ယောင်ယောင်ကန်းကန်း ပြန်လည်ခုခံပြန်ထိုး။

ဖုန်းဒိုင်း ဖုန်းဒိုင်း အသံတွေနှင့် လူသုံးယောက်ဟာ လုံးထွေး ရှုပ်ယှက်ခတ်သွားအပြီး တစ်ခဏ အားလုံးပင် မြေပေါ် လဲပြိုကျကုန်သည်။ သာလွန်းနေသည် မျက်နှာရော လက်မောင်းတွေ ဝမ်းဗိုက်တွေရော ထူပူနာကျင်ကာ မျက်လုံးတွေ နားအုံ နားရင်းတွေလည်း မီးပွင့်ကုန်သလား ထင်မိသည်။

"ဟင် ... တကယ်ထိုးကုန်ပြီ"

ရှေ့ကိုကျော်သွားတဲ့ သူယောင်မယ်သည် နောက်က အသံတွေကြောင့် အလန့်တကြား လှည့်ကြည့်ထိတ်လန့်သွားကာ ချက်ချင်း ပြန်လှည့်ပြေးလာမိသည်။

"ဒီမှာ ... ဒီမှာရှင့်၊ တော်ပြီ ... ရပြီ၊ ဆက်မလုပ်ကြပါနဲ့တော့၊ ဒီမှာ ... ရှင်ဘို့ ... ရှင်တို့ ရပ်လိုက်ကြတော့၊ တော်လောက်ပါပြီရှင့်၊ တော်ကြပါတော့၊ သွေးတွေတောင် ထွက်ကုန်ပြီ၊ ရှင်တို့ တော်ပါတော့ ဆိုတာ မတော်ဘူးလား"





ပါးစပ်မှ ကပေါက်တိ ကပေါက်ချာ ဗလုံးဗထွေး အော်ဟစ်တားမြစ်လို့လည်း မရတော့။ နှစ်ယောက် တစ်ယောက် ပိုခံနေရတဲ့ သာလွန်းနေကို မကြည့်ရက်နိုင်တော့ကာ ...

"လာကြပါဦးရှင်၊ ဟောဒီမှာ ရန်ဖြစ်နေပါတယ်၊ လုပ်ကြပါဦး"

ခဏတွင်းချင်းမှာ လုံးထွေးနေတဲ့ လူသုံးယောက်ကို အသီးသီး ချုပ်တွဲ ဆွဲခွာလိုက်နိုင်သည်။ လမ်းထဲက လူကြီးတချို့က တော်ပြီ တော်ပြီဟု လူစုခွဲလွှတ်လိုက်ပြီးသော် သာလွန်းနေနှင့် သူယောင်မယ်သည် တစ်ယောက်နှင့် တစ်ယောက် လေးပေကွာလောက်မှာ ခြေစုံရပ်၍ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိသည်။

သူယောင်က အရင်စ,လှုပ်၍ အိတ်ထဲမှ တစ်ရှူးနှစ်ရွက်လောက်ထုတ်ကာ သာလွန်းနေကို လှမ်းပေးရင်း ...

"ဆောရီးပဲ"

"ကျေပြီပေါ့"

"အင်း ... ရှင်ဘာဖြစ်လို့ မပြန်တာလဲ"

"သူယောင် ပြန်ပါလာမှ ကျွန်တော်ပြန်မှာ"

"ကျွန်မတို့ တူဝရီးကို ရှင်မှ အမြင်မကြည်ဘဲ၊ အဘူမှ မနေစေချင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူယောင် အထင်လွဲနေတာ၊ ကျွန်တော့်စိတ်ထဲ တနုံ့နုံ့ ဖြစ်နေရတာက အန်တီ ကျွန်တော့်ကို ညာတာကိုပါ၊ ဘာတွေ ဖုံးကွယ်လျှို့ဝှက်ချက် ရှိနေသလဲလို့ တွေးမရဘဲနဲ့ ကျွန်တော် ဘယ်လိုလုပ် အမြင်ကြည်နိုင်မလဲ၊ အန်တီက သူ့တစ်သက်မှာ ဦးနေစိုး တစ်ယောက်ကိုပဲ လက်ထပ်ဖူးပါတယ်လို့ ဘာကြောင့် ညာပြောခဲ့တာလဲ၊ ဒီမှာ ကြည့်စမ်းပါ၊ ဒါ ဘာလဲ"

သာလွန်းနေက အိတ်ထဲပါလာတဲ့ ဓာတ်ပုံကို သူယောင့်ကို ထုတ်ပြလိုက်လျှင် သူယောင်က ကြည့်တယ်ဆိုရုံ တစ်ချက်ကြည့်လျက် ...

"အဲဒါ ဘာဖြစ်လို့လဲ၊ အိမ်မှာ ဒီပုံမျိုးတွေ အယ်လ်ဘမ်တစ်အုပ်စာကြီး ရှိသေးတယ်၊ သတို့သားပုံတောင် ကြည့်လို့ရသေးတယ်"

"ဖေဖေနဲ့ပဲ လက်ထပ်ဖူးတယ်ဆို၊ ဒါတွေက ၁၉၇၈ ခုနှစ်တုန်းကပုံလေ၊ ပြီးတော့ အန်တီဟာ အဲဒီပထမအိမ်ထောင်နဲ့ ကလေးတစ်ယောက်တောင် မွေးသေးတယ် ဆိုတာပါ ကျွန်တော် သတင်းကြားထားတယ်"

"အဲဒါဘာဖြစ်လဲ၊ အိမ်ထောင်ပြုတယ်၊ ကလေးမွေးတယ်၊ ဒါ ဆန်းလား"





"ဒါဖြင့် ... ကျွန်တော့်ကို ဘာရည်ရွယ်ချက်နဲ့ ညာလဲ"

"ရှင့်ကို အန်တီက မညာပါဘူး၊ ဦးနေစိုး တစ်ယောက်နဲ့ပဲ အိမ်ထောင်ပြုဖူးပါတယ်လို့ ပြောသားပဲ၊ ရှင် အန်တီထားကိုကျတော့ ဘာလို့ သွားဖွင့်မမေးလဲ"

"အန်တီက လူကြီးဆိုတော့ ကျွန်တော် အားနာတယ်လေဗျာ"

"လွယ်လွယ်လေးနဲ့ စကားတစ်လုံးတည်း ကပ်ရှုပ်နေသလိုပဲ၊ အန်တီ ဦးနေစိုးနဲ့ပဲ လက်ထပ်ဖူးပါတယ်လို့ ပြောနေမှပဲရှင်၊ ရှင်က အမှန်ဘက်က လှည့်မတွေးပဲ ဝေးနေတာကိုး၊ အဲဒါ ဦးနေစိုးနဲ့ လက်ထပ်တဲ့ မင်္ဂလာပွဲပဲလို့ ရှင် ဘာဖြစ်လို့ မတွေးတတ်တာလဲ ကိုသာ"

"ဗျာ"

"အန်တီထား မွေးတဲ့ ကလေးဟာ သားကလေး၊ သာလွန်းနေ ဆိုတာ အန်တီထား မှည့်တဲ့ နာမည်ပဲ"

"ဗျာ"

သာလွန်းနေသည် လမ်းနံဘေးက ခြစ်စည်းရိုးတိုင်တစ်ခုကို ထိန်းကိုင်လိုက်ရပါသည်။ ခေါင်းကို ထိုးခံထားရလို့ မူးနောက်နေရတဲ့အထဲ ထိုစကားတွေကြောင့် ပို၍ပြီးတော့တောင် ချာချာလည်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ရှင့်အမေ ဒေါ်ခင်နွဲ့ဦးကို သိပ်ချစ်တယ်လို့ သိရတော့ အန်တီထားဟာ ရှင်ချစ်တဲ့ ရှင့်အမေ မှတ်နေတဲ့ မိန်းမတစ်ယောက်ကို သိက္ခာလည်းမချချင်ဘူး၊ အမေထင်ခဲ့တဲ့သူဟာ အမေ မဟုတ်ပါလားလို့ ရှင် စိတ်မကောင်းဖြစ်သွားမှာလည်း စိုးတယ်၊ ပြီးတော့ သူ ဖွင့်ပြောပါရက်နဲ့ ရှင် သူ့ကိုမချစ်နိုင်မှာကိုလည်း အားငယ်ကြောက်ရွံ့နေတယ်၊ ရှင်နဲ့ အန်တီထား ကြားမှာ ရင်းရင်းနှီးနှီး နှစ်နှစ်ကာကာနဲ့ အပြန်အလှန် ချစ်ခင်သံယောဇဉ်ကြီးနိုင်ပြီးမှပဲ သူဟာ ရှင့်အမေရင်းပါလို့ ဖွင့်ပြောတော့မယ်တဲ့ ...

ကျွန်မကတော့ ဒါဟာ ဘာမှ အဓိပ္ပာယ်မရှိဘူးထင်တယ်၊ အမှန်တရားကို ဖွင့်ပြောဖို့ အချိန်ရွေးနေစရာမလိုပါဘူး၊ အန်တီထားဟာ တစ်သက်လုံး သူများကို အနစ်နာခံခဲ့ရတာချည်းပဲ။ ဒေါ်ခင်နွဲ့ဦးက ဦးနေစိုးတပည့် တက္ကသိုလ်ကျောင်းသူပါ၊ ရှင့်ကို မွေးခါနီး မွေးကာစအချိန်တွေလောက်မှာပဲ အန်ကယ့်ကို သူက အတင်းလိုက်ငြိတွယ်ခဲ့တယ်၊ အန်ကယ်က ရှောင်တော့ ရှောင်ပါတယ်တဲ့၊ ဒါပေမဲ့ ...





ဒါပေမဲ့ မမျှော်လင့်ဘဲ အခြေအနေတွေ လွန်သွားခဲ့တော့ အန်တီဟာ အန်ကယ့်ကို စိတ်နာတာရော၊ ဒေါ်ခင်နွဲ့ဦး ဘက်ကို စာနာငဲ့ကွက်တာကြောင့်ရော၊ အဲဒီအိမ်ပေါ်က ကိုယ်လွတ်ဆင်းလာခဲ့တာပဲ၊ အန်ကယ်က ဒေါ်ခင်နွဲ့ဦးကို လုံးဝမယူချင်ဘူး၊ အန်တီက ဇွတ် အိမ်ပေါ်ဟင်သွားခဲ့တာပါ၊ ဒေါ်ခင်နွဲ့ဦးက မိုက်မဲတယ်၊ ရဲတင်းတယ်၊ ကလက်တယ် ဆိုပေမဲ့ ရှင့်ကိုတော့ လသားလေးကတည်းက သူ ပိုက်ထွေးခဲ့ရတော့ သိပ်ချစ်တယ်တဲ့၊ အဲဒါကိုပဲ အန်တီက ခုထိ ကျေးဇူးတင်မဆုံးတုန်းပဲ ကိုသာ၊ သူ့ယောက်ျားကို လုသွားပေမဲ့ သူ့သားကိုတော့ မိခင်ရင်းလို ချစ်တာ သိရတဲ့အတွက် ရှင့်တစ်သက် မနှောင့်ယှက်မဆက်သွယ်ခဲ့တာပဲ ...

အန်တီထား ဗိုလ်ချုပ်ဈေးမှာ ဆိုင်ဝယ်ပြီး ရွာမှာဆိုင်ဖွင့်ဖို့ ရန်ကုန် ပြန်ဆင်းလာတာ အန်ကယ်နဲ့ ပြန်မှတွေ့ခင် တစ်နှစ်ကမှပါ၊ အန်ကယ်နဲ့ မမျှော်လင့်ဘဲ ဆေးခန်းမှာ သွားဆုံဖြစ်ကြတော့မှပဲ ဒေါ်ခင်နွဲ့ဦး ဆုံးသွားတာ ကြာပြီ ဆိုတာကိုပါ သိရတော့တာ၊ အန်ကယ် ကျန်းမာရေး ဆိုးဝါးနေတာ တွေ့ရလို့ အန်တီက ဒီအိမ်ပေါ် ပြန်လာခဲ့ဖို့ ဆုံးဖြတ်လိုက်တာပဲ ကိုသာ"



www.burmeseclassic.com

www.burmeseclassic.com



သာလွန်းနေသည် ပုံကျဲကျဲ နေရောင်အောက်မှာ အသက်ကင်းမဲ့တဲ့ ကျောက်ဆစ်ရုပ်ကြီးသဖွယ် တောင့်တင်းငြိမ်သက်နေခဲ့သည်။

✻ ✻ ✻

ထိုနေ့ညနေ သာလွန်းနေကား ခြံထဲဝင်လာတော့ တံခါးဖွင့်ပေးဖို့ ထွက်လာတဲ့ ဒေါ်သက်သားနွယ်မှာ လက်တစ်ဖက်မှာ သူယောင်မယ့် ခရီးဆောင်အိတ်တွေဆွဲ၊ လက်တစ်ဖက်မှာ သူယောင်မယ့် လက်ဖျားကလေးကို ဆုပ်တွဲရင်း ကားပေါ်က ဆင်းလာတဲ့ သာလွန်းနေရဲ့ ရွှင်လန်းပြုံးမြတဲ့ မျက်နှာကိုလည်းကောင်း၊ ရှက်တက်တက် စူတူတူနှင့် အဒေါ်ကို စေ့စေ့မကြည့်၊ နှုတ်ခမ်းစူ ပြုံးနေတဲ့ သူယောင်မယ့် မျက်နှာကိုလည်းကောင်း၊ အံ့အားတသင့် စိတ်လှုပ်ရှားစွာ ကြိုဆိုလိုက်ရပါလေသည်။

လမင်းမိုမို